www.burmeseclassic.com

စိတ်ကူးချိုချိုစာနယ်ဇင်း

# သော်တာဆွေ

# ဘဝထိုထို

၁၉၆၁ ခုနှစ်၊ စာပေဗိမာန်ဆုရ



www.burmeseclassic.com

www.burmeseclassic.com

## စာပေဆု ရွေးချယ်ရေးအဖွဲ့၏ မှတ်ချက်များ

ယင်းဝတ္ထုတိုလေးများသည် သော်တာဆွေ၏ ဘဝခရီး တစ်လျှောက်တွင် ကျင်လည်ခဲ့ရသော အနိမ့်အမြင့်၊ အတက်အဆင်း စသည့် ဘဝ၏အလှာများကို ရဲဝံ့စွာ ထုတ်ဖော်ခြင်းပင် ဖြစ်ပေသည်။

စာရေးဟန်သွက်၍ လေးနက်သော လူ့သဘာဝအဖွဲ့များ ပါရှိလေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

"စာရေးဆရာတို့မည်သည် စိတ်ကူးယဉ်၊ ဇာတ်လမ်းဇာတ်ကွက်ဆင် ရေးတတ်ရုံဖြင့်မပြီး၊ ဘဝအတွေ့အကြုံများတို့က လွန်စွာအရေးကြီးကြောင်း ကျွန်တော် စာရေးသက် ရလာလေလေ၊ ပိုမို သိမြင်လာလေလေ".... ဟူသော အမှာစကားဖြင့် ဘဝထိုထို ဝတ္ထုပေါင်းချုပ်ကို စာဖတ်ရင့်ကျက်သူတို့ နှစ်သက်ရမည်ဟူသော ခံယူချက်ဖြင့် ထုတ်ဝေခဲ့လေသည်။

ကြုံခဲ့ရသည်၊ ကျိုးလန့်စာစား၊ ချစ်သူရှစ်တဲ့သူ၊ မိရွှေနီ၊ တစ်ခါကဘဝဖော်၊ ပြည်ဝင်ပြည်ထွက်၊ ပွဲတော်ကြီး၊ လူ–လူချင်း ကိုက်စားနေကြပါသည်။ ကျွန်တော် ဘယ်ကလာသနည်း စသော ဝတ္ထုတို ၉ ပုဒ် ပါဝင်သည်။

'ကြုံခဲ့ရသည်' မှာ မြင်းလှည်းသမားဘဝတွင် တစ်ယောက်ကိုတစ်ယောက် မြင်းအို–မြင်းနာများ ရွှေးမရွေ့ပိတ်ရောင်းလေ့ရှိသဖြင့် ခံခဲ့ရပုံနှင့် ပြန်နှံ့ခဲ့ရပုံကို ဖော်ထုတ်ထား၏။ မြင်းကလေး နက်ကြုတ်နှင့် ဘဝတစ်ကွေ့အတွေ့အကြုံဖြစ်၏။

BURMESE CLASSIC .com

'ကျိုးလန့်စာစား' မှာ မြင်းကလေး တက်ဝိုးနှင့် အောင်ဘုတို့ကို ဂျပန်ခေတ်တစ်လျှောက် မြင်းအသိမ်းမခံရအောင် လုပ်ကြပုံကိုလည်းကောင်း၊ 'ချစ်သူရှစ်တဲ့သူ' မှာ မြင်းမလေး လှလှကြည်အကြောင်းကိုလည်းကောင်း (ဤဝတ္ထုတိုကိုပင် ဤလောကမြေမပဟီဝယ် ဝတ္ထုတိုပေါင်းချုပ်စာအုပ်တွင် 'အလှ ဘယ်မှာနည်း' ဟု ထပ်မံရေးခဲ့လေသည်။ ထိုဝတ္ထုတွင် လှလှကြည် ဆိုသော မိန်းကလေးနှင့် ဂျပန်ခေတ်က မပွင့်တပွင့် ချစ်ကြပုံကလေး နှော

www.burmeseclassic.com

www.burmeseclassic.com



ထားသော မေတ္တာနှင့် ဘဝအတွေ့အကြုံဖွဲ့မို့ ရင်နင့်ဖွယ်ဖြစ်၏။ မြင်းအိုမလေး မိရွှေနီ၏အကြောင်းကို 'မိရွှေနီ' တွင်လည်းကောင်း၊ 'တစ်ခါက ဘဝဖော်' တွင် သူ့အိပ်မက်တွင် ပြန်၍ အမြဲတစေကြုံသော မြင်းအိုကြီး၏ အကြောင်းကိုလည်းကောင်း၊ 'ပြည်ဝင်ပြည်ထွက်' တွင် ဂျပန်ခေတ် ကိုယ်တွေ့ကိုလည်းကောင်း၊ 'ပွဲတော်ကြီး' မှာ ရှမ်းလမ်း၏ အာဝါဒေးပွဲကိုလည်းကောင်း ရေးသားထားလေသည်။

ထိုစာအုပ်တွင် မိမိဘဝ အတွေ့အကြုံများကို ဟန်မလုပ်၊ တန်ဆာမဆင်ဘဲ ရိုးရိုးကလေး ပြောပြထားသဖြင့် သူ့ဝတ္ထုများသည် လူ့သဘာဝ ပီသလှ၏။ သော်တာဆွေ ဟူသော ကျောင်းသားလူထွက် မြင်းလှည်းသမားကလေးနှင့် ကိုကြင်စိန်၊ ကိုမြသာ စသော မြင်းလှည်းဆရာတို့၏ စရိုက်ကို ပေါ်လွင်စေ၏။ သို့သော် ဟာသဆရာပီပီ ဟာသဉာဏ်ကလေးဖြင့်....

"ကျွန်တော့် စိတ်ထဲ၌ကား အထူးသဖြင့် ကလေးမသာများရရင် ကောင်းမှာပဲဟု တမ်းတမိ၏။ ဤနေရာ၌ မိတ်ဆွေက ဒီကောင် ဒုက္ခရောက်နေတဲ့အထဲက ရှုတ်နောက်နောက် လုပ်နေပြန်ပြီဟု အောက်မေ့ချိမ့်မည်" ဟု အစချီပြီး သူ့မြင်းကတ်ကြီးနှင့် မသာပို့ခဲ့ရပုံကို 'ကြုံခဲ့ရသည်' တွင် ရေးဖွဲ့ထားခဲ့လေသည်။

BURMESE CLASSIC

ဘဝထိုထိုတွင် အကောင်းဆုံး ဝတ္ထုတိုတစ်ပုဒ်မှာ 'လူ-လူချင်း ကိုက်စားနေကြပါသည်'. (သွေးသောက်တွင် ရေးခဲ့၏။) ဖြစ်လေသည်။ ပြည့်တန်ဆာမလေး မတင်ရီ၏ဘဝကို အရင်းတိုင်း သက်သေကောင်းတစ်ဦးသဖွယ် တွေ့သမျှ၊ ကြုံသမျှ၊ ကြားခဲ့ရသမျှကို ရိုးရိုးကလေး ရေးဖွဲ့ခဲ့သည်မှာ လူနှင့်လူချင်း မညှာမတာ ခေါင်းပုံဖြတ်ကြပုံနှင့် မလည်မဝယ် တောသူကလေးတို့ဘဝမှာ ရင်နာဖွယ် ရုပ်ပုံလွှာအဖြစ် မြင်ရလေသည်။

"မတင်ရီနှင့် ကျွန်တော်မှာ တစ်ဦးကိုတစ်ဦး သန့်သောမေတ္တာနှင့် ချစ်ခင်ကြသည်။ × × သူ့ဆီ ညဉ့်အလာနည်းလျှင်လည်းကောင်း၊ ကျွန်တော့်လက်ဖက်ရည်ဆိုင် မရောင်းရလျှင်လည်းကောင်း တစ်ဦးအတွက် တစ်ဦး စိတ်မကောင်း ဖြစ်ရတတ်ကြသည်။ အလျဉ်းသင့်၍ မိမိတို့၏ နောင်ရေးနှင့် ရှေ့ရေးတို့ကို ပြောကြရာ၌ ကျွန်တော်မှာ မျှော်လင့်ချက် ပန်းတိုင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးရှိသေး၍ သူ့တွင် ဖာခေါင်းတစ်ယောက်၏ ဖာပိုင်ဘဝနှင့် လမ်းဆုံးနေ ချေပြီတကား....”

ဖာကြဲ့နှင့် ဖာပိုင်ဘဝတွင် ဖာပိုင်လုံးလုံး ဘဝရှုံးရသော မတင်ရီ ဘဝအား စာနာစိတ်ဖြင့် မြင်တွေ့ခဲ့ရပုံကို သက်သေထားလိုက်ရာ ဘဝ တစ်ကွေ့မှ ရင်နင့်စရာ ဘဝထိုထို တစ်ပုဒ်ပင်တည်း။

တာသုသီ
၁၉၇၃ ခု၊ မေလ၊ ရွှမဝရုပ်စုံမဂ္ဂဇင်း။

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| ၁။ | ကြုံခဲ့ရသည် | ၁ |
| ၂။ | ကျိုးလန့်စာစား | ၃၇ |
| ၃။ | ချစ်သူ ချစ်တဲ့သူ | ၅၀ |
| ၄။ | မိရှေ့နီ | ၆၇ |
| ၅။ | တစ်ခါက ဘ၀ဖော် | ၉၄ |
| ၆။ | ပြည်ဝင်ပြည်ထွက် | ၁၁၃ |
| ၇။ | ကျွန်တော် ဘယ်ကလာသနည်း | ၁၃၆ |


◆

www.burmeseclassic.com

www.burmeseclassic.com

# ကြုံခဲ့ရသည်

တစ်နေ့သ၌ ကျွန်တော်သည် မောင်ထော်လေးလမ်း၊ ရှမဝစက်ခန်းတွင် လမ်းမဘက်ကိုကျောခိုင်းကာ စာတစ်အုပ်ကိုဖတ်နေစဉ် တိုက်ရှေ့မှ ကားတစ်စီးရပ်သံကို ကြားရပြီးနောက် ခဏကြာ၌ ကားပိုင်ရှိသော ကျွန်တော့်မိတ်ဆွေတစ်ယောက် ဝင်လာကာ....

"ဟေ့...ဖိုးသော်တာ ဘာစာအုပ် ဖတ်နေတာလဲကွ၊ ခဏလောက် ဟော့ဟို ကားနားသွားပြီး စုံထောက်မျက်စိနဲ့ ကြည့်စမ်းကွာ..."

သူပြသောကားမှာ သူ့ကားမဟုတ်ချေ။ တစ်ဖက်ခန်းရှေ့တွင် ရပ်ထားသော စတူဒီဘေကာ တစ်ပတ်နွမ်းဖြစ်သည်။ ဒရိုင်ဘာက ကြက်မွေးတုတ်ဖြင့် ဖုန်သုတ်နေ၏။

ကျွန်တော် သူ့ကို မော့်ကြည့်ကာ....

"ဘာကြောင့်တုန်းဗျ"

"နို့ပြီး မင်း ငါပြောမယ်လေကွာ၊ သွားသာကြည့်ချေ"

သူ့စကားသည် အလဟဿ မဖြစ်တန်ရာဟု ထိုင်ရာမှထခဲ့သည်။

ကျွန်တော် ပထမ ကား၏ရှေ့တည့်တည့်က သွားကြည့်သည်။ ဘန်ဘာ လက်ယာဘက်က နည်းနည်းရှုံ့နေပြီး မဒ်ကပ်တော်တော်ချိုင့်နေ

www.burmeseclassic.com

www.burmeseclassic.com


သည်။ စတီယာရင်ရှေ့တည့်တည့်က ကော်သားမှန်မှာ ကွဲအက်ကြောင်းကြမ္မကာ အရစ်ရစ် ထနေသည်။ ထို့နောက် ကျွန်တော်သည် ကားကိုယ်ထည်နံဘေးသို့ လျှောက် ခဲ့ကာ အတွင်းဘက်ကိုလည်းကောင်း၊ အပြင်ဘက်ကိုလည်းကောင်း ခေါင်းငုံ့ကြည့်လိုက်၊ စောင်းကြည့်လိုက်ပြုသည်။

စင်စစ် ကျွန်တော်သည် ကားကို ဘာမျှနားလည်သူ မဟုတ်ပါ။ ကိုယ့် လူက ခိုင်းစေ၍သာ ဤကားနှင့်ပတ်သက်သော ဝတ္ထုတစ်ပုဒ်များ သူက ပြောပြလေမည်လားဟု....။

သို့သော် မဟုတ်ပါချေ။ မကြာမီ၌ ဖုန်သုတ်နေသော ဒရိုင်ဘာ ကျွန်တော့်အနီးသို့ရောက်လာကာ ဤကားဂုဏ်ပုဒ်ကို ဖော်ထုတ်ပါသည်။

"ကားက မျက်မြင်သာ စိတ်ပျက်စရာဗျ၊ စက်ကျတော့ တယ်စိတ်ချရ တယ်ဗျ။ ခရီးမိုင်က ဘာမှ မောင်းရသေးတာမဟုတ်ဘူး။ ကျွန်တော့်အုံနာ က ရမ်းလွန်းလို့ဗျ။ မူးရင် သူကိုယ်တိုင် မောင်းချင်တယ်။ ရှေ့က ဘန်ဘာနဲ့ မဒ်ကပ်က သူတိုက်ထားတာပေါ့ဗျ"

ကျွန်တော်က ဘာရယ်လို့မဟုတ်၊ သူနှင့် စကားအလျဉ်ဆက်မိရန်....

"နို့...ဟောဒီရှေ့မှန်က ကွဲကြေနေပြီး အရစ်ရစ်ထနေတာကကော မောင်းလာတုန်း ရှေ့က ခဲနဲ့ထုလို့လား"

"ဘယ်ဟုတ်မလဲဗျ။ ကျည်ဆံဗျ။ တစ်နေ့ ပဲခူးကပြန်အလာမှာ ဓားပြ တွေက ဟေ့...ရပ်ဆိုပြီး ပစ်လိုက်တာ ကျွန်တော်က မရပ်ဘူး၊ အတင်းစွတ် တင်ကာ ဟာ...နားထင်နား၊ နားရွက်နား ကျည်ဆံတွေ ရှိခနဲ ဖြတ်ဖြတ် သွားတာပဲ၊ ကားစက်ကကောင်းလို့သာ ကျွန်တော်တို့ အသက်ချမ်းသာရခဲ့ တာဗျ။ နို့မဟုတ်ရင် ပါလာတဲ့ပစ္စည်းလည်း ကုန်ဦးမယ်။ လူတွေလည်း မာလကွဲကုန်ဦးမယ်။ ကျွန်တော်ဖြင့် ဟောဒီကားကျေးဇူးကို ဘယ်တော့မှ မမေ့ဘူး။ အခု အုံနာက ရောင်းချင်တယ်ပြောတော့ ကျွန်တော်အမျိုးမျိုး ဖျက်တယ်ဗျာ၊ မရဘူး။ ဝယ်မယ့်လူကလည်း သူပြောမယ့်ဈေးပေးမှာပဲ။ ဘာကြောင့်လဲဆို စက်ကောင်းမှန်းသိနေတာပဲ။ ဒီကားမှာ နည်းနည်းပါးပါး တိုက်ရာခိုက်ရာရှိတာတော့ ဘာအရေးလဲဗျ။ အခု ပြင်လိုက်ရင်ရတာပဲ။ အမှန်ကဗျာ ကျွန်တော်တို့အုံနာဟာ ဒီကားကို ရောင်းပစ်ဖို့မကောင်းဘူး၊

www.burmeseclassic.com

www.burmeseclassic.com



သူတို့ အကျိုးပေးတဲ့ကားဗျ။ ဘယ့်နှယ်ဗျာ...ဒီကားဝင်မှ သူတို့ဖြစ်လိုက်တဲ့ စီးပွား မပြောနဲ့တော့။ ကဲ...အခု စီးပွားတက်တော့ ဒီကားပစ်ပြီး အသစ်စီးချင်သတဲ့။ လူများ ဘယ်လောက်ခက်သလဲ၊ ကိုယ့်အကျိုးပေးတဲ့ပစ္စည်းဆိုရင် ထာဝစဉ်ထားရမယ် မဟုတ်လား။ နောင်ကြီးလည်း သိမှာပေါ့၊ ပိုင်ရှင်ကို အကျိုးပေးတဲ့ပစ္စည်း၊ အကျိုးပျက်စေတဲ့ပစ္စည်း ရှိတယ်ဆိုတာ...."

ဤအချိန်၌ ကျွန်တော် သူ့စကားကိုဖမ်းမိကာ....

"ခင်ဗျားအလိုက ဒီကား နောက်ဝယ်တဲ့လူလည်း စီးပွားတက်ဦးမယ် ဆိုပါတော့"

သူ့အမူအရာက အနိုင်အမာပင်....

"ဟုတ်တယ်...ကျွန်တော် ပြောရဲတယ်။ လက်ထဲ ကြာကြာမကိုင်ချင်နဲ့ဦးဗျာ၊ ဟောဒီ ပုံပျက်နေတာကလေးတွေ နည်းနည်းပြင်ပြီးရောင်း၊ ၃-၄ ထောင် ချက်ချင်း မြတ်ရမယ်ဗျ"

"ဒါလောက်ပဲသေချာသလား"

"ကျွန်တော် အာမခံရဲတယ်ဗျာ၊ ကျွန်တော်က ငယ်ငယ်ကလေး ကတည်းက ဒရိုင်ဘာဘဝနဲ့ ဟောဒီ မော်တော်ကားနယ်မှာ ကျင်လည်လာခဲ့တာ"

ကျွန်တော်သည် ပြုံးစိစိနှင့် သူ့ကိုကြည့်ပြီးနောက် တိုက်ထဲသို့ပြန်ဝင်ခဲ့လေသည်။ ကျွန်တော့်မိတ်ဆွေက ကိုကျော်နှင့် စကားပြောနေရာမှ ပြုံးလိုက်ကာ....

"ဘယ့်နှယ်လဲ ကိုယ့်လူ၊ ဒရိုင်ဘာ ဘာတွေပြောလိုက်သလဲ"

ကျွန်တော်က မည်သို့မျှ ထူးခြားဟန်မပြဘဲ မျက်နှာထားသာ ရှင်လိုက်ပြီး....

"ခင်ဗျားက ဒရိုင်ဘာကို ကျွန်တော်ဟာ ကားဝယ်မည့်လူလို့ ပြောခဲ့တာကို ဒရိုင်ဘာကယုံတာ ကျွန်တော်ဝမ်းသာပါတယ်ဗျာ၊ ဟင်...ကိုကျော် ဒီမှာကြည့်စမ်း၊ ကျွန်တော်က စတူဒီဘေကာ ဝယ်စီးနိုင်မယ့် အင်္ဂါရုပ်မျိုး ပေါ်နေပြီဗျ"

ကျွန်တော်က အမူအရာလုပ်ပြသည်၌ ထိုမိတ်ဆွေက....

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ဒရိုင်ဘာက ကိုယ်ပြောခဲ့တဲ့စကားကို မောင်ရင့် ပြန်ပြောသလား"

"မပြောပေါင်ဗျာ၊ မပြောပေါင်၊ သူမပြောပေမယ့် ကျွန်တော်က သိတယ်ခင်ဗျ"

စင်စစ် ကျွန်တော့်မိတ်ဆွေသည် သူခိုင်းသည့်အတိုင်း မော်တော်ကားကို သွားကြည့်၊ ဒရိုင်ဘာ ပြောလိုက်သည့်စကားတွေကို သူ့ပြန်ပြောပြ၊ ဤအခါ၌ သူက "ဒရိုင်ဘာက မောင်ရင့် ဒီစကားတွေ ဘာကြောင့် ပြောသလဲ သိလား၊ ကိုယ်က မောင်ရင်ဟာ ကားဝယ်မယ့်လူလို့ ပြောခဲ့လို့ ဆရာရေ့– သူ့အုံနာက ဒီကားရောင်းချင်နေတာ နန့်နန့်တက်လို့၊ ဝယ်မယ့်လူက မရှိ၊ အဲဒီကားကောင်းကြောင်း သူပြောတာတွေဟာ ဆန့်ကျင်ဘက်ချည်းပဲ မှတ်ရမယ် မောင်ရင်ရဲ့" ဟူသော လောကီသင်ခန်းစာကို ပေးလို၍ဖြစ်သည်။ သို့သော် ကျွန်တော်သည် ဤမျှမကသော သင်ခန်းစာများကို လွန်ခဲ့သော ကျွန်တော့်ဘဝ တက္ကသိုလ်မှ ဆည်းပူးခဲ့ပြီးဖြစ်ကြောင်း ကျွန်တော့်မိတ်ဆွေ မသိခဲ့လေ။

* * *

၁၉၄၂ ခု (ဂျပန်ခေတ်) ပူပြင်းလှသော မတ်လအတွင်း တစ်နေ့သော မွန်းလွဲ တစ်နာရီခန့်အချိန်တွင် ကမာရွတ်ဂတ်တဲနှင့် မျက်နှာချင်းဆိုင် လက်ဖက်ရည်ဆိုင်ရှေ့ ကုက္ကိုပင်ရိပ်၌ ကျွန်တော့် မြင်းသိုးကလေးသည် ဖိုထိုးလျက်ရှိလေသည်။ မြင်းအင်္ဂရတ်ထိုးတယ်လို့ မအောက်မေ့နဲ့ခင်ဗျ။ မောလွန်းလှ၍ နံရိုးတွေအပြိုင်းသား အပြိုင်းသားနှင့် ကိုယ်ကကျုံ့လိုက် ပွလိုက်နေရုံမက တစ်ကောင်လုံးမှာ ထွက်သက်ဝင်သက်နှင့် ရှေ့တိုးနောက်ငင် ယိမ်းလျက်ပင်ရှိသည်။ နှာခေါင်းနှစ်ပေါက်လည်း အစွမ်းကုန် ပွကုန်၏။ ပါးစပ်မှအမြှုပ်တို့လည်း စီးကျ၏။ ပေါင်ခြံပွကြားမှ ချွေးမြုပ်တို့လည်း စက်စက်ယို၏။ ကိုယ်တွင်လည်း ချွေးထွက်၏။ (ရောဂါရှိသောမြင်းသည် ချွေးထွက်မညီချေ။)

www.burmeseclassic.com

www.burmeseclassic.com



စင်စစ် ကျွန်တော့်မြင်းကလေး အမောရောဂါ စွဲကပ်နေသည်မှာ ကျွန်တော်က အသိဉာဏ်ကင်းမဲ့စွာ မညှာမတာစိုင်းခြင်းကြောင့် ဖြစ်၏။

ကျွန်တော် မညှာမတာစိုင်းရသည်မှာ ကျွန်တော့်ယောက္ခမ မျက်နှာရအောင်သာဖြစ်၏။

ယောက္ခမ မျက်နှာရအောင် ပြုသည်မှာ ကျွန်တော့်မယား ပူပူနွေးနွေး ကလေးကို ကျွန်တော်ချစ်လို့သာဖြစ်၏။

ရှေးစကားရှိသည်မှာ "မယားနေစ၊ ကြောင်သေမှ"။ ယခု ကျွန်တော့်မှာတော့ မြင်းသေမှ....။

သို့သော်...ဤဒုက္ခကောင်ကလေးသည် မသေနိုင်ပါချေ။ ကျွန်တော်တို့ ဗမာစကားနှင့်ပြောရလျှင် ရှေးကဝဋ်ကြွေးကြောင့်ပင် ထင်သည်။ ကျွန်တော်စိုင်းသမျှကို ဘယ်တော့မှမငြင်း၊ ခိုခြင်း ကတ်ခြင်းမရှိ၊ လေးဖက်မပြေးနိုင်လျှင် တစ်လုမ်းချင်းဆွဲ၏။ ကိုယ့်မြင်း မပြေးနိုင်မှန်းသိလျက် အမြန်ရောက်စေချင်သော ခရီးသည်၏ မျက်နှာသာရအောင် ကျွန်တော်က သူ့ကို ကြာပွတ်နှင့်ရိုက်ဘိလည်း သူသည် ကျွန်တော့်ကို ရန်မူခြင်းမပြု။ အချို့မြင်းဆိုလျှင် သူတို့မပြေးနိုင်ဘဲ ရိုက်ခဲ့သော် ပြန်၍ကန်ကျောက်တတ်၏။ ကျွန်တော့်မြင်းကလေးကား သဘောကောင်းလှပါသည်။

ကျွန်တော်သည် ကျောင်းသားဘဝမှ ယောက္ခမဆန္ဒအရ မြင်းလှည်းမောင်းရတော့မည်ဖြစ်သောအခါ 'အစမို့ စိတ်ကောင်းသဘောကောင်း မြင်းရမှဖြစ်မှာ' ဆိုသည့်အတိုင်း နားလည်သူ၏ အကူအညီဖြင့် ကျွန်တော် သူ့ကို ရခဲ့လေသည်။ လှည်းနှင့် ၄၀၀ ကျပ်ပေးရသည်။

မြင်းကလေးမှာ ဘာမှအပြစ်ဆိုစရာ မရှိ၊ မဲမဲပုပုဝဝနှင့် ဂင်တိုတိုအသိုးကလေးဖြစ်သည်။ သူ့ကို ကျွန်တော်က "နက်ကြုတ်" ဟု နာမည်ပေးထားသည်။ စိတ်သဘော အင်မတန်ကောင်းလှသည်။ မောင်းသွား- ထားနေအတပ်အဖြုတ်လည်း လွယ်ကူလှသည်။ အကောင်နှင့်စာလျှင်လည်း သူ့ခြေမခေ၊ လေးဖက်ကွဲသည်။ ကျဲသည်။ မာလည်း မာကျောလှသည်။

သို့သော် ဒီကောင် ဘယ်လောက်ပဲမာမာ၊ ဘယ်မျှပဲ ခြေကောင်းကောင်း၊ ကျွန်တော့်ယောက္ခမ မျက်နှာသာရအောင် မိန်းမကိုချစ်တဲ့စိတ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ခွတ်ဖိကြိတ်လိုက်တော့ ငနဲမျိုး ကျွန်တော့်လက်ထဲ လေးလပဲကြာပါလိမ့်မယ်၊ အမောရောဂါ ရတော့တာပေါ့။

မရဘဲ ခံနိုင်ပါ့မလား၊ စဉ်းစားကြည့်ပါဦးတော့။ ကျွန်တော်က မြင်းကို မကြည့်၊ ပိုက်ဆံကြည့်၍သာ မောင်းသည်။ ဤစဉ်၌ ကြည့်မြင်တိုင် စမ်းချောင်းမှ သိမ်ကြီးဈေးကို တစ်မတ်(၂၅ ဆင့်)၊ မြင်းတစ်ကောင်ကို အသွား အပြန် နှစ်ခေါက်ပေါင်း လေးချီမျှပြေးစေရာ လူ ၅ ယောက် ၆ ယောက် လောက် တင်သည်ဖြစ်၍ နေ့တွက်မှာ ၅ ကျပ် ၆ ကျပ် ရမှကိုက်၏။ ကျွန်တော်သည် ဤမျှသော နေ့တွက်မရမခြင်း ဘယ်တော့မှ အိမ်ပြန်မဖြုတ်ချေ။ မနက် ၅ နာရီ ၆ နာရီတွင် ထွက်ခဲ့၍ နေ့တွက်မကိုက်သေးဘူးဆိုပါက နာရီပြန်တစ်ချက်၊ နှစ်ချက်အထိ မောင်း၏။ စင်စစ် မြင်းတစ်ကောင်ကို ၅ နာရီ (အလွန်ဆုံး ၆ နာရီထက် ပို၍ ရထားထဲမှာ တပ်မထားနိုင်ချေ။ မထားသင့်ချေ။)

ဤစဉ်၌ ကျွန်တော်က ဒါကို ဘာနားလည်ဦးမလဲ ခင်ဗျ။ မြင်းကို နွားလိုအောက်မေ့ခဲ့သည်။ ကျွန်တော့်အဖေက လယ်သမား၊ ကျွန်တော်သည် နွားနှင့်ကြီးခဲ့ရသည်ဖြစ်၍ နွားတို့မည်သည် လှည်းကို တစ်နေ့လုံးမောင်းနိုင်သည်။ (မြင်းကပြေးရတာ၊ နွားက တဖြည်းဖြည်းသွားရတာဟု မစဉ်းစား) မြင်းလည်း ထို့အတူ ဖြစ်လိမ့်မည်ဟု ယူဆကာ တစ်ခါတစ်ရံ ၁၁ နာရီ ထိုးနေပြီ၊ သိမ်ကြီးဈေးမှာ အိတ်ထဲ ငွေ ၃ ကျပ်သာ ရသေးသည်။ အပြန် လူလည်းရှားပါးနေပြီ။ ဤအခါမျိုး ရေကူးကန်ဘက်ကို ၃ ကျပ်နှင့် လာ ငှားပါက ကျွန်တော်လိုက်လေသည်။ ဒီတော့ နာရီပြန် တစ်ချက်နှစ်ချက်မှ အိမ်ပြန်ဖြုတ်နိုင်တော့၏။ မြင်းကား ဖတ်ဖတ်မောလေပြီ။ လူကတော့ နေ့ တွက်ကိုက်၍ ပျော်လို့ရှင်လို့ ယောက္ခမကိုငွေအပ်ပြီး မယားကို ဖက်နမ်းလေ သည်။ ဤနေရာ၌ ပြောထားရဦးမည်။ ကျွန်တော့်ယောက္ခမသည် ကပြား ဆိုသောအမျိုးသမီးဖြစ်၍ အနောက်နိုင်ငံ သောက်ကျင့်အတိုင်း မိန်းမကို အသွားတစ်ခါ၊ အပြန်တစ်ခါ ယောက်ဖရှေ့မရှောင် ဖက်နမ်းရသည်မှာ အင်မတန်မှ လျော်ကန်သင့်မြတ်သော အလုပ်ကြီးဖြစ်နေပါသည်။

ကျွန်တော် မိန်းမကိုဖက်နမ်းပြီး မြင်းဇောင်းထဲ ပြန်ဆင်းခဲ့သောအခါ

www.burmeseclassic.com

www.burmeseclassic.com



၌ မြင်းကလေးမှာ မောလွန်းလှ၍ မြေပြင်တွင် ခြေကားယား လက်ကားယား လဲလျောင်းကာ မှုတ်လိုက်မှုတ်လိုက်နှင့် နေရှာသည်။ ဤအရာကို ကျွန်တော့် အိမ်သားများက တာပြောကြသနည်း။ "အေးပေါ့ကွယ်၊ အလုပ်ကပြန်လာတော့ ဓတာ တုံးလုံးပက်လက် လဲတာပေါ့"

အလုပ်သမား လူ့အဖို့ မှန်မည်တား၊ မြင်းအဖို့ လုံးဝမသင့်လျော်သော စကား။ စင်စစ် ရထားမှဖြုတ်သောမြင်းတို့သည် ဇောင်းထဲရောက်လျှင်ရောက် ခြင်း အစာတောင်းရမည်။ တားမွက်ကို နှုတ်ခမ်းနှင့်ပွတ်ရမည်။ ထိုးလှန်ပစ်ရမည်။ လူက တော်တော်နှင့်မပေးလျှင် ဟီရမည်။ ခြေဆောင့်ခြင်း၊ ခွာပေါက်ခြင်းပြုရမည်။ သို့မှ ကျန်းမာခြင်းနှင့် ညီညွတ်သောမြင်း။ ယခု ကျွန်တော့် မြင်း နက်ကြုတ်ကလေးကား အစာတောင်းဖို့ နေနေသာသာ စည်ပိုင်းထဲ အသင့်ပြင်ပြီးသည့်တိုင် သူ့ တာလွန်းလှသော်လည်း တော်တော်နှင့် ထမင်း မစားနိုင်ရှာပါ။ အမောပြေလောက်မှ ထ၍လွေးပါတော့၏။

မြင်းတို့မည်သည် ကိုယ်ကို မြေမှာလှဲ၍ မအိပ်ဟုဆိုကြသည်။ သို့သော် ပင်ပန်းလှသော ရထားမြင်းတို့ကား...ကုလားသေ ကုလားမောပင် အိပ်ကြပါသည်။ ဤစဉ်က ကျွန်တော့် နက်ကြုတ်ကလေးမှာမူ နံနက် ၄ နာရီ သူ့ကို အစာကျွေးသောအခါ၌ လက်နှင့်ရိုက်၍ပင် နှိုးရပါသည်။ ဤမှ သူ "ငါ အလုပ်သွားရဦးမှာပါကလား" သိလေရကား... သူ ထစား၏။ ၅ နာရီခွဲ၊ ၆ နာရီ၌ အစာကုန်သည်။ ဤအခါ၌ သူနှင့်ကျွန်တော်သည် ကျွန်တော့်ဒိန်းမ တစ်၊ ယောက္ခမ တစ်၊ ယောက္ခမ၏အမကြီး တစ်၊ ယောက်ဖ သုံး၊ ပေါင်းခြောက်ဦးသော လူသတ္တဝါတို့ကို လုပ်ကျွေးရန် လည်းတပ်၍ ထွက်ခဲ့ရပြန်တော့၏။

ထိုစဉ်အခါဝယ် ကျွန်တော်သည် မြင်းလှည်းမောင်းသမားတို့၏ ရှေ့မှာ ရယ်စရာဖြစ်နေလေသည်။ အကြောင်းမှာ ကျွန်တော်သည် မြင်းလှည်း မောင်းနေရသော်လည်း ကျောင်းသားစိတ်မပျောက်။ ကျောင်းသား အဝတ် အစားများလည်းရှိနေ၍ လှလှပပဝတ်၏။ မျက်နှာကို ပေါင်ဒါပင် သ လိုက် သေးသည်။ ဒါကို သူတို့မြင်လျှင် မျက်စိဆံပင်မွေးရှူးကြသည်။ လှောင်ကြ ပြောင်ကြသည်။

www.burmeseclassic.com



"ကျောင်းသားဟေ့...ငွိ...မြင်းသတ်ထွက်လာပြီ"

ကျွန်တော် ကြားပါသည်။ သို့သော်...ဘာမျှ ပြန်မပြောဝံ့၊ အကြောင်းမှာ ဤအခါ၌ ကျွန်တော်သည် သူတို့နှင့် ရန်မဖြစ်ဝံ့သေးချေတကား....

ကျွန်တော် အချိန်မတော် ၁၂ နာရီကျော် မြင်းပြန်ဖြုတ်လာသောအခါလည်း သူတို့မှာ ညမြင်းပင် ထွက်နေကြပြီဖြစ်၍ ကျွန်တော့်ကိုမြင်လျှင်...

"ငွိ...ကျောင်းသား မြင်းသတ်ပြီး ပြန်လာပယော့...ဒီနေ့ ဘယ်လောက်ဖိုးများ သတ်ခဲ့သလဲမသိဘူး..."

အခြားတစ်ယောက် "မြင်းမျက်နှာထက် ယောက္ခမမျက်နှာကြည့်ရတာကွာ၊ ဘယ်...တစ်ဆယ်ထက် အောက်မလဲ"

စင်စစ် ကျွန်တော့်မှာ သူတို့ကဲ့သို့ပင် မြင်းတစ်ကောင်အတွက် ၅ ကျပ် ၆ ကျပ်ထက် ပိုမရပါ။ သို့သော် အချိန်ပိုကြာ၍ မြင်းပိုပင်ပန်းမှုမှာ ကျွန်တော်၏ မြင်းလှည်းမောင်း မကျွမ်းကျင်သေးခြင်းအတွက်ကြောင့်သာ ဖြစ်ပါသည်။ မောင်းပုံမောင်းနည်း၊ ဈေးတောင်းပုံတောင်းနည်း ဆရာလည်း မရှိချေ။ ဉပမာဆိုသော် မြင်းလှည်းကို အော်ဒါလာ၍ငှားအံ့၊ ဘယ်လောက်ပေးသနည်း၊ အပြန် လူရမည့်ခရီးလော။ အသွားအပြန်ဆိုအံ့၊ အချိန်ဘယ်လောက်ကြာမည်နည်း၊ တင်မည့်ကုန် အလေးအပေါ့ကိုမေးကာ ဈေးတောင်းရသည်။ ကျွန်တော်ကား ထိုအချိန်၌ ဒါတွေကိုမသိ၊ ကိုယ့်အိတ်ထဲ ရပြီးပိုက်ဆံနှင့် နေ့တွက်ကိုက်ဖို့သာ ချိန်ဆတတ်လေသည်။ တစ်ခါတစ်ရံ၌ သွားရမည့်ခရီးသည် ဘယ်ဆီနေမှန်းပင်မသိ။ ငှားသူ၏ 'ငါ လမ်းပြပါ့မယ်ကွာ' ဆိုစကားနှင့်ပင် ပါသွားလေသည်။ သူတို့ သမားရိုးကျ မြင်းလှည်းသမားများကား ဤအမှားမျိုး မတွေ့တတ်ချေ။ အကြောင်းမှာ သူတို့သည် စပယ်ယာဘဝမှ ဒရိုင်ဘာအဖြစ်ကို ကူးပြောင်းကြ၏။ ယခု ကျွန်တော်ကား ယောက္ခမ၏ အရေးပေါ်ဆန္ဒဖြင့် တိုက်ရိုက်ခန့်အပ်ခြင်း ခံရသူဖြစ်သည်။

သူတို့ ကျွန်တော့်ကို 'မြင်းသတ်ထွက်ပြီဟေ့...မြင်းသတ်ထွက်ပြီး ပြန်လာပြီဟေ့' ဆိုစကားမှာလည်း မမှားပါချေ။ စင်စစ် ကျွန်တော်သည် နေ့စဉ်ပင် မြင်းကိုသတ်နေခြင်း ဖြစ်ပါသည်။ ယခု ကျွန်တော့်မြင်း 'နက်ကြုတ်' ကလေးမှာ ကျွန်တော့်လက်ထဲရောက်တာ ၄ လကြာမှစ၍ မနက်

www.burmeseclassic.com

www.burmeseclassic.com



အိပ်ကတွက်လာစဉ်သာ လေးဖက်ပြေးနိုင်၍ ပြန်ဖြုတ်ချိန်ကား နွားသွား တစ်လှမ်းချင်းမျှသာ ဖြစ်တော့သည်။ ယင်းအခါ၌ ဟိုင်နဲ့များ ပိုပြီးလှောင်၍ ပြောင်၍ ကောင်းကြတော့သည်။ ၎င်းတို့ဘက်မှ ကျွန်တော့်မြင်းကို အရှောင် ယူရန် အကြံတုတ်နေကြသူများကော မရှိဘူးထင်ပါသလား။

ယခုအစမှ ဖော်ပြခဲ့သည့်အတိုင်း ကဖာရှတ်ဂတ်တဲနှင့် မျက်နှာချင်း ဆိုင် လက်ဖက်ရည်ဆိုင်ရှေ့ ကုက္ကိုပင်ရိပ်၌ ကျွန်တော့်မြင်းသိုးကလေးသည် ဖိုထိုးလျက်ရှိလေသည် ဆိုသောအချိန်တွင် ကျွန်တော်မှာ လက်ဖက်ရည်ဆိုင် ၌ထိုင်ကာ ကိုယ့်မြင်းကိုယ်ကြည့်၍ လွန်စွာမှ စိတ်ပျက်လျက် ရှိပါသည်။

ယောက္ခမလက်ထဲအပ်ဖို့ ယနေ့ နေ့တွက်ကား ကိုက်ပါပြီ။ ငါးမူးမျှ ပင် ပိုနေ၍ ကျွန်တော် ယခု တစ်မတ်တန် လက်ဖက်ရည်တစ်ခွက်ပင် သောက်လျက်ရှိပါသည်။

သို့သော် အိမ်ပြန်အဖြုတ်၊ စမ်းချောင်းထိပ်က မြင်းလှည်းဂိတ် အဖြတ်၌ တစ်လှမ်းချင်းသွားနေသော ကျွန်တော့်မြင်းကိုကြည့်ကာ ဟိုလူများ က လှောင်ကြ ပြောင်ကြပေဦးမည်။ ဤအခါ၌ သူတို့ရှေ့မှ သူတို့အသံ မြန်မြန် မကြားရအောင် မြင်းကို ခဏကလေးဖြစ်ဖြစ်၊ လေးဖက်ပြေးရန် ဇက်ကြိုး ဆောင့်၍ ကျောကိုကြိမ်လုံးဘုနှင့် ထုရဦးမည်။

ကဲ...သည်တစ်နေ့ ပြီးပါပြီတဲ့။ နောက်တစ်နေ့ကော...။

မနက်စောစောမှာ လူခေါ်တဲ့နေရာကိုရပ် 'ရန်ကုန်–ရန်ကုန်' လို့ အော်။ လေးယောက်လောက်ရတော့ နောက် 'တစ်ယောက်လို–တစ်ယောက် လို' လို့အော်။ အဲ...လူပြည့်တော့ထွက်။ ယခု သမတအိမ်တော် ကုန်းအတက် ရောက်တော့ မြင်းက တစ်လှမ်းချင်းတက်၊ ခရီးအလျင်လိုတဲ့လူက စိတ်ပျက်။ 'ဟော့... မြန်မြန်မောင်းကွာ' လို့ပြော။ ဒီတော့ ကျွန်တော်သည် မြင်းကလေး ဝမ်းဗိုက်ကို ကြာပွတ်နဲ့ရိုက်ရ။ အဲဒီအခါမှာ သနားတတ်တဲ့လူက 'အမလေး မရိုက်ပါနဲ့၊ မလုပ်ပါနဲ့' တောင်းပန်။ ကဲ...သည်တော့ ကျွန်တော် ဘယ်သူ့ အလို လိုက်ရမှာလဲ။ ဘယ်သူ့ဆန္ဒကို ဖြည့်ရမလဲ ခင်ဗျ။ ကျွန်တော့် မြင်းကလေး ကျွန်တော် မရိုက်ချင်တာလဲ အမှန်ပဲခင်ဗျ။ သူတို့ဆန္ဒ လွန်ဆန် လို့ကော နောက်ထပ် ကျွန်တော့်လှည်း မစီးဘဲနေမှာလည်း စိုးရသေးတယ်

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျ။

ကုန်းတက်တွေ့တိုင်း ဤနည်းနှင်နှင်ချည်း ဖြစ်ရပါသည်။ ဒုတိယ အခေါက်တွင်ကား မြေပြင်အညီမှာပင် ဤသို့ကြုံရပါသည်။ မြင်းက မောလည်းမော၊ အားလည်းနည်းနေပြီကိုးဗျ။

ဟယ်…နက်ကြုတ်…နက်ကြုတ်၊ မင်းနဲ့ငါနဲ့တော့ မဖြစ်တော့ကပြီ။ အိမ်ကယောက္ခမကို ပြောပြသည်။

"ဒါဖြင့် မြင်းသစ်လဲရအောင် ဒီမြင်းကလေးကို ရောင်းပေါ့…"

"ဘယ်လောက်ရ ရောင်းမလဲ…"

"တို့ မြင်းနဲ့လှည်းကို ၂၀ဝိ စီ ထားဝယ်ရတာ၊ အရင်းမရတောင် နှစ်ဆယ်အစိတ်ထက် မလျှော့နိုင်ဘူး…"

သို့သော် နက်ကြုတ်ကို တစ်ရာပြည့်အောင် ပေးသူပင်မရှိချေ။

"ဒါတော့ တို့ကို လူသစ်မို့လို့ ဘာမှနားမလည်ဘူးဆိုပြီး တမင်နှိမ် တာကွာ၊ မတရားဈေးနဲ့တော့ မရောင်းဘူး။ ဖြစ်သလိုပဲမောင်း၊ သည့်ပြင် မြင်းလိုပဲ တစ်နေ့ ၅ ကျပ် ၆ ကျပ် လည်းရသားပဲ၊ မြင်းကောင်းကော ဘာထူးပြီးရတာမို့လဲ…"

ဤကား…ကျွန်တော့်ယောက္ခမ 'မဟာပညာကျော် ဂျူနီယာ' အလောင်းအလျာ၏ ဩဝါဒဖြစ်ပါသည်။ (ကျွန်တော် စာရေးဆရာဖြစ်မှ ဒီဘွဲ့ထူး ပေးရတာကိုးဗျ…။)

သူ့စကားသည် ငွေရတာချင်းမထူးပုံပြောတာ မှန်ပါသည်။ သို့သော် ဒီကအကောင် ဒီလိုဝင်ငွေရအောင် ဘယ်ပုံကဘယ်ပုံ မောင်းရပါသနည်း။

ယင်းသို့လျှင် ကျွန်တော်သည် ကမာရွတ် လက်ဖက်ရည်ဆိုင်၌ထိုင်ကာ တွေးဝေဘေးမောနေစဉ် ခွာသံနှာသံပြင်းပြင်းနှင့် မြင်းလှည်းတစ်စီးဆိုင်ရှေ့တွင် ဖြတ်မောင်းသွားတာမြင်ရပြီး ထိုလှည်းပေါ်မှ မြင်းလှည်းသမားတစ်ယောက် ခုန်ချခဲ့၍ ကျွန်တော့်ဆီသို့ ဝင်လာကာ….

"ဟော့…ကျောင်းသား၊ ငါ့ကို လက်ဖက်ရည်တိုက်စမ်းကွ" ဆိုရင်း ကျွန်တော့်စားပွဲမှာ လာထိုင်၏။

ထိုသူနှင့် ကျွန်တော်သိ၏။ ဗဟန်းက ဖြစ်၏။ သူတို့သည် ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



ကို 'ကျောင်းသား' ဟုခေါ်ကြသည်။ ကျွန်တော် သူ့အတွက် လက်ဖက်ရည် မှာပြီးသောအခါ၌....

"ဟေ့...ကျောင်းသား၊ မင်း စိတ်ကူးမလွဲနဲ့ကွ၊ မင့် ငါခင်လို့ပြောတာ၊ မင့်လှည်းကောင်း၊ မြင်းကောင်းကိုင်တာ မြင်ချင်တယ်။ မင့်ရုပ်မင့်ရည်နဲ့ ဒီနွားလိုမြင်း မောင်းနေရတာ မရှက်ဘူးလားကွာ၊ ဟိုမြင်းက မင်းအစုန မြင်လိုက်တဲ့အတိုင်းပဲ ဆွဲဇက်နဲ့မောင်းရတာ၊ အဲ...စိတ်ကထန်တော့ အထွက် နည်းနည်းကလေး တွန်းပေးရတာတစ်ခုပဲ။ ဒါလည်း နောက်ကျင့်သားရသွား ရင် မလိုပါဘူးကွာ။ မြင်းကအစုမှ လှည်းထဲသွင်းခါစ ရှိသေးတယ်။ ဒီမြင်း မျိုးမှ ကိုင်လို့ကောင်းတာကွ။ မင့်မြင်းကတော့ ခြေကုန်လက်ပန်းကျပြီး လှည်း သက်လည်းရှည်လှပြီ။ ဒီတော့ မင်းငွေတစ်ရာ မြင်မနေနဲ့ကွာ၊ ဟိုကောင် စိတ်ရှုးထတုန်း လဲသာပစ်လိုက်ကွာ..."

အကြောင်းမှာ သူသည် စုနက ဆိုင်ရှေ့ဖြတ်မောင်းသွားသော မြင်းနှင့် ကျွန်တော့်မြင်းကို ငွေတစ်ရာ အလိုက်ပေး၍လဲရန် ပြောလက်စ စကားရှိပါ သည်။ ကျွန်တော်လည်း ထိုမြင်း၏ခြေကို ကြိုက်သည်။ အလုံးအရပ်၊ အသွေးအမွေးလည်း ကျွန်တော့်မြင်းထက်သာသည်။ ထို့ကြောင့် ကျွန်တော့် စိတ်တွင် ငွေတစ်ရာအလိုက်ပေးဖို့ မနာဟု ယူဆသည်။ သို့သော် အကြောင်း အကျိုး ဆင်ခြင်ကာဖြင့်....

"ကဲ...ခင်ဗျားပြောတာတွေ မှန်ပြီထား။ ဒီတော့ ဟိုလူက သူ့မြင်း ကောင်းခွန့်ပြီး ကျွန်တော့်မြင်းကို ဘာလုပ်ဖို့ လိုချင်တာတဲ့တုန်း..."

"မင့် မြင်းကို မဟုတ်ဘူးဟေ့၊ ငွေတစ်ရာလိုချင်လို့ သိရဲ့လား၊ သူက ငွေတစ်ရာသုံးရရင်ပြီးရော၊ သူ့အိမ်ကိုလိုမှ်မယ်။ သူ့မြင်းက အနီရောင် မဟုတ် လား။ ဒီအနီရောင်နဲ့ သူနဲ့မတည့်ဘူး၊ နတ်ကဟောတယ်၊ ဘာညာနဲ့ သူ့ ဖားသားကြီးဖြီးမယ်ကွာ။ သူ့မိဘက ချမ်းသာတယ်။ သူထင်ရာ လုပ်နေတာ ပဲ။ နောက် မင်းမြင်း သူ့လက်ထဲရောက်တော့ သူ မောင်းချင်မောင်းမယ်...။ မမောင်းချင် ပစ်ထားမယ်ကွာ။ ဒီကောင်က လူဆိုးလူပေကွ။ သူ့အဖေကို နောက်ထပ် အသစ်တစ်ကောင်ဝယ်ပေးလို့ ပြောချင်ပြောမယ်ကွာ၊ ဒီတော့ မင်း သူ့အရေးကို ဘာမှတွက်မနေနဲ့၊ မင်းလက်ထဲ မြင်းကောင်းရဖို့သာ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးကွာ၊ ဒါပဲ။ သူနဲ့ငါနဲ့ ခင်မင်ပေမယ့် သူ့အဖေကြီးနဲ့ ငါနဲ့ မျက်နှာကြောမတည့်ဘူးကွ။ ရှင်းရှင်းပြောမယ်ကွာ၊ နေကြီး သူ့သားအတွက် ရှောက်ကျတာမြင်ချင်တယ်။ အဲဒါ မင်း ငါအင်မတန်ခင်လို့ ပြောတာပဲ၊ အခု မင်းတိုက်တဲ့ လက်ဖက်ရည်သောက်တာ အပင်းအဆိပ်ဖြစ်ရစေရဲ့..."

ဤအချိန်၌ ကျွန်တော့်မှာ ဤလူစားမျိုးနှင့် ပထမအကြိမ်ဆက်သွယ်ရခြင်းဖြစ်၍ သူ့ကို ဘိုးဘိုးအောင်ဟုပင် အောက်မေ့သွားလေသည်။

"မုန့်စားပါဦးဗျ။ ဒါနဲ့ သူက တစ်ရာမလျှော့ဘူးတဲ့လားဗျ..."

"ဟာ...ဒါတော့မပြောနဲ့၊ ခုန ငါက မင့်မြင်လို့ ဆင်းပြောမယ်လုပ်တော့တောင် သူက ခပ်အင်အင်ကွ။ ဒါကြောင့် သူမရပ်ဘဲ ရှေ့ဆက်မောင်းပြေးတာ။ ၁၅ဝ အလိုက်ပေးမယ့် မြင်းတစ်ကောင် တွေ့ထားပြန်ပြီဆိုလားဘာလားကွာ။ ဒီကောင့်စိတ်က အရူးလိုပဲ။ ခုတွေ့၊ ခုပြော၊ ခုလိုက်မှဖြစ်တာ၊ ဒီတော့ မင့် ငါ နေးမနေစေချင်ဘူး၊ ဒီနေ့ပဲဖြစ်အောင် လိုက်စေချင်တယ်..."

"မမြန်လွန်းဘူးလားဗျာ၊ ကျွန်တော်က သူ့မြင်းမောင်းကြည့်ချင်သေးတယ်..."

"လာလေ...အခု လိုက်မောင်းကြည့်ပါလား။ ဒီကောင့်လှည်း ကမာရွတ်ဈေးဘက်မှာ ရှိမှာပဲ..."

လက်ဖက်ရည်ဖိုး ရှင်းပြီး၍ ကမာရွတ်ဂိတ်ကို လိုက်ကြသောအခါ၌ သူက ကျွန်တော့်လှည်းကို မောင်းသည်။ မြင်းကို နက်ဖြန်သဘက် သေတော့မလောက်ပင် စိတ်ပျက်စဖွယ် ပြော၏။

"ဒီမြင်း သူ့အဖေကြီးလက်ထဲရောက်မှ ၂ ရက် ၃ ရက်အတွင်းတော့ မြင်ချင်တယ်ကွာ၊ ဒီလူကြီးကို ငါသိပ်မုန်းတာကွ၊ ဘာကြောင့်သိလား၊ အစဦးက သူ့သမီးနဲ့ ငါနဲ့ကြိုက်ကြတယ်။ အခု ထွေးမောင်တို့၊ ဘသူတို့ ယောက်ဖလုပ်မယ့်ကောင်တွေကပါ သဘောတူကြတယ်။ ဒါပေမဲ့ သူတို့အဖေကြီးက ငါနဲ့ခွဲပြီး သည့်ပြင်လူနဲ့ အတင်းပေးစားတယ်ကွ။ ဒီထဲက–ငါဟော့တစ်သက်ပကျောဘူးကွ..."

အံကြိတ်ကာပင် ပြောပါသည်။ မကြာမီ၌ ကမာရွတ်ဈေးဂိတ်ကို

www.burmeseclassic.com

www.burmeseclassic.com



ရောက်၍ ထွေးမောင်မြင်းလှည်းကို မြင်သောအခါ၌....

"ကြည့်ကွ...သူဌေးသား၊ မြင်းတော့ နေပူထဲပစ်ထားပြီး သူက အိုက်စကရင် စားနေတယ်။ သူ့မြင်းကလည်း သိပ်သဘောကောင်းတာ၊ ထားရာနေတာ" ဟုပြောရင်း ကျွန်တော်တို့လှည်းကို ရပ်လိုက်ပြီး ဆိုင်ထဲသို့ လှမ်း၍....

"ဟေ့...ထွေးမောင် မင်းမြင်းကို ငါတို့ ခဏမောင်းကြည့်စမ်းမယ်"

ထွေးမောင်ဆိုသူကလည်း ပမာမခန့်နှင့်....

"မောင်းကြည့်ပါလားဗျ..."

ကျွန်တော့်အား ထွေးမောင်မြင်းလှည်းပေါ် ထိုင်စေကာ ဇက်ကြိုးကို ကိုင်စေပြီး သူက လှည်းတံကို တွန်းဖယ်လိုက်သည်၌ မြင်းက တရကြမ်း ထွက်လေ၏။ ပြေးလွှန်းသဖြင့် ဇက်ကိုပင် အတော် ဆွဲထိန်းထားရသည်။ သူလည်း လှည်းနောက်မှ ခုန်တက်ပြီးဖြစ်နေကာ....

"မြင်းဆိုတာ အဲဒီလိုဟာမှမြင်းကွ... မင်း ဇက်ကြိုးကိုင်လိုက်ရုံပဲ၊ ဘာမှ တက်ခေါက်စရာ၊ ကြာပွတ်ရိုက်စရာ မလိုတော့ဘူး။ မင်း ဇက်ပြား တစ်ချက်လောက် ခတ်ကြည့်လိုက်စမ်း၊ ဟရှူး...ဟရှူးနဲ့ ယူသွားလိမ့်မယ်၊ ထိန်းသာထားပေရော့..."

ဟုတ်ပါ၏။ ကျွန်တော် ကျောကို ဇက်ပြားတစ်ချက် ချလိုက်သည်၌ အတော်ပင် ချုပ်ထားရပါသည်။

"ခွာထိုးကပြင်း၊ အာကြိုးကတင်း၊ အသပြာတိုးမယ့်မြင်းဆိုတာ ဒါပေါ့ ကွ"

သူတို့မြင်းလှည်းသမားတွေ အာဘော်ဖြစ်၏။ အကယ်တန္တိ မြင်းကို စိတ်အခန့်မသင့်သောအခါ၌ကား 'ခွာထိုးကပြင်း အာကြိုးကတင်း' ဟုဆိုပြီးမှ "ငါရိုးမမြင်း..." ဟု ဆဲတတ်ကြသည်။

"အင်း...ဒီမြင်း ခြေနဲ့စိတ်တော့ သဘောကျပါပြီဗျာ၊ ဒါပေမဲ့ အထွက်တွန်းတွန်းပေးရတာက ခက်တယ်..."

"ဟ...ဒီလောက်တွန်းရတာလေး ဘာများခက်လို့လဲကွ..."

"ခင်ဗျားတို့အဖို့ မခက်ပေမယ့် ကျွန်တော့်အဖို့ မလွယ်ဘူးဗျ၊

www.burmeseclassic.com

www.burmeseclassic.com



တွန်းပေး ဖို့ လူတစ်ယောက် လိုနေဦးမှာ..."

"အောင်မယ်...ဘာလုပ်လိုမလဲ၊ တစ်ယောက်တည်းနဲ့ ဖြစ်ပါတယ်၊ မှန်း ငါပြမယ် ရပ်လိုက်..."

ကျွန်တော် ရပ်လိုက်သောအခါ၌ သူသည် ရှေ့သို့ဆင်းပြီး မြင်းဇက်ကြိုးကိုကိုင်ကာ လက်တံကို ဆောင့်တွန်းလိုက်၍ မြင်းထွက်သွားမှ လှည်းပေါ် နောက်ပြန် ခုန်ထိုင်လိုက်သည်။

"ကဲ...ဘာများခက်လို့တုန်းကွ..."

"ကျွန်တော်က အဲဒီလို နောက်ပြန် ခုန်တက်မတတ်သေးဘူးဗျ..."

"အို...ဒါတော့ မြင်းလှည်းသမားလုပ်တယ်ဆိုရင် တတ်ရမှာပေါ့ကွ၊ ၄-၅ ခါ မကျင့်ရပါဘူးကွာ၊ အလွယ်ကလေးပါ..."

သူပြောတာ မှန်ပါသည်။ မြင်းလှည်းသမားတို့၏ တတ်အပ်သောပညာရပ်ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်လဲရန် သဘောတူလိုက်လေသည်။ အိမ်ရောက် သောအခါ၌ ယောက္ခမကြီးကို အကျိုးအကြောင်း ပြောပြ၏။

"အဲဒါ မနာဘူးအန်တီ၊ ကျွန်တော်တို့မြင်းကို ၂၀၀ ထားဦးတော့ ဟိုမြင်းက ၃၀၀ မကတန်တယ်"

ထိုမြင်း မည်မျှကောင်းပုံနှင့် ကိုထွန်းရှိန်ခေါ် ဤ ကြားကလူက အဘယ်ကြောင့် လဲရန်ဆွယ်ပေးပုံ၊ သူ့ရည်းစားနှင့် ထွေးမောင်အဖေကြီး ခွဲလိုက်ကြောင်း ငယ်ကျိုးငယ်နာတွေပါ ကိုထွန်းရှိန်ပြောသည့်အတိုင်း သယ်သယ်ပိုးပိုး ဖောက်သည်ချလိုက်ရာ ကျွန်တော့်ယောက္ခမ မဟာပညာကျော် ဂျူနီယာလောင်းကြီးပါ သဘောကျလေသည်။

သို့သော် ဘယ်ကိစ္စမဆို ပဲပြုတ်ပိုးပင် ပိုက်ဆံထုတ်ရန် လက်နှေးသူဖြစ်သည့်အတိုင်း....

"နေပါဦးကွယ်...ငွေနဲ့ကြေးနဲ့ လုပ်ရမယ့်ကိစ္စ မင်းတစ်ယောက်တည်း ချက်ချင်းကြီး မသွားပါနဲ့ဦး၊ ဟိုဘက်အိမ်က မောင်ဘလှနဲ့ တိုင်ပင်ကြည့်ပါဦး"

မောင်ဘလှမှာ ရှေ့အင်္ဂလိပ်ခေတ်ကတည်းက မြင်းလှည်းသမား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ် သည်။ ကျွန်တော်တို့ အိမ်သားများနှင့်လည်း အိမ်နီးပါးချင်း ခင်မင်ရင်းနှီးသူဖြစ်သည်။ ထို့ကြောင့် ကျွန်တော့်မှာ ယောက္ခမအာဏာ မလွန်ဆန်နိုင်ဘဲ ကိုဘလှဆီသို့ သွားရတော့သည်။ နေ့နေ့လျှင် ကိုထွေးမောင်က ၁၅၀ ကျပ် အလိုက်ပေးမည့်မြင်းနှင့် လဲတော့မည်ဆိုသည့်အတွက် နောက်ကျသွားမှာ စိုး၍ ရင်ထဲက တထိတ်ထိတ်။

သို့သော် ကိုဘလှကို အကြောင်းစုံပြောပြသောအခါ၌ ကိုဘလှသည် ကျယ်လောင်စွာ ရယ်မောလေသည်။

"အမယ်လေး ကိုယ့်လူနှယ် ဗဟန်းထွန်းရှိန်နှင့် ထွေးမောင်နဲ့မှ တွေ့ခဲ့ တယ်ဗျာ၊ ဖြစ်မှဖြစ်ရလေ။ လက်မတင်ကလေး ကံကြီးပေလို့"

ကျွန်တော် မျက်နှာမထားတတ်ဖြစ်ကာ....

"နေပါဦး...ကိုထွန်းရှိန် ပြောတာတွေ မဟုတ်ဘူးလား"

"ဘယ်က ဟုတ်ရမှာလဲဗျ၊ ဒီထွေးမောင်ဆိုတဲ့ကောင်ဟာ ငယ်ငယ်ကလေးကတည်းက မိဘရှိခဲ့တာမဟုတ်ဘူး၊ ဥတစ်လုံး တစ်ကောင်ကြွက်၊ ဟိုလူ့မြင်းလှည်းမောင်း၊ ဒီလူ့မြင်းလှည်းမောင်းနဲ့ ကလေကချေ ကြီးခဲ့ရတာ၊ အခု ဗဟန်းမှာ မြင်းလှည်း ၃-၄ စီးထောင်တဲ့ ကိုအောင်ဖဲကြီးအိမ်မှာ ထွန်းရှိန်နဲ့အတူ မောင်းနေရတာဗျ"

ကျွန်တော် မျက်လုံးပြူကာ....

"ဟင်...ဟုတ်လား...ဒို့ အခု လဲမယ်ပြောလိုက်တဲ့ မြင်းကကော..."

"ကိုအောင်ဖဲကြီး မြင်းကျိုးမကလေးပေါ့ဗျ၊ ဘယ်သူမှ ဝယ်မယ့်သူ မရှိလို့ ပစ်ထားရတာ ကြာလှပြီ"

"ဒို့...ဒီနေ့ ကျွန်တော်တွေ့ရတော့ အကောင်းပါလား"

"မကောင်းပါဘူးဗျာ...ခင်ဗျားမကြည့်တတ်လို့ပါ၊ နောက်ကားနေတယ်၊ လှည်းထဲစွထားပြီး တွန်းပေးလိုက်မှ ကမူးရှူးထိုး ပြေးနိုင်တာ။ အဲဒါလည်း ၃ ၄ ရက်မှ တစ်ခေါက် မောင်းနိုင်တာဗျ။ အဲ တစ်ခေါက်မောင်းပြီး နောက်ရက်တွေမှာဆိုရင် ဇောင်းထဲလဲနေရော၊ အစာကျွေးတာမှ မနည်းစုပြီး ကျွေးရတယ်။ ကားတိုက်မိလို့ တင်ပါးဆစ်လွဲပြီး အကြောနာ ဖြစ်နေတာဗျ၊ ခင်ဗျားမယုံရင် နက်ဖြန်ခါတော့ သူတို့ဇောင်းထဲ အသာကလေးသွားကြည့်

www.burmeseclassic.com

www.burmeseclassic.com



ပါလား၊ ပက်လက်လန်ပြီး လေးဖက်ကားနေတာ တွေ့ရလိမ့်မယ်"

* * *

သူတစ်ပါး၏ လုပ်အားကိုလည်းကောင်း၊ ပစ္စည်းကိုလည်းကောင်း လိမ်လည်လှည့်ဖြား ယူချင်သည့် ဟူဟူသရွေ့တို့တွင် သူတို့၏အထိုက် အလျောက် ဝက်နည်းဉာဏ်အမျိုးမျိုး ရှိကြလေသည်။ ယခု မြင်းလှည်းသမား တွေးမောင်နှင့် ထွန်းရှိန်၏ ပရိယာယ်ဆင်ပုံ ဇာတ်အိမ်ဖွဲ့ပုံတို့မှာ သင်းတို့ လောက ဝင်စါစဖြစ်သော ကျွန်တော်လိုငတိကို ဖွဲ့ခနဲနေအောင် မိပေသည်။ ချစ်သောယောက္ခမ၏ ပိုက်ဆံထုတ်နေးနေမှုနှင့် ကိုဘလှ၏ကျေးဇူးကြောင့် သာ ကျွန်တော်တို့ ဒုက္ခတကလေး နက်ကြုတ်ကို သူတို့ဒုက္ခတမကြီးနှင့် ငွေတစ်ရာအလိုက်ပေးကာ မလဲလိုက်ရခြင်း ဖြစ်ပေသည်။

သို့သော် နက်ကြုတ်ကလေးနှင့် ကျွန်တော်တို့ နောက်ဆုံးခွဲခွာလိုက် ရပုံကား ဝမ်းနည်းဖွယ်ကောင်းလှပါသည်။ ကျွန်တော်၏ နားမလည်မှုနှင့် မိုက်မဲမှုကြောင့် သင်းကလေး အသက်တိုသွားသည်ကို ကျွန်တော်ဝန်ခံပါ သည်။ သင်းကလေး သဘောကောင်းသလောက် ယောက္ခမ မျက်နှာရအောင် ကျွန်တော်က သူ့ကို ညဉ်းပန်းနှိပ်စက်ခဲ့ရိုး မှန်ပါသည်။ သူသည် ကျွန်တော် ၏အလိုသို့ ဘယ်တော့မှမငြင်းခဲ့၊ ဘယ်လောက်ပင် မောနေပါစေ၊ ဇက်ကြိုး ကိုလှုပ်၍ တောက်ခေါက်လိုက်ပါက တစ်လှမ်းချင်းပဲဖြစ်ဖြစ် ငွေလးလံသော ဝန်ကို ဆွဲသွားပါသည်။ သည်အတွင်းမှ ကျွန်တော်က ခရီးသည်၏ဆန္ဒကို ဖြည့်ရန် ကြာပွတ်နှင့် ရှမ်းခနဲရိုက်လိုက်ပါက တတ်နိုင်သမျှကလေးပင် လေးဖက်ခုန်၍ ပြေးပါသေးသည်။

ကျွန်တော် သူ့ကို နိုင်ခဲ့ပါသည်။ ကျွန်တော် နှိပ်စက်ခဲ့ပါသည်။ သို့သော် လောက၌ ဝိပါတ်တရားတို့မည်သည် အနေးနှင့်အမြန်သာ ဖြစ်လေ ရာ အခွင့်သာသည်၌ ဒိုက်ခနဲ ဆိုက်ရောက်လေသည်။ နက်ကြုတ်ကလေးကို ကျွန်တော်က နိုင်ခဲ့နှိပ်စက်ခဲ့သလို ကျွန်တော့်ကိုနိုင်၍ နှိပ်စက်မည့်မြင်းကြီး တစ်ကောင် ပေါ်ပေါက်လာသည်ကား လူသားနှင့် တိရစ္ဆာန်မို့ ယှဉ်နိုင်ဖွယ်ရာ ပင် ခဲယဉ်းပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၃ ခုနှစ် နှောက်စွန်းခဲ့ပြီ။ ဤအခါ၌ ကျွန်တော်ချစ်သော ယောက္ခမနှင့် ကျွန်တော် ဓာတ်ခေါင်းကွဲကြကာ ကိုယ့်ဝမ်းရေးနှင့်ကိုယ် နေကြသောအချိန်၊ တစ်ကြိမ်သောသမယ၌ ကျွန်တော်သည် မြင်းတစ်ကောင် ရောင်းပစ်ရ၍ နောက်မြင်းတစ်ကောင် ဝယ်ရန်လိုလာသည်။ ယင်းကာလ၌ ကျွန်တော်သည် မြင်းအကြောင်း နားလည်စပြုပြီဖြစ်၍ ကျွန်တော်လိုချင်သောမြင်းမှာ အင်္ဂါရုပ်မလှ အပြေးမကျချင် နေပါစေ၊ လေးလေးမှန်မှန်နှင့် အခိုင်းခံရန် ခြေကောင်းလက်ကောင်း ရောဂါကင်းကင်း၊ အကောင်ကြီးကြီး အဖိုးနည်းနည်း ဖြစ်သည်။

ထိုစဉ်၌ မြင်းဈေးမှာ ပထမတန်းမြင့်က ၁၅၀၀ ကျပ် အထက်၊ ဒုတိယတန်းက ၁၂၀၀ ကျပ် ပတ်လည်၊ တတိယတန်းက ၁၀၀၀ ကျပ် အောက်၊ ၎င်းသုံးမျိုးအနက် ပထမတန်းမြင်းမျိုးမှာ ထင်ရှားနေ၍လည်းကောင်း၊ နားလည်သူတို့ဝန်းကျင်တွင် ရှိနေ၍လည်းကောင်း အချောင်ရရန် ခဲယဉ်းသည်။ ဒုတိယတန်းမြင်းမျိုးကား ချောင်ကျကျ၌ အပေါက်ကောင်းနိုက် တတ်လျှင် တတိယတန်းဈေး မတိမ်းမယိမ်းကလေးနှင့် ရနိုင်သည်။

ဖော်ပြပါ ကျွန်တော်လိုချင်သော မြင်းအစားမှာ ဒုတိယတန်းမျိုးတွင် ပါဝင်သည်။ သို့သော်...မြင်းလှည်းပါး၀ခါစ ကျွန်တော်က လူလည်ကြီးလုပ်၍ တတိယတန်းဈေးနှင့် လိုချင်၏။ ထို့ကြောင့် ၎င်းတွက်ကိန်းအတိုင်း ရှာလိုက်ရာ မကြာမီ၌ မြင်းပွဲစားတစ်ယောက်နှင့် ပတ်သက်၍ တွေ့လေသည်။

"အဲဒါ မင်းလိုချင်တဲ့အစားပဲကွ။ အသွားအလာမှန်တယ်။ လေးဖက်ကျတယ်။ စိတ်သဘောကောင်းတယ်။ ကိုယ်ကာယကြီးကတော့ မင်း မြင်တဲ့အတိုင်းပဲ" ဆိုရင်း ပွဲစားသည် မြင်း၏သွားကိုဖြဲကာ "ကြည့်... အသက်က ၅ နှစ်လောက်ပဲ ရှိသေးတယ်။ နဖွားကြီးတွေကွ။ နောက် တက်လမ်းအများ ကြီးရှိသေးတယ်။ မြင်း နည်းနည်းညှောင်းတာကတော့..." ပွဲစား အသံတိုးသွားကာ ကျွန်တော့်နားကပ်လျက် "ဟောဒီမြင်းပိုင်ရှင် အဘိုးကြီးနှင့် သူ့သားက နှစ်ယောက်စလုံး အဘဖျန်ချည်းပဲကွ၊ ရသမျှ ရှုပြစ်နေတာပဲ၊ မြင်းကို အစာကောင်းကောင်းကျွေးကြတာ မဟုတ်ဘူး။ မင်းတို့လို မြင်း

www.burmeseclassic.com

www.burmeseclassic.com



ဂရုစိုက်တဲ့လူ လက်ထဲရောက်ရင်တော့ကွာ ၄-၅-၁၀ ရက်အတွင်း တသွေးတမွေး ဖြစ်လာမှာပဲ။ အခု သူတို့လက်ထဲတော့ ကြည့်လေ...။ မြင်းမွေးမညှပ်ဘဲထားတာပဲ ဘယ်လောက်ကြာပြီလဲ၊ အေး...ဒီလူမျိုးလက်ထဲ ဒီလိုမို့လည်း ဒီဈေးနဲ့ရောင်း မယ်ပြောတာပေါ့ကွာ..."

မြင်းကြီးမှာ ကိုယ်လက်အင်္ဂါ သန့်စွမ်းဘိလည်း အသားချောင်ချောင်နှင့် အမွေးရှည်ပြီး ညှဉ်းဆိုးဆိုးဖြစ်နေ၏။ ပွဲစားပြောသလို ကျွန်တော့်လက်ထဲ ရောက်က ဘယ်သို့ဘယ်ပုံ ပြုပြင်လိုက်ရလျှင်ဟုလည်း စိတ်ကူးပေါက်၏။

ယင်းအချိန်၌ မြင်းကြီးသည် အစာမရှိသောသူ့စားခွက်ကို နှုတ်သီးနှင့် ဂလောက်လောက်မြည်အောင် တွန်းနေရာ၊ မြင်းရှင်အဘိုးကြီး ရောက်လာပြီး မြင်းပါးကို လက်ဝါးစောင်းရိုက်ကာ....

"ဂမြင်းမသားကြီး စောက်စားပုပ်လိုက်တာ၊ ကျွေးလို့ကို လောက်တယ်မရှိဘူး။ နင်စားတိုင်းကျွေးရရင် လူတွေငတ်ရချည်ရဲ့။ မှန်း...ဖယ်စမ်း အရင်တစ်ခါလည်း နင်ဒီလို အစာတောင်းတာနဲ့ပဲ စည်ပိုင်းတစ်လုံးကွဲပြီ" ဟုဆိုပြီး စားခွက်ကို ယူသွား၏။

ပွဲစားသည် ကျွန်တော့်ကို လက်တို့ပြီး....

"အဲဒါပဲ ကြည့်တော့ကွ...၊ ဘိန်းစားများ ကိုယ်ရှုဖို့ပဲ ကိုယ်ကြည့်တာ ပဲ"

အဘိုးကြီးမှာ အသက် ၆၀ ခန့်၊ နံရိုးပြိုင်းပြိုင်း၊ နှုတ်ခမ်းမွေး စုတ် ဖွားဖွားနှင့် အတော်ပင် အကြင်နာတရား ကင်းမဲ့မည့်ရုပ်မျိုး ရှိ၏။

စည်ပိုင်းကို အိမ်ပေါ်ပစ်တင်လိုက်ပြီးနောက် "ဟေ့...ငထွန်း... ငထွန်း" ဟုခေါ်လိုက်ရာ "ဘာလဲဗျ" ဟူသော အောက်သိုးသိုးအသံနှင့်အတူ အသက် အစိတ်ခန့် အရိုးပိန်း ဘိန်းစားလုလင်တစ်ယောက် ထွက်လာ၏။ အဘိုးကြီးသည် မြင်းဇောင်းထဲ လက်ညှိုးထိုးကာ....

"သွား...ဟိုမြင်း သေးကွက်တွေကို ပြာနဲ့ဖို့ပစ်စမ်း၊ မြင်းဇောင်းထဲ ဟောင်စော်နံနေတာပဲ..."

မောင်ထွန်းသည် မျက်နှာကိုရှုံ့ကာ....

"ဟာ...ခင်ဗျားကြီးကလည်းဗျာ၊ ဒီမြင်းသေးပေါက်တိုင်းသာ ပြာနဲ့ဖို့

www.burmeseclassic.com

www.burmeseclassic.com



နေရရင် လူအားရတယ်လို့ ရှိမှာမဟုတ်ဘူး။ အချိန်ရှိသရွေ့ တဖြန်းဖြန်း ပေါက်နေတာပဲ..."

အဘိုးကြီးသည် လက်ဝါးစောင်းရွယ်ကာ....

"တယ်...ခွေးသား၊ ငါ့များ ပြန်ပြောနေရသလား" ဆိုမှ မောင်ထွန်းသည် အောင့်အောင့်ညှစ်ညှစ်နှင့် မီးဖိုက ပြာယူလာ၏။ ဤအချိန်တွင် ထမင်းအိုးတည်နေသောအမယ်ကြီးက သူ့သားအား....

"ဒီလူကြီး ပြန်ပြောမနေစမ်းပါနဲ့ဟယ်...သူခိုင်းတာသာ လုပ်လိုက်စမ်းပါ" ဟု ပြောပြီးနောက် အဘိုးကြီးဆီသို့ လှမ်း၍....

"ကိုတိုး...မောင်ထွန်းကို မြင်းလှည်းတစ်ခေါက် ထွက်ပစေဦးတော့၊ ကျပ်အိတ်ထဲ ပိုက်ဆံကုန်ပြီ..."

အဘိုးကြီးသည် များစွာမနှစ်မြို့ဟန်နှင့်....

"ဟေ့...မနက်ကမောင်းရတဲ့ ပိုက်ဆံကော..."

"မြင်းစာဝယ်ရတာနဲ့၊ ဒေါ်ဖွား ဈေးကြွေးပေးရတာနဲ့၊ တော်က ၃ ကျပ် ယူတာနဲ့ ငွေလေး ၉ ကျပ်ဟာ ကုန်ပါပြီလားတော်..."

ဤတွင် အဘိုးကြီးသည် မောင်ထွန်းဘက်လှည့်ကာ....

"ဟေ့...မင်း တစ်မနက်လုံးမောင်းတာမှ ၉ ကျပ်ထဲ ရသလား..."

မောင်ထွန်းက အောက်သိုးသိုးနှင့်ပင်....

"ရန်ကုန်တစ်ခေါက်၊ ဗဟန်းတစ်ခေါက် ဆွဲရတာ အပြန်တွေမှ လူမရဘဲဗျ၊ ဒါလောက်ရတော့မပေါ့..."

ဤအချိန်၌ လူတစ်ယောက်ငါးမူးဖြစ်၍ ဤနှစ်ခေါက်မှာ လူမပြည့်ဘူးဆိုပါက ဤမျှသာ ရနိုင်ပေသည်။ သို့သော် အဘိုးကြီးက...မကျေနပ်။

"ငထွန်း...နင် ဘယ်လောက်သုံးလာတယ်ဆိုတာ ငါမြင်ပါတယ်။ ရှည်မနေစမ်းပါနဲ့၊ သွား...တစ်ခေါက်ထွက်မောင်းစမ်း..."

မောင်ထွန်း မနေသာတော့ဘဲ မြင်းတန်ဆာပလာကို သွားယူရင်း....

"ခင်ဗျားတို့ ပိုက်ဆံယူချင်တိုင်းသာမောင်း၊ မြင်းသေမှာဗျ...သေမှာ..."

အဘိုးကြီးသည် လက်ဝါးစောင်းရွယ်ပြန်ကာ....

www.burmeseclassic.com

www.burmeseclassic.com



"သေသေဟယ်၊ စကားရှည်မနေစမ်းနဲ့..."

ပွဲစားသည် ကျွန်တော့်ကို လက်တို့ကာ....

"အဲဒါပဲ ကြည့်တော့ကွ၊ ဒီမြင်းကြီးပိန်ရတာဟာ ဘာမှ အဆန်းမဟုတ်ဘူး၊ သူတို့ခိုင်းချင်တာ ခိုင်းနေကြတာ"

စင်စစ် မြင်းတစ်ကောင်ကို မနက်ပိုင်းခိုင်းပြီး ညနေပိုင်း ထပ်မခိုင်းရချေ။ မနက်မြင်း ညမြင်း ထားရ၏။ ကျွန်တော့်မှာ အဘိုးကြီးအိမ်သားတစ်စုကို တော်တော်ရှုံရှာမိ၍ မြင်းကြီးကို သနားမိ၏။

ပွဲစားက ဆက်လက်၍....

"ဩော်...ဒါနဲ့ အဆင်သင့်ပဲဟေ့၊ ဒီမြင်းခြေနဲ့ စိတ်သဘောထားသိရ အောင် မင်း မောင်ထွန်းနဲ့ လိုက်သွားပေါ့ကွာ"

ကျွန်တော်သည် မောင်ထွန်း မြင်းတန်ဆာပလာ တပ်နေသည်ကို ကြည့်နေရာမှ...

"အင်း...အတော်သားပဲ" ဆိုသည်၌ ပွဲစားက အဘိုးကြီးဆီသို့ လှမ်း၍...

"ဗျို့ ဘကြီးတိုး၊ ခင်ဗျားမြင်းကြီးသဘောကို သိရအောင် သူ့လှည်းနဲ့ လိုက်သွားပါစေဗျာ"

"အောင်မာလေး၊ လိုက်ကြည့်ပါကွာ လိုက်ကြည့်ပါ၊ ငါ့မြင်းက သဘောသကာယမှာတော့ ကလေးတင်လွှတ်လိုက်ကွ" ဆိုပြီး သူ့သားကို "ဟေ့ ထွန်း၊ ဗဟန်းဆိုရင် စမ်းချောင်းကလူတင်သွားပြီး အပြန်လည်း စမ်းချောင်းကလူပဲ ရှာတင်နော်၊ နို့မဟုတ်ရင် ငါးမူးရတာချင်းအတူတူ ဗားကရာချောက် ဖြတ်ဖြတ်ပြီး ကြည့်မြင်တိုင်လိုက်ပို့ရတာက တယ်နာတယ်ကွာ"

ယင်းကာလ၌ ဗဟန်းသည် ရန်ကုန်မြို့၏အစည်ဆုံး ဈေးရပ်ကွက်ဖြစ်လေရာ စမ်းချောင်းဂိတ်၌ ရပ်လိုက်လျှင် မကြာမီပင် ဗဟန်းလူ ၅ ယောက်ရလေသည်။

မောင်ထွန်းသည် မြင်းဇက်ကြိုးကို ကျွန်တော့်ပေး၍ သူက ခပ်အေးအေးပင် ထိုင်လိုက်လာသည်။ အပြန်လည်း ထို့အတူပင်။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



မြင်းကြီးကို သဘောကျလေပြီ။ အင်မတန် သဘောသကာယ ကောင်း၏။ မောင်းရသည်မှာလည်း လွယ်ကူလှ၏။ အလန့်အဖျပ်လည်း မရှိ။ ခြေကတော့ လေးလေးမှန်မှန်ပင်။ သို့သော် အကောင်ကကြီးတော့ အလှမ်းကျဲ၍ သာမန်မြင်းတွေထက် မနှေးချေ။ အဖိုးလည်း ငြင်းစရာမရှိ။ ကျွန်တော့် အိတ်ထဲတွင် အသင့်ပါခဲ့၏။ သို့ရာတွင် လောဘသားတို့၏ ထုံးစံအတိုင်း မောင်ထွန်းနှင့် လှည်းပြန်ဖြုတ်သောအခါတွင် ကျွန်တော်က ပွဲစားကို လက်တို့ခေါ်ခဲ့ပြီး "ဈေးနည်းနည်းလျှော့ဖို့ ပြောကြည့်ပါဦးဗျ" ဆိုသည်နှင့် ပွဲစားသည် မဲ့ပြုံးပြုံးကာ....

"အမယ်လေး ဈေးလျှော့ဖို့ နေနေသာသာ၊ လာ လာ အဘိုးကြီး အမယ်ကြီး အိမ်ထဲ ဘာဖြစ်နေသလဲဆိုတာ နားထောင်ပါဦး" ဆိုပြီး ကျွန်တော့်ကိုဆွဲသွား၍ သူ့တို့အိမ်နား ချည်းကပ်မိသည်တွင်....

အမယ်ကြီး။ "တော်ဟာ တစ်နေ့ရွှေဥတစ်လုံး ဥပေးနေတဲ့ ငန်းကို တစ်ရက်ထဲသတ်စားတဲ့လူနဲ့ အတူတူပဲ။ ဒီမြင်းဟာ ကျုပ်တို့ကို ဘယ်လောက်အကျိုးပေးသလဲ။ နေ့စဉ် ကိုယ်လိုချင်သမျှ ငွေရနေတာပဲ။ ဒီမြင်းဝင်မှ ကိုယ့်စီးပွားလည်းဖြစ်တယ် မဟုတ်လား။ မြေးကလေးကို နားတောင်း လုပ်ပေးနိုင်တယ်။ လက်ကောက်လုပ်ပေးနိုင်တယ်။ ဒီလို ကိုယ့်အကျိုးပေးတဲ့ မြင်းကို လက်လွှတ်ပစ်ရင် မှားလိမ့်မယ် ကိုတိုး၊ ရှင် စဉ်းစားပါဦး"

သို့သော် အဘိုးကြီးက တင်းမာသောအသံနှင့်ပင်....

"ငါ စကားလွန်နေပြီကွ၊ ငါလူကြီး စကားတစ်လုံး မဖျက်ချင်ဘူး"

"စကားတစ်လုံး ဖျက်ရတာထက် ကိုယ့်နောင်ရေးအတွက်က ပိုပြီး အရေးကြီးပါတယ် ကိုတိုးရယ်၊ ရှင် ဒီမြင်းမျိုး ဒီအဖိုးနဲ့ရဦးမလား"

"ငါ ရှာပါ့မယ်ကွာ၊ ပဲခူး၊ သနပ်ပင်က ကိုစံပဆီဆင်းသွားရင် ရနိုင် ပါတယ်"

"ရနိုင်...ရနိုင်တော်၊ ကျုပ်တော့ ဟောဒီကျုပ်သားကြီး မခွဲနိုင်ဘူး တော့" ဆိုပြီး အမယ်ကြီး ငိုသံပါလာသည်၌ ကျွန်တော့်ပွဲစားက ကျွန်တော့်ကို လက်ကုတ်ကာ....

www.burmeseclassic.com

www.burmeseclassic.com



"ကဲဟေ့...ကြာရင် အမယ်ကြီးချွဲတာနဲ့ အဘိုးကြီးကပါ မရောင်းတော့ဘူး ဖြစ်သွားဦးမယ်။ မင်း ဒီမြင်း ဒီဈေးနဲ့ယူချင်ဆိုရင် မြန်မြန်သာ ငွေချေ လိုက်တော့ကွာ၊ ကဲ...ဘယ့်နှယ်သဘောရလဲ"

ကျွန်တော်မှာ ဖော်ပြခဲ့သည့်အတိုင်း သဘောကျပြီးဖြစ်၍ အမယ်ကြီးက ဤမျှ နမြောတသ မျက်ရည်ကျနေသည့်တိုင် ဤအချိန်၊ ဤအခါ ကျွန်တော်၏လက်ရှိအခြေအနေ အလုပ်အကိုင်အရ ဘယ်သူ့ သေသေ ငတေမာပြီးရောဆိုသော သဘောမျိုးလည်း ထားနေရသည်။ ထို့ပြင်လည်း လူတို့၏ သဘာဝအလျောက် တစ်ဖက်နမြောလေ၊ ပိုလိုချင်လေ ဖြစ်ရကား ပွဲစားဆန္ဒအတိုင်း ငွေထုတ်ပေးလိုက်တော့သည်။

ကျွန်တော့်ပွဲစားက အဘိုးကြီးနှင့်စကားပြောနေစဉ်မှာ အမယ်ကြီးက ငိုကြီးချက်မနှင့် ဝင်ဖျက်သေးသည်။ သို့သော် အဘိုးကြီးက လက်ဝါးစောင်း ရွယ်လိုက်ကာ... "တယ် မိန်းမ၊ ယောကျ်ားချင်းစကားပြောတာ ဝင်မရှုပ်နဲ့၊ နင် ငါ့ ဘာမှတ်လို့လဲ" ဆိုမှ ရှောင်ထွက်သွား၏။ သို့သော် မြင်းကြီးကိုယ်ကို ပွတ်သပ်၍ "သားကြီးရယ် မေမေနဲ့ ခွဲရတော့မယ်ကွယ်" ဘာညာဆိုပြီး ငိုနေသေး၏။ သနားစရာကား ကောင်းလှပါ၏။ သို့သော် သူ့အရေးထက် ကိုယ့်အရေး ကျွန်တော် ဘယ်တတ်နိုင်မည်နည်း။

ဤမြင်း အရောင်းအဝယ်ကိစ္စတွင် သူတို့အိမ်သားတွေ မသာမယာ ဖြစ်ခဲ့သလောက် ကျွန်တော်တို့အိမ်သားတွေ ကြည်ရွှင်ကြသည်။ ကျွန်တော့် ယောကျ္ာမဆိက လက်ဝတ်လက်စားများ ငှားကာ ငွေဖလားမှာရေစိမ်ပြီး မြင်းကြီး၏ဦးခေါင်းကို ရွှေရေငွေရေ လောင်းသည်။ ဆုတောင်းသြဘာ စကားပြောကြသည်။ ရာသက်ပန်ရိုးမြေကျ ခွဲခွဲမြဲမြဲ မခွဲဘဲ အကျိုးပေးပါတော့။

"တောက်...ပေးလိုက်တဲ့ အကျိုးကြီး"

အများအားဖြင့် မြင်းသစ်ရောက်သူတို့၏ ထုံးစံအတိုင်း တစ်ရက် အနားပေးသည်။ ထိုနေ့မှာ မြင်းကြီးကို အမွှေးထိုးပြီး ရေချိုးပေးသည်။ ပြုတ်လုတည်းကာ သံခွာများကို အသစ်လဲပေးသည်။ နောက်တစ်နေ့နံနက် ၌ ကျွန်တော်သည် လှည်းတပ်ပြီးထွက်ခဲ့သည်။ စမ်းချောင်းဂိတ်မှ ရန်ကုန်သူ ၆ ယောက်တင်ကာ သိမ်ကြီးဈေးသို့လာခဲ့သည်။ အိုကေပါပဲ၊ ရိုးရိုးစရာ

www.burmeseclassic.com

www.burmeseclassic.com



တက်ခေါက်စရာမလို။ သို့သော် အပြန် လူ ၅ ယောက်တင်ခဲ့ပြီး စမ်းချောင်းဂိတ်မှာ ၃ ယောက်ချ၍ ကြည့်မြင်တိုင် လူ ၂ ယောက်ကို ဆက်ပို့ရမည့်ကား ငနဲကြီး ငြင်းဆန်နေတော့သည်။ ဘယ်လိုမောင်း၍မှမသွား၊ ရိုက်လို့လည်းမထွက်၊ နောက်ပြန်ဆုတ်ကာ ရှေ့လှည်းအိမ်ခြေချကို တဖြန်းဖြန်း ပြန်ကန်တော့သည်။

ကဲ...ခက်ပြီကော....။

ကျွန်တော့်မှာ အုံ့အားသင့်ရာမှ မျက်နှာနီရဲကာ ချွေးသီးချွေးပေါက်ကြီးများ ကျလာလေသည်။ ဤစဉ်၌ အခြား မြင်းလှည်းသမားတို့ဆီမှ အသံဆိုးများ ထွက်ပေါ်လာလေသည်။ သူတို့လူစု စကားသုံးအတိုင်း ခပ်ကြမ်းကြမ်းပါပဲ။ (ခွင့်ပြုပါ)

"ကျောင်းသားတော့ အာဖျန်ကြီးက ဆိမဆွတ်ဘဲ ထည့်လိုက်ပြီပေါ့... ဗို..."

"ဆိမဆွတ်တဲ့အပြင် သဲပွတ်လိုက်သေးသတဲ့ ဆရာ၊ ဇွဲဝိ နဲ့တဲ့"

"အောင်ကဲက ပွဲစားလုပ်လို့လေ"

"အမယ် အဘွားကြီးက ငိုပြလိုက်သေးသတဲ့ ဆရာ"

"အဲဒါ သေသွားတဲ့ ကိုအောင်ဖဲကြီးမိန်းမနည်းတွေပေါ့။ မြင်းတစ်ကောင် မြန်မြန်ထုတ်ချင်ပြီဆိုရင် လင်မယားချင်း ချိတ်ဆက်ပြီး အဲဒီအပေါက်မျိုး လုပ်ကရော"

ကျွန်တော့်မှာ နားသာခံခက် အလွန်ပင်ရှက်၊ ဒေါသလည်းထွက်၊ သို့သော် ကျွန်တော် ဘာတတ်နိုင်မည်နည်း။ သူတို့စကားတွေနားထောင်၍ ငိုင်နေမိရာမှ စီးလာသူတစ်ယောက်က....

"ယော့...မင်း မြင်းမောင်းမရလည်း တို့ကို သည့်ပြင်လှည်းနဲ့ တင်ပေးလိုက်လေကွာ..."

ကျွန်တော် မတတ်သာတော့ပါ။ ဗဟန်းကလာသော လှည်းတစ်စီးကို တင်ပေးလိုက်ရတော့သည်။

ခေတ္တမျှအကြာ၌ မြင်းလှည်းသမားအချို့ ကျွန်တော့်ဆီ ရောက်လာကာ....

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဗျာ၊ မစုံစမ်းဘဲနဲ့ ဒီမြင်းကြီးမှ သွားဝယ်လိုက်ပလေ။ ဒီမြင်းကြီးက တစ်ခေါက်ကောင်းပဲရတယ်ဗျ။ အဲဒါလည်း စမ်းချောင်းဂိတ် ပြန်ရောက်ပြီဆိုရင် သူ့အိမ်ဘက်ကလွဲပြီး ဘယ်မှမသွားတော့ဘူး။ ဒါကြောင့် ရန်ကုန်ကအပြန် ကြည့်မြင်တိုင် လူပါမယ်ဆိုရင် ကမ်းနားလမ်းကိုလှည့်ပြီး ကြည့်မြင်တိုင်ဘက်ကို အရင်မောင်းရတယ်။ အဲ...စမ်းချောင်းပြန်ရောက်ပြီဆိုရင်တော့ နောက်တစ်ခေါက် ဘယ်မောင်းမောင်း မသွားတော့ဘူး။ ဒီနေ့အဖို့ သူ့ဂျူတီကုန်ပြီတဲ့။ ဒါကြောင့် မောင်ထွန်းတို့က ဒီမြင်းကြီး သိပ်မမောင်းဘဲ လူမသိအောင်ကျိတ်နေတာဗျ။ ညနေမှ တစ်ခေါက်ထွက်မောင်းတတ်တယ်..."

ကျွန်တော် ခေတ္တမျှ စဉ်းစားနေပြီး "ဒို့...ရန်ကုန်အပြန် ကြည့်မြင်တိုင်ကနေပြီး ရန်ကုန်ပြန်တက်ရင်ကော..."

"မရဘူးဗျ၊ သူကတစ်ခေါက်ဆို တစ်ခေါက်ပဲ၊ အဲ...တစ်ခေါက်ပြီးဆိုရင် သူ့အိမ်ပြန်တဲ့လမ်းကလွဲပြီး ဘယ်မှမသွားတော့ဘူး..."

'ဆင်တစ်ကျင့် မြင်းတစ်ကျင့်' ဆိုတာကို ယုံပါမိတ်ဆွေ။ ထို့ပြင် သူသည် မြင်းကတ်မဟုတ်၊ မြင်းနပ်ဖြစ်၏။ မြင်းကတ်သည် လူကနိုင်ပါက မြင်းကောင်းဖြစ်သွားနိုင်၏။ မြင်းနပ်ကိုကား မရ။ သူ့မှာ အသိဉာဏ်ရှိ၏။ ကျွန်တော် ထိုနေ့၌ပင် သိရှိသည်။ ဗိုလ်လူတွေပြောစကားကို သေချာအောင် အမောဖြေနားစေပြီးနောက် ရန်ကုန်ဘက်ကိုထွက်စေရာ ခြေရှေ့သို့မလှမ်းတော့၊ နောက်သို့သာ ဆုတ်ကန်နေသည်။ မြင်းလှည်းသမား ၃-၄ ယောက်က ကြာပွတ် ၃-၄ စင်းနှင့် လက်သံပြောင်သည်လည်း တော်တော်နှင့်မထွက်၊ နောက်ဆုံး သူ မခံမရပ်နိုင်တော့မှ တရကြမ်းပြေးတော့၏။ သို့သော် ဟန်ကျသွားပြီမထင်ပါနှင့် မိတ်ဆွေ၊ ကြာပွတ်မာစတာတွေကျန်ခဲ့ပြီး လိုက်ရိုက်ကျတော့မှာ မဟုတ်သည့်အခြေ ရောက်သောအခါ၌ ဖြုန်းခနဲ ထိုးရပ်လိုက်လေတော့သည်။ ကျွန်တော် ဘယ်လိုမှ ချော့၍ခြောက်၍မရတော့။ သို့သော် အိမ်ပြန်လမ်းကို ဦးတည်ပေးလိုက်သောအခါတွင်ကား လူက ဘာမှမမောင်းရဘဲ ခြေလှမ်းကျဲကြီးနှင့် မြန်းကြွတော်မူတော့၏။ ဘယ်လောက် အော့နှလုံးနာဖွယ်ကောင်းလှပါသနည်း။ သူ့အိမ်ရှေ့သို့ရောက်သောအခါတွင် ဆတ်ခနဲ

www.burmeseclassic.com

www.burmeseclassic.com



ထိုးရပ်ပြန်ကာ ရှေ့သို့မဆက်တော့ပြန်ပြီ။ ယင်းသည်ကို ဘိန်းစားအဘိုးကြီးနှင့် သူ့သားထွေန်းတို့မြင်ရာ ကျောခိုင်းကာ နောက်ဖေးဘက်ဝင်သွားကြသည်။ မနေ့က "အမယ်လေး...အမေ့သားကြီးနဲ့ ခွဲရတော့မယ်ကွယ်" ဟု ငိုလိုက်သော အမယ်ကြီးသည်လည်း အိမ်ရှေ့တွင် ထင်းခွဲနေရာမှ လှည့်၍မျှ မကြည့်။ တော်လည်းတော်တဲ့ လူစုပါပေ။

ကျွန်တော် သူတို့ကို ဘာမှသွား၍မပြောတော့ပါ။ ပြောလျှင်လည်း ဘာအကြောင်းထူးမည်နည်း။ ကျွန်တော် အရှုံးဖြစ်မည်သာ။ ထို့ကြောင့် မြင်းလှည်းမှဖြုတ်ပြီး မြင်းတစ်ခါ၊ လှည်းတစ်ကြိမ် အိမ်သို့ဆွဲယူရသည်။ သို့နှင့်တောင် ခွေးကောင်ကြီးက ငြင်းဆန်နေသေး၍ မနည်းဆောင်ကြဉ်းရ၏။ ရက်လိုက်သည့်ဖြစ်ခြင်း မပြောပါနှင့်တော့။

ထိုနေ့မှစ၍ ကျွန်တော် ဤမြင်းကြီး၏ဒဏ်ကို ခံရတော့သည်။

ကောက်ကျစ်သူတို့၏ ဝက်နှုညဏ်ကိုကြည့်။ မိတ်ဆွေ ပြန်စဉ်းစားပါ။ ကျွန်တော် မနေ့က ဒီမြင်းကြီးကြည့်ရန်သွားစဉ်က "ဟဲ့ အကောင်ကြီးနင်စားတိုင်းသာကျွေးရင် လူတွေဘာစားမလဲ" ဟု မာန်မဲသည်မဟုတ်လား။ အဓိပ္ပာယ်မှာ မြင်းကြီးက စားလွန်း၍ သူကမကျွေးနိုင်ဟု ဆိုသည်။ စင်စစ်သော်ကား မြင်းကြီးသည် အစာကောင်းစွာ မစား၊ ကျွန်တော်လာမည့်အချိန်ကိုမှန်း၍ မြင်းကို ဝမ်းဟာနေအောင်ထားကာ စည်ပိုင်းကို ရေဆေးထားခြင်းဖြစ်သည်။

ထို့ပြင် "ဟဲ့...ထွေန်း မြင်းသေးတွေ ပြာတွေနဲ့ဖုံးစမ်း၊ နံလိုက်တာဟောင်လို့။ ဆီးကလည်း တဖြန်းဖြန်းပေါက်နေတာပဲ" ဟု ဆိုသေးသည်မဟုတ်ပါလား။ မြင်းမှာ ဆီးကအရေးကြီးလှသည်။ ဆီးရှင်လေ ကျန်းမာလေဖြစ်၏။ သို့သော် ထိုနေ့က ထွေန်းပြာနှင့်ဖုံးသော အစိုကွက်မှာ မြင်းသေးမဟုတ်၊ ကျွန်တော် ရောက်ခါနီးမှ လောင်းထားသောရေမျှသာ ဖြစ်၏။

ထို့ကြောင့် ကျွန်တော့်လက်ထဲ၌ မြင်းကြီးကို ဆေးကုရသေးသည်။ ဆေးဖိုးတော်တော်ကုန်မှ ဆီးရှင်ကာ ခံတွင်းတောင်း၍ အစားကောင်းကောင်းစားပါတော့သည်။ ပထမ ကျွန်တော် မျှော်လင့်သည်မှာ သူကောင်းသားကြီးကျန်းမာဝဖြိုးလာပါက အလုပ်ကို မခိုမကတ် လုပ်လိမ့်မည်ထင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အကြောင်းမထူး။ သူ့ညဉ်ဆိုးကိုမူ မဖျောက်၊ အစာဖိုး ပိုကုန်ရုံသာ ရှိပါသည်။ ကျွန်တော့်မှာ ကြာတော့ သူစားတာကို မနာလိုဝန်တိုမိတ္တာ ဖြစ်လာပါသည်။

ကြည့်ပါမိတ်ဆွေ....။

သူသည် အခြားမြင်းတစ်ကောင်၏ ဝင်ငွေတစ်ဝက်မျှ မှန်မှန်ရသည် မဟုတ်ချေ။ တစ်နေ့မှ တစ်ခေါက်ဆိုတော့၊ ၅ ကျပ် ၆ ကျပ်မျှရပါသည်။ သူ့အစာဖိုးက ၂ ကျပ် ၈ ပဲ မှန်မှန်ကုန်နေပါသည်။ ကျန်တာကိုမှ ကျွန်တော်တို့အိမ်သားတစ်စု စားရပါသည်။ ဟိုအဘိုးကြီးအိမ်၌ သူ့ပစ္စုပ္ပန်ရထားသည်မှာ ဘာမျှအံ့ဩစရာမရှိပါ။ ကျွန်တော်လည်း နောက်တော့ မေတ္တာမဲ့လာကာ ပဲလျှော့ပြီး ဆန်ကွဲနှင့်ကျွေးတော့သည်။ ဒီတော့ ငနဲကြီးပိန်လာပြန်ရော။

ခက်သည်၊ ခက်သည်၊ ခက်သမှ တော်တော်ခက်သည်။ နေ့စဉ်နှင့်အမျှ ကျွန်တော် သူ့ကိုရောင်းဖို့သာ စိတ်ကူးနေရသည်။ အနီးပါးနားကပ်လာပြီး အချောင်နှိုက်သူတွေ ရှိပါရဲ့။ ၉၅၀ ပေးရတဲ့မြင်းကို ၃၀၀ လောက်နဲ့ရရင် ယူကြမလို့တဲ့။ ဘယ်လောက် ရက်စက်ကြသလဲဗျာ။

စင်စစ် ကျွန်တော့်မှာ နောက်ထပ် မြင်းတစ်ကောင်ဝယ်ဖို့သာ ပိုက်ဆံရှိပါက ဒီကောင်ကြီးကို ငွေ ၄၀၀ မပြောနှင့် အလကားသက်သက် ပေးပစ်ချင်ပါသည်။ သို့မဟုတ် လည်မျိုကို ဓားနှင့် လှီးသတ်ပစ်ချင်ပါသည်။ ယခုတော့ ကျွန်တော့်မှာ သူ့ဝယ်တုန်းက ငွေမပြည့်၍ အတိုးနှင့်ချေးထားရသော ကြွေးပင် ရှိနေပါသေးသည်။ ၎င်းကြွေးကိုလည်း အတိုးမျှမပေးနိုင်ပါ။ နေ့စဉ်ရငွေမှာ ကျွန်တော်တို့အိမ်သားစား၍ မလောက်တလောက်။ ဤအချိန်၌ ကျွန်တော်တို့မှာ ရင်သွေးကလေးတစ်ယောက်လည်း ရှိနေပါပြီ။

အမှန်အားဖြင့် သူသည် ကျွန်တော့်ကို ငွေရေးကြေးရေးမျှသာ ဒုက္ခပေးနေသည်ဆိုပါက လောကရင်ဆိုင်သူတို့၏ ဓမ္မတာမို့ ကျွန်တော်ဘာမျှ အထူးအထွေ ပြောနေစရာမဟုတ်ပါ။ ယခုကဲ့သို့ စာဖွဲ့နေစရာလည်း လိုမည်မထင်။ သို့သော် ကျွန်တော် သူ့ကို မမေ့တဲ့နိုင်သည်ကား....။

* * *

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကျွန်တော့်ကို လူစင်စစ်မှ မြင်းဖြစ်စေ၏။

မြင်းလှည်း ရှေ့လက်တံနှစ်ခုကြားမှ သူ့ကိုယ်စား ကျွန်တော့်ကို ရုန်း စေ၏။

ရုန်းရသည်မှာ မြေညီတွင်ဆိုလျှင် မထောင်းသာပါ။ ယခုမှုကား သမ္မတအိမ်ဝင်းဘေးက ရှမ်းလမ်းကုန်းတက်ကြီးတွင် မြင်းလှည်းဝန်အပြည့်နှင့် ဖြစ်ပါသည်။

အစက စ၍ ပြောပါမည်။ တစ်ခုသော နံနက်ခင်းတွင် ကျွန်တော်သည် စမ်းချောင်းထိပ် မြင်းလှည်းဂိတ်၌ အခြားမြင်းလှည်းများနှင့်အတူ ရပ်နေစဉ် သူက ဂျပန်စစ်ဗိုလ်တစ်ယောက်ကို ဖိတ်ခေါ်ပါသည်။ သူဖိတ်ခေါ်သည်ဟု ဆိုရခြင်းမှာ ဤလိုပါ။ ၎င်းစစ်ဗိုလ်က မြင်းလှည်းလာငှားသည်၌ သူ့ကို မျက်စိကျစေပါသည်။ အကြောင်းမှာ သူမည်မျှပင် ဝမ်းတွင်းစိတ်ဓာတ် အသုံးမကျဖြစ်နေစေကာမူ အပြင်ပန်းရုပ်ကား အခြားမြင်းတွေထက် ကြီးမား ခန့်ထယ်၏။ ထို့ကြောင့် မြင်းသန်သန်ရွေးချယ်နေသော မာစတာ သဘောကျကာ "အား ဘဲရီးဂွတ် ဟောစ်က" ဟုဆို၍ လှည်းပေါ်တက်ထိုင်ပြီး ကျွန်တော့်ကို မောင်းစေ၏။ ဤခေတ်၌ ဂျပန်မာစတာများနှင့်ဆိုလျှင် ခရီး အစိအစဉ်လည်း မသိရ၊ ဈေးလည်းမေးမြန်းပြောဆိုခြင်းမရှိဘဲ သူတို့သွားလို ရာသာ အတင်းခိုင်းစေတတ်သည်ဖြစ်၍ ကျွန်တော် မျက်လုံးပြူကာ....

"ဘယ်ကိုလဲ မာစတာ..."

"ကမာရွတ်ကို မောင်းပါ၊ ပိုက်ဆံကောင်းကောင်းပေးပါ့မယ်..."

စင်စစ် ကျွန်တော့်မှာ ဤနေရာ၌ ပိုက်ဆံထက် ခရီးအစီအစဉ်ကို သိရန် အရေးကြီးသောကြောင့် သူ့ကို ဘယ်ကနေပြီး ဘယ်သွားမလဲမေးရာ ဂျပန်လည်း ကျွန်တော့်စကား ကောင်းကောင်းနားမလည်ဘဲ ကျွန်တော့်ကို လှာရှည်ရန်ကောဟု....

"ခူးရား"

ကျွန်တော် မနေသာတော့ဘဲ သူလက်ညှိုးညွှန်ရာကို မောင်းရပါ တော့သည်။

ပထမ ကမာရွတ်ကြိုးစက်ထဲမှာ လျှော်ထွေးအချို့ကို တင်စေပြီး

www.burmeseclassic.com

www.burmeseclassic.com



ဆင်မလိုက်သို့ မောင်းစေ၏။ ရော်က်လျှင် ကမ်းနားကိုဒေါင်တစ်ခုထဲမှ ဂုံနီအိတ်စည်းများကို မြင်းလှည်းအပြည့်တင်၏။ ထို့နောက် စမ်းချောင်းဘက်ပြန်မောင်းစေ၏။ ကျွန်တော့်ရင်ထဲ၌ကား ဗားဂရာချောက်ထဲ ရောက်ကတည်းကပင် ထိတ်ခဲ့ပါပြီ။

ကျွန်တော့်စိုးရိမ်မှု မလွဲပါချေ။ စမ်းချောင်းထိပ်ရောက်၍ မာစတာလက်ညှိုးညွှန်သည့်အတိုင်း ရှမ်းလမ်းလက်ယာဘက်သို့ ဇက်ကြိုးဆွဲကွေ့လိုက်သောအခါ၌ ငနဲကြီး ဖြုန်းခနဲ ထိုးရပ်ပါတော့သည်။ အကြောင်းမှာ ဤအချိန်သည် သူ့ကို တစ်ခေါက်မောင်းပြီးပြီဖြစ်၍ သူ့တာဝန်ကျေပြီ အိမ်ပြန်ဖြုတ် ရတော့မည်တည်း။

ခက်ပြီ....။

"မာစတာ ဘယ်ကိုသွားမလဲ" ဟု မေးသောအခါ အလုံလမ်းက စစ်ရုံးကို ဟုပြော၏။ အလုံလမ်းနှင့် စမ်းချောင်းမှာ တယ်မဝေးလှပါ။ ဒါပေမဲ့ ကျွန်တော့်ကောင်ကြီးက ခက်၏။ ကျွန်တော် အောက်ဆင်းကာ သူ့ကိုချော့၍တွန်းသည်။ သို့သော် ရရိုးလား၊ ဤတွင် အခြားမြင်းလှည်းသမားများက မြင်းမကောင်း ရှုမကောင်းဖြစ်နေသည်နှင့် 'ကျောင်းသား ဂျောက်ဂျနေပဟော့' ဟုဆိုကာ ၃-၄ ယောက်ဝိုင်းလာပြီး ကျွန်တော့်ကို လှည်းပေါ်တက်ထိုင်စေ၍ ကြာပွတ် ၃-၄ စင်းနှင့် အပြင်းအထန် နှစ်ဖက်ညှပ် ဘောလိုက်ကြရာ ငနဲသားကြီး မနေသာတော့ဘဲ တစ်အားခုန်၍ ထွက်ရတော့၏။ ဤအချိန်၌ သူ့မှာ ပထမတန်းမြင်းတွေနှင့်ပင် ပြိုင်နိုင်ပေသည်။ အကောင်ကြီးကလည်း ကြီး၊ ခြေလှမ်းကြီးတွေကလည်း ကျဲ၊ လှည်းပင်းကြီးထောင်ထောင်နှင့် ခန့်ကခန့်ပါဘိသနှင့်။ နိုပွန်မာစတာ သဘောကျလွန်းသဖြင့် "အိုး...ဘဲရီးဂွတ်က၊ ဘဲရီးဂွတ်" ဟု ကောင်းချီးသြဘာပြု၏။

သို့သော် ကျွန်တော်ကတော့ ဝမ်းမသာနိုင်ပါ။ ဒီကောင်ကြီးအကြောင်းကို ကျွန်တော် ကောင်းကောင်းသိပါသည်။ သူ့ကိုရိုက်သောသူများလည်း ဝေးလံကျန်ခဲ့ပြီ။ ကုန်းမြင့်အတက်ကြီးလည်း ရောက်ကပြီ။ ဝင်ဆာလမ်းကို လွန်သောအခါ တစ်ဟုန်တည်းထိုးရပ်လိုက်တော့၏။

မာစတာ အံ့အားသင့်ကာ....

www.burmeseclassic.com

www.burmeseclassic.com



"ဟိုက်..."

ကျွန်တော်ကား စိတ်ညစ်ညစ်နှင့် မြင်းကြီးဝမ်းဗိုက်ကို ကြာပွတ်နှင့် ပတ်၍ပတ်၍ ရိုက်သည်။ သို့သော် တစ်ချက်ရိုက်လျှင် နှစ်လှမ်းနောက်သို့ ပြန်ဆုတ်သည်။ နှစ်ချက်ရိုက်လျှင် လေးလှမ်းပြန်ဆုတ်သည်။ အနီးသို့လျှင် ဘိုးဘိုးအောင် ဝလုံးအပေါက်မျိုးချည်းလုပ်တော့ ကျွန်တော်စိတ်ဆိုးပြီး လှည်းအောက်ဆင်းကာ သူ့ဇက်သွားကွင်းကိုဆွဲပြီး ကြာပွတ်ရိုးကြိမ်လုံးဘုနှင့် နားအုံကိုချည်း တီးမိတော့သည်။ အချက်ပေါင်းများသည်၌ ကျွန်တော့်ဆန္ဒကို မလိုက်ရှာသာမက ပတာပ်ရပ်ခုန်ပေါက်ပြီး လမ်းမပေါ်လှဲအိပ်လိုက်တော့၏။ ရိုက်သော်လည်းမထ၊ ကန်ကျောက်၍သာနေသဖြင့် လှည်းကျိုးမည်စိုး၍ သူ့ကိုလှည်းမှဖြုတ်လိုက်ရတော့၏။ ဤမှုထ၏။

ကျွန်တော်လက်လျှော့ကာ "မာဓတာ...မရတော့ဘူး။ ဒီမှာ ခဏနေပါ။ ကျွန်တော် တခြား မြင်းလှည်းတစ်စီးသွားခေါ်ပြီး ပြောင်းတင်ပေးလိုက်ပါ့မယ်" လက်ဟန်ခြေဟန်နှင့်ပြောရာ သူကောင်းစွာ နားလည်လား မလည်လား မသိ၊ သူ့လက်နာရီကြည့်ပြီး....

"နိုးကား...နိုးကား..." ဟုဆို၍ ကျွန်တော့်လက်ကို ဆွဲထား၏။

"အေး နင့်အမေရိုး နိုးကားဖြင့် ငါဘယ့်နှယ်လုပ်ရမှာလဲ" ဟု ကျွန်တော့်ပါးစပ်မှ သူမကြားအောင်ရေရွတ်ပြီး မောမောနှင့် သစ်ပင်ရိပ်အောက် သွားထိုင်မည်ပြုသော်လည်း သူ့ခွင့်မပြု။ သူလက်ဟန်ခြေဟန်နှင့် "ခူးရှူးခါးရား" ပြောနေသည်မှာ ကျွန်တော့်အား "နင့်မြင်းမသွားရင် နင်ဆွဲ" ဟူသော အမှုအရာပင် ဖြစ်ပါတော့သည်။ ကျွန်တော်မျက်လုံးပြူးကာ ခေါင်းခါလက်ခါငြင်းသည်၌ ကျွန်တော့်ပါးကို တစ်ချက်ချလိုက်ပြီး သူ့ခါးကဓားကို ဖြုတ်၍ ဓားအိမ်ရိုးကြီးနှင့် ရွယ်ပါတော့သည်။ ကျွန်တော် ဘာတတ်နိုင်တော့မည်နည်း။ ဤနေရာ၌ သူနှင့်ကျွန်တော် တစ်ယောက်ချင်း ချရန်မှာလည်း ကျွန်တော်သူ့ကို ဘယ်နည်းနှင့်မျှ နိုင်မည်မဟုတ်။ ကျွန်တော် ကိုယ်လွတ်ထွက်ပြေး၍ သူကစစ်ဖိနပ်ကြီးနဲ့မို့ မလိုက်နိုင်တဲ့လည်း ကျွန်တော့်လှည်းကို သူ့ဓားနှင့်ခုတ်ပစ်ပါက မိမိအသက်မွေးနေသည့်ပစ္စည်း ဆုံးပါးဖို့ရှိသည်။ ထို့ကြောင့် ကျွန်တော် သူ့ဆန္ဒအတိုင်း ပြုမူရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လူစင်စစ်က မြင်းဖြစ်ရလေသည်။

အမှန်မှာ ဤကုန်းတက်ကြီးကို ဤမျှဝန်နှင့် ကျွန်တော်တစ်ယောက်တည်းမဆွဲနိုင်ပါ။ မာစတာ နောက်မှတွန်းပေးသောကြောင့်သာ တရွေ့ရွေ့နှင့်သွားရပေသည်။

အချိန်မှာ မွန်းတည့်နေမင်းက ရဲရဲတောက်ပူဘိ၏။ ကျွန်တော့်တစ်သက်မှာ ဤမျှပင်ပန်းဆင်းရဲခြင်းသည် ဤတစ်ခါသာ ပထမနှင့် နောက်ဆုံးဖြစ်ပါစေတော့။

နဖူးမှချွေးစက်တို့သည် မြေမပေါ်သို့ တောက်–တောက်–တောက်–တောက် ကျ၏။

မြင်းကြီးကိုကား ထားခဲ့ရ၏။ အစဦး သူ့ပါ တစ်ခါတည်းပါခဲ့အောင် လှည်းနောက်မှ ချည်ဆွဲသေးသည်။ သို့သော် ကျေးဇူးရှင်ကြီးက မလိုက်၊ နောက်ပြန်ရုန်းနေသောကြောင့် ဓာတ်တိုင်မှာ ချည်ပစ်ခဲ့ရ၏။

ဤကုန်းတက်ကြီးမှာ ဖာလုံဝက်မျှရှိလေရာ အလယ်လောက်တွင် တစ်ခါ မာစတာကို နားခွင့်ပန်ရသည်။ အပေါ်ရောက်သောအခါ တစ်ကြိမ်။

အလုံလမ်းရောက်၍ လက်ယာဘက်ချိုးရသောအခါလည်း အဆင်းကြီးမို့ လူမသက်သာပါ။ ဟပ်ထိုးလဲမသွားအောင် မနည်းကြီးထိန်းရပါသည်။ ဤသို့နှင့် သူတို့စခန်း ရောက်ခဲ့ပါတော့သည်။

ပစ္စည်းများကိုချပြီး ကိုယ့်လှည်းကိုယ်ပြန်ဆွဲခဲ့၍ မြင်းကြီးရှိရာသို့ ရောက်သောအခါ ပြန်တပ်ကာ အိမ်ပြန်လမ်းသို့ ခေါင်းစူပေးလိုက်သည်တွင် နေ့ကြီး ဝမ်းသာအားရ ကြွတော်မူလေသည်။ သို့သော် ကျွန်တော့်မှာ ဒေါသအိုးပေါက်ကွဲလျက် ကြာပွတ်ကိုမသုံးတော့ဘဲ နှစ်တစ်လက်မ သစ်သားစောင်းနှင့် သူ့ကျောကိုထု၍ထု၍ လိုက်ခဲ့သည်မှာ နံဘေးလူတို့အမြင်တွင် ကျွန်တော်လောက် တိရစ္ဆာန်ကိုရက်စက်သူသည် လောက၌ ရှိပါဦးတော့မည်လား။

အိမ်ရောက်၍ ဖြုတ်ပြီးသောအခါတွင် အနည်းငယ် ဆက်လက်ရိုက်နက်ပြီးနောက် လက်မောင်းအောင့်လာသည်၌ သူ့ကို စေ့စေ့ကြည့်ကာ လည်မျိုကို ဓားနှင့်လှီးပစ်ချင်စိတ် ပေါက်လာ၏။ သို့မဟုတ် ထိုင်ပြီး ရှိခိုးပစ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ချင်၏။ ကျွန်တော့်စိတ်ထဲ ဘယ်သို့ခံစားနေရသည်ကို စဉ်းစားကြည့်တော်မူကြပါ။

ကျွန်တော့်မှာ သူ့ကိုလည်းမစွန့်နိုင်၊ အင်မတန်လည်း ရွံရှာမုန်းတီး၏။ ကျွန်တော်သာမဟုတ်၊ သူ့အကြောင်းကိုသိသူမှန်သမျှက မေတ္တာမဲ့ကြသည်။ ထို့ကြောင့် ကျွန်တော် သူ့ကို 'ပြည်သူ့မေတ္တာ' ဟု ရွံ့ရွံ့မဲ့မဲ့နှင့် ခေါ်ဝေါ်သမုတ်၏။

ပြည်သူ့မေတ္တာကြီးကား ကျွန်တော့်လက်ထဲမှ တော်တော်နှင့်မထွက်။ ကျွန်တော့်မှာ မည်သို့မှလည်းမတတ်နိုင်ဘဲ ကံကြမ္မာကိုသာ သူနှင့်ဖြစ်သလိုပင် စခန်းသွားနေရလေသည်။ အထူးသဖြင့်ကား အခုနကလို ဂျပန်အော်ဒါမျိုး ရှောင်ရပါသည်။ မြင်းလှည်းငှားပုံပေါ်သည့် ဂျပန်မြင်က မောင်းပြီးရှောင်ပြေးသင့် ပြေးရပါသည်။ သို့တိုင် မှတ်လောက်သားလောက် နောက်တစ်ချီ မိလိုက်သေး၏။ ဤအကြိမ်ကား ကျွန်တော်တစ်ယောက်တည်းမဟုတ်၊ အားလုံးမြင်းလှည်း ၆ စီးဖြစ်၏။ သို့သော် သူတို့မှာတော့ မထောင်းတာ၊ ကျွန်တော့်မှာသာ ဒုက္ခရောက်၏။

အဖြစ်က ဒီလိုပါ။ တစ်နေ့သောအခါ၌ ကျွန်တော်သည် ကိုယ့်မြင်းကြီးက တစ်ခေါက်သာမောင်းရသဖြင့် တစ်ယောက်ချင်း ခေါ်တင်ရသော ခရီးမျိုးကို စိတ်မကူးဘဲ တစ်ခေါက်တည်းနှင့် မြိုးမြိုးမြက်မြက်ရသော အော်ဒါမျိုးကို စောင့်မျှော်နေခြင်းဖြင့် အခြားမြင်းလှည်းတွေ ရန်ကုန်မှလည်းကောင်း၊ ဗဟန်းမှလည်းကောင်း၊ တစ်ခေါက်စီလာကြသည့်တိုင် ကျွန်တော်ဘယ်ကိုမှ မမောင်းရသေးချေ။

ကျွန်တော့်စိတ်ထဲ၌ကား အထူးသဖြင့် "ကလေးမသာကလေးများ ရရင်ကောင်းမှာ" ဟု တမ်းတမိ၏။ ဤနေရာ၌ မိတ်ဆွေက "ဒီကောင် ဒုက္ခရောက်နေရတဲ့အထဲ ရှုတ်နောက်နောက် လုပ်နေပြန်ပြီ" ဟု အောက်မေ့ချိမ့်မည်။ သို့သော်...တကယ်ပါ။

ဤစဉ်အခါက ကလေးမသာများကို ဈေးကြီးပေးရသော မသာရထားမငှားဘဲ ရိုးရိုးမြင်းလှည်းနှင့် ချတတ်သည်။ ကလေးမသာတင်ရလျှင် သုံးဆယ်ရသည်။ ဥပမာ– စမ်းချောင်းနှင့် ကြံတောသုသာန် မသာအော်ဒါ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရာတွင် ရိုးရိုးလူတင်သောလှည်းက ၅ ကျပ်ရလျှင် ကလေးမသာတင်သောလှည်းက ၁၅ ကျပ်ရ၏။ ပေါ့လည်းပေါ့၏။ သို့သော် ကလေးအမေလည်းကောင်း၊ အစ်မသားချင်းများလည်းကောင်း လှည်းပေါ်လိုက်ပြီး ကျွိကျွိပါအောင် ငိုတတ်သောကြောင့် နားတော့ငြီး၏။ ဒါပေမဲ့ ကိုယ့်ဝင်ငွေ တွက်ကိန်းနှင့်ကြည့်လိုက်လျှင် သူတို့ငိုသံသည် လှည်းသမားအဖို့ ပျော်စရာပင်ဖြစ်လေ၏။ "ဘယ်သူသေသေ ငတေမာပြီးရော" ဆိုသော စိတ်က လူတိုင်းလူတိုင်းတွင် အခြေအနေအလျောက် အနည်းနှင့်အများတော့ ရှိကြသည်မဟုတ်ပါလား။

ယင်းသို့လျှင် ကျွန်တော်သည် တစ်ခေါက်တည်းနှင့် တစ်နေ့စာရသော အပေါက်မျိုး စိတ်ကူးယဉ်နေစဉ်တွင် ရုတ်တရက် ဂျပန်စစ်ဗိုလ်သုံးကောင် ရောက်လာပြီး ကျွန်တော်တို့မြင်းလှည်း ၆ စီးကို ရန်ကုန်ထောင်ကြီးသို့ အတင်းမောင်းခိုင်းပါရောလား။ နောက်ထပ်တစ်စီးပင် လိုချင်သေးသည်ဟု ပြောပါသည်။ သို့သော် လှည်းမရှိတော့။

ဘာတင်မလဲ၊ ဘယ်သွားမလဲ မေး၍လည်းမရ၊ ပိုက်ဆံကောင်းကောင်းပေးမည်ဟုသာ သူတို့တတ်သမျှ စကားအတိုင်း ပြောပါသည်။

ရန်ကုန်ထောင်ကြီးထဲရောက်တော့ ဘာများတင်ခိုင်းတယ် မှတ်သလဲ။ မသာတွေခင်ဗျ၊ စစ်သုံ့ပန်းမသာကြီးတွေ အဝတ်ကြီးတွေနဲ့ထုပ်လို့၊ စနံ့စနံ့ကြီးတွေ။ မြင်းလှည်းတစ်စီး တစ်လောင်းစီတင်ရတာမှာ ကံဆိုးသူမောင်ရှင် လှည်းကျတော့မှ နှစ်လောင်းပြူးခင်ဗျ။ ဘာကြောင့်လဲဆိုရင် မသာက ခုနစ်လောင်း၊ လှည်းက ၆ စီးထဲဖြစ်နေတာမှာ နှစ်လောင်းတွဲတင်ဖို့ ရွေးကြတော့ မာစတာများက ကျွန်တော့် ပြည်သူ့မေတ္တာကြီးကို မျက်စိကျနေတာကိုး။ ငနဲကြီးက ဖော်ပြခဲ့သည့်အတိုင်း အတွင်းစိတ်ဓာတ်က သောက်သုံးမကျတယ်။ အပြင်ကိုယ်ကာယက သည့်ပြင်မြင်းတွေနဲ့ယှဉ်လိုက်ရင် အင်မတန်မှ ကြီးမားခန့်ထယ်ပါပေတယ်။ ချိုးမွှမ်းလောက်တဲ့ ကျေးဇူးရှင်ကြီးပါပဲကွယ်။

စင်စစ်တော့ ဒီနှစ်လောင်းပြူးတင်ရလို့ ဝန်ပိုလေးတာကို ကျွန်တော် ပြောနေတာမဟုတ်ပါဘူး၊ ခွေးမသားဂျပန်များက သူတို့ညှဉ်းပန်းလို့ သေကြ

www.burmeseclassic.com

www.burmeseclassic.com



ရှာပြီပဲ၊ မသာချရာကျမှ သင်္ချိုင်းတစ်ခုထဲ စုမမြှုပ်နိုင်ဘဲ မျက်နှာဖြူရယ်၊ မျက်နှာမဲရယ်၊ ခရစ်ယာန်ရယ်၊ ဟိန္ဒူရယ်၊ မူဆလမန်ရယ် ခွဲခြားပြီး ဘာသာ အလျောက် သုသာန်ရွေးနေကြပြန်တယ်။

ပထမ တိရစ္ဆာန်ရုံနားက အင်္ဂလိပ်သင်္ချိုင်းကို သွားကြတယ်။ သူတို့မှာ တွင်းတူးပြီးသားကလည်းမရှိ၊ တူးမယ့်ကူလီကလည်း ၃-၄ ယောက်ထဲပါတော့ ဟိန္ဒူ၊ မူဆလမန် မသာတင်တဲ့ ရထားတွေကလည်း အဲဒီမှာပဲ ရပ်စောင့်နေကြရတယ်။ ကျွန်တော့်လှည်းပေါ်က မသာတွေက ခရစ်ယာန်တစ်လောင်း၊ ဟိန္ဒူတစ်လောင်းခင်ဗျာ စုံတွဲ။ ဒါကြောင့် ခရစ်ယာန်တင်တဲ့လှည်းတွေက အဲဒီသင်္ချိုင်းမှာပဲ ကိစ္စပြီးတယ်။ သူ့ရထားခ ပိုက်ဆံတော့ ကျန်တဲ့လူကိုပေးသဖြ ယူခဲ့ပါမှာပြီး လစ်ကြပေမယ့် ကျွန်တော့်မှာတော့ ဟိန္ဒူမသာတစ်လောင်း အတွက် ကျန်ခဲ့ရသေး။

အဲ…အင်္ဂလိပ်သင်္ချိုင်းမှာကိစ္စပြီးလို့ ကျန်တဲ့လှည်းသုံးစီးက ဦးဝိစာရလမ်းအတိုင်း ကြံတောသုသာန်ကိုမောင်းခဲ့တော့ ဟံသာဝတီအဝိုင်းကြီးလမ်းဆုံလည်းရောက်ကရော ကျွန်တော့် ရှေ့ကိုယ်တော်ကြီးက ရှေ့ခရီးမဆက်တော့ဘူး။ အိမ်ပြန်လမ်းဖြစ်တဲ့ ပြည်လမ်းလက်ဝဲဘက် ကော်ထိုးပါလေရော။ ဟိုသင်္ချိုင်းမှာ တစ်တွင်းစီတူးမြှုပ်နေရတာနဲ့ အချိန်ကြာပြီး မွန်းကလည်းတိမ်းနေပြီကိုး။ ကျွန်တော့်ပြည်သူ့မေတ္တာကြီး ရှေ့ဉာဏ်တော်မှာက "အင်း- ငါ့ခရီးတစ်ခေါက်ပြီးပြီ၊ အချိန်လည်းလွန်ပြီ" လို့ စူးရောက်တော်မူတာပေါ့။

နဲကြီး ဒီလိုကိုးယိုးကားယားအလုပ်မှာ သူ့အကြောင်းကိုသိနေတဲ့ ဒိပြင်မြင်းလှည်းသမားတွေက ကျွန်တော့်လှည်းပေါ်ကအလောင်း သူတို့လှည်းပြောင်းတင်ပေးမှာစိုးတာနဲ့ ဘယ်သူမှမစောင့်ကြဘူး။ မသိချင်ယောင်ဆောင်ပြီး မောင်းသွားကြတယ်။ ကျွန်တော်တစ်ယောက်တည်းပဲ မသာတစ်လောင်းနဲ့ကျန်ခဲ့တယ်။ ဂျပန်တွေကလည်း ဆင်းမလာကြဘူး။ 'ဒီမသာတော့ ဒီကောင်ဘုံးမပြေးတန်ဘူး' ဟု ရိပ်မိကြထင်ပါရဲ့။

မြင်းကြီးကိုလည်း ကျွန်တော်တစ်ယောက်တည်း ဘယ်လိုမှ တိုက်တွန်းနှိုးဆော် တောင်းပန်ခယလို့ မရမှန်းသိတော့ ကျွန်တော်ဘာမှ အကျယ်အကျယ် လုပ်မနေတော့ပါဘူး။ လှည်းပေါ်ကဆင်း၊ သူ့ကိုဖြုတ်ပြီး ကိုယ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘာမှမတော်တဲ့ မသာကို စလ္လာလလုပ်ပြီး ဟိန္ဒူသင်္ချိုင်းအရောက် တွန်းပို့လိုက်ရတော့တယ်။

လမ်းကပြေတော့ အရင်တစ်ခါ သမ္မတအိမ်ဝင်းဆောင်က ကုန်းမြင့်ကြီး ဝန်အပြည့်နဲ့ ဂျပန်ပါးရိုက်ခံပြီး ဆွဲတက်ရတာလောက် မပင်ပန်းပါဘူး။ သို့သော် လမ်းတွေ့တဲ့လူတွေက "ကိုယ့်လူ...ဘယ့်နှယ် ဘယ်က ဘာကြီးတင်လာတာလဲ။ ပွဲပေါက်တိုးလာတာပေါ့ဟုတ်လား..." ဘာလားညာလားနဲ့ လုပ်ကြတော့ ကျွန်တော် ရှက်လှသဗျ၊ (ချစ်ယောက္ခမကြီးရေ...အဲဒါ ခင်ဗျား သမီးယူတဲ့ ကျေးဇူးပေါ့ခင်ဗျ။)

မြင်းကြီးကား ကျွန်တော်နဲ့အတူပါမလာတော့ပါ။ ဖြုတ်ပြီးကတည်းကပင် သူ့ကိုကြာပွတ်နှင့် ရိုက်လွှတ်လိုက်ပါ၏။

မသာကိုလည်းပေါ်မှချပြီး ကိုယ့်လှည်းကိုယ်တွန်းခဲ့ရ၍ အိမ်ပြန်ရောက်သောအခါ ကိုယ်တော်ကြီးအား အစာရေစာများ သုံးဆောင်နေသည်ကို တွေ့ရပါ၏။

ကျွန်တော် ပထမဦးဆုံး သူ့ကိုရိုက်မည်ဟု စိတ်ကူးမိပါသေးသည်။ သို့သော် ရုတ်တရက် ကျွန်တော့်စိတ်နှလုံး ညှိုးငယ်သွားကာ လက်ထဲက တုတ်ကိုချပြီး သူ့ကိုစေ့စေ့ကြည့်၍ ကသိုဏ်းရှုနေလိုက်မိသည်မှာ ဤနေရာ၌သာ ကျွန်တော်သည် ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းနေသည်ဆိုပါက အမှန်ပင် ရျာန်သမာပတ် ဝင်စားပြီဖြစ်ပါလိမ့်မည်။ စင်စစ်သော်ကား ဒါကြီး ငါ့ကို ဘယ်လောက်ကြာ ဒုက္ခပေးဦးမလဲ၊ ဘယ်တော့မှ ငါ့လက်ထဲက လွတ်ပါ့မလဲ ဟူသော ဒေါမနဿစိတ်။

သို့သော် လောက၏ဒုက္ခ၊ သုခတို့မှာ ဘာမှ စိုးကြောက်နေစရာလည်းမဟုတ်၊ စွဲမက်နေစရာလည်းမရှိ၊ သင်္ခါရသဘောတရားချည်းဖြစ်ရာ အချိန်တန်သည်၌ မိမိထံမှ ခွဲခွာသွားကြသည်သာ ဖြစ်လေသည်။

ဤမှ နှစ်လမျှကြာသည်၌ ဤဒုက္ခကောင်ကြီးသည် ကျွန်တော့်ဆီမှ ထွက်ခွာရန် အချိန်ဆိုက်ရောက်လေသည်။ ကျွန်တော့်လောက် မလည်သေးသော နောက်ပေါက်မြင်းလှည်းထောင်သူကို ဆွယ်မိလေသည်။ ကျွန်တော် မတတ်နိုင်ပါ။ သူ့ကိုသနားဘိလည်း ကိုယ်မချည့်တော့ အမိသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



သားတော်ခဲ။

ကျွန်တော့်မှာ ဒီကောင်ကြီးကို ကိုယ်ဝယ်တဲ့ဈေးထက် မနည်းအောင် ရောင်းနိုင်မှ နောက်ထပ် ထိုက်ထိုက်တန်တန် မြင်းတစ်ကောင်ဝယ်ကာ ကျွန်တော့်သားမယား၏ ဘဝနေရေးကို ဖန်တီးနိုင်မည်။ ရှိသောကြွေးများကိုဆပ်နိုင်မည်။ ထို့ကြောင့် ကျွန်တော့်မြင်းကြီးသည် မြင်းကောင်းမြင်းမှန် ဖြစ်ကြောင်း လိမ်ရ ညာရ၏။

သူ့ကို အစမ်းမောင်းကြည့်စေသည်မှာ မသာအော်ဒါလိုက်ရင်း စမ်းချောင်းနှင့်ကြဲတော အသွားအပြန် တစ်ခေါက်ဖြစ်၏။ ဤခရီးမျိုး၌ကား ငင်းမြင်းကြီးသည် ကလေးကိုတင်လွှတ်တော့ ဘာမှ ဇက်ဆေးဇက်ပူလုပ်နေ စရာမလို၊ သူ့ဟာသူရှိုး၏၊ သူ့ဟာသူရပ်၏။

ကိုယ့်လူ မြင်းကိုသဘောကျပြီး ကျွန်တော့်အိမ်၌ ဈေးဆိုင်ကြသော အခါတွင် မဆစ်ရန်လည်းကောင်း၊ အမြန်ဝယ်သွားရန်လည်းကောင်း၊ ဟိုနောင်တော့် နောင်တော်များ ပေးထားကြသော သင်ခန်းစာအတိုင်း ကျွန်တော်တို့လင်မယား ဇာတ်တိုက်ပြီး နှစ်ယောက်သား ကတောက်ကဆတ် စကားများလိုက်ကြသေး၏။

သူကမရောင်းဘူး ဒီမြင်းကြီး၊ ကိုယ့်သမီးလေး စိန်နားကပ်ဝယ်ပေး နိုင်တာဟာ သူ့ကျေးဇူးမဟုတ်လား။

ကျွန်တော်က ဇွတ်ရောင်းမယ်...မင်း ဘာနားလည်လို့လဲ၊ တို့ ယောကျ်ားတွေထဲ ဝင်မစွက်နဲ့၊ သွား...တယ်...ငါရိုက်လိုက်ရ။

ကျွန်တော်က မျက်လုံးပြူး၍ လက်ဝါးရွယ်သည်၌ သူ့မျက်နှာ လက်ကိုင်ပဝါအုပ်ပြီး ကျောခိုင်းသွားရသည်။ ကျွန်တော် သိပါသည်။ သူ့အတွက် မရယ်မိအောင် မနည်းချုပ်တည်းသွားရသည်။

ကျွန်တော်ကိုယ်တိုင်မှာလည်း ဟိုဆရာကြီးတွေလို ဇာတ်သားမကျ တော့ အတော် ကျွေဆောင်ရ၏။

ဤသို့ပြုမူနေစဉ် ဝမ်းတွင်းက လိပ်ပြာမသန့်၊ ကျွန်တော့်စိတ်ထဲတွင် ယခင်က သတိရတိုင်း ရတိုင်း ဒေါသထွက်နေခဲ့သော မောင်ထွန်းတို့အမေ၊ အမေလင်မယားကို ချက်ချင်းပင် ခွင့်လွှတ်လိုက်ရုံမက အဘိုးကြီးအမယ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



အား သနားမိစိတ်ပင် ပေါ်သွားပါတော့၏။

သြော်...ဘဝတာဝမ်းရေးကြောင့် သူတို့အသက်အရွယ်ကြီးတွေနှင့် ဤသို့ ပြုမူရပါကလား။ ဘဝသည် ကြောက်ဖွယ်လိလိ။

◆

www.burmeseclassic.com

## ကိုးလင့်စာစား

တက်တိုး၏ရှေ့ခြေထောက်ကို ဓားဆစ်မှစ၍ အုန်းဆံကြိုးနှင့် တရစ်စီ တရစ်စီ တင်းကျပ်စွာစည်းပတ်ခဲ့ရာ နှစ်ဖက်စလုံးပြီးသောအခါ လူများကချုပ်ကိုင်ထားသော ပါးစပ်ကြိုးလွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် တက်တိုးခမျာ တုံးခနဲ လဲသွားရှာလေသည်။

မြင်းဆရာကိုကျင်စိန်သည် သူ့လက်များကို ပုဆိုးစုတ်နှင့်သုတ်ရင်း

"နက်ဖြန်ခါ ဒီကြိုးတွေဖြေလိုက်တော့ မင့်မြင်းလက်ကောက်ပြီး ထော့နဲ့ထော့နဲ့ နဲ့ နေမှာပေါ့ကွာ စိတ်ချပါ"

ကျွန်တော်က စိုးရိမ်ကြီးစွာဖြင့်

"နောက် ပြန်ကောင်းပါဦးမလားဗျာ"

"ကောင်းပါတယ်ကွ ရောဂါမှမဟုတ်တာ၊ ကြိုးစည်းတဲ့ဒဏ်ကြောင့်ပဲ၊ မသကာနေ သုံးလေးရက်ပေါ့၊ ကဲ တို့သွားမယ်"

အခြားမြင်းများကိုလည်း ဤသို့ လုပ်စရာရှိသေးသဖြင့် မြင်းဆရာကိုကျင်စိန်သည် သူ့အဖော်များနှင့် ကျွန်တော့်အိမ်မှ ထွက်သွားကြသောအခါ ကျွန်တော့်မှာ မချိမဆန့်ခံစားနေရသော တက်တိုးကိုကြည့်လျက် စိတ်မချမ်းသာစွာကျန်ခဲ့တော့၏။

တက်တိုးသည် တုံးလုံးနေရာမှ တစ်ချက် တစ်ချက်၌ တင်းကျပ်

www.burmeseclassic.com

www.burmeseclassic.com



သော သူ့လက်များကို ယက်ကန်ကာ တအင်းအင်းညည်းညူနေ၏။

အောင်ဘလည်း လည်ကြီးစင်း၍ သူ့အဖော်ကို စိုက်ကြည့်နေရာမှ မကြာခဏဆိုသလို တက်တိုးကို လှျာနှင့်လျက်ပေးသေး၏။ သူ့တို့တိရစ္ဆာန်ချင်း ကြင်နာသမှု ပြုစုခြင်းဖြစ်သည်။

သူ့တို့စိတ်တွင်ကား ငါတို့သခင်သည် အဘယ်ကြောင့် ဤသို့ပြုလေသနည်း။ လုံးဝနားလည်ရှာမည် မဟုတ်ပါချေ။

၁၉၄၄ ခုနှစ်၊ နိပ္ပန်မာစတာတို့၏ အလံတော်နေမင်းကြီး မွန်းတိမ်းစ ပြုစဉ်ကဖြစ်၏။ ထိုအခါတိုင် သူတို့၏ကြည်းတပ်ကို စစ်မြင်းများ မဖြည့်စွမ်းနိုင်တော့၍ ရန်ကုန်ရှိ ရထားဆွဲမြင်းများမှ ရွေးချယ်သိမ်းယူမည်ဟု ပထမဦးဆုံးအကြိမ် အမိန့်ထုတ်လိုက်ချိန် ဖြစ်ပေသည်။

(၁) မြင်းပိုင်ရှင်အားလုံးတို့သည် ( )နေ့၊ နံနက် ( ) နာရီအရောက် မိမိတို့မြင်းများကို ကန်တော်ကြီးသို့ ယူလာကြရမည်။

(၂) လျှို့ဝှက်ထိမ်ချန်၍နေခဲ့သော် မြင်းကိုအလကားသိမ်းရုံမက လူကိုပါ ကြီးလေးသောအပြစ်ပေးမည်။

(၃) အမိန့်အတိုင်းယူလာသဖြင့် အသိမ်းခံရသောမြင်းကို ထိုက်သင့်သောတန်ဖိုးငွေ ပေးမည်။

(၄) အသိမ်းမခံရသောမြင်းများကို တံဆိပ်ရိုက်၍ ပြန်လွှတ်မည်။

(၅) ထို့နောက်တွင် နိပ္ပန်တို့၏ ရိုက်နှိပ်လိုက်သော တံဆိပ်မရှိသည့် မြင်းများကို တွေ့ရှိပါက နံပတ်(၂)အတိုင်း အရေးယူမည်။

ဤ ၅ ချက်သောအမိန့်ကို ကျွန်တော်တို့မြင်းလှည်းအသင်း ဥက္ကဋ္ဌ ဦးနီမှတစ်ဆင့် အားလုံးကြားသိစေ၏။

ထိုခေတ်တွင် ထိုဟာကလေးဖြင့် အသက်မွေးကြသော မြင်းပိုင်ရှင်အားလုံးတို့ အခက်ကြုံကြကုန်၏။ နိပ္ပန်မာစတာတို့ တန်ရာတန်ဖိုး ပေးမည်ဆိုရာမှာလည်း ပေါက်ဈေး၏တစ်ဝက်မျှရှိမည်ကို သိပြီးဖြစ်ကြကုန်၏။ သူတို့သိမ်းမည့် မြင်းအရွယ်အစားကိုလည်း ခန့်မှန်းပြီးဖြစ်ကြကုန်၏။ ပေမိ၊ ဒေါက်မိ၊ ခြေကောင်း၊ လက်ကောင်း ပထမတန်းစားမြင်းများ။

ဤစဉ် ကျွန်တော့်မှာရှိသော မြင်းနှစ်ကောင်အနက် တက်တိုးသည်

www.burmeseclassic.com

www.burmeseclassic.com



ပထမတန်းစားမြင်းတွင် အကျုံးဝင်၍ အောင်ဘုမှာ အကောင်ကလေးငယ်သဖြင့် ဂျပန်တို့မသိမ်းဟု ယူဆရ၏။ သို့သော် အောင်ဘုလည်း ခိုင်းအားရှိသော မြင်းပုမြင်းကောင်းကလေး ဖြစ်လေသည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၆ ခုနှစ်အထိ ကျွန်တော်၏မြင်းလှည်းသမားဘဝတွင် ကျွန်တော့်လက်ထဲ၌ ဘက်အညီဆုံးသော မြင်းနှစ်ကောင်ဖြစ်၏။

တက်တိုးကို ကျွန်တော်ဝယ်တုန်းက ၈၅ဝိ ပေးရသည်။ ယခု ဂျပန်သိမ်းမည်ဆိုသောအခါ၌ ၁၄၀ဝိ ပေးသည်ကိုပင် ကျွန်တော်မရောင်း။

အောင်ဘုကား လှည်းရော‌မြင်းပါမှ ၆၅ဝိ ကျပ်ထဲ ပေးလိုက်ရသည်။ သက်သက်အချောင်ရလိုက်ခြင်း ဖြစ်ပေသည်။ သို့သော် ဝယ်ချိန်ကမူ အများမျက်မြင်တွင် ထိုဈေးထက် ပို၍မတန်ချေ။ အကြောင်းမှာ မူလပိုင်ရှင်လူကြီးသည် တစ်နေ့ရတာမှ တစ်နေ့စားရသည်။ အင်မတန် ဆင်းရဲသောလူကြီးဖြစ်၍ မြင်းနှင့်လှည်းကို မပြုပြင်နိုင်ရှာချေ။ လှည်းမှာ ကိုယ်ထည်အညွှစားမှ အမိုးကဓနိ၊ အောင်ဘု ဆိုတာမှာလည်း အမွေးမထိုးနိုင်သဖြင့် သိုးကလေးနှင့်တူနေသည်။ လှည်းကြီးကလည်းလေး မြင်းကလေးကလည်း အားသေးသဖြင့် အခြားသူတို့၏ နေ့တွက်တစ်ဝက်မျှသာ မောင်းနိုင်သည်။

ဒါကို ကျွန်တော့်ဆရာ ကိုသိန်းလေးက အမြင်ရှိသဖြင့် ကျွန်တော့်ကို ဝယ်စေ၏။

သူ့တွက်ကိန်းကား မှန်လှသည်။ ကျွန်တော့်လက်ထဲရောက်လျှင် လှည်းကိုရွက်ဖျင်မိုး၊ ကိုယ်ထည်ကို ဆေးသုတ်လိုက်ခြင်းဖြင့် ၁၀ ရက်အတွင်း ၂၅၀ ကျပ် ထွက်သွားလေသည်။

အောင်ဘုလေးကိုကား အမွေးညှပ်၊ ရေချိုးပေး၊ ဆီးဆေးကျွေးကာ ၅ ရက်မျှ အနားပေးလိုက်ခြင်းဖြင့် တစ်ခါတည်း တစ်သွေးတစ်မွေးကြီး ဖြစ်လာတော့သည်။ သူက ၄ နှစ်သားမြင်းပေါက်ကလေး၊ အနားပေး အစာကောင်းကောင်း ကျွေးလိုက်ခြင်းဖြင့် အံ့ဩစရာကောင်းလောက်အောင် ပြောင်းလဲလာပေသည်။

သူ၏ ပထမအမွေးရှည်ဖွားဖွား ဖွဲနုရောင်သည် ရွှေရောင်တောက်ပြောင်လာ၏။ (သူ့အမွေးကို မြင်းရွှေဟု ခေါ်သည်။ တက်တိုးကို ခိုင်နီဟု

www.burmeseclassic.com

www.burmeseclassic.com



ခေါ်၏။) အသားလည်း တစ်နေ့ထက် တစ်နေ့ ပြည့်တင်းလာ၏။ မကြာမီတွင် ကျွန်တော့် အိမ်ခံလှည်းပေါ့ကလေးနှင့် အခြားမြင်းများနည်းတူ စံချိန်မီ မောင်းပေးနိုင်တော့သည်။

ထိုအခါ အောင်ဘုကို ၉၀၀ ကျပ် လာပေးလေတော့သည်။ သို့သော် (ပထမ အမြတ်စားထုတ်ရန် ဖြစ်သော်လည်း) ကျွန်တော် မရောင်းတော့ချေ။ အကြောင်းမှာ အောင်ဘုနှင့် တက်တိုးသည် အင်မတန် ဘက်ညီလှ၏။ အင်မတန် ချစ်စရာကောင်း၏။

အိမ်တစ်အိမ်တွင် ခွေးနှစ်ကောင်၊ ကြောင်နှစ်ကောင်ရှိပါက (နိုင်ကောင်က ညှဉ်းဆဲတတ်၍) သင့်မြတ်ခဲဘိသို့ မြင်းနှစ်ကောင်လည်း ထို့အတူဖြစ်တတ်၏။ သို့သော် တက်တိုးနှင့် အောင်ဘုကား အင်မတန်မှ သင့်မြတ်လှ၏။

သူတို့မှာ မြင်းထိး ဖေးသင်းပြီးသားကလေးများဖြစ်ရာ အသိုးစိတ် အသိုးမာန်မရှိကြဘဲ တစ်ကောင့်တစ်ကောင် လွန်စွာချစ်ခင်ကြသည်။ အစာစားတာမှာလည်း တစ်ကောင်တစ်ခွက်ကျွေးသည်ကို တစ်ခွက်တည်း နှစ်ကောင်ပြူးစားကြပြီး တစ်စာခွက်ကုန်မှ အခြားခွက်သို့ နှစ်ကောင်ပြူး အတူပြောင်းကြ၏။

ထို့ပြင် သူတို့ချင်း ကစားနေကြတာလည်း အင်မတန် ချစ်စရာကောင်း၏။ ခွေးချင်းကစားတာနှင့်တူသည်။ တစ်ကောင်နှင့်တစ်ကောင် ပတပ်ရပ်၍ မတ်တတ်ရပ်ကြပြီး ညင်သာစွာ နပန်းသတ်၏။ ပါးစပ်နှင့် မနာမကျင် ကိုက်ကြ၏။ တစ်ခါတရံ ကျောချင်းခိုင်း၍ ပြေးလိုက်ကြသေးသည်။ နို့ပြီး မျက်နှာချင်းဆိုင် ပြန်ကာ ထွေးလုံးကြပြန်၏။ ကျွန်တော့်မြင်းများ သင့်မြတ်ကြပုံကို အခြားမြင်းလှည်းသမားများပင် လာရောက်ကြည့်ရှု ချီးမွမ်းကြ၏။ သူတို့၏ဘဝရေစက်ပင် ဆိုရချေမည်။

ကျွန်တော်လည်း သူတို့ကိုကြည့်၍ ပီတိဖြစ်လှ၏။ ကျွန်တော့်ကို အကျိုးပေးသူများဟု ဆိုရချေမည်။ ကျွန်တော့်လက်ထဲ၌ တစ်ခါမျှ နာမကျန်း မဖြစ်ကြ။

သူတို့ကိုမောင်းရာမှာလည်း ကျွန်တော်ဂုဏ်ယူ၏။ အဘယ်သော

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းမှ ကျွန်တော်ခွင့်ပြုချက်မရဘဲ ကိုယ့်ရှေ့သို့ မတက်နိုင်ချေ။ ကျွန်တော့်မြင်းများ၏ခြေသည် ကိုယ်လိုလျှင် လိုသလိုရ၏။ တက်တိုးဆိုလျှင် ကြည့်မြင်တိုင်ကမ်းနားဈေးမှ သိမ်ကြီးဈေးကို ၁၅ မိနစ်နှင့်ရောက်အောင် အာမခံနှင့်မောင်းပေးနိုင်၏။ အောင်ဘု မိနစ် ၂၀။

တက်တိုးသည် ခြေလှမ်းကျဲ၍ ရှေ့လက်ခုတ်ပုံ အင်မတန်ကောင်းသည်။ ခွာသံတဖျောင်းဖျောင်း မြည်ဟိန်းသည်။ ရှေ့ကလူများကို ဘဲလ်ပေးစရာမလိုချေ။ ကြာပွတ်မကိုင်ရ၊ ဆွဲဇက်နှင့်မောင်းရ၍ အနေးအမြန်သည် မော်တော်ကားလီဗာ အဖိအဖွကဲ့သို့ ဇက်ကြိုးအလျှော့အတင်းသာ ဖြစ်ချေသည်။ ထိုမျှနှင့်အားမရ၍ ဇက်ဖျားတစ်ချက် ခတ်လိုက်ပါမူ (ဇက်ကြိုးနှင့်ကျောကိုပုတ်လိုက်ခြင်း) တက်တိုးအား တစ်နေ့လုံးစုပ်သပ်၍ ချော့နေရတော့မည်။ တက်တိုးသည် စိတ်ဆတ်၍ အမှတ်ကြီး၏။ သူ့အသားနာတတ်၏။ စပ်စပ်ထိမခံချေ။

အောင်ဘုကတော့ တက်တိုးကဲ့သို့ ဆွဲဇက်တော့မဟုတ်၊ ဇက်အေး၊ ခြေလှမ်းလည်း မကျဲ၊ သို့သော် ခြေစိပ်ကလေးနှင့် အင်မတန်သွက်သည်။

မိတ်ဆွေ၏လက်ညှိုးနှင့် လက်ခလယ်ကိုဆန့်၍ မြင်းပြေးသကဲ့သို့ အမြန်ဆုံးလှုပ်ယမ်းကြည့်လိုက်ပါ။ အောင်ဘု၏ခြေတို့သည် ဤသို့ တရိပ်ရိပ်နေ၏။

သူတို့နှစ်ကောင်မောင်းရသည်မှာ ကျွန်တော့်တွင် တစ်မျိုးစီ အရသာရှိ၏။ ပင်ပန်းခြင်းက လုံးဝမရှိချေ။ ငေါက်ငန်းရသော ရန့်ရင်းကြမ်းတမ်းမှုလည်းမဖြစ်၊ အင်မတန် စိတ်နှလုံးသာယာ၏။ မိမိခရီးသည်တို့၏ ငြိုငြင်မှုလည်း တစ်ခါမျှမခံခဲ့ရ၊ ကျေနပ်နှစ်သိမ့်စွာ ပိုက်ဆံပေးသွားကြသည်သာ။ "နောက်နောင် မင့်မြင်းလှည်း ငါ့ခေါ်ပါဟေ့" ဆိုသော မှာကြားမှုမျိုးကိုပင် ခံယူရပါသေးသည်။ စီးသူငြိုငြင်ခြင်းနှင့် မောင်းသူစိတ်နှလုံးမသာယာခြင်းတို့သည် မြင်းအပေါ်အကြောင်းပြု၍ ကြုံတတ်ကြသည်ကို မြင်းလှည်းစီးသူများနှင့် မြင်းလှည်းသမားများ သိရှိကြပေသည်။ မြင်းထုံ၊ မြင်းညံ့များကို မောင်းရလျှင် တံ့ဇက်ခေါ် ဇက်ကြိုးဆောင့်ဆောင့်ဆွဲရ၍ လက်တစ်ဖက်က ကြိမ်ရိုက်ရခြင်း၊ ပါးစပ်က ရေရွတ်ရခြင်းဖြင့် မြင်းလှည်းသမားမှာ သမွန်

www.burmeseclassic.com

www.burmeseclassic.com



ခတ်သည်ထက် ပင်ပန်းရသည်များ ကျွန်တော်ကြုံခဲ့ရပါ၏။

ယခု တက်တိုးနှင့် အောင်ဘုတို့ကား ကျွန်တော်မြင်းလှည်းသမား ဘဝ တစ်သက်တာတွင် အကောင်းဆုံးနှင့် ဘက်အညီဆုံးဖြစ်၍ ကျွန်တော် သူတို့ကို သားရေဖင်ထိုင် ကိုင်တော့မည်ဟု ဆုံးဖြတ်ချက်ချခဲ့ပါသည်။

သို့သော် ဖော်ပြခဲ့သည့်အတိုင်း ဂျပန်မြင်းသိမ်းမည့်အမိန့်ဖြင့် အရေး ကောင်း ဒိန်းဒေါင်းဖျက်လေပြီ။ ဤအမိန့် ကြားလျှင်ကြားခြင်း တက်တိုးမှာ သိမ်းမြင်းစာရင်း ဝင်တော့မည်ကို အတပ်သိ၍ ကျွန်တော် ပူပင်သောက ရောက်ရလေသည်။ လွတ်နိုင်မည့်နည်းလမ်း ရှိသေးသလားဟု အပေါင်း အဖော်များနှင့် တိုင်ပင်ကြံဆသည်။

ဝှက်ထားခြင်း သို့မဟုတ် ရန်ကုန်မြို့ပြင် ထွက်သွားခြင်း မဖြစ်နိုင်။ မဖြစ်နိုင်။

နောက်ဆုံး၌ အကြံတစ်ခုရကြလေသည်။ ဂျပန်တို့သိမ်းမည်မှာ မြင်း ကြီးမြင်းချော၊ ပေမီဒေါက်မီ၊ ခြေကောင်းလက်ကောင်း ဆိုထားခြင်းကြောင့် ကိုယ့်မြင်းကြီး မြင်းချောကို (ပြစဉ်တွင်) ခြေလက်အင်္ဂါမကောင်းအောင် လုပ်ရန်ပင်။

ဘယ်သို့ လုပ်လေမည်နည်း၊၊ ခြေတစ်ဖက် ထော့နဲ့ထော့နဲ့နေအောင် ခွာအတွင်းဘက်မှ သံရိုက်ထားခြင်း။

သို့သော် မနိပ်သေး။ အကယ်တိ ဂျပန်သိသွားပါက ဟင်း ဟင်း မတွေးဝံ့အောင်ပင်။

နောက်ဆုံး၌ကား မြင်းဆရာကိုကျင်စိန်၏နည်းကို အများသဘောတူ လက်ခံလိုက်ကြလေသည်။

'မြင်းဆရာ ကိုကျင်စိန်' ဆိုသူမှာ မြင်းများကိုလည်း ဆေးကုသည်။ မြင်းပေါက်ကလေးတွေလည်း ရထားကျင့်ပေးတတ်သည်။ မြင်းကတ်ကို လည်း ဖွဲ့ချုတ်နိုင်သည်။ ထို့ပြင် မြင်းလှည်းသစ်သားဖြင့် သံထည်အတွက် ပန်းပဲဖိုလည်း ထောင်ထားသည်ဖြစ်ခြင်းကြောင့် မြင်းလှည်းသမားတို့၏ အစစအရာရာ အားကိုးရသူဖြစ်ပေသည်။

မြင်းကိုလည်း နားလည်လှ၏။ ကျွန်တော့်မြင်းတက်တိုးမှာ သူ့ဝယ်

www.burmeseclassic.com

www.burmeseclassic.com



ပေးသော မြင်းဖြစ်၏။ ကြို့ပင်ကောက်မှ ရောင်းရန်မြင်းအုပ် ရောက်လာသည်တွင် ကိုကျင်စိန်က တက်တိုးကို ရွေးထုတ်၏။ ကျွန်တော်တို့လှည်းတပ်ကြည့်သောအခါ တက်တိုးသည် အထွက်ကတ်၏။ လက်တံကိုတွန်းပေးရ၍ အရှိန်ရမှ ဖြူးဖြူးဖြောင့်ဖြောင့် ပြေး၏။

ကိုကျင်စိန် ကြိုက်ပြီဆို၏။ ကျွန်တော်က

"ဒီမြင်း ဒီလို အထွက်တွန်းနေရရင်"

ကျွန်တော် စကားမဆုံးမီ

"ဟော့ ကြင်ဆွေ စကားမရှည်နဲ့ကွာ။ မင်းအိတ်ထဲ ငွေပါတယ်မှုတ်လား ပေးလိုက်၊ ငါမြင်းကောင်းထဲ ကြီးခဲ့ရတဲ့ကောင်ပါကွာ"

ကျွန်တော်တို့ မြင်းဆွဲယူလာကြသောအခါ

"ဒီမြင်းအထွက်မှာကြောင်တာ မင်းသိရဲ့လား၊ လည်ပွေ့ရာမှာ အနာကလေးရှိနေလို့ကွ၊ အခု ငါ့အိမ်တစ်ခါတည်းလိုက်ခဲ့၊ ငါ ဆေးပေးလိုက်မယ်...ဒီအနာကို မနက်တစ်ခါ ညနေတစ်ခါ ရေနွေးနဲ့ဆေးပေးပြီး ဆေးထည့်၊ ၃ ရက် မမောင်းဘဲနားထား...မြင်း ကြို့ပင်ကောက်က လာခဲ့ရတော့ ခရီးပန်းနေတယ်၊ အစာလည်း ကောင်းကောင်းမစားရဘူး။ အနာပျောက်တော့ ငါလာ မောင်းပြမယ်"

ဟုတ်လှပေသည်။ အနာပျောက်၍ ၄ ရက်မြောက်တွင် ကိုကျင်စိန်နှင့် ကျွန်တော် လှည်းတပ်ကြလေရာ အထွက်မတွန်းရတော့သည့်ပြင် လှည်းတပ်စဉ် တစ်ယောက်က ဇက်ကိုပင်ချုပ်ထားရ၏။ လွှတ်လိုက်သည်နှင့်တစ်ပြိုင် နက် ဝုန်းခနဲ ခုန်ထွက်လေ၏။ နားထား၍ ညောင်းနေသောခြေဖြင့် ဇက်ကြိုး ကို စုံကိုင်ကာသာ ဆွဲမောင်းရလေသည်။

"ဒါမှ မြင်းကောင်းကွ"

မှန်လှ၏။ ကိုကျင်စိန်ကို ကျွန်တော်တို့က "မြင်းဆရာ" ဟုပင်ခေါ် ကြရ၏။

ကိုကျင်စိန်ကား ၁၉၄၅ ခုနှစ် မဟာမိတ်တို့ ဗမာပြည် ပြန်လည်အုပ်ချုပ်ရိန်တွင် သူငယ်ချင်းချင်း သေနတ်နှင့်ကျီစားရာမှ အဟုတ်တကယ်ကျည်ဆံထွက်သွား၍ ပွဲချင်းပြီးသေဆုံးသွားရှာ၏။ နမြောလှပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကျင်စိန်သည် သူ့နေရာနှင့်သူ လူတော်လူချွန် တစ်ယောက်ဖြစ်၏။

အရပ်ပုပု၊ ကိုယ်လုံးကိုယ်ပေါက် ကျစ်လစ်မာကျော၍ သွက်လက်ဖျတ်လတ်၏။ စိတ်ဆတ်၏။ လက်လျှင်၏။ ပျော်ပျော်ရွှင်ရွှင် နေတတ်၏။ မည်သည့်အခက်အခဲကိုမျှ စိတ်မညစ်တတ်၊ လေတချွန်ချွန်နှင့် ခေါင်းအေးအေး စိတ်ကူးကြံဆတတ်သည်။

ထို့ကြောင့် ကျွန်တော်တို့သည် ဂျပန်မြင်းသိမ်းမည့်ကိစ္စမှာ သူ့ကို အားကိုးရခြင်းဖြစ်သည်။

သူ့နည်းမှာ ဖော်ပြခဲ့သည့်အတိုင်း မြင်း၏လက်ကို တင်းကျပ်စွာ အုန်းဆံကြိုးစည်းထား၍ နောက်တစ်နေ့မနက်၌ ကြိုးတွေဖြေလိုက်လျှင် လက်ကောက်၍ ထော့နဲ့ထော့နဲ့ နေရန်ဖြစ်သည်။

ကျွန်တော်သည် ကိုကျင်စိန်တို့ထွက်သွားပြီးနောက် တုံးလုံးလှဲ၍ တအင်းအင်းနေသော တက်တိုးကို မကြည့်ရက်တော့ဘဲ မျက်နှာလွှဲခဲ့သည်။ သို့သော် ကျွန်တော့်စိတ်သည် ဂနာမငြိမ်ချေ။ အိပ်ရာပေါ်၌ လူးကာလိမ့်ကာ တက်တိုးကို သနားစိတ်များ တဖွားဖွားနေသည်။

အုန်းဆံကြိုးက တင်းကျပ်လှ၍ မတ်တတ်မှ ရပ်မနေနိုင်ရှာဘဲ တုံးလုံး လဲနေသည်။ သူ၏လက်တို့ မည်မျှ နာကျင်နေရှာမည်။ ကျွန်တော် ခြေထောက်ကျဉ်ဖူးသည်ကို ပြန်စဉ်းစားမိသည်။

အို သူ့အသားကို ဖက်ပြားခတ်မှမခံတဲ့ တက်တိုး။

ကျွန်တော်အိပ်ရာပေါ်မှ ဝုန်းခနဲထခုန်ပြီး အိမ်အောက်ပြန်ဆင်းခဲ့ပါသည်။

တက်တိုးသည် လည်ပင်းထောင်ကာ မျက်လုံးကြီးပြူး၍ ကျွန်တော့်ကိုကြည့်သည်။ အောင်ဘုလည်း တက်တိုးကို လျှာနှင့်လျက်ပေးနေရာမှ ကျွန်တော့်ကို မော့ကြည့်သည်။

သူတို့အဓိပ္ပာယ်ကို ကျွန်တော် နားလည်ပါသည်။ ဘာကြောင့် ဒီလိုလုပ်သလဲ ကျွန်တော့်ကိုမေးနေကြသည်။

ကျွန်တော်သည် တက်တိုးရင်ပတ်ရှေ့၌ ဖက်ခနဲ ဒူးထောက်ထိုင်ချလိုက်မိသည်။ ကျွန်တော့်ရင်မှာ တဒိန်းဒိန်းခုန်နေသည်။ ကျွန်တော့်လက်များ

www.burmeseclassic.com

www.burmeseclassic.com



လည်း တုန်နေသည်။ ထိုတုန်နေသောလက်တို့သည် တက်တိုးဒူးဆစ်က ကြိုးထုံးပေါ်သို့ရောက်သွားသည်။ ပြီးလျှင် ပြန်ခွာလိုက်မိပြန်သည်။ ရှိတုံ ချတုံဖြစ်နေသည်။ အောင်ဘုနှင့် တက်တိုးတို့သည် စိုရွှဲမျက်လုံးများနှင့် ကျွန်တော့်ကို ကြည့်နေကြသည်။ ကျွန်တော့်မျက်ရည်များလည်း ထွက်လာပါပြီ။

ဟယ် သင်းထိုက်နဲ့ သင်းကံပေါ့။ ငါ သူ့ကို ခင်မင်တွယ်တာတာနဲ့ သူ့ခမျာ ဒီလောက်ဒုက္ခရောက်ရတာ ဝိပါတ်တရား.....

ကျွန်တော့်နှလုံးသား ဆတ်ဆတ်တုန်ကာ တက်တိုးလက်ကကြိုးများကို ဖြေပေးလိုက်တော့သည်။

တက်တိုးသည် ဝုန်းခနဲလူးထကာ တစ်ချက်ဟီလိုက်၏။ အောင်ဘုကလည်း ဟီလိုက်၏။

သူတို့ဝမ်းသာခြင်း....။

ကျွန်တော့်စိတ်နှလုံးကား မချမ်းမြေ့ခြင်းဖြင့် အိမ်ပေါ်သို့ပြန်တက်ခဲ့သည်။ ကျွန်တော် အိပ်ရာထဲရောက်သောအခါ သူတို့နှစ်ယောက်သည် ဖတပ်ရပ်ကာ တစ်ကောင်နှင့်တစ်ကောင် နပန်းသတ်နေသံကို ကြားရပါသည်။

အေး...မင်းတို့အတူနေရမယ့် နောက်ဆုံးညပဲကွာ၊ ပျော်လိုက်ကြပေါ့။

* * *

အချင်းချင်းတွေ့လျှင် အမြဲတမ်း ဆူညံအော်ဟစ်၍နေတတ်သော မြင်းလှည်းသမားတို့သည် နောက်တစ်နေ့နံနက်တွင် မြင်းကိုယ်စီဆွဲကြကာ ခရစ်ယာန်များ မသာပို့ကြသည့်နယ် ဣန္ဒြေရလှစွာ အစွဲသလိပ်မှ ကျယ်ကျယ် မဟပ်ကြဘဲ ကန်တော်ကြီးသို့ ရောက်လာကြသည်။

ကျွန်တော်သည် တက်တိုးကိုဆွဲ၍လည်းကောင်း၊ ကျွန်တော့် ယောက်ဖကလေးအား အောင်ဘုကို ဆွဲစေ၍လည်းကောင်း ဤလူအုပ်ထဲ ပါလာပေသည်။

ကိုကျင်စိန်နှင့်တွေ့၍ အကျိုးအကြောင်းကို ပြောပြသောအခါ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အား မာန်မဲလေတော့သည်။

"မင်း…ဒီလောက်မှ စိတ်မနိုင်တဲ့အကောင်ပဲ၊ မင့်မြင်းဆုံးပေါ့ကွာ။ ငါ သတင်းကြားပြီးပြီ၊ သိမ်းတဲ့မြင်းတွေ အများဆုံး ၅၀၀ ကျပ်ပဲတဲ့"

ဟင်…ကျွန်တော့်မြင်း ၁၄၀၀ ကျပ်ပေးလို့မှ မရောင်းတာ။

ကိုယ့်စီးပွားရေး ထိခိုက်လာလေတော့…"ငါမှားပြီ" ဟု သောက ရောက်ရပြန်တော့၏။

ဟုတ်တယ်…ဟုတ်တယ်၊ ငါ တကယ့်ကိုမှားတာပါ။ တက်တိုးဟာ တစ်ညတာကလေး ခြေထောက်ကြိုးစည်းတဲ့ ဝေဒနာကလေးခံရမှာကို အခု စစ်မြေပြင်ကျည်ဆံတွေထဲမှာ အစာကောင်းခြင်းမစားရဘဲနဲ့ မတန်တဆ ဝန်တွေ ထမ်းဆောင်ရတော့မယ်။ တယ် ငါ့ဖို့လည်းမကောင်း၊ တက်တိုးဖို့ လည်းမကောင်းပါလား။

ကျွန်တော့်ရင်မှာဆို့၍…နင့်၍ လူတွေအကြားမှာ မျက်ရည်လည်လာ တော့သည်။ ကျွန်တော့်ယောက်ဖလေးလည်း ကျွန်တော့်မျက်နှာကိုကြည့်၍ ငိုမဲ့မဲ့။

လာလာ တစ်ကောင်ပြီးတစ်ကောင် ဆွဲခဲ့ကြ။ ရှောင်လို့ရမယ့်ကိစ္စမှ မဟုတ်တာ၊ ဆုတ်ကန်ကန် လုပ်နေကြလို့ အပိုပေါ့၊ အချိန်ကုန်ရုံပဲရှိမယ်၊ ဒါစစ်မိန့်ဗျ…စစ်အမိန့်။

ဂျပန့်ကိုယ်စားလှယ်အသံ။

ကိုယ့်မြင်းကို မသိမ်းတန်ဘူးထင်သူတို့က ရှေ့မှ ရဲဝံ့စွာ သွားကြ သည်။ သိမ်းမည်ထင်သူများက ဆုတ်ကန်ကန် လုပ်နေကြသည်။

ကျွန်တော်သည် နောက်ပိုင်း၌ ဇိုလျက်ပင် ရှိသေးသည်။

ဂျပန်ရှေ့ရောက်သောမြင်းတို့အား ပထမ ပေတိုင်းကြည့်၏။ ပေမမီ သောမြင်းကို "ဒူးရား" ဟုဆိုပြီး အနီး၌အသင့်ရှိသော မီးဖိုထဲမှသံရဲရဲဖြင့် လခြမ်းတံဆိပ် မြင်းတင်ပါးတွင် နှိပ်လိုက်၏။

ပေမီသောမြင်းကို ရှေ့မှ မြင်းရှင်ကဆွဲ၊ နောက်မှ ဂျပန်ကမောင်း၍ ကိုက်တစ်ရာလောက် ပြေးခိုင်းကြည့်၏။ ခြေလက်ကောင်းလျှင် "ဂွဒ်တယ်က" ဆိုပြီး သိမ်းသည့်ဌာနပို့၊ ပိုင်ရှင်နာမည် နေရပ်မေး၊ ငွေလက်မှတ်ပေး၊ ချက်ချင်း

www.burmeseclassic.com

www.burmeseclassic.com



တော့ ရသေးသည်မဟုတ်၊ နောက်တစ်နေ့မှ ငွေထုတ်ရုံးသို့ သွားရသည်။

ဗဟန်းဘက်အခြမ်း ကန်တော်ကြီး၏ရှခင်းမှာ သရက်ပင်များပေါ်က ကျီးကန်းများ တရုန်းရုန်းအာနေကြသည်။ ကန်တော်မိတ်ရုံရှေ့တစ်ဝိုက်တွင် မြင်းနှင့်လူတွေ ဆည်ဝကငါးတွေလို နေကြသည်။ တစ်ကောင်ပြီးတစ်ကောင် ဆွဲသွားကြသောမြင်းတွေကို ပေတိုင်းသောလူစုက တိုင်းနေကြသည်။ သံမှုကပ်သူက ကပ်နေကြသည်။ ဂျပန်နှင့်ရှေ့နောက် ဆွဲပြေးသူက ပြေးနေကြသည်။

အသိမ်းခံရသူများသည် မြင်းအစား ငွေလက်မှတ်ကိုကိုင်၍ ပြန်ကြသည်။ အချို့ မသိမ်းတန်ဘူးထင်၍ လှည်းနှင့်တပ်လာသူတို့သည် မြင်းတန်ဆာပလာများကို လှည်းပေါ်တင်ကာ တွန်းပြန်ကြသည်။ မြင်းရှင်မိန်းမများက ငိုယိုကြသည်။ ယောကျ်ားများက ဆဲရေးတိုင်းထွာကြသည်။

ကျွန်တော်လည်း လှည်းပါ ပါလာခဲ့၍ လမ်းမှာဖြုတ်ထားသည်။ မြင်းအုပ်စုတစ်ဝက်ကျိုးသည်၌ ကျွန်တော့်ယောက်ဖလေးအား....

"သွားဟေ့...အောင်ဘုပြချေ။ နောက်ပြီးတော့ လမ်းမှာလှည်းတပ်ပြီး စောင့်နေ..."

အောင်ဘုကိုကား ပေမမိ၍ မသိမ်းဘူးဟု ယုံကြည်သည်။

တက်တိုးပြဖို့ကား...ကျွန်တော်သည် မပြ မဖြစ်မှန်းသိပါလျက် ဝန်လေးနေသည်။ တတ်နိုင်သလောက် အချိန်ဆွဲချင်သည်။ အလာတုန်းက သူ့တပ်မောင်းခဲ့၍ နောက်ဆုံးမောင်းရခြင်းပဲဟု ရင်ဆိုခဲ့သည်။ တက်တိုးကား ဘာမျှမသိရှာ၊ သူတို့မြင်းအုပ်စုထဲတွင်ပျော်၍ တဟီးဟီးနှင့် ခွာတရုပ်ရုပ် နေလိုက်သေးသည်။

ကျွန်တော်သည် သူ့ကို ယုယစွာ ပွပ်သပ်ပေးနေရာမှ တစ်ချက်တစ်ချက် သူ့လည်ပင်းကို မျက်နှာကပ်လိုက်မိသည်။

"မင်းကို ငါထားပြီး သွားရတော့မယ် သိရဲ့လား"

* * *

နောက်ဆုံးအချိန်သို့ ရောက်ခဲ့လေပြီ။ ကျွန်တော့်မှာ ထမင်းဆာလှပြီ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍ ဟာ...မထူးတော့ပါဘူး၊ သွားမည်ဟန်ပြင်လိုက်စဉ် ကိုကျင်စိန် ရောက်လာပြီး ကျွန်တော့်ကိုခေါ်သွား၍ တီးတိုးပြော၏။

ကျွန်တော့်မှာ အံ့သြခြင်း၊ မယုံကြည်ခြင်း၊ ဝမ်းသာခြင်း၊ စိုးရိမ်ခြင်းတို့ဖြင့်....

"ဟင်...ဖြစ်ပါ့မလား"

"ဖြစ်အောင် ငါလုပ်ပေးပါ့မယ်ကွ၊ သွားစမ်းပါ"

ကျွန်တော်သည် တက်တိုး၏ပါးချပ်ကို လက်နှင့်ချုပ်၍ မြင်းအုပ်ထဲမှ ခပ်ကုတ်ကုတ် ထွက်ခဲ့သည်။ ကိုယ့်မြင်းကိုယ်ဆွဲလာသည်ကို သူများမြင်း ခိုးလာဘိသကဲ့သို့ ရင်ထဲမှ တဒိန်းဒိန်း ခုန်နေသည်။

အပြင်ရောက်လျှင် အောင်ဘုကို လှည်းတပ်ပြီးစောင့်နေသော ကျွန်တော့် ယောက်ဖလေးက....

"ဟင်...ကိုကြင်ဆွေ မပြတော့ဘူးလား"

"ဟေ့...မင်းပါးစပ် ပိတ်ထားစမ်းကွ"

ကျွန်တော်က တက်တိုးဆွဲ၍ လှည်းပေါ်တက်ထိုင်လိုက်ပြီး....

"မောင်းဟေ့...အိမ်ကိုမြန်မြန်"

လမ်းတစ်လျှောက်တွင် မြင်းသိမ်းခံရ၍ လှည်းတွန်းလာသူတို့သည်လည်းကောင်း၊ မသိမ်းတံဆိပ်ရ၍ ပြန်ဆွဲလာသူတို့သည်လည်းကောင်း၊ ကျွန်တော့်အား လှမ်းမေးကြသည်။

"ဟေ့...ကြင်ဆွေ...၊ မင်း...မြင်းကြီး မသိမ်းလိုက်ဘူး။ လွတ်လိုက်တယ်...ဟုတ်လား"

အံ့သြသံတွေ ပါကြသည်။

ကိုယ်စိတ်ကိုမလုံသူ ကျွန်တော်က ဘာမှပြန်မပြောရဲချေ။ မကြားချင်ယောင်ပြုကာသာ...အောင်ဘုကို နောက်က တက်တိုးလိုက်သလောက် အမြန်မောင်းခဲ့စေသည်။

အိမ်ရောက်လျှင် တက်တိုးအား မော်တော်ကားဂိုထောင်ထဲသွင်း၍ အစာရေစာနှင့် အလုံပိတ်ထားလိုက်သည်။ မသိမ်းတံဆိပ်နှိပ်ပြီးသား အောင်ဘုကိုသာ အိမ်ဘေးခြံထဲတွင် ရှိုးပြထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်က မြင်းလှည်းသမားတွေအိမ် လှည့်လည်ကြည့်ရှု စစ်ဆေးဦး မည်ဆိုသကိုး။

ကားဂိုထောင်မှာ သမံတလင်းခံပြီး အကယ်တိ ဂျပန်များလာခဲ့သော် တက်တိုးက ခွာဆောင့်သံကြားရမှာစိုး၍ သူ့ခြေထောက်တွင် ဂုန်နီအိတ်နှင့် အဝတ်စုတ်များ ခင်းထားလိုက်ရသေးသည်။ တက်တိုးကိုလည်း နေရာသိပ် ပြီးမလှည့်သာအောင် ကြိုးတိုတိုချည်ထားရသည်။

သို့သော် နိပ္ပွန်တို့ကား သတင်းပြေးနေသကဲ့သို့ မလာပါချေ။ ညအချိန် ရောက်လတ်သော် ကျွန်တော်သည် တက်တိုးကို ကိုကျင်စိန်ပန်းဘဲဖိုသို့ ဆွဲသွား၏။

ကိုကျင်စိန်သည် အသင့်လုပ်ထားသော လခြမ်းတံဆိပ်ကို မီးဖိုထဲမှ ဆွဲထုတ်၍ တက်တိုး၏ လက်ဝဲဘက်တင်ပါး (ဂျပန်နည်းတူ) ထိုးနှိပ်ပေး လိုက်လေသည်။

ဖျတ်ခနဲမြည်၍ အမွေးမီးလောင်စော် ညှော်သွားသည်။ တက်တိုးက တွန်းခနဲခုန်၍ ဆတ်ခနဲ နောက်ခြေတစ်ဖက် ကန်လိုက်သည်။

"ဂျပန်တံဆိပ်နဲ့ ဘာမှမခြားဘူး၊ ငါ သေသေချာချာ ကြည့်ပြီးလုပ် ထားတာ မင်း–ဘယ်သူ့မှ မပြောနဲ့နော်...ပေါက်ကြားသွားရင်ဖြင့် မင်းရော ငါရော ဒုက္ခရောက်မှာ သိလား..."

ကျွန်တော်တို့၏စွန့်စားမှုကြီး တစ်ရပ်ပေတည်း။

အိမ်ပြန်ရောက်သော် ကျွန်တော်သည် အောင်ဘုတင်ပါးကအရာနှင့် နှိုင်းယှဉ်ကြည့်ရာ တသွေမတိမ်းတူညီနေ၍ "ကိုကျင်စိန်...မောင်မင်းကြီး သား..." ဟု တမ်းတလျက် သက်ပြင်းကြီး ဟင်းခနဲ ချလိုက်မိရာ၏။ ရင်ထဲ ကအလုံးကြီးကျသွား၏။

(အကျဉ်းအကျပ်ထဲတွင် ကြံရဲ...လုပ်ရဲသူ...ကိုကျင်စိန်သို့ အမှတ်တရ...)။

◆

www.burmeseclassic.com

www.burmeseclassic.com

## ချစ်သူ ချစ်တဲ့သူ

လွန်ခဲ့သော ‘ကျိုးလန့်စာစား” ဝတ္ထုမှ ကျွန်တော်၏မြင်းနာမည်ကို ‘တက်တိုး’ ဟု ပေးရကောင်းလား၊ ဆရာတက်တိုးကို အားနာစရာဟု မိတ်ဆွေတစ်ယောက်ပြောလာသည်။ ဤစကားဖြစ်ပေါ်အံ့ကို သူပြောမှ ကျွန်တော်သိတော့သည်။ မူလစာရေးစဉ်ကမူ လုံးဝသတိမရချေ။ စိတ်ကူးယဉ်လုပ်ဇာတ်မဟုတ်ဘဲ ကျွန်တော်၏ဘဝအတွေ့အကြုံထဲမှ ကောက်နုတ်ဖော်ပြသည်ဖြစ်၍ ယင်းကိစ္စကို မစဉ်းစားမိခြင်းဖြစ်ပါသည်။

စင်စစ်လည်း ကျွန်တော့်မြင်းတက်တိုးမှာ ဆရာတက်တိုး၏နာမည်မှ တစ်ဆင့်လာကြောင်း ဝန်ခံပါသည်။

စစ်မဖြစ်မီခေတ်ကပင် ဆရာတက်တိုးသည် ကျွန်တော်ကြိုက်သော စာရေးဆရာတစ်ယောက် ဖြစ်ခဲ့၏။ အထူးသဖြင့်အမှတ်ရသည်မှာ (ဒဂုန်မဂ္ဂဇင်းမှာထင်သည်) “အိုင်စီအက်” ဝတ္ထု၊ ထိုခေတ်ကအိုင်စီအက်ရူး၊ အိုင်စီအက် သမက်ဖမ်းလိုသူများအား သရော်ထားသည်။

သူငယ်ချင်းနှစ်ယောက်သည် လူလောက်ရှိသောမျောက်ကြီးအား အမွေးများရိတ်၍ ဗိုလ်လိုဝတ်ဆင်ကာ အိုင်စီအက်သမက်ဖမ်းလိုသော အိမ်သို့ ခေါ်သွား၍ ဒါသူတို့အစ်ကိုကြီး ဘိလပ်က အိုင်စီအက်အောင်ပြီး ပြန်လာတာမကြာသေး၊ သဘောင်္ပေါ်မှာ အအေးမိခဲ့သဖြင့် အသံဝင်နေ၍ စကား

www.burmeseclassic.com



မပြောနိုင်သေးကြောင်း ဖတ်လမ်းဆင်ထား၏။

နဂိုဗီဇဓာတ်ခံဖြင့် ဒီလိုသရော်စာမျိုးကို အင်မတန်ကြိုက်သော ကျွန်တော်သည် ဤဝတ္ထုတစ်ပုဒ်တည်းဖြင့် "အိုင်စီအက်" နှင့် "တက်တိုး" နာမည်ကိုစွဲခဲ့သည်။ (ယခုခေတ်တော့ ဆရာတက်တိုးသည် ဘာသာချည်းသာ ဖိပြန်နေတော့၏။) ကျွန်တော်သည် ဘယ်အခြေရောက်ရောက်၊ ဘာပဲလုပ်နေရ နေရ စာပေစိတ်က ကိုယ်မှခွာသည်မဟုတ်မူ၍ စိတ်ကြိုက်တွေ့သော ကိုယ့်မြင်းကလေးကို နာမည်ပေးရန် စဉ်းစားသောအခါ၌ ကိုယ့်စိတ်ကြိုက်ဖြစ်သော "တက်တိုး" ကို သတိရခြင်းဖြစ်ပေတော့သည်။

ယခုအခါ၌ ကျွန်တော့်ကိုယ်၌ပင်လျှင် ခွေးသော်တာဆွေ၊ ကြောင်သော်တာဆွေ၊ မော်တော်ကားသော်တာဆွေများ ဖြစ်ရသည်ကို ကြားသိတွေ့မြင်ရပါ၏။

ဤကား လူတို့၏စင်မင်နှစ်သက်မှုအရ အမှတ်တရပြုတတ်ကြခြင်းများဖြစ်ပေသည်။ ယခု ကျွန်တော်ဖော်ပြမည့် "ချစ်သူ ချစ်တဲ့သူ" ဝတ္ထုလည်း ထိုအကြောင်းအရာနှင့် သက်ဆိုင်နေသည်။ ယခင် "ကျီးလန့်စာစား" ဝတ္ထုမှအဆက် ကျွန်တော့်ဘဝတစ်ကွေ့၏ မှတ်ချက်ကလေးသာ ဖြစ်ပါသည်။

* * *

နောက်နောင်ဝယ် နိပ္ပွန်စစ်တပ်များ ဗမာပြည်မှ မထွက်မခွာမချင်း ၆ လတစ်ခါ၊ ၄ လတစ်ခါ၊ ၃ လတစ်ခါ စသည်တို့ဖြင့် သူတို့အသုံးလိုလျှင်လိုသလို ရန်ကုန်ရှိမြင်းများကို ဆင့်ခေါ်ရွေးချယ်သိမ်းယူနေသော မြင်းလှည်းသမားတို့၏ ကျီးလန့်စာစားသမယ၌ သူသူငါငါ တံဆိပ်တုများ လုပ်ကြသည်မှာ အဆန်းမဟုတ်တော့သော်လည်း ပထမဦးဆုံးအကြိမ် ကိုကျင်စိန်တီထွင်လိုက်သည်ကိုကား မည်သူမျှ မရိပ်မိကြဘဲ ကျွန်တော့်မြင်းတက်တိုးကို မြင်းလှည်းသမားတွေ အံ့သြကြလေသည်။

"ဟိတ်...မင့်မြင်းကြီး...မသိမ်းဘူးဟယ်...မင့်ဘယ့်နှယ်လုပ်ပြီး ပြလို့လဲ"

"ကျွန်တော့်မြင်းကို ခြေထောက် ထော့နဲ့ထော့နဲ့ဖြစ်အောင်လုပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ပြလို့ပေါ့ဗျ"

"ဘယ်လိုလုပ်သလဲကွ...တို့များနည်းယူရအောင်"

ဤနေရာ၌ ကိုကျင်စိန်ကိုလည်း ဂုဏ်တင်ရာရောက်အောင် ကျွန်တော် လည်း ဝိနည်းလွတ်လေအောင်....

"ဆရာကိုကျင်စိန် လုပ်ပေးတာပဲခင်ဗျာ၊ သူ့မေး"

ယင်းအခိုက်အတန့်မှာ ရန်ကုန်တွင် ရထားသမားလက်ထဲမှ မြင်းလေးပုံတစ်ပုံမျှလျှော့သွားလေရာ မြင်းဈေး ချက်ချင်းတက်လေသည်။ အချို့တောနယ်ဆင်းပြေးကြသည်။ အချို့ကရန်ကုန်ရှိ မြင်းထဲမှ ကြိုက်ဈေးပေး ဝယ်ကြသည်။ အထူးသဖြင့် ဂျပန်မသိမ်း တံဆိပ်ရိုက်မြင်းက ဈေးပိုကောင်းလေရာ တက်တိုးကို ယခင်က ၁၄၀ဝိ/ ပေးနေသူသည် ၁၅၀ဝိ/ လာပေး၏။

ကိုကျင်စိန်ကို တိုင်ပင်ကြည့်သော်....

"၁၆၀ဝိ ပေး ရောင်းလိုက်ကွာ၊ မင့်မြင်းဟာ စိတ်ချရတာမဟုတ်ဘူး၊ နောက်နောင်လည်း သိမ်းဦးမှာပဲလို့ကြားတယ်"

ကျွန်တော့်မြင်းကို လာဝယ်ကြသူများမှာ ကျွန်တော့်လောက် (မြင်းလှည်းသမားဘဝတွင်) လူရည်မလယ်သေးသော တရုတ်ကပြားများဖြစ်၍ ငွေလည်းဖော၍ ကျွန်တော့်တောင်းဈေးကို ပေးဝယ်ကြလေ၏။ မတန်တဆ ဈေးကြီးဟုဆိုနိုင်သည်။

သူတို့သည် ကျွန်တော့်လောက်မျှ အောက်သက်မကျေရှာပေ။ စမ်းချောင်းရပ် ရှောလမ်းတွင် ခြံပိုင်တိုက်ပိုင်နှင့်ဖြစ်၍ ရှေးအင်္ဂလိပ်ခေတ်က မော်တော်ကားစီးခဲ့သူများ၊ ယခု ဂျပန်ခေတ်တွင် မြင်းလှည်းထောင်ခြင်းဖြင့် ရင်းနှီးစားသောက်ကြလျက် ယခင်က မော်တော်ကားရုံသည် ယခုမြင်းဇောင်း၊ ယခင်က အိမ်တော်ပါကားဒရိုင်ဘာသည် မြင်းလှည်းမောင်းသမားအဖြစ် အမှုတော်ထမ်းနေရပေသည်။

သူတို့ခမျာ သနားပါသည်။ ကျွန်တော့်လောက် မလည်ဝယ်ရှာ။ နောက်တစ်ခါ မြင်းသိမ်းသောအခါ၌ တက်တိုးကိုသွားပြမိ၍ ပါသွားလေသည်။ သူတို့လက်ထဲ နစ်လမျှမောင်းလိုက်ရရှာသည်။

ကျွန်တော်ကား ဂျပန်ကိုမြင်းပြခြင်းသည် အောင်ဘုတစ်ကောင်သာ

www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံးနှင့် နောက်ဆုံးအကြိမ်ဖြစ်၏။ နောက်နောင်မှာ ကိုယ့်လက်ထဲ ဘယ်လိုမြင်းပဲရှိရှိ သွားမပြချေ။ အကြောင်းမှု ဂျပန်သည် ရေရာသည်၊ မဟုတ်ချေ။ သူတို့စစ်ရေးနိမ့်လာလေလေ ဝန်တင်မြင်း လိုလာလေလေဖြစ်ရာ ခေါက်ပေတိုင်းခြင်းမပြုတော့ဘဲ သူတို့မျက်စိကြိုက်လျှင် သိမ်းလိုက်သည်သာ။ ပထမဆုံးအကြိမ်က လွှတ်လိုက်သောအောင်ဘုကလေးကိုပင် တတိယအကြိမ်၌ သိမ်းယူလိုက်လေ၏။

ကျွန်တော့်လက်ထဲကတော့ မဟုတ်ချေ။ ကျွန်တော်သည် ထိုအချိန်၌ လူရည်လည်ဖြစ်နေချေပြီ။ မြင်းလှည်းမောင်းသမားသက်သက်ထက် မြင်းဖလှယ်သမား ဖြစ်နေချေပြီ။

တက်တိုးကိုရောင်းပြီးကတည်းက ရိုးရိုးမောင်းစားနေသည်ထက် မြင်းဖလှယ်နေတာက ပိုအကျိုးရှိကြောင်းသိလာ၍ ကိုယ့်လက်ထဲကမြင်းကို ကြိုက်ဈေးရက ရောင်းလိုက်သည်သာ။ နောက်ပြီး တစ်ဖန်ပြန်ဝယ်၏။

မြင်းဝယ်ရန်မှာ ရန်ကုန်ထက် ဈေးသက်သာသောအရပ်သို့ သွားရ၏။ မှော်ဘီ၊ သရက်ချောင်း၊ တိုက်ကြီး၊ ပဲခူး၊ သနပ်ပင် တို့သည် ကျွန်တော်တို့ ကျင်လည်ရာများဖြစ်ခဲ့၏။

ကိုယ့်လက်ထဲမြင်းရှိပါက ကြိုက်ဈေးမရမီ မောင်းစားနေ၍ နေ့စဉ်ဝင်ငွေရသည်။ အချိန်အခါသမယကလည်း ဘာပစ္စည်းမဆို အမြဲတက်ဈေးရှိနေ၍ ကိုယ့်လက်ထဲကြာလေ အကျိုးများလေသာဖြစ်ခဲ့သည်။ ဤအတွင်း တစ်ချက်တစ်ချက် အသက်ရှုကျပ်ရသည်ကား ဂျပန်မြင်းသိမ်း စစ်မိန့်ကြီးပင်ဖြစ်လေသည်။

ထိုအခါ၌ ကျွန်တော်နှင့်ရင်းနှီးရာ အပေါင်းအပါတစ်စုသည် ရန်ကုန်မြို့တွင် မနေ၊ မြင်းတွေလှည်းတွေ မောင်းနှင်ကာ အရပ်တစ်ပါးသို့ ပြေးကြလေ၏။

ကျွန်တော့်ဝတ္ထုများတွင် ထည့်ထည့်ရေးလေ့ရှိသော မှော်ဘီနယ်၊ လှပဒါးရွာကလေးသည် ကျွန်တော်၏စတည်းချရာဌာန ဖြစ်လေသည်။

"ဘယ်နေ့မြင်းတွေ သိမ်းဦးမတဲ့ဟေ့" ဆိုသော အသံထွက်လာလျှင် ထိုနေ့မတိုင်မီ လစ်ကြလေ၏။ ကိစ္စအေးငြိမ်း၍ လေးငါးရက်ကြာသောအခါ

www.burmeseclassic.com

www.burmeseclassic.com



ပြန်လာပြီး ဂျပန်ရဲ့မသိမ်းတဲ့ဆိပ်တုကို အသင့်လုပ်ပြီးဖြစ်နေသော ကိုကျင်စိန် ထံမှာ ရိုက်နှိက်လိုက်ကြလေ၏။ (ဂျပန်ရဲ့တံဆိပ်မှာ တစ်မျိုးတည်းမဟုတ်ချေ။ တစ်ခါကို တစ်ပုံစံပြောင်း၏။ လခြမ်း၊ စက်ဝိုင်း၊ အတွင်းက ကြက်ခြေခတ်၊ ကြယ်ပွင့် စသည်ဖြင့်)

ကျွန်တော်တို့မှာ အပေါင်းအသင်းတောင့်၍ သွားရလာရ တပျော်တပါးကြီးပင်ဖြစ်လေသည်။

လုပဒါးကရွာခံလူများမှာ ဦးလေးထွန်းရင်နှင့် ကိုတင်အေး၊ သူတို့သည် မျိုးရိုးအားဖြင့် လယ်သမားများဖြစ်ကြသော်လည်း ဂျပန်ခေတ်၌ လယ်လုပ်သည်ထက် ငွေရရှင်သော မြင်းလှည်းအခြေအနေကောင်းလျှင် ရန်ကုန်သို့လာ၍ ကျွန်တော်တို့နှင့်အတူ မောင်းကြ၍ လူချင်းခင်မင်ရင်းနှီးကြ၏။

ရန်ကုန်က ကျွန်တော်တို့လူစုမှာ ကိုမောင်ခင်(ကျောက်သွေးသမားဘဝမှ မြင်းလှည်းသို့ပြောင်းခဲ့ရာ ယခုတိုင် မြင်းလှည်း)၊ ကိုလှ(ဂျပန်ခေတ်ကပင် သေလေပြီ)၊ ကိုမြတ်သာ(မြင်းလှည်းပိုင်မရှိ၊ ကျွန်တော်၏ဒရိုင်ဘာ၊ ၁၉၅၁ ခုနှစ်က သူ့ကိုယ်သူသတ်သေသည်။)

ဩော် ကိုမြတ်သာ ရှာမှရှားသော ကိုမြတ်သာ။

ဤလူ့အကြောင်းကို ကျွန်တော် စာတစ်ပုဒ်ဖွဲ့လိုသည်။ ကျွန်တော့်တစ်သက်တာတွင် အခုအထိ ဤမျှဖျင်းသော ဖျင်းသောလူကို မတွေ့ရသေးချေ။ သူ့ကိုယ်သူ သတ်သေသည်အထိ ဖျင်းလှ ဖျင်းလှပေသတည်း။

သူ့ကို ကျွန်တော်သိသောအခါ မြင်းလှည်းမောင်းသမားအဖြစ်၊ သို့သော် တစ်ခုတစ်ယောက်၏ ထာဝစဉ်ဒရိုင်ဘာမဟုတ်ဘဲ အဆင်သင့်ရာ ခေတ္တခဏ မောင်းရခြင်းဖြစ်သည်။ မောင်းခမှာ ရသမျှကြည့်ပေးခြင်းသာဖြစ်၏။

စင်စစ် မြင်းလှည်းဒရိုင်ဘာမှာ ဤသို့မဟုတ်ချေ။ ရသမျှ၏လေးပုံတစ်ပုံယူရသည်။ ဤဒရိုင်ဘာ၏တာဝန်မှာ လှည်းတပ်မောင်းရရုံတင်မဟုတ်ဘဲ မြင်းချေးသိမ်းရခြင်း၊ မြင်းစာကျွေးရခြင်း၊ မြင်းရေချိုးပေးရခြင်း၊ လမ်းဆွဲလျှောက်ရခြင်း စသည်ဖြင့် မြင်း၏ကျန်းမာရေးကိုပါ ပြုစုပေးရသည်။ ကိုမြတ်သာကား မြင်းလှည်းပေါ် ထိုင်မောင်းခြင်းမှတစ်ပါး ကျန်သောအရာ

www.burmeseclassic.com

www.burmeseclassic.com



များကို မပြုလိုချေ။

သူ့ကို ဒရိုင်ဘာအဖြစ်နှင့် ခန့်အပ်ထားအံ့။ သူ့တွင်သားမယားနှင့် သူ့အိမ်သူနေသည်ဖြစ်၍ မြင်းလှည်းပိုင်ရှင်သည် သူ့ကိုလိုက်ရှာပြီးခေါ်နေရသောအလုပ်ကြီးတစ်ခုကို ပြုရ၏။ သူကတော့ အချိန်မှန်မှန် ဘယ်တော့မှ လာမည်မဟုတ်ချေ။

ထို့ကြောင့် သူ့ကို မည်သူမျှ ဒရိုင်ဘာမခန့်အပ်ခြင်း ဖြစ်၏။ ဒါနဲ့ ကျွန်တော်ကတော့ အဘယ်ကြောင့် ခန့်အပ်သနည်း။ သူ့တွင် ကျွန်တော် နှစ်သက်သောအရာနှစ်ခု ရှိ၏။

(၁) သတ္တိကောင်းသည်၊ ရိုက်ရဲနှက်ရဲရှိသည်၊ လက်လျင်သည်၊ အထိုးအသတ် ကျင်လည်သည်။

(၂) စာဖတ်သည်။

နံပါတ်(၁)ကို ကျွန်တော် အဘယ်ကြောင့် လိုပါသနည်း။ ကျွန်တော်တို့ မြင်းလှည်းသမားအလုပ်သည် တစ်ယောက်တစ်ယောက် ဗိုလ်ကျခြင်း၊ ညစ်ပတ်ခြင်း၊ ညဥ်းပန်းစော်ကားခြင်းများ ပြုလုပ်တတ်ကြသည်။ ဤအရာမျိုးတွင် ကျွန်တော်၏ဗီဇသတ္တိက အောက်ကျမခံလို၊ သို့သော် ဤအချိန်၌ အသက် ၂၀ မျှရှိသေးသော ကျွန်တော်ကျောင်းသားဘဝမှ သူတို့လို လူကြမ်းကြီးများနှင့် မဖက်ပြိုင်နိုင်ပါ။ ထို့ကြောင့် ကိုမြတ်သာကိုသာ အားကိုးရသည်။ သူ့ဆီမှ မိုက်သွေးမိုက်စိတ်ကို ကူးယူရသည်။ ကိုမြတ်သာသည် ရေးအင်္ဂလိပ်ခေတ်ကပင် ဘတ်စ်ကားပိုင်ရှင်တစ်ယောက်က သူ့ကားများစောင့်ထိန်းရန် လူမိုက်စပယ်သာအဖြစ် တောရွာမှ ခေါ်ယူထားရသူဖြစ်သည်။

နံပါတ်(၂)ကို ကျွန်တော်လိုသည်ကား ကျွန်တော်မြင်းလှည်းသမားဘဝ၌ပင် အချိန်ယူပြီး စာရေးလေ့ရှိ၏။ ထိုအချိန်၌ စာရေးပြီးဘယ်မှပို့စရာလည်းမရှိ၍ သူ့ကိုပဲဖတ်ခိုင်းရ၏။ သူက နှစ်နှစ်ခြိုက်ခြိုက်ဖတ်ပြီး ကောင်းသည်ဟု ချီးမွမ်းတတ်၏။

ကျွန်တော့်မှာ ၉ တန်းရောက်ကတည်းက ကဗျာရေး၊ စာရေးဝါသနာစွဲခဲ့သည်။ ကျွန်တော်ရေးသားသည်မှာ စာနယ်ဇင်းများပို့၍ ပုံနှိပ်ပါရန် မဟုတ်မူဘဲ ကိုယ့်ဟာကိုယ်ရေး၊ ကိုယ့်ဟာကိုဖတ်ပြီး ကျေနပ်နေသော အရသာသာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ထို့ပြင် အပေါင်းအသင်းများ ချော့မော့ဖတ်ခိုင်းကာ သူတို့၏ချီးမွမ်းခြင်းကိုခံယူလို၏။

ကျောင်းသားဘဝတုန်းကမူ ကိုယ်ရေးတဲ့စာ ကိုယ်ဟာကိုယ်ကျေနပ်ပြီး သူများဖတ်ခိုင်းရန် မသကာ သူငယ်ချင်းများအား လက်ဖက်ရည်တိုက်ရရုံသာရှိသည်။ မြင်းလှည်းသမားဘဝ၌ ကျွန်တော့်စာဖတ်မည့်သူမရှိ။ မြင်းလှည်းသမားထဲ၌ စာဖတ်ချင်သူ ကိုမြတ်သာတစ်ယောက်အား စွပ်ရွတ်တွေ့ရသည်မှာ ကျွန်တော် ကံကောင်းလှသည်ဟု ဆိုချင်သည်။

ကိုမြတ်သာသည် ကျွန်တော့်မျက်နှာလိုမျက်နှာရ ဖတ်သည်မဟုတ်။ သူ့ကိုယ်နှိုက်က စာဖတ်ဝါသနာပါ၏။ ကျွန်တော်သည် ဂျပန်ခေတ်၌ ရသမျှစာအုပ်တွေရှာဖတ်၏။ သူ့ကိုပေး၏။ သူသည် စာအုပ်နှင့်တွေ့လျှင် ဘာမျှမလုပ်ချင်။ အိပ်ရာထဲက မထတော့ချေ။ ဒါမျိုးကို ကျွန်တော်က ခွင့်လွှတ်၏။ ပြန်တွေးလိုက်လျှင် ရယ်စရာပေ။ ကိုမြတ်သာနှင့်ကျွန်တော်သည် အိမ်တစ်လုံးကို စပ်တူဆောက်ကာ နှစ်ယောက်အတူနေခဲ့ဖူးသည်။ ထိုအခါ၌ ကျွန်တော်ရေးသောစာကို သူဖတ်နေသောအချိန်များတွင် မြင်းချေးကျုံး၊ မြင်းစာကျွေးစသည့်ကိစ္စများကိုပင် သူ့အား မခိုင်းရက်ရုံမက သူ့ကိုယ်တွင်နားသော ခြင်၊ ယင်များကိုပင် ကျွန်တော်က မောင်းပေးလိုပါသေးသည်။ ကျွန်တော်သည် မြင်းဇောင်း၏လုပ်စရာရှိသည်ကို သူမသိအောင်ပင် လုပ်ပစ်လိုက်ပါသည်။

ကျွန်တော်သည် ကိုမြတ်သာအား ဆရာပီမိုးနင်းရေးသော အရင်းမစိုက်လေ့ထိုးလိုက်၊ ကိုယ့်ဒူးကိုယ်ချွန်၊ သားဂုဏ်ရည်၊ သမီးဂုဏ်ရည် စသည့်စာအုပ်များကို ပေးပါသည်။ သူက ကျကျနနဖတ်ပါသည်။ သို့သော် ကိုမြတ်သာ၏ လူပျင်းလူဖျင်းဘဝကား ဘယ်တော့မှမပြောင်းလဲချေ။ သူသည် စာကိုဖတ်ရုံသာဖတ်၍ လိုက်နာကျင့်သုံးသူ မဟုတ်ချေ။

ကိုမြတ်သာ၌ ထူးခြားသောသတ္တိရှိသည်။ အလုပ်ကို ကြိုးကြိုးပမ်းပမ်းမလုပ်။ ထမင်းစားစရာမရှိ၊ အငတ်ခံမည်။ ရေသောက်မှိုက်မှောက်နေမည်ဆိုသည်။ ဤစကားအတိုင်းပင် သူ့အိမ်ဆန်မရှိ၍ ထမင်းမစားဘဲ အိပ်ရာထဲ ကျောပြောင်ကြီးနှင့် ဝမ်းလျားမှောက်၍နေသည်များကို ကျွန်တော် အကြိမ်ကြိမ်တွေ့ဖူးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့တွင် မယားနှင့် ကလေး ၂ ယောက်ရှိသည်။ သူ့မယား မသင်းက လည်း သူလိုပဲ ပျင်းလှဖျင်းလှသည်။ လင်ကအသုံးမကျ၍ မယားက တစ်ဖက်တစ်လမ်း စွမ်းပလား၊ မအောက်မေ့ပါနှင့်။ ထမင်းဟင်းချက်စား တတ်သည်မှတစ်ပါး အခြားဘာမှမတတ်ချေ။ လင်ကိုလည်းကြောက်လှ၏။ လင်ကပေးမှ ဝယ်ခြမ်းချက်ပြုတ်တတ်၍ လင်ကမပေးလျှင် ဘာမှမပြောဘဲ လင်နှင့်အတူပင် ဗိုက်မှောက်အငတ်ခံလေ၏။ ကလေးများကိုကား နံဘေး အိမ်တွေကခေါ်၍ ကျွေးမွေးကြရ၏။ လင်မယားလည်း ခေါ်ကျွေးလျှင် သွား စားသည်။ မကျွေးလျှင်ကား ဘာမျှညည်းညူသံ၊ ဆူပူသံမကြားရဘဲ လင်မယားနှစ်ယောက်သား အေးငြိမ်းစွာပင် အိပ်ရာထဲဝင်ခွေနေကြ၏။ (တွဲ လည်းတွဲမိတဲ့ လင်မယားပါပေ။) နောက်ဆုံး၌ကား မနေနိုင်သောအိမ် နီးချင်း များက မယားနှင့်ကလေးတွေသနား၍ ဘယ်တော့မှပြန်မရသော ဆန်ချေးခြင်း ဖြင့် သူတို့၏ ဗိုက်မှောက်ပြဿနာကို ဖြေရှင်းပေးရသည်သာ ဖြစ်၏။

ကိုမြတ်သာ ကျွန်တော်နှင့်တွဲမိသည်၏ နောက်ပိုင်း၌ကား သူတို့ အငတ်ပြဿနာ မပေါ်ပေါက်တော့ပေ။

၁၉၄၆ ခုနှစ်၊ ကျွန်တော် မြင်းလှည်းအလုပ်ဖြုတ်၍ သူနှင့်ခွဲခွာသော အခါတွင် သူ့မှာ မြင်းတစ်ကောင်စာ အရင်းအနှီးကျန်ခဲ့သည်။

ဂျပန်အပြေး ၁၉၄၅ ခုနှစ်၊ မတ်လနှင့် ဧပြီလအကြား ရန်ကုန် မင်းမဲ့တိုင်းပြည် ဖြစ်ချိန်၌ ဟုမ်းလမ်းရှိ ဂျပန်ဆောက်လုပ်ရေးအဖွဲ့ပိုင် သစ်တွေ ကျွန်တော့်မြင်းလှည်းနှင့်တိုက်ကာ ကိုမြတ်သာ၏တဲပုတ်ကိုဖျက်ပြီး သူ့နေရာ တွင် သစ်သားအိမ်ဆောက်စဉ်က ကျွန်တော်တို့နှစ်ယောက် စပ်တူပိုင်ဟု စကားရှိခဲ့သည့်အတိုင်း ကျွန်တော်ရန်ကုန်မှ ထွက်ခွာတော့မည်ဟု ထိုအိမ် ရောင်းတော့ အင်္ဂလိပ်ငွေ ၈၅ဝ ရသဖြင့် သူ့ကို ၄၂၅ ကျပ်ပေးခဲ့သည်။ ဤ ငွေသည် မြင်းတစ်ကောင် ကောင်းကောင်းကြီးရနိုင်သဖြင့် ကိုမြတ်သာအား မြင်းဝယ်ကာ တိုးပွားအောင် အသက်မွေးကျောင်းပြုပေတော့ဟု မှာကြားခဲ့၏။

ထို့နောက် ကျွန်တော်သည် ပေါင်းတည်နှင့်မန္တလေး ဆန်ကုန်ကူးနေ ခဲ့၍ တစ်ကြိမ်သောအခါ ကျွန်တော် မန္တလေးမှအပြန် ရန်ကုန်ဝင်ခဲ့သည်၌ ကိုမြတ်သာ၏သတင်းကို ကြားရသည်။

www.burmeseclassic.com

"ကိုကြင်ဆွေ ပြောခဲ့သည့်အတိုင်း သူမြင်းတစ်ကောင်ဝယ်ပါတယ်။ ဒါပေမဲ့ မြင်းရတဲ့နေ့ကစပြီး သူဌေးစိတ်ပေါက်ပြီး သူကိုယ်တိုင်မမောင်းဘူး။ မြင်းမွေးသိမ်းဖို့ကအစ သူ တရင်းငှားတစ်ယောက် ငှားတယ်။ သူက ရတဲ့ပိုက်ဆံနဲ့ စတိုင်ကျကျစားတယ်၊ သောက်တယ်(ကိုမြတ်သာသည် အရက်လည်း အင်မတန်ကြိုက်လှ၏။) နောက်ဆုံးတော့ လက်ထဲငွေကလေး နည်းနည်း ကိုင်မိတာနဲ့ ဖဲရိုက်ပစ်လိုက်တာ အဲဒီမြင်းကလေးပါ ပြုတ်ကရော။ သူ့လက်ထဲ ၃ လလောက်ပဲ ခံလိုက်ပါတယ်။ အခုတော့ ရန်ကုန်မှာ စားစရာ မရှိဖြစ်ပြီး သူ့မယားရွာဆိုလား သူ့ရွာဆိုလား၊ တောပြန်ပြေးလေရဲ့"

၁၉၄၇ ခုနှစ်၊ ကျွန်တော်အရေးဆရာဖြစ်ပြီး ရန်ကုန်ပြန်လည် ဆိုက်ရောက်သောအခါ ကိုမြတ်သာအား သူများမြင်းလှည်းမောင်းနေသည်ကို တွေ့ရပြန်သည်။ သူ့သားမယားအကြောင်း မေးကြည့်သောအခါ မယား မသင်းနှင့် သားငယ်ကလေး မောင်မြစိန်ဆုံး၍ သားအကြီးဆုံး မောင်စံသိန်း အား မွေးစားမည့်သူကိုပေးခဲ့ပြီး သူတစ်ကိုယ်ရေ တစ်ကာယပဲ ရန်ကုန်ပြန် လာခဲ့ကြောင်း။

၅၂၊ နောက်ပိုင်း ကိုမြတ်သာနှင့်ကျွန်တော်သည် လူချင်းအလုပ်ချင်း ကွာခြားသွားသော်လည်း မကြာခဏ ကျွန်တော်နှင့်တွေ့၍ စာအုပ်များတောင်း ဖတ်သည်။ ကျွန်တော့်ဝတ္ထုများတွင် ဘယ်အပုဒ်က ဘယ်အကြောင်းကို သူ ဘယ်ဂျာနယ်ကဖတ်ခဲ့ရကြောင်း ပြောပြသည်။ ကျွန်တော့်ဝတ္ထုများမှာ မြင်း လှည်းသမားဘဝကရေးခဲ့သော အကြောင်းအရာများကို အဆင်သင့်သလို ထည့်သုံးထားသည်။

ကိုမြတ်သာကို လူချင်းခင်မင်ရင်းနှီးခဲ့ရ၍ ကျွန်တော့်အလုပ်နှင့်နီးစပ် အောင် သူ့အား စာစီစာရိုက်သင်ပါလားဟု ကျွန်တော်တတ်နိုင်သည့်ဘက် ကို ပြန်ပြသည်။ သို့သော် ကိုမြတ်သာသည် အင်မတန် ပျင်းသူဖြစ်သည့် အတိုင်း ဒီလောက်ပင်ပန်းသောအလုပ်ကို မလုပ်လိုဟု ငြင်းဆိုသည်။ မြင်း လှည်းမောင်းပေးရန်သာ ပူဆာသည်။ ကျွန်တော်က "ဒီတိရစ္ဆာန်နှင့် လုပ်ရ သောအလုပ်ကို မောပါပြီဗျာ" ဟု ရေးရတာပင် ရင်နှင့်လှ၏။

၁၉၅၁ ခုနှစ်၊ ကျွန်တော် အထက်ဗမာပြည်သို့ ခရီးထွက်နေပြီး

www.burmeseclassic.com



ပြန် လာသောအခါတွင် ကိုမြတ်သာ သူ့ကိုယ်သူ သတ်သေလိုက်ပြီဖြစ်ကြောင်း ကြားရသည်။ အကြောင်းကတော့ ဤမျှဖျင်းသူ့ဖျင်းသူ့ကို သူငယ်ချင်းရယ်လို့ အိမ်လက်ခံထားရပြီး သူ့အား မြင်းလှည်းမောင်းခိုင်းရရာတွင် အစစအရာရာ ပေါ့လျော့ရုံမက သူ့စွတ်ပွင်းမှုကြောင့် မြင်းလှည်းကျိုး၍ မြင်းလည်း ဒဏ်ရာရသည်၌ ပိုင်ရှင်ကသူ့ကို တော်တော်ပဲ တောက်တီးမြည်တွန်လိုက်သည်ဆို၏။ ဒါကို ဝမရှိဘဲ ဝိလုပ်ကာ မာနကြီးသောကိုမြတ်သာက မဟာ အရှက်တော်ရပြီး သူ့ကိုယ်သူ အဆုံးစီရင်လိုက်သတည်း။

ကျွန်တော် တစ်စက်ကလေးမျှ ဝမ်းမနည်းပါ။ "အင်း လူဖျင်းလူဖျင်းတို့ ထွက်ရပ်လမ်းပဲ" ဟူ၍သာ မှတ်ချက်ချလိုက်ပါ၏။

ကဲ ဆန့်ကျင်ဘက် စံနမူနာယူထိုက်သူ၏အကြောင်းကို ဖော်ပြပြီးနောက် ကျွန်တော်၏ကျိုးလန့်တစားဘဝက တစ်ကွက်သော အချစ်ဇာတ်လမ်းကလေးကို ရေးသားပါရစေ။

၁၉၄၅ ခုနှစ်ဆန်းစ ဂျပန်ပြေးရခါနီး နောက်ဆုံးအကြိမ် မြင်းသိမ်းအမိန့်တော်ကြီးကြောင့် ကျွန်တော်၏ချစ်စွာသော မြင်းမ 'လှလှကြည်' သည် ဖော်ပြပါ လှပဒါးရွာတွင် ဦးလေးထွန်းရင်၏အိမ်နောက်ဖေး ငှက်ပျောချောင်တွေအကြား၌ တုံးလုံးလဲ၍ သေပွဲဝင်ရရှာသည်။

အဖြစ်ကဆိုးသည်။ ဤအကြိမ် မြင်းသိမ်းအမိန့်သည် ဓါတ်ပိုင်းလို ၃ ရက်လောက်က ကြိုမထွက် နက်ဖြန်နံနက် ပြရမှာကို ယနေ့ညနေမှကြားသိရသည်။ ကျွန်တော်သိရတော့ ည ၈ နာရီကျော်နေပြီ။ ထိုနေ့ ၁၂ နာရီမွန်းတည့်ခန့်ကို မြင်းလှည်းထွက်သွားရာက အော်ဒါကောင်းရသဖြင့် အိမ်ပြန်ညဥ့်နက်၏။ မြင်းမကိုလည်း မောင်းချိန်ရောခိုင်းအားပါ ပိုပါသွားသည်။ တစ်ရက်တည်း နေ့တွက်နှစ်ရက်စာ ရလိုက်သည်ဖြစ်၍ ကျွန်တော်၏ ချစ်လှစွာသော လှလှကြည်ကို နောက်တစ်နေ့ နေ့အားပေးမည်ဟု စိတ်ကူးရင်းရှိခဲ့သည်။

သို့သော် မတတ်သာပြီ။ သန်းလွဲနှစ်နာရီခန့်က လှည်းတပ်၍ မိုးမလင်းမီ ရန်ကုန်မြို့ပြင်ရောက်အောင် မောင်းခဲ့သည်။

လှလှကြည်သည် မြင်းမကောင်းဖြစ်၍ မည်မျှပင်ပန်းစေကာမူ

www.burmeseclassic.com

www.burmeseclassic.com



ခြေမကျ။ ဒါကို ကျွန်တော်က ငါ့မြင်းမ ဘာမှမဖြစ်ပါဘူးဟု အခြားမြင်းလှည်းသမားနည်းတူ ခေတ္တမျှသာ အနားယူခြင်းပြုပြီး မော်ဘီသို့ မွန်းမတည့်မီရောက်အောင် မောင်းခဲ့သည်။

မြင်းလှည်း၏နိုင်းအားကို ဖော်ပြထားရဦးမည်။ မြင်းတစ်ကောင်ကို နေ့ဝက်သာခိုင်းရ၏။ မနက်မြင်းကို နံနက် ၆ နာရီထွက်လျှင် မွန်းမတည့်မီ ပြန်ဖြုတ်၊ နေ့မြင်းကို နေ့ခင်းတစ်နာရီလောက် ထွက်လျှင် နေဝင်ချိန်ပြန်ရ၏။ ယနေ့ နေ့ခင်းမောင်းထားသော မြင်းကိုလည်း နက်ဖြန်နံနက်ထွက်မောင်းခြင်းမပြုရချေ။ သူ့ကို ပြည့်စုံသောနားချိန် ပေးရ၏။

ယခု လှလှကြည်မှာ မနေ့က မွန်းတည့်လောက်ထွက်၊ ည ၈ နာရီလောက်မှ အိမ်ပြန်ရောက်ပြီး တစ်ဖန် သန်းလွဲ ၂ နာရီခန့် ပြန်တပ်သည်ဆိုတော့ အင်မတန် တရားလွန်နေပါသည်။ နို့ပြီး မောင်းရတာကလည်း ခရီးရှည်၊ မော်ဘီမက လှပဒါးရွာဆိုတော့ နှစ်မိုင်ခွဲလောက် ပိုနေသေးသည်။

ထို့ကြောင့် လှလှကြည် ခြေကုန်လက်ပန်းကျကာ အပူရှပ်ပြီး သေပွဲဝင်ရခြင်းဖြစ်၏။ လမ်းမှာမလဲဘဲ လိုရာရောက်မှဖြစ်ရသည်ပင် တော်သေး၏။ လှလှကြည်သည် ယခင်ကလည်း ဤနည်းဖြင့် ဤရွာရောက်ခဲ့ဖူး၍ သူ့စိတ်မှာဘယ်သွားသည်ဟုသိရှိပြီး မရောက်မချင်း စိတ်တင်းထားဟန်တူပါ၏။ အသိဉာဏ်နှင့် သတ္တိရှိသည်ကို ကျွန်တော်ယုံသည်။

လှလှကြည်သည် တက်တိုးလောက် ခြေမိုက်ခြေစွာမရှိသော်လည်း ဒေါက်အလျားပိုကောင်းပြီး ခေါင်းထောင်လည်မော့ လှပကြော့ရှင်း၏။ သွားပုံ၊ လာပုံ၊ ဣန္ဒြေရ၍ ကျက်သရေရှိ၏။ အမွေးရောင်မှာ ပေါင်းဝက်စိမ်းဖြစ်၍ ဝိုပြည်တောက်ပ၏။

ဤအကြိမ်၌ ကျွန်တော့်လက်ထဲတွင် ဤမြင်းမတစ်ကောင်သာရှိရာ ဒါဖြင့်အသက်မွေးရသူ၏ ဘဝဇာတ်လမ်းတစ်ထောင့်မှာ ရင်အောင့်စရာဖြစ်သေ၏။ ထိုပြင် လှလှကြည်မည်သော ဤမြင်းမ၏နာမည်ကလေး....။

* * *

ကျွန်တော့်ရည်းစားပျောက်လို့ရှာ တွေ့ကြရင်လည်းပြောကြပါ၊

www.burmeseclassic.com

www.burmeseclassic.com



မှတ်မိတာလည်း အသေအချာ၊ ပါးစပ်မှာ သွားလည်းပါ။

ဤသီချင်းတစ်ပုဒ်လုံးကို ကျွန်တော် ဒါပဲရလိုက်၏။ သူ့မူရင်းအားလုံးမှာတော့ ထိုမိန်းကလေးတွင် မျက်လုံးနှစ်လုံး၊ နားရွက်နှစ်ခုလည်းပါကြောင်းတို့ကို ဖွဲ့ဆိုထား၏။ တေးသွားရှင်၍ ဟာသဂုဏ်မြောက်ကာ လူတိုင်း၏နှလုံးကို ရွှင်ပြုံးစေ၏။

"ပါးစပ်မှာသွားလည်းပါ" ဆိုလိုက်သောအခါ၌ သွားကျိုးနေသော အဘွားကြီးတစ်ယောက်ကပင် "ဟဲ့...ဒီလိုဆိုတော့ ငါမဟုတ်ဘူးပေါ့ဟဲ့" ဟု ပြက်လုံးထုတ်လိုက်၏။

ဂျပန်ခေတ် ၁၉၄၄ ခုနှစ်၊ ဆရာမဒေါ်ရွှေကြည် (ဘီ–အေ–ဘီ–အီး–ဒီ)၏ ကလေးကင်ပွန်းတပ်ပွဲတွင် စမ်းချောင်းတီးဝိုင်းအဖွဲ့က ညှော်ခံသော သီချင်းဖြစ်သည်။

ဆရာမဒေါ်ရွှေကြည်၏ တပည့်ဟောင်းများလာကြလေရာ ထိုသီချင်းသံကွန့်မြူးနေစဉ်ဝယ် ရုပ်ရည်ချောမော၍ အထူးသဖြင့် သွားများလှသော မိန်းမပျိုလေးတစ်ယောက်ကို တွေ့ရသည်။ ထို့ကြောင့် "ပါးစပ်မှာသွားလည်းပါ" ဆိုသောအပိုဒ်ကို ကျွန်တော် ကောင်းကောင်းကြီး မှတ်မိနေခြင်းဖြစ်သည်။

ထိုညှော်ခံပွဲတွင် ကျွန်တော့်အား မည်သူမျှ ဂါလီဝါလား မြင်းလှည်းသမားကလေးဟု (မသိကြ) တွေးထင်နိုင်ကြမည် မဟုတ်ချေ။ ကျောင်းသားဘဝက လက်ကျန်ဘန်ကောက်လုံချည်ကလေးနှင့် ပိုးအပေါ်ဖုံး အင်္ကျီအနက်ကလေးကို ဝတ်ထားသည်။ အသက်အရွယ်ငယ်ငယ်နှင့် နုနယ်တုန်းပင်ဖြစ်သည်။

ယင်းညှော်ခံပွဲတွင် ဤမိန်းကလေးနှင့်ကျွန်တော် မျက်မှန်းတန်းမိကြပြီးနောက်၊ မကြာမီ သူကလေးအား မြင်းလှည်းတစ်စီးပေါ်တွင် နောက်ပိုင်းခြေတွဲလွဲလေးချ စီးသွားသည်ကိုမြင်ရ၍ ကျွန်တော့်မြင်းလှည်းနှင့် အမြန်မောင်းနှင်လိုက်ကာ လှည်းချင်းကပ်မိသည်၌ ကျွန်တော်က....

"ကျွန်တော့်ရည်းစားပျောက်လို့ရှာ၊ တွေ့ကြရင်လည်းပြောကြပါ၊ မှတ်မိတာလည်း အသေအချာ၊ ပါးစပ်မှာသွားလည်းပါ" ဟူသောအပိုဒ်

www.burmeseclassic.com

www.burmeseclassic.com



ကလေးကို ဆိုလိုက်သောအခါ သူကလေးသည် ကျွန်တော့်ကို ချက်ချင်းမှတ်မိသောအမူအရာဖြင့် လှပသောသွားလေးများကို ထပ်၍ပြုံးလိုက်ပါသည်။

ထို့နောက် ဆရာမဒေါ်ကြည်ရွှေနှင့် ကျွန်တော် တွေ့သောအခါတွင်....

"ဟော့...မောင်ကြင်ဆွေ၊ လှလှကြည်ကတော့ မင်းကို တော်တော်စိတ်ဝင်စားနေတယ်ကွယ့်..."

"ဟင်...လှလှကြည်ဆိုတာ ဘယ်သူလဲ ဆရာမ..."

"ငါ့ကလေး ကင်ပွန်းတပ်တုန်းက မင်းမျက်စိကျနေတဲ့ ကောင်မလေးကွာ၊ ငါ မြင်ပါတယ်ကွ..."

ထိုအချိန်၌ ကျွန်တော် အိမ်ထောင်ကျနေပြီဖြစ်ကြောင်း ဆရာမ မသိချေ။

"ဟင်...သူက စိတ်ဝင်စားမှန်း ဆရာမဘယ့်နှယ်လုပ်သိလဲ..."

"မင်းက ဟိုနေ့က သူစီးသွားတဲ့ မြင်းလှည်းနောက်က မင့်လှည်းမောင်းလိုက်ပြီး သီချင်းဆိုတယ်ဆို။ မင်းကိုလည်း ဒီကောင်လေး မြင်းလှည်းသမားဖြစ်နေတာ အံ့ဩတယ်၊ သနားစရာလေးတဲ့..."

ဟုတ်ပါသည်။ ထိုအချိန်၌ လှလှကြည်နှင့် ကျွန်တော်မှာ ကောင်မလေး၊ ကောင်ကလေးများသာ ဖြစ်ကြသေးသည်။ သူ့အသက် ၂၀ မျှ ရှိဦးမည်။

ထိုမှစပြီး လှလှကြည်နှင့် ကျွန်တော်သည် မိတ်ဆွေဖြစ်သွားကြသတည်း။ ခရီးသွားစရာရှိလျှင် ကျွန်တော့်လှည်းကို ရွေးစီးသည်။ စင်းလုံးအော်ဒါဆိုလျှင်လည်း ကျွန်တော့်လှည်းကိုပဲ ခေါ်သည်။

တစ်ချိန်သောအခါဝယ် လှလှကြည်သည် ကြည့်မြင်တိုင် သူတို့နေအိမ်မှ ကန်ဘဲ့ရှိ သူတို့အဘွားအိမ် ခေတ္တပြောင်းရွှေ့နေရမည်ဖြစ်၍ ကျွန်တော့်လှည်းပေါ်တွင် သူ့ပစ္စည်းများတင်ကာ သူနှင့်ကျွန်တော်သည် နှစ်ယောက်တည်း သွားကြသည်။ သူ့မှာ ကြောင်ပလေးတစ်ကောင် ပါလာသည်။

ကြည့်မြင်တိုင်နှင့် ကန်ဘဲ့ခရီးကို မြင်းလှည်းသည် တစ်ကြိုးတည်း မမောင်းနိုင်။ ခရီးဝက်မှာ ခေတ္တနားရမည်ဖြစ်သောကြောင့် ကုက္ကိုင်းလမ်း

www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာဝယ် (အတိအကျ မမှတ်မိတော့ပြီ) ကုက္ကိုပင်ကြီးအောက်၌ မြင်းလှည်းကိုရပ်လိုက်၏။

ကျွန်တော်သည် အောက်ဆင်း၍ မြင်းဘေးရပ်ကာ လေချွန်လျက် မြင်းကို ဆီးတည်နေစဉ်....

"အမယ်လေး...ကိုကြင်ဆွေ လုပ်ပါဦး၊ ကြောင်ကလေး ခုန်ချပြေးပြီ" ဆိုသံကြား၍ ကြည့်လိုက်သော် သူ့ကြောင်မလေးသည် လမ်းဘေးရှိ ခြံဝင်းကြီးထဲသို့ဝင်ပြေးသည်။ ထိုခြံဝင်းထဲရှိတိုက်အိမ်မှာ ဂျပန်များနေကြသည်။ ထိုအိမ်နံဘေးမှာ ဂိုဒေါင်တန်းလျားရှည်ကြီး ဆောက်ထားသည်။ ဝပါးကျိုသဖွယ် အဆင့်နှင့်ဖြစ်၍ အမြင့်မှာ လူလေးဘက်တွားသွားနိုင်ရုံ ဖြစ်သည်။ ကြောင်ကလေးသည် တန်းတန်းမတ်မတ်ပင် ၎င်းဂိုဒေါင်အောက် ဝင်ပြေးသည်ဖြစ်၏။ နောက်မှပြေးလိုက်သွားကြသော လှလှကြည်နှင့် ကျွန်တော်လည်း နှစ်ယောက်ပြိုင်တူ ထိုဂိုဒေါင်အောက် လေးဖက်ထောက် ဝင်ကြတော့၏။ ဂိုဒေါင်အလယ်ရောက်လေ မှောင်လေဖြစ်သဖြင့် ကြောင်ကလေးကို မျက်ခြည်ပြတ်သွားလေပြီ။

"စီစီမာ...လာ...မာမှီဆီလာ–ဘယ်မှာလဲ စီစီမာရယ်"

လှလှကြည်သည် ကြေကွဲတသသော အသံကလေးနှင့် ဟိုဟိုဒီဒီ လေးဖက်ထောက်လျှောက်ရင်း အကြိမ်ကြိမ်ခေါ်သည်။ သို့သော် ကြောင်ကလေး၏ပြန်ထူးသောအသံကိုလည်း မကြားရ၊ တွေ့လည်းမတွေ့တော့ချေ။

ကျွန်တော်သည် လှလှကြည်ဘေးကပင် လေးဖက်ထောက်၍ နှစ်ယောက်ယှဉ်ကာ လိုက်သွားသည်။ အမှောင်ထုဖြင့် လူချင်းမှာ ဝါးဝါးသာမြင်ရလျက် သူ့ကိုယ်ရနံ့သာ ကျွန်တော့်နှာခေါင်းမှာ ကြိုင်ထုံနေသည်။

မှောင်ကြီးမဲထဲ၌ ကြောင်အတွက် စိတ်ဇောဖြင့် ပါးစပ်က တစာစာခေါ်ရင်း လေးဖက်ထောက်လျှောက်၍ တော်တော်ကြီးမောသွားမှ လှလှကြည်သည် ကြောက်ရမှန်းသတိရလျက် "ဟင်...ကိုကြင်ဆွေ ကျွန်မအနားမှာ ရှိရဲ့လား..."

"ရှိပါတယ်" ဟု အသံပြုကာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြတော့မှ ကျွန်တော်တို့၏ အရောင်လက်သော မျက်လုံးနှစ်စုံ ဆုံမိကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ကျွန်တော့်ရင်ထဲမှာ တဒိတ်ဒိတ်ခုန်လာသည်။ သူလည်း ထို့အတူ နေလိမ့်မည်သာ....။

တစ်ဦးကိုတစ်ဦး စေ့စေ့ကြည့်ကြ၍ ခေတ္တမျှစကားပြတ်နေပြီးမှ....

"ဟင်...မှောင်လိုက်တာ ကိုကြင်ဆွေ..."

"ဟုတ်တယ် လှလှကြည်..."

"ကျွန်မကြောင်လေးတော့ ပြန်ရတော့မှာမဟုတ်ဘူး...ကျွန်မသိပ်ချစ်တာပဲ..."

"ဒါပေမဲ့ ဒီအောက်မှာ ကြာကြာနေလို့ မကောင်းဘူး၊ ဒါ ဂျပန်တွေနေတာ..."

"ဟင်...ဟုတ်ရဲ့လား၊ အမယ်လေး လာ...လာ...မြန်မြန်ထွက်မှပဲ"

သူကရှေ့က၊ ကျွန်တော်ကနောက်မှ အမြန်လေးပဲ ခိုးထွက်ကြတယ်။

အပြင်ရောက်၍ မတ်တတ်ရပ်လိုက်ကြသော် ဂျပန်တစ်ယောက် ပက်ပင်းတိုးနေသဖြင့် ကျွန်တော်တို့မှာ မျက်လုံးပြူး၍ ပါးစပ်အဟောင်းသားဖြစ်သွားကြသည်။

သို့သော် တော်ပါသေး၏။ ထိုဂျပန်မှာ စစ်သားမဟုတ်၊ ကုန်သည်ပိုင်းမှ ယဉ်ကျေးသူဖြစ်၍ အတော်မြန်မာရည်လည်နေရကား ကျွန်တော်တို့နှစ်ယောက်ကို စေ့စေ့ကြည့်ပြီး ပြုံးကျဲကျဲမျက်နှာနှင့်....

"ဟစတာ ဖြင်တယ်၊ ရည်းစား ဒီမှာလာတွေ့ကြတယ်၊ ကောင်းတယ်ကား" ဟု ဆိုလိုက်သဖြင့် ကျွန်တော်တို့မှာ သူ့ကို မည်သို့မျှ မထုချေတော့ဘဲ ခေါင်းငိုက်စိုက်နှင့် လစ်ခဲ့ကြတော့သည်။

ကျွန်တော်တို့ကိုယ်များမှာ ပင့်ကူမြွေးတွေ၊ ချွေးတွေ၊ ဖုန်တွေနှင့် အဝတ် များလည်း နွမ်းကြေညစ်ပတ်နေကြသည်။

ဂျပန်ကား ကျွန်တော်တို့ကိုကြည့်ကာ ကျယ်လောင်စွာရယ်၍ ကျန်ရစ် ပေ၏။

ကျွန်တော်တို့ ခြင်းလှည်းပေါ်သို့ရောက်သော် တစ်ယောက်ကို တစ်ယောက် ဘာမျှမပြောနိုင်ကြသေးဘဲ ခြင်းကိုသာ အမြန်မောင်းခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အတော်ကြာမှ လှလှကြည်မျက်နှာ ပြန်ကြည့်လိုက်သော် မျက်ရည်စများမြင်ရ၍....

"ဟင်...မငိုပါနဲ့ကွယ်..."

"ကျွန်မကြောင်မလေး ဒုက္ခရောက်တော့မှာပဲ"

"ဘာ ရောက်မလဲ အဲဒီဂိုဒေါင်ထဲမှာ ကြွက်ချည်းနေမှာပဲ၊ သူ့အဖို့ ဇိမ်ပေါ့"

"ကျွန်မ သူ့ကိုသိပ်ချစ်တာပဲ၊ ညဆို အတူအိပ်တာ"

"ကျွန်တော် ကြောင်အစားရှာပေးပါ့မယ်လေ"

"ဒီအမွေး၊ ဒီအရောင်မျိုးက သိပ်ရှားတာ"

"အို ကျွန်တော်တွေ့ထားတာ ဒီအမွေး၊ ဒီအရောင်၊ ဒီအရွယ်မျိုး အသင့်ရှိပါတယ်"

ဟုတ်လည်းဟုတ်ပါတယ်။ ကိုမြတ်သာ၏ကြောင်၊ သို့သော် အမမဟုတ်၊ အထီးဖြစ်နေ၏။

ထိုကြောင်ကိုပင် နောက်တစ်နေ့ ကျွန်တော်သွားပေးသောအခါ လှလှ ကြည်သည် ကျေနပ်ဝမ်းသာစွာ ယူလိုက်၏။

ယင်းသို့ ဂိုဒေါင်အောက် လေးဖက်အတူရောက်ခဲ့ပြီး နိပွန်မာစတာ၏ သမုတ်ခြင်းကိုခံရပြီးနောက်၌ လှလှကြည်ကို ကျွန်တော် အစွဲလမ်းကြီး စွဲလမ်းကာ ဖော်ပြပါမြင်းမကို သူ့နာမည်ယူ၍ မှည့်လိုက်ခြင်းဖြစ်ပါသည်။

တစ်ရံခါသော် ထိုမြင်းမနှင့် လှည်းပေါ် လှလှကြည်ပါလာစဉ် ကိုမြတ် သာက မြင်းမအား ဤနာမည်ထုတ်ဖော်၍ မောင်းလေရာ လှလှကြည်သည် မျက်လုံးကလေးဝိုင်းလည်၍ ကျွန်တော့်ကိုကြည့်ကာ....

"ဟင် ကိုကြင်ဆွေ့မြင်းမ နာမည်ကလဲ"

ကျွန်တော်တို့ အင်္ဂလိပ်ဘာသာနှင့်....

"မင်းနာမည် ယူမှည့်တာပဲ" သူကလည်း (မျက်လုံးကလေး တောက်ပကာ) အင်္ဂလိပ်ဘာသာဖြင့်....

"ဘာကြောင့်...ရှင့်နာမည်ကော ဒီလိုတိရစ္ဆာန်ယူမှည့်ရင် စိတ်ဆိုးမှာလား"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်သဘောကျလို့ မှည့်တယ်ဆိုရင် ဝမ်းတောင်သိပ်သာပစ်လိုက်ပါတော့"

"ဒါဖြင့် သာတော့၊ အရင်ရှာလာပေးတဲ့ ကြောင်ကလေးနာမည်ပဲဟာလေ..."

တောက်ပသောမျက်လုံး၊ ရွှင်ပြသောအပြုံးကလေးနှင့် အထူးသဖြင့် လှပသော သွားကလေးတွေဖော်ကာ သူ့စကားကို ရပ်ပစ်လိုက်ပါသည်။

* * *

ယခုကား ကျွန်တော် အစွဲလမ်းကြီးစွဲလမ်းခဲ့သော နာမည်ပိုင်ရှင် မြင်းမ လှလှကြည်သည် ဂျပန်၏ရန်ကို ရှောင်ရင်းဖြင့် မော်ဘီလှပဒါးရွာမှာ သေဆုံး ရသည်။

မြင်းတစ်ကောင်တည်းဟူသော ပစ္စည်းဥစ္စာ ဆုံးရှုံးရသည်ထက် ကျွန်တော့်စိတ်ကို ပို၍ထိခိုက်သည်မှာ လူမ လှလှကြည်သည် မြင်းမ လှလှကြည်ထက် အလျင်စောစွာ သေဆုံးပြီးသောကြောင့် ဖြစ်ပါသည်။

လှလှကြည်တို့ရပ်ကွက် ဗုံးကျသည်သိရ၍ လေကြောင်းရန်အေးကြောင်း ဥသြဆွဲလျှင်ဆွဲခြင်း မြင်းလှည်းကို အမြန်မောင်း၍ ရပ်ဆင်းပျက်နေသော လှလှကြည်အလောင်းကို ကျွန်တော် ယုယစွာ ထွေးပိုက်လိုက်ရသေးသည်။

ယခု မြင်းမလှလှကြည် အလောင်းကိုကား နောက်ထပ် မြင်းတစ်ကောင်ဝယ်ဖို့ ရသမျှအသားဖိုးကလေးယူရန် ကိုမြတ်သာတို့ဖျက်နေစဉ် ကျွန်တော် လက်ဖျားနှင့်မှ မထိလိုက်ဘဲ သူတို့လုပ်တာကိုသာ ငေးငိုင်နေမိသည်။

ဤတွင်....

"သတ္တဝါမှန်သမျှ သေမျိုးချည်းပေါ့ ကိုကြင်ဆွေရာ" ဟု နောင်တွင် သူ့ကိုယ်သူသတ်သေမည့် ကိုမြတ်သာက အရက်မူးမူးနှင့် ကျွန်တော့်ကို တရားချလိုက်သေး၏။

◆

www.burmeseclassic.com

www.burmeseclassic.com

## ဗိရှေနီ

လက်ဖက်ရည်ဆိုင်ရှေ့ ကုက္ကိုပင်ကြီးအောက်၌ ချည်ထားသော ဗိရှေနီကို ကြည့်ကာ ကျွန်တော့်မှာ လက်ဖက်ရည်ဖျော်ရင်း စိတ်မောလှမော ဖြစ်ရပါသည်။

သူ့နာမည်က (ယခုဖော်ပြနေသည့်) ဗိရှေနီ။ သို့သော် ထိုအချိန်ထိုအခါက မိတ်ဆွေ ကျွန်တော့်လက်ဖက်ရည်ဆိုင်ရှေ့ရောက်၍ ထိုမြင်းမကို မြင်ရပါလျှင် "ဘယ့်နှယ်ကွာ ဒီမြင်းမ မွဲခြောက်ခြောက်များ ဗိရှေနီရယ်လို့ပဲ။ အနိမ့်ဆုံးကလေး တစ်ပင်တလေပါ ငါ မပြောပါဘူး" ဟု ဆိုချိမ့်မည်။ မှန်ပါ၏။ ထိုစဉ်က ကျွန်တော့်မြင်းမလေးမှာ ပကတိ စဲသီးခြောက်ရောင် မွဲဟောက်ဟောက် ညစ်ထေးထေးတည့်။

စင်စစ် သူ၏အမွေး မူမှန်မဟုတ်ချေ။ ရောဂါစွဲကပ်၍ အသွေးအရောင် ပြောင်းနေခြင်းဖြစ်ပါသည်။ သူ့ရောဂါမှာ ဆီးဝမ်းမမှန်၊ အစာကောင်းစွာမစားနိုင်ဘဲ အားအင်ချည့်နဲ့ကာ မျက်ရည်တဝေဝေ၊ မျက်ချေးတပေပေနှင့် ခြေလေးချောင်းတွေတွေရပ်လျက် ငေးငိုင်၍သာနေပါသည်။ (နေထိုင်ကောင်းသောမြင်းသည် ခြေသုံးချောင်းသာ ထောက်ရပ်သည်။ နောက်ခွာတစ်ဖက်ဖက်ကို အဆစ်ခေါက်၍ အဖျားကောက်ထား၏)

သူသည် ကျွန်တော်၏မြင်းလှည်းသမားဘဝ တစ်သက်တာတွင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုယ်ပိုင် ပထမဆုံးသော မြင်းမဖြစ်ပါသည်။ သို့သော် ကျွန်တော် ကိုင်သော စတုတ္ထမြောက်ဖြစ်၏။ အစဦးသုံးကောင်မှာ ယောက္ခမကြီး၏ မြင်းများတည်း။

(၁) နက်ကြုတ်၊ (၂) မေရီ၊ (၃) တောက်ထွန်း။

အစဉ်အတိုင်း ကျွန်တော်မောင်းနှင်ခဲ့ရသော မြင်းများဖြစ်ပါသည်။

ကျွန်တော်သည် 'မယားနေစ ကြောင်သေမှ' မဟုတ်။ 'မြင်းသေရ' သူဖြစ်၏။ မယားရစ ယောက္ခမမျက်နှာသာကြည့်၍ ငွေရှာလိုက်ရာ မကြာမီ နက်ကြုတ်ခမျာ ပျက်စီးရရှာလေ၏။ ထို့နောက် မေရီကိုဝယ်၏။

မေရီလည်း နက်ကြုတ်အတိုင်းပင် ကျွန်တော့်လက်ချက်ဖြင့် တစ်စ တစ်စ ကျဆင်းသွားသောအခါ၌ နေ့တွက်မကိုက်တော့၍ နောက်တစ်ကောင် တောက်ထွန်းကို ဝယ်ရပြန်၏။

ဤသုံးကောင်တွင် တောက်ထွန်းသည် အကောင်းဆုံးဖြစ်၏။ အလုံး၊ အလျား၊ ဒေါက်၊ အားကောင်းသော မြင်းသိုးကြီး၊ ၂၂၀ ကျပ်ပေးရပါသည်။

သူ့ကိုဝယ်တုန်းက အရိုင်း။ ကျွန်တော်တို့လက်ထဲရောက်မှ လည်း ကျင့်ယူရပါသည်။ မြင်းတို့မည်သည်မှာ စလျှင်စချင်း တစ်လက်ကိုင်တွင် အလွန်လိမ္မာတတ်၏။ သခင်ကို သခင်မှန်းသိ၏။ အလုပ်တာဝန်ကို ကျေပွန် ၏။

သူ့ကိုမြင်းလှည်းတပ်ချိန်ရောက်လျှင် ကျွန်တော်ဘယ်တော့မှ သူ့ ဇောင်းထဲဝင်ဖမ်းနေရန်မလို။ အဝမှနေ၍ 'အုပ်ခွက်' ပြလိုက်လျှင် သူ့ဘာသာ သူလာ၍ ခေါင်းစွပ်ပေး၏။ (အုပ်ခွက်ဆိုသည်မှာ ပါးချုပ်၊ ဇက်၊ သွားနှင့် မျက်စိကာများတပ်ထားသော မြင်း၏မျက်နှာစွပ် ဖြစ်၏) ကျွန်တော်မှ တစ်ပါး အခြားသူကတော့ ခေါ်မရချေ။

ထို့ကြောင့် ကျွန်တော်သူ့ကို ဟိုအရင်မြင်းတွေထက် ပိုချစ်၏။ နာမည် ကိုမူ ကျွန်တော်ရေးထားသော စုံထောက်ဝတ္ထုထဲမှ ဇာတ်လိုက်နာမည်ကို ပေးခြင်းဖြစ်၏။ အားကောင်း၊ ခြေကောင်း၊ စိတ်ကောင်းရှိ၍ မောင်းရာမှာ လည်း ဂုဏ်ပါဝါရှိလှ၏။ ထို့ကြောင့် ကျွန်တော့်စိတ်တွင် (ယခင်ကထက် လည်း မြင်းလှည်းမောင်းနည်းကို နားလည်ပြီးဖြစ်၍) ဟိုမြင်းတွေတုန်းကလို

www.burmeseclassic.com

www.burmeseclassic.com



အဆမတန် နိုင်းစေခြင်းဖြင့် မပျက်စီးစေရ။ ရေရှည်သုံးသွားရအောင် သက်သက်ညှာညှာ၊ ကြင်ကြင်နာနာ ပြုတော့မည်ဟု နှလုံးပိုက်မိ၏။ သို့သော် စိတ်ကူးမကိုက်၊ ကျွန်တော့်ယောက္ခမသည် ကျွန်တော်ချစ်သော မြင်းကြီးနှင့် ခွဲခွာပစ်ပါလေ၏။

ဤသို့ဟူမူ ထိုစဉ်တွင် ကျွန်တော့်ယောက္ခမမှာ အသက် ၁၆ နှစ်နှင့် ၁၂ နှစ်အရွယ် သားနှစ်ယောက်ရှိလေရာ သူတို့သည် ကျွန်တော်နှင့်မြင်းလှည်းပေါ် လိုက်လာခြင်းဖြင့် မြင်းလှည်းမောင်းတတ်သွားလေပြီ။

ထိုရောအခါ ကျွန်တော့်ယောက္ခမက....

"မောင်ကြင်ဆွေ၊ မင့်ကို တစ်သက်လုံး မြင်းလှည်းမောင်းခိုင်းမထားနိုင်ဘူး၊ တို့အမျိုးတွေ လခစားမျိုးကွယ့်၊ လခစားအလုပ်ကိုပဲ တို့ကြိုက်တယ်၊ ဒီတော့ လခစားအလုပ်ကိုပဲ ရှာပါ၊ ဒီမြင်းလှည်းမောင်းတာတော့ ငါ့သားနှစ်ယောက်နဲ့ပဲ ဖြစ်နေပြီ"

ထိုအချိန်၌ ကျွန်တော်သည် ယောက္ခမ၏စေသည့်ကျွန်၊ ထွန်သည့်နွားပါ။ ယင်းဂျပန်ခေတ်တွင် နိုင်ငံရေးနယ်၌ရှိနေသော ကျွန်တော့်သူငယ်ချင်းတစ်ယောက်ကို ကပ်လိုက်ခြင်းဖြင့် ရလိုက်တဲ့အလုပ်မှာ နည်းတာမဟုတ်ပါဘူးခင်ဗျာ၊ သာယာဝတီမြို့ P.W.D မြူနီစပယ်ရုံးတွင် Head Clerk ခေါ် စာရေးကြီးခင်ဗျာ...စ စချင်း မယဉ်လား။

စာရေးကြီး သမက်တော်ရပြီဖြစ်သော ကျွန်တော့်ယောက္ခမမှာ လွန်စွာမှ ဝမ်းသာလှ၏။ သူ့ပိုးထဘီနှစ်ထည်ကို အထက်ဆင်ဖြတ်ပေး၏။ ကွယ်လွန်သူ သူ့ယောကျ်ား၏ ကုတ်အင်္ကျီနှစ်ထည်ကိုပေး၏။ ရှပ်အင်္ကျီလည်း ပါသေးသည်ထင်၏။ ကျွန်တော့်ယောက္ခမထီးနှင့် ကျွန်တော်မှာ ကိုယ်လုံးကိုယ်ထည်အတူတူပဲ ဟုပြောကြ၏။

"မင်း အခု ဘာမှ မတတ်သေးပေမယ့် အလုပ်ကသင်သွားလိမ့်မပေါ့၊ ကြိုးစားကွယ်...စာရေးကြီးပြီး ဝန်ထောက်ဖြစ်ရမယ်ပေါ့..."

သမက်နှင့်ယောက္ခမ တော်တော်ပဲ တယုတယဖြစ်ခဲ့ကြ၏။

သို့သော်...ကျွန်တော့်မှာ သက်သက် သောက်ရက်ကွဲရခြင်းသာတကား။

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါဗိတ်ဆွေ၊ ကျွန်တော့်လို အင်္ဂလိပ်-မြန်မာ ၁၀ တန်းမျှ မအောင် သောအကောင်သည် ဟိုအင်္ဂလိပ်ခေတ်တုန်းကဆိုလျှင် လခမဲ့သော အကူ စာရေးတောင် လုပ်ရဖို့ခက်သည်မဟုတ်တုံလော...။ အခု ဒါရိုက်ဟစ် စာရေးကြီးအဖြစ်နှင့်ကြွလေတော့ ဟိုရုံးက ဝန်ထောက်သည်လည်းကောင်း၊ အိုဗာ စီယာများသည်လည်းကောင်း၊ စာရေးများသည်လည်းကောင်း၊ ကျွန်တော့်အား ဟသာအုပ်ထဲရောက်နေသော ကျီးကန်းသဖွယ် ဆက်ဆံကြ ကုန်သည်။

ဝန်ထောက်သည် သူ့လက်အောက်တွင်လုပ်ရမည့် ကျွန်တော်စာရေး ကြီးခများအား မေးခွန်းအမျိုးမျိုး ထုတ်လေသည်။

ဘယ်နှစ်တန်းအောင်လဲ။

ဘယ်ရုံးမှာ ဘာလုပ်ခဲ့ဖူးသလဲ။

ဒီမလာခင် လက်ရှိအလုပ်က ဘာလဲ။

ဘယ်ရုံးမှ မလုပ်ခဲ့ရပါဘူး။ မြင်းလှည်းမောင်းရာက လာခဲ့ရပါတယ်ဆို တော့ ဝန်ထောက်မှာ သူ့စာရေးကြီးကို အင်မတန်မှ စိတ်ပျက်ရှာသည်။ စိတ်ညစ်ညစ်နှင့် ဟိုလူတွေ၊ ဒီလူတွေ ဆူပူကြိမ်းမောင်းတော့သည်။ ခေတ် ကြီးကို ဆဲရေးတော့သည်။

ကျွန်တော့်အား အင်္ဂလိပ်ဘာသာဖြင့်ရေးထားသော သူ့ရုံးကစာတွေ ကို ဖတ်စေသည်။ ကျွန်တော့်မှာ စာမေးပွဲကို အားမနာပါးမနာ ဝင်ဖြေ၍ ဆယ်တန်းမအောင်။ "ဆယ်တန်းတော့ ရောက်ခဲ့သူ" ဟူသော ဘွဲ့ထူးရသော် လည်း ကြီးမှ အလွတ်ပညာသင်ရသဖြင့် အင်္ဂလိပ်စာနှင့် တွေ့သည်မှာ ၂ နှစ်မျှ ရှိသေးသောကြောင့် ထိုစဉ်၌ လက်ရေးစာလုံးဆိုလျှင် တစ်ခါတစ်ရံ ကိုယ်ရေးတာကို ကိုယ်ပြန်မဖတ်နိုင်အောင် ဖြစ်တတ်ပါသည်။

ယင်း၌ ဝန်ထောက်မင်းက

"ကဲ...စာရေးကြီး..." အောင်မယ်၊ စာရေးကြီးတော့ အခေါ်ခံခဲ့ဖူး သေးဗျ။

"ဒီလိုဆိုရင် ကျုပ်ရုံးမှာ ဘယ်လိုအလုပ် လုပ်မလဲ"

ကျွန်တော့်မှာ ကိုယ်မသိတာ ဆရာမေးခြင်းခံရသော တပည့်နှယ်

www.burmeseclassic.com

www.burmeseclassic.com



ဘာမျှ ပြန်မပြောနိုင်ချေ။

ဝန်ထောက်မှာ သူ့နဖူးသူရိုက်ပြီး ထသွားချေတော့သည်။ ဤနေရာ၌ စကောနှစ်ချပ် အတောင်တပ်၍ မိုးပေါ်ပြန်တက်သွားဘိလည်း ကျွန်တော် မတတ်နိုင်သောကိစ္စပါ။

သို့သော် ဖြစ်စနီး စီစဉ်ပေးကြသေး၏။ ထိုစဉ်၌ ကျွန်တော်တည်းသောအိမ်မှာ သုံးဆယ်မြို့က ဆွေမျိုးနီးစပ်။ ဤမှာ နေသားတကျမဖြစ်မီ သူတို့ဆီမှာ ထမင်းလခပေးစားမည့် အစီအမံနှင့်။ ကျွန်တော်၏လုပ်ငန်း အခြေအနေကို စိတ်ပျက်စွာ ပြောပြသောအခါ ယခုအလုပ်လက်မဲ့၊ ယခင်တုန်းက ဤရုံးမျိုးတွေမှာလုပ်ခဲ့ဖူးသော လူကြီးတစ်ယောက်နှင့် ဆက်သွယ်ပေးပါသည်။ ဝန်ထောက်ကလည်း ကျုပ်ရုံးကအလုပ် အထမြောက်ရင်ပြီးတာပါပဲဟု လက်ခံပါသည်။ ထိုလူကြီးလုပ်နိုင်မည်ကိုလည်း သူသိသည်။

ယင်းသို့ဖြင့် ကျွန်တော်စာရေးကြီး လခ ၁၅၀ မှ ထိုဆရာကြီးအား ၅၀ ပေးပါမည်။ နေ့စဉ် ရုံးသွားစရိတ် ကျွန်တော်ကခံပါမည်ဟု သဘောတူကြ၏။

ယင်းမှစ၍ ကျွန်တော်တို့နှစ်ယောက်ပြူး ပူးတက်ကြ၏။ နံနက်စာစားပြီး သုံးဆယ်မှ သာယာဝတီသို့ ဆိုက်ကား နှစ်ယောက် ၁၅ ဆင့်ဖြင့် သွားကြ၏။ ညနေ ထို့အတူပြန်၏။ နေ့လယ်စာ အတူစားကြ၏။ ကျွန်တော်က ကျွေးရ၏။

ရုံးအလုပ်မှ ကျွန်တော်က ဘာမျှမလုပ်၊ ငုတ်တုတ်ထိုင်၍ နေရသည်သာ။ ခြော်...လက်မှတ်ကျတော့ ဘုမသိဘမသိ ထိုးလိုက်ရသေးသဗျ။

အရွယ်မရောက်သေးသော မင်းသားလေး ထီးမွေနန်းမွေဆက်ခံရသော် 'ရင်ခွင်ပိုက်ဘုရင်လေး' ဟု ခေါ်ကြ၏။ ကျွန်တော့်အားလည်း ထို့အတူပင် 'ရင်ခွင်ပိုက်စာရေးကြီးလေး' ဟု ခေါ်ရမည်လော။ သို့သော် အားလုံးသော ရုံးသူရုံးသားတို့က ကျွန်တော့်ကိုနှာခေါင်းရှုံ့ကြ၏။ ပြက်ရယ် ပြုကြ၏။ ကျွန်တော့်မှာ သူတို့အမြင်တွင် ပလွှင်ပေါ်မျောက်တက်ထိုင်သည်ဟု တင်မှတ်ကြရုံသာမက ကျွန်တော့်အဝတ်အစားကလည်း မျက်စိဆံပင်မွေး စူးချင်သဖွယ် ဖြစ်နေသေး၏။

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါမိတ်ဆွေ…၊ ယောက္ခမ အထက်ဆင်ဖြတ်ပေးလိုက်သော ထဘီနှင့် သူလင် မိုလ်လိုဝတ်သွားသော ကုတ်အင်္ကျီ၊ ယင်းခေတ်တွင် မိုလ်လို တင်ပါဖုံးသော ကုတ်ရှည်များကို ကျွန်ုပ်တို့ဗမာများ မဝတ်ကြသေးချေ။ ဘောင်းဘီဝတ်လူမျိုးခြားနှင့် အချို့ကုလားများသာ လုံချည်နှင့်တွဲဝတ်လေ့ ရှိကြ၏။ ထို့ကြောင့် ကျွန်တော်မြင်းလှည်းမောင်းရင်း ပထမဦးဆုံး ယောက္ခမ ထုတ်ပေးသောကုတ်အင်္ကျီကို ဝတ်သွားသောအခါများတွင် မြင်းလှည်းသမား ဘဝဖော်များက ကျွန်တော့်အား 'အီစွပ်ဘိုင်' ဟု ခေါ်ကြ၏။ ယခု ရုံးအလုပ် သမားများကား ကျွန်တော့်ကို မည်သို့သမုတ်ကြမည်မသိ။ သူတို့ ကျွန်တော့် ပုံသဏ္ဌာန်ကြည့်၍ စောင်းပါးရိပ်ချည် ပြုကြသည်ကားအမှန်။

ယင်းသို့ဖြင့် နောက်ဆုံးတွင် ကျွန်တော်၏ သောက်ရှက်နည်းခြင်း စံချိန် ကျဆုံးလေတော့သည်။

မူလရည်ရွယ်စဉ်က ထိုအကူဆရာကြီးဆီမှ ကျွန်တော်က တစ်စတစ်စ သင်ယူရန်၊ သို့သော် ကျွန်တော့်မှာပတ်ဝန်းကျင်၏ ဖိနှိပ်ခြင်း၊ ရှုတ်ချခြင်းကို ခံနိုင်သောစွမ်းရည်သတ္တိ နဂိုဗီဇက မရှိခဲ့ခြင်းကြောင့် လုပ်သက် ရက်အစိတ် မျှမပြည့်မီ လစ်ပါလေတော့၏။

ကျွန်တော့်တည်းခိုအိမ်ရှင်အား လခထုတ်ရန် လွှဲစာပေးခဲ့သည်။ အရက်(၂၀)အတွက်တော့ ရတန်ရာ၏။ ဟိုလူကြီး ၅၀ ကျပ်ပေး၍ကျွန်တာ ကို ခင်ဗျားတို့ ထမင်းလခယူပါတော့။ (သူတို့ ရ မရတော့ ကျွန်တော်ယခု တိုင်မသိ။)

အိမ်သို့ပြန်ရောက်လတ်သော် ယောက္ခမသည် ခရီးဦးကြိုပြု၏။ အလုပ်အကိုင်ရော အိမ်ရာပါ နေသားတကျဖြစ်သွား၍ မယားကိုခေါ်ရန် ပြန်လာခဲ့ပြီလား…၊ မင်းဟာ တစ်လပြည့်အောင်မှ မခွဲနိုင်ဘူးလားကွယ်၊ ငါ့လင်ကိုဆစ် (အင်္ဂလိပ်အမည် ဆစ်ဒနီ)တုန်းကလည်း ဒီလိုပါပဲ ဟဲ…ဟဲ…။

သို့သော် ကျွန်တော်က အဖြစ်မှန်ကိုပြောပြသောအခါ ယောက္ခမ ဒေါ်ထလေပြီ။ ဒီလိုကောင်မျိုး သမက်တော်ရတာ ရင်နာလှလေခြင်း၊ ဒီအလုပ် မျိုးရလျက်ကနဲ့ ကြက်တိရစ္ဆာန် အဖိုးတန်ကျောက်ကောင်းရသည်နှင့် တူလှ လေခြင်း။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ညွတ်ကျိုးစွာ တောင်းပန်ပါသည်။

"အန်တီရယ်...ကျွန်တော် ဒီလို ကိုယ်မတတ်နိုင်တဲ့အလုပ် မလုပ်ပါရစေနဲ့၊ မြင်းလှည်းပဲ ပြန်မောင်းပါရစေတော့..."

"အို...ဘယ်တော်မလဲ၊ ငါ့အိမ်ကမြင်းလှည်းက ငါ့သားတွေနဲ့ပြီးနေပြီ၊ မင့်ဟာမင်း တခြား ရှာကြံလုပ်စားချေတော့..."

စင်စစ်ထိုအချိန်၌ ကျွန်တော့်မိဘရပ်ထံ ပြန်ဖို့သင့်လှချေသည်။ သို့သော် ရခါစမယား တန်းတန်းစွဲဖြစ်၍ သူ့သမီးလည်း နင်တို့လိုတောရွာတော့ တစ်သက်မထည့်ပေါင်ဆိုသောကြောင့်....

ယင်းသို့ဖြင့် ကျွန်တော့်မှာ ဝမ်းရေးအတွက် သူများမြင်းလှည်း အစေးမောင်းရပါသည်။ ထိုခေတ်ထိုအခါ၌ ကျွန်တော်တတ်သော ပညာကလည်း ဒါပဲကို။

သို့ရှိစဉ် တစ်နေ့သ၌ လမ်းထိပ်က လက်ဖက်ရည်ဆိုင်ပိတ်ထားသည်ကိုတွေ့ရ၍ ပိုင်ရှင်က သူ့ဆိုင်ခန်းငှားရမ်းလိုကြောင်း၊ လက်ဖက်ရည်ပန်းကန်အိုးခွက်အပြည့်အစုံ တစ်လလျှင် ၃ဝိ။

"ဟိတ်...မင်းကိုဆိုရင် ဆိုင်ဖွင့် ၁၅ ကျပ်နဲ့ပဲ ပေးထားမယ်ကွာ..."

တွက်ချက်ကြည့်သော်...အကျဉ်းဆုံး၊ ၅ဝိ/ မျှ အစပြုရုံနှင့် ဖြစ်နိုင်သောကြောင့် ယောက္ခမအား ကျိုးကြောင်းပြောပြ၍ ငွေတောင်းခံကြည့်သော်...

"ဟင်...မပေးနိုင်ဘူး၊ အရင် ဟုတ္တိပတ္တိ စာရေးကြီးဖြစ်နေပြီရယ်လို့ ချေးလိုက်ရတဲ့ငွေ ၅ဝိ/ တောင် ပြန်မဆပ်နိုင်သေးဘဲနဲ့..."

အလာ့လား...ကြည့်စမ်း၊ ယောက္ခမ၏ပြောင်းလဲပုံ၊ ထိုငွေပေးစဉ်အခါက တစ်နှစ်ကျော်ကျော် တစ်အိမ်ထောင်လုံးကို မြင်းလှည်းမောင်းကျွေးခဲ့သော သမက်တစ်ယောက်အား ပေးကမ်း မစ သလိုနှင့် ယခု ချေးငွေပြုသည်။

ရှိစေတော့လေ...ကိုယ်က အောက်ကျခံရမည့် အခြေကချည်းပဲကိုး။

"ကောင်းပါပြီ အန်တီ...အခု ၅ဝိ နဲ့ဆိုရင် နောက် ၁ဝဝိ ပြန်ဆပ်ပါမယ်..."

"အောင်မာ...မင်းက ငါ့ကို နှိုက်တိုင်းထွက်တဲ့ ရွှေတွင်းငွေတွင်း

www.burmeseclassic.com

www.burmeseclassic.com



ပယင်း ဒုတ္တာများ အောက်မေ့နေလားကွယ့်၊ မပေးနိုင်ဘူး…"

သူလည်း ကျွန်တော့်ကို သာယာ၀တီက ပြန်လာပြီးကတည်းက စိတ် ထောင့်၍နေသည်။ ရောက်ပြီး သုံးလေးရက်အတွင်းမှာပဲ သူပေးလိုက်သော ကုတ်အင်္ကျီတို့ကိုပြန်ယူ၍ ထမီများကို အထက်ဆင်ပြန်တပ်ပြီးလေပြီ။ ဒါကို ကျွန်တော်က အလိုက်ကန်းဆိုးမသိစွာ ငွေတောင်းခြင်းသည် ကျွန်တော်၏ မိုက်မဲမှုသာဖြစ်၏။

ထို့ကြောင့် ယောကျ်ားမထံငွေရရန် လက်လျှော့လိုက်ရပြီး ကျွန်တော့် မိခင်မသေမီကလေးက ၀ယ်ပေးသွားသော ၆၇ ကျပ်တန် "အယ်လင်" နာရီကလေးကို သူငယ်ချင်းတစ်ယောက်ထံ ၄၅ ကျပ်နှင့်ပေါင်ပြီး လက်ဖက်ရည်ဆိုင်ကို ဖြစ်ကတတ်ဆန်း ဖွင့်ရချေတော့သည်။

ကျွန်တော်က စစချင်းဖျော်တတ်လို့လား၊ မဟုတ်ပေါင်၊ နို့ကိုမှ ဘယ်လိုကျိုရမှန်းမသိ။ ထို့ကြောင့် ကာကာကုလားအဘိုးကြီးတစ်ယောက်ကို တစ်နေ့ တစ်ကျပ်နှုန်းနှင့် နေ့စဥ်ပေး ငှားရမ်းရ၏။ သူ့ထမင်းသူစား၊ ည လက်ဖက်ရည်ဆိုင်ပိတ်၍ပြန်လျှင် ငွေတစ်ကျပ်ပေးလိုက်ရုံသာ ဖြစ်၏။ (လက်ဖက်ရည် တစ်ခွက် ၁၀ ဆင့်ခေတ်။)

အောင်မယ် ဤအလုပ်မျိုးက လုပ်၍အလျဥ်ရလာလျှင် ငွေရင်းမလိုလှတော့ပေ။ နို့ကုလားကို ဒီနေ့ယူ နက်ဖြန်ပေး၊ အကြွေးရ၏။ ကော်ဖီ၊ လက်ဖက်ခြောက်တို့လည်း ထိုအတူဖြစ်လာ၏။ ဆေးပြင်း၊ ဆေးပေါ့၊ ဆီးရှူး၊ ၀မ်းနုတ်ဆေး စသည်တို့မှာလည်း နာမည်ကြီးများကိုသာ လက်ငင်းပေး၀ယ်ရ၍ နာမည်မရှိသေးတာများက သူတို့ဟာသူတို့ လာပို့ထားကြ၏။ ရောင်းပြီးမှပေး၊ အကြွေးရ၏။

ထိုစဉ် ကျွန်တော့်အဖို့ အခွင့်အရေးကောင်း ရပြန်သည်မှာ ဤရပ်ကွက်တွင် ဂျပန်ထံမှ သကြား၊ စီးကရက် ကိုယ်စားလှယ်ရသူတို့သည် ကျွန်တော်နှင့် ခင်မင်ရင်းနှီးကြသူများသာ ဖြစ်၏။

သို့နှင့် ကျွန်တော့်အလုပ်ကလေး ဟန်ကျလိုက်လေရာ ၃ လအတွင်းမှာ နာရီကလေးပြန်ရွေးနိုင်သည့်ပြင် လက်ထဲမှာ ငွေ ၂၀၀ိ အပတ်တင်လာ၏။

ယင်းအချိန်တွင် မြင်းလှည်းအလုပ်သည် ပို၍ပို၍ ကောင်းလာရ

www.burmeseclassic.com

www.burmeseclassic.com



ကား ကျွန်တော်သည် လက်ဖက်ရည်ဆိုင်အပြင် အလုပ်ကိုတိုးချဲ့ရန် ကိုယ့်လက်ရှိ ငွေနှင့်နိုင်သော မြင်းတစ်ကောင်ဝယ်ရန် ဆုံးဖြတ်ချက်ချလိုက်၏။ ကိုယ့် လှည်းမရှိဘဲလည်း မြင်းတစ်ကောင်ထဲရှိသူ လှည်းကို နေ့ဝက်ငှားမောင်း နိုင်၏။

ထိုအချိန်၌ မြင်းဈေးသည် ထိပ်တန်းမှ ၃၀ဝိ ရှိသေးရာ ကျွန်တော့် ငွေ ၂၀ဝိ သည် အဝယ်မှန်လျှင် ထိုက်တန်သောမြင်းကို ရနိုင်၏။

သို့သော် ကျွန်တော် မှားချေသည်။ အလိမ်မိ၍ မြင်းပိန် ရောဂါသည်မ ကလေးကို ရလာခဲ့၏။

ပွဲစားကား (တောက်…ဟိုတုန်းကတော့ တော်တော် ဒေါ်ပွခဲ့မပေါ့လေ) ကြည့်ပါမိတ်ဆွေ၊ ကျွန်တော့်လက်ဖက်ရည်ဆိုင်မှာ ကျွေးမွေးထားသူဖြစ်၏။ သူတို့ သားအဖနှစ်ယောက်ထီးထီးရှိရာ ဖအေကြီးမှာ အလုပ်ကိုမယ်မယ်ရရ လုပ်ရန် ကိုယ်လက်အင်္ဂါမသန်စွမ်းပါ။ သူ့သားကလေးမှာ ဆယ်နှစ်ရွယ် လူမမယ်ကလေးဖြစ်၍….

"မောင်ကြင်ဆွေ၊ ငါ့ကောင်လေးကို မင်းလက်ဖက်ရည်ဆိုင်မှာ အတို အထွာ ကြည့်ခိုင်းပါကွာ၊ ငါတို့ကို လက်ဖက်ရည်လေး ဘာလေးတိုက်ပါ"

ကျွန်တော်သည် သူပြောသည့်အတိုင်း ကလေးတတ်နိုင်သည်များ ကို ကူညီစေ၍ သူတို့သားအဖနှစ်ယောက်အား နံနက်ဆိုလျှင် လက်ဖက်ရည် သာမက မုန့်ကိုပါ ကျွေးပါသည်။

သို့နှင့် သူတို့နှင့်ကျွန်တော် ကျေးဇူးခံကျေးဇူးစား ဖြစ်သွား၍ ကျွန်တော် မြင်းဝယ်လိုသောအခါ၌ သူ့ကို အားကိုးအားထား တိုင်ပင်၏။ သူသည် ရှေးအင်္ဂလိပ်ခေတ်က မြင်းလှည်းသမားကြီးဖြစ်ခဲ့၍ မြင်းကိုနားလည်၏။

ကျွန်တော် မြင်းဝယ်လိုသည်ဟု ထုတ်ဖော်ပြီးမကြာမီ သူညီမြင်းကို ဝယ်ရန်တိုက်တွန်း၏။

"ဒီကောင်က မြင်းကို ပိုက်ဆံရဖို့သာခိုင်းစေပြီး ကျွေးမွေးပြုစုဖို့တော့ ဂရုမစိုက်လို့ မြင်းမ အသားနည်းနည်းညောင်နေတာကွ။ ဒါကြောင့် ဈေးချို ချိုနဲ့ရမှာ၊ သူ ၂၀ဝိ ဆိုတာကို ငါကြည့်ဆစ်ပေးမယ်"

ထိုအချိန်၌ ကျွန်တော့်မှာ မြင်းလှည်းသာမောင်းတတ်၍ မြင်း၏

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းမာရေးကို နားမလည်သေးချေ။ ဤမြင်းမလေးကို ကျွန်တော် အစမ်းမောင်းကြည့်သောအခါလည်း စိတ်ကောင်းနှလုံးကောင်း သွက်သွက်လက်လက်ကလေးဖြစ်၏။ ထို့ကြောင့် ၁၅၆ ကျပ်နှင့် ဝယ်လိုက်၏။

အမှန်စင်စစ်သော်ကား မကျွန်းမာ၍ ဖောင်းဝုက်ထားရသော မြင်းဖြစ် ၏။ တစ်ခါတစ်ရံမှသာ သူ့အစာဖိုးရအောင် ခရီးတိုကလေး တစ်ခေါက်တလေ မောင်းနိုင်၏။ ဒါကို ကျွန်တော်မသိပါ။ ကျွန်တော့်လူယုံတော်ကြီးကလည်း မပြော။ ပြောပါမည်လား။ သူ့ညီအရင်းလည်းဖြစ်၊ သူကလည်း ပွဲခမြက်မြက်ကလေး ရလိုက်သည်ဆိုသကိုး။

ဒီမြင်းမကလေး ကျွန်တော့်လက်ဖက်ရည်ဆိုင်ရှေ့ တွေ့ကြသောအခါမှသာ အခြားမြင်းလှည်းသမားတို့သည် ကျွန်တော်ပို၍ စိတ်မကောင်းဖြစ်ရန် ထိုမြင်းမ၏ အပြစ်အနာအဆာများကို ထုတ်ဖော်ကြတော့သည်။

ဘယ်ဆရာမှ ကုမရ၍ ပစ်ထားရသော မြင်းမ။

မြင်းလှည်းသမားတို့ထုံးစံမှာ ကိုယ်ရေးကိုယ်တာနှင့် လွတ်ကင်းသမျှ တစ်ခုံတစ်ယောက်၏ အကျိုးအပြစ်အတွက် မည်သူမျှ ထုတ်ဖော်ပြောခြင်း မပြုကြဘဲ၊ အဲ...တစ်စုံတစ်ခု ကိစ္စဖြစ်သွားပြီဆိုသောအခါ၌ကား ပြောစရာရှိပြော၊ လှောင်စရာရှိ မညှာမတာ ပြောင်လှောင်ကြသည်။

"ဖွားဖုံ...ဖွားဖုံ...ဖွားဖုံဆိုသာ ပို့လိုက်ပါတော့ ကျောင်းသားရယ်..."

လက်ဖက်ရည်ဆိုင်ရှေ့မှ ဖြတ်မောင်းသွားရင်း မနေနိုင်မထိုင်နိုင်အော်သွားကြသေး၏။ ဖွားဖုံမှာ မြင်းသားရောင်းလေ့ရှိသော ငါးစိမ်းသည်မဖြစ်၏။

ကျွန်တော်မှာ ခေါင်းငုံ့၍သာခံရပါသည်။ ကိုယ့်လက်ထဲရောက်နေသော ထွေးမရအန်မရ မြင်းမကလေးကိုလည်း လုံးလုံးတော့ ပစ်မထားနိုင်ဘဲ ဆေးဝါးမပြတ် ကျွေးမွေးနေရပါသည်။ သို့သော် ငွေသာကုန်၏။ မြင်းကလေးမှာ မထူးခြား၊ အစာလည်း ကောင်းစွာမစား၊ ဆီးဝမ်းလည်း မမှန်၊ နာလန်ထူဖို့တော့ ခဲယဉ်းပြီဟု အောက်မေ့ရပါတော့၏။

ထို့ကြောင့် ကျွန်တော်သည် လက်ဖက်ရည်ဆိုင်ရှေ့ ကုက္ကိုပင်ကြီးအောက်တွင် ချည်ထားသော မြင်းမကလေးကိုကြည့်ကာ စိတ်မောလှမော ဖြစ်ရပါသည်ဟု အစတွင် ဖော်ပြခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သတ္တဝါတစ်ခုနှင့် တစ်ခုသည် ကံချင်း အဓိပ္ပါယ်သဟဲပြုနေရကား....

*　　*　　*

ဘလိုင်းမာစတာ

တစ်နေ့သော နေ့လယ်ခင်းဝယ် အဝတ်အစားနွမ်းပါးသော အဘိုးအိုတစ်ယောက်နှင့် အမယ်အိုတစ်ယောက်သည် ကျွန်တော်၏ လက်ဖက်ရည်ဆိုင်ထဲသို့ ရောက်လာကြ၏။ အဘိုးကြီးမှာ မျက်လုံးမမြင်ရှာချေ။ တိမ်သလာတို့ဖြင့် ကြောင်တောင်ကွယ်နေ၏။

စားပွဲတစ်ခုတွင် အမယ်ကြီးက အဘိုးကြီးအား နေရာထိုင်ခင်းပေးပြီး လက်ဖက်ရည်တစ်ခွက်မှာ၏။ ကျွန်တော်မျှော်ပြီး သွားပို့၍ ဆိုင်ရှင်တို့ဝတ္တရားအတိုင်း....

"မုန့်ကော သုံးဆောင်ပါဦးမလား ခင်ဗျား..."

"မစားပါဘူးကွယ်...ဒါနဲ့ မောင်ရင့်ဆိုင်ရှေ့ကမြင်းဟာ ဘယ်သူ့မြင်း လဲကွယ့်..."

အဘိုးကြီး မျက်မမြင်ကမေး၏။

"ကျွန်တော့်မြင်းပါပဲ ခင်ဗျာ..."

"မမာတာ တော်တော်ကြာပြီလား..."

"ကြာပါပြီခင်ဗျာ...ဒီမြင်းမမာတာ ဘယ်သူကပြောလို့ပါလဲ..."

"ပြောလို့မဟုတ်ပါဘူး၊ အနားကပ်ဖြတ်လာတော့ သူ့အနံ့အသက်ရှူရတာနဲ့ သိတာပေါ့..."

အလား...ကျွန်တော် အံ့ဩသွားသည်။

"ကျုပ်က မြင်းဆရာပဲ၊ မောင်ရင့်မြင်း ဆေးမကုဘူးလား..."

"အနီးအနားက မြင်းဆေးဆရာတွေ ဆေးဝယ်ကျွေးနေတာ မရဘဲ ထူးခြားတယ် မရှိပါဘူးခင်ဗျာ..."

"ဒါဖြင့်...ကျုပ် မောင်ရင့်မြင်း ကြည့်ချင်တယ်..."

မျက်စိလုံးဝမမြင်သူက မြင်းကြည့်ချင်တယ်ဆိုတော့ ကျွန်တော်နည်း

www.burmeseclassic.com

www.burmeseclassic.com



နည်း ရယ်ချင်ပါသည်။ သို့သော် လက်ဖက်ရည်သောက်ပြီး အဘွားကြီး တွဲခေါ်သွား၍ မြင်းမနားရောက်လျှင် ကျွန်တော်က မြင်းပါးချပ်ကို သူ့လက်ထဲ အပ်လိုက်သည်၌ အဘိုးကြီးသည် မြင်းမ၏လျှာဆွဲကြည့်ခြင်း၊ အာခေါင်နှိုက် ခြင်း၊ နားရွက်ကိုစမ်းသပ်ခြင်း၊ ကျောကိုပွတ်ခြင်း၊ ဝမ်းဗိုက်ကိုပုတ်ခြင်း၊ မြင်းချေး သေးနံ့ကို ရှူရှိုက်ခြင်းများ ပြုပြီးနောက်....

"မောင်ရင့်မြင်းမကို ကျုပ်ကုနိုင်တယ်၊ မပျောက်ရင် တစ်ပြားမှ မပေးပါနဲ့..."

ကျွန်တော် ရုတ်တရက် ဝမ်းသာသွားကာ၊ သူ့ပြောပုံဆိုပုံမှာလည်း ယုံကြည်ထိုက်သော အသံသြဇာပါသည်။

"ကောင်းပါပြီ။ သို့သော်... ခုရှုပ်မှ နှောင်ရှင်းဖြစ်အောင် ပျောက်ရင် ဘယ်လောက်ပေးရမယ်ဆိုတာ အမိန့်ရှိပါ..."

"ဒါကိုတော့ ကျုပ်မပြောလိုပါဘူး။ မောင်ရင့်စိတ်နဲ့ စေတနာပေါ် တည်ပါတယ်...။ မောင်ရင် ပြောသံဆိုသံကြားရရုံနဲ့ လူမမြင်ရပေမယ့် အနိယတ္တတစ်ယောက် မဟုတ်ဘူးဆိုတာ ကျုပ်သိပါတယ်"

လက်ဖက်ရည် မြင်းလှည်းသမားလေးကိုမှ မြှောက်လိုက်လေခြင်းဟု ကျွန်တော် အောက်မေ့ခဲ့သည်။

အတိုချုပ်ကား မြင်းမကလေးကို သူ့လက်ထဲအပ်လိုက်သည်။ အဘိုး ကြီး အဘွားကြီး မနက်နှင့်ညနေ တစ်နေ့နှစ်ခါလာ၍ ဆေးကျွေးပြုစုသည်။ ခုနစ်ရက်အတွင်း၌ ကျွန်တော့်မြင်းကလေးမှာ သိသိသာသာ ပြောင်းလဲလာ သည်။ အစာတွေ တစ်နေ့တခြား စားလာ၍ ဆီးတွေဝမ်းတွေ ကောင်းလာ လိုက်လေရာ၊ တစ်စတစ်စ သူ့အမွေးအရောင်သည် ခဲဝဲသီးခြောက်ရောင်မှ ဝါ...ဝါရာမှ နောက်ဆုံးတွင် အနီရောင်တောက်ပြောင်လာတော့သည်။ သူ့ အမွေးမှန်တို့ကြောင့် မိရှေနီ....။

အစဦးဖြင့် ဟိုမြင်းလှည်းဆရာများခေါ်ခဲ့သည့် 'ဖွားဖုံ' အမည်နှင့်ပဲ အဆုံးသတ်ရတော့မလား အောက်မေ့ခဲ့မိသည်။ ယခုကား မိရှေနီနှင့်ကျွန်တော် ဘဝစခန်းတွင် ဇာတ်လမ်းဖွင့်ဖို့ အရေးပေါ်လေပြီ။

သို့သော် ကျွန်တော်တို့၏ ကျေးရွာရှင်ကြီးအကြောင်းကို ပဏ္ဍား

www.burmeseclassic.com

www.burmeseclassic.com



ခံလိုပါသေးသည်။

ထိုအဘိုးကြီးသည် ဂျပန်ခေတ် ရန်ကုန်မြင်းလှည်းသမားတို့ နယ်ပယ်၌ 'ဘလိုင်းမာစတာ' ဟု နာမည်ကြီးသွားသူ ဖြစ်၏။

မူလ ကြို့ပင်ကောက်က ဖြစ်သည်။ ရန်ကုန်၌ မြင်းလှည်းတွေ ခေတ်ကောင်းသည်ဖြစ်၍ ရန်ကုန်လာခဲ့ပြီး ကျွန်တော့်မြင်းမကလေးမှ ပထမဦးဆုံး နာမည်ထွက်သွားခြင်း ဖြစ်ပေသည်။

မျက်စိမမြင်သော်လည်း မြင်းတို့၏ရောဂါ သပွရန့်ပေါင်းကို ကုစွမ်းနိုင်သည်။ အချို့မြင်းဆေးဆရာတွေလို ဆီးဆေးတစ်ပုံ၊ ဝမ်းနုတ်ဆေးတစ်လက်၊ နာဆေးတစ်နည်းဖြင့် ကုသည်မဟုတ်၊ မြင်းကျမ်း ဆေးကျမ်းကို ကောင်းကောင်းကြီး ကျွမ်းကျင်ခဲ့သူ ဖြစ်သည်။

သူ ဖျိုရွယ်စဉ်က မြင်းစီးနာမည်ကျော်ဖြစ်ခဲ့၏။ ယခုပြိုင်ကွင်း ဒုန်းစီး ဂျော်ကီမျိုးမဟုတ်၊ မြန်မာနည်း အသကျအလှစီးဖြစ်၏။

"မောင်ကြင်ဆွေရယ်...ကျုပ်ကျင့်ထားတဲ့မြင်း ကျုပ်စီးလိုက်ရမယ်ဆိုတော့ ဒီလိုကုန်းနှီးပေါ် တင်ပျဉ်ခွေထိုင်ပြီး ဇက်ကြိုးမကိုင်ဘူးကွဲ့၊ ဟောဒီအတိုင်း လက်ပိုက်ထားလိုက်တယ်..." သူပြပုံ ကျွန်တော် ခုရေးရေးပင် မျက်စိထဲမြင်ယောင်လာပါသေးသည်။ "နို့ပြီး ခေါင်းပေါင်းစကလည်း တစ်ချက်ချတာလားကွာ...လေထဲမှာ ကြွက်မြီးတန်း နေရတယ်ကွ၊ မြင်းကလည်း အဲဒီလောက်မြန်တာ၊ ဒီခေတ်ပြိုင်ရတာက မြင်းအမြန်တွင် မဟုတ်ဘူးကွ၊ ခြေချလက်ချ အသကျအပြင် ဂျော်ကီစတိုင်ပါ ပြိုင်ရတယ်ကွ..."

လူလည်းလူခန့်၊ ဉပမိရုပ်ကောင်းသူဖြစ်၍ အပြောလည်းပိုင်လှသည်။ ထိုမြင်းမကလေးမှစ၍ ကျွန်တော်၏မြင်းလှည်းသမားဘဝ တစ်သက်တာမှာ ကျွန်တော်၏ ကိုးကွယ်ဆည်းကပ်ရာဖြစ်လျက် မကြာခဏ စကားလက်ဆုံ ကျခဲ့သည်။

မြင်း၏ဗွေအင်္ဂါအမျိုးမျိုး၊ အဆိုးအကောင်း ကြန်အင်လက္ခဏာ အဖြာဖြာတို့ကို ကျမ်းဂန်အလာမှလည်းကောင်း၊ သူ့ဘဝကိုယ်တွေ့မှလည်းကောင်း ပြောပြသောအခါများ၌ မှတ်သားစရာကောင်းသည့်အပြင် စိတ်ပါဝင်စားအောင်လည်း ပြောဆိုနိုင်စွမ်း ရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သခင်ကို အကျိုးပေးမည့်မြင်း၊ အကျိုးယုတ်စေမည့်မြင်း၊ အိမ်မှာ ကျက်သရေမင်္ဂလာရှိစေမည့်မြင်း၊ အမင်္ဂလာဖြစ်စေမည့်မြင်း၊ မြင်းဘီလူး၊ မြင်းပုခက်။

မြင်းဘီလူးမည်သည် ညအချိန်မတော်မှာ ခွေးကဲ့သို့ ဆောင့်ကြောင့် ထိုင်နေတတ်သည်။ မြင်းပုခက်မှာ လူအလစ်၌ သူ့ကိုယ်သူပုခက်ကဲ့သို့ လွှဲယမ်းနေတတ်သည်။ ထိုမြင်းများအကြောင်းနှင့် ပတ်သက်၍ ချစ်စရာ၊ နှစ်သက်စရာများသာမက ကြောက်စရာ ကြက်သီးမွေးညင်းထစရာများပါ ပြောပြတတ်သည်။

BURMESE CLASSIC

ယခုခေတ် စာပေဗိမာန်ဝယ် မျက်စိမမြင်ရှာသော မြန်မာပညာရှိဆုရ ဆရာကြီးဦးဂုဏ္ဍာန် ဟောသောအခါများတွင် ဖော်ပြပါမြင်းဆရာကြီးကို ကျွန်တော်သတိရမိပါသည်။ သူ့နာမည် ဦးပု ဟုခေါ်ပါသည်။ ထိုဆရာကြီး ယခုရှိနေသေး၍ ဖိတ်ခေါ်လိုက်ရပါက ဓာတ်သဘင်ဆိုင်ရာ ဦးဂုဏ္ဍာန်၊ အဿဝိဇ္ဇာရ ဆရာပုဟူ၍ မျက်မမြင်ဆရာကြီးနှစ်ယောက်ကို ပရိသတ် နှစ်သက်သဘောကျစရာ တွေ့ရပေမည်ဟု ကျွန်တော် ထင်မိပါသည်။ ဦးပု လည်း ဦးဂုဏ္ဍာန်ကဲ့သို့ပင် အာဝဇ္ဇန်းရွှင်ရွှင်နှင့် ပြောတတ်ပါသည်။ အသက် ကား ကျွန်တော်နှင့်ရင်းနှီးခဲ့သည့် ဂျပန်ခေတ်တွင် ယခု ဦးဂုဏ္ဍာန်လောက် ရှိနေပါပြီ။

* * *

'ဘလိုင်းမာစတာ' ဆရာကြီးအကြောင်းပြီးတော့၊ ကျွန်တော်နှင့် မြင်းမ ကလေးမိရှေနီတို့ 'နှစ်ပါးသွားခန်း' စကြစို့။ ဒီစကားလုံးကို ပြုံးချင်သလား မိတ်ဆွေ။

ကျွန်တော်၏စိတ်ထဲယူဆချက်ကို အမှန်အတိုင်း ထုတ်ဖော်ရေး သားခြင်း ဖြစ်ပါသည်။ သူသည် မြင်းမ၊ ကျွန်တော်က လူပင်ဖြစ်သော်လည်း ကျွန်တော်၏ ဘဝတစ်ကွေ့ဓာတ်ခုံတွင် သူနှင့်ကျွန်တော်သည်သာ အရေး ကြီးသော ဓာတ်ကောင်နှစ်ကောင် ဖြစ်ခဲ့ပါသည်။

သတ္တဝါတို့၏ တွေ့ကြုံဆုံကွဲမလွဲသော ဓမ္မတာဓာတ်လမ်းတစ်ခု၌

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျက်စရာ၊ ကြည်နူးနှစ်သိမ့်စရာ၊ အသည်းထိတ်စရာ၊ ကြေကွဲဝမ်းနည်းစရာ အဖြာဖြာတို့ ရှိတတ်သည့်အနက် သူနှင့်ကျွန်တော်၏ အဖြစ်အပျက်မှာလည်း ထိုအရာတို့ ပြည့်စုံခဲ့ပါသည်။

ကြည့်ပါဦးမိတ်ဆွေ၊ သူ ကျွန်တော့်လက်ထဲ ရောက်လာတုန်းက ပိန်ပိန် ညှက်ညှက်ရောဂါသည်မလေး ဖြစ်လေတော့ စိတ်ပျက်စရာ မဟုတ်ပါလား ခင်ဗျာ။

ကဲ…အခု ဘလိုင်းမာစတာကြီးဆေးစွမ်းဖြင့် ရှုံးရှုံးပပ၊ ဝဝလင်လင် ဖြစ်လာတော့ ကျွန်တော်တို့၏ ကြည်နူးနှစ်သိမ့်စရာ နစ်ပါးသွားခန်းကလေး မဆိုထိုက်ပါလား။

BURMESE CLASSIC

သူ့မျက်နှာလေးမှာ ရှင်လန်း၍ ယခင်က မျက်ရည်တွေတဝေဝေ၊ မျက်ချေးတပေပေနေခဲ့သော မျက်လုံးတို့သည် ယခုတောက်ပကြည်လင်လျက် ကျွန်တော့်မြင်လျှင် ဟိ၍အသံပေးတတ်သည်။ စားခွက်ကို နှုတ်သီးနှင့်ထိုးကာ အစာတောင်းတတ်သည်။ ရေ့ဇွာကလေး ယက်ကာယက်ကာ သခင်ကိုပင် စရာတတ်သေးသည်။ တိရစ္ဆာန်တို့ကို သေချာစွာလေ့လာမိသောအခါ၌ ချစ်စရာကောင်းသော အကွက်ကလေးများ တွေ့လာတတ်သည်။

ကဲ ယခုအခြေတွင် သူနှင့်ကျွန်တော်သည် ဇာတ်ထဲကနစ်ပါးသွားခန်းမှာလို "ချစ်လိုက်ကြဦးစို့ ဘဝဖော်မကလေးရေ" လို့ ဆိုကြပါစို့။

ကျွန်တော်တို့ ဘယ်လိုနစ်ပါးသွားမလဲ သိလားမိတ်ဆွေ။ ကျွန်တော်က မြင်းလှည်းတစ်စီးကို နေ့ဝက်တွက် တစ်ကျပ်ပေးငှားပြီး လှည်းတပ်ထွက်တာပေါ့။

မြင်းလှည်းသမားမှာ မြင်းကျွန်းမာဝဖြိုးနေသောအခါတွင် လုပ်ငန်းကိုင်ငန်း အပေါက်အလမ်းတည့်၍ ရှင်လန်းရသည်ပေါ့။

ထို့ပြင် မိရွှေနီသည် အကောင်ငယ်မျိုးပင် ဖြစ်လင့်ကစား သူ့အရွယ်အစားတွင် အကောင်းတန်းထဲက ဝင်သည်။ အင်မတန် သွက်လက်ဖျတ်လတ်၍ ဇက်ဖျားခတ်မှု မခံချေ။

ယခင်က ကျွန်တော့်ကို လှောင်ပြောင်ခဲ့ကြသော မြင်းလှည်းသမား

www.burmeseclassic.com

www.burmeseclassic.com



များအား ကျွန်တော်က ကလဲ့စား ပြန်ချေနိုင်သည်။

မြင်းလှည်းဘီးကို ကြာပွတ်ရိုးတပ်၍ "တတပ်တပ်" မြည်စေကာ သာမန်ကာလျှံကာ သူတို့မြင်းတွေကို လှည်းချင်းကျော်တက်ရင်း....

"ဖွားဖုံလေ...ဖွားဖုံ... ဒီမှာ ဖွားဖုံဟုတ်သေးရဲ့လား၊ သွားပုံကိုကြည့်စမ်းပါဦး...ကိုယ့်လူတို့ရေ၊ အဟက်...ဟားဟား..."

ရယ်မောသံနှင့်အတူ သူတို့ကို ချန်ပစ်ခဲ့သည်။

ထိုအခါ၌ သူတို့ကဆို၏။ ကျောင်းသား ကံကောင်းတယ်၊ မသာက ထပြီး အကျိုးပေးတာ။

ဤအခါတွင် ကျွန်တော်တို့၏စီးပွားရေးလုပ်ငန်း အတော်ဖြောင့်နေသည်ဟု ဆိုပေမည်။ နံနက်ပိုင်းမှာ ကျွန်တော်လက်ဖက်ရည်ဆိုင်ထိုင်၍ မွန်းလွဲပိုင်းမူ ကျွန်တော့်မယားနှင့် ကုလားအဘိုးကြီးကို ထားခဲ့ကာ မြင်းလှည်းမောင်းထွက်သည်။

ထိုစဉ် မြင်းလှည်းမောင်းသမားဘဝမှာ အောက်မကျပါ။ 'မြင်းလှည်းဆရာ' ဟု ခေါ်ကြသည်။ ဂိတ်ရောက်လျှင် ပါစင်ဂျာကို ချော့မော့စရာမလို၊ ကိုယ်ပို့လိုသောခရီးကိုသာ ဥပမာ "ရန်ကုန်...ရန်ကုန်..."၊ သို့မဟုတ် "ဗဟန်း...ဗဟန်း..." အော်လိုက်ပါ၊ မကြာမီ လှည်းပြည့်လေတော့သည်။

လက်ဖက်ရည်တစ်ခွက် ၁၀ ဆင့်ခေတ်မှာ ကျွန်တော်တို့စမ်းချောင်း၊ ကြည့်မြင်တိုင်ဘက်မှ ရန်ကုန်၊ သို့မဟုတ် ဗဟန်းသို့ ၂၅ ဆင့်ရလေရာ မြင်းတစ်ကောင်ထုံးစံ အသွားအပြန် နှစ်ခေါက်စီဆွဲလေရာ မှုမှန် ၆ ယောက်တင်လေ့ရှိခြင်းဖြင့် တစ်နေ့ငွေ ၅ ကျပ် အနည်းဆုံး၊ ၆ ကျပ်ခွဲအထိ စီးပေသည်။ မြင်းစာဖိုး ငါးမတ်၊ တစ်ကျပ်ခွဲနှုတ်၊ လူတွက် သုံးကျပ်ခွဲ လေးကျပ်ကျန်သည်။

လက်ဖက်ရည်ဆိုင်ကလည်း ဤမျှရလေရကား ကျွန်တော်သည် မကြာမီ ကိုယ်ပိုင်လှည်းဝယ်နိုင်တော့မည်ဟု စိတ်ကူးဖဲ့ရိက်မိလေ၏။

သို့သော်...ဘုရားဖြစ်မယ်ကြံ၊ ဒေဝဒတ် ကားယားလုပ်တတ်ချေသည်တမုံ့....။

တစ်နေ့သောည ကျွန်တော်မြင်းလှည်းဖြုတ်၍ ပြန်လာသောအခါ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဇနီးသည် မရှိတော့ပြီ။

"ဟော့...တို့သမီးက လက်ဖက်ရည်ဆိုင်ထိုင်တဲ့ အမျိုးမဟုတ်ဘူး။ သူ့အဖေက ဝန်ထောက်အရင့်အမာကြီးကွယ့်...ဒီဂရီများထောက်ပါဦး..."

အရေးပိုင်ကတော် မုန့်ဟင်းခါးရောင်းရသောခေတ်ဝယ် ရုံးဝန်ထောက်ကတော်ဟောင်းက ဤစကားကိုပြောသည်။

သူ့သမီး လက်ဖက်ရည်ဆိုင် ထိုင်မိုင်းသည်ဆိုသည်မှာလည်း စားပွဲကုလားထိုင်မှာထိုင်နေ၍ ပိုက်ဆံသိမ်းရုံပါ။ အခြားလုပ်စရာတို့မှာ ကုလားအဘိုးကြီး၏ တာဝန်ချည်းဖြစ်၏။

ဤမှစ၍ ယောက္ခမသည် အမြော်အမြင် ဉာဏ်နည်းလေခြင်း၊ အလွဲဆံပင်ကောင်းပေါက်လေခြင်းဟု ကျွန်တော်ယူဆခဲ့၏။

ယင်း၌ ကျွန်တော့်မှာလည်း ညားခါစဇနီးကို မခွဲနိုင်မခွာရက်ဖြစ်ကာ သူတို့ဘယ်ပို့ထားလေသနည်းဟု စုံစမ်း၍ တညင်ကို လိုက်ရချေတော့သည်။ တစ်ခါမျှမရောက်ဖူးသောမြို့ဝယ် ဟိုမေးသည်မေးနှင့် နောက်ဆုံး၌ တွေ့ပေတော့သည်။

ကျွန်တော့်ဇနီးကလည်း ကျွန်တော့်ကိုမြင်လျှင် ငိုယိုလျက် မခွဲနိုင်ပါကြောင်း သူ့ဦးကြီး၊ ဦးလေး၊ အဒေါ်တို့အား ပြော၏။

စင်စစ် ယောက္ခမ၏အစီအမံမှာ အပြီးအပိုင်ခွဲရန်ဖြစ်သည်။ သို့သော် ထိုဆွေမျိုးတို့က ကျွန်တော်တို့နှစ်ယောက်ဖြစ်ပုံကို သနားကြ၍ အတူတကွ ပြန်ပို့သည်။ ယောက္ခမဒေါ်ပွသည်ကို ကျေနပ်ရန် သူတို့စီမံသည်။

ထိုရောအခါဝယ် ကျွန်တော်၏လက်ဖက်ရည်ဆိုင် ဖြုတ်ပစ်လိုက်ရလေ၏။ ဤမှ ကျွန်တော်နှင့်မိရွှေနီ နှစ်ပါးသွားသက်သက် စသတည်း။

* * *

တောက်ထွန်းဆုံးရှုံးရခြင်း

ထိုစဉ်ကာလ ယောက္ခမပြုလုပ်ပုံတို့သည် သူရော ကျွန်တော်ပါ အကျိုး နစ်နာဖို့သာ ဖြစ်ကုန်၏။

သူဘယ်သို့ နစ်နာပါသနည်းဟူမူ ကျွန်တော် သာယာဝတီမြို့မှ

www.burmeseclassic.com

www.burmeseclassic.com



စာရေး ကြီးအလုပ်မှ သုတ်ခြေတင်လာခဲ့သောအခါဝယ် တောက်ထွန်းပျက်စီးနေလေပြီ။

ဆင်တစ်ကျင့်၊ မြင်းတစ်ကျင့်ဖြစ်သည်တွင် တောက်ထွန်းသဘာဝမှာ တစ်လက်ကိုင်သက်သက် ကြိုက်သူဖြစ်သည်။ ကျွန်တော့်ယောက်ဖလေးများ လက်ပြောင်းလိုက်သောအခါ၌ သူမကြိုက်။ ထိုပြင် မစဉ်းစား မဆင်ခြင်တတ်သော ငယ်ရွယ်သူများဖြစ်၍ တခြားသူများ၏သွေးဆောင်ခြင်းဖြင့် တောက်ထွန်းအား မြင်းမများနှင့် သွားတင်သည်။

မြင်းသိုးကို သားတင်ပြီးသောအခါဝယ် ၃-၄ ရက်တာမျှ မခိုင်းဘဲ အားဖြစ်စေသော ကြက်ဥ၊ ထောပတ်၊ နံ့သာပုဂ္ဂက်ဖျော စသည်တို့ကို ကျွေး၍ အားပြန်ပြည့်တော့မှ အလုပ်ပြန်ခိုင်းရ၏။ ယောက်ဖများကား ဒါကိုမသိ။ သူတို့မိခင်အားလည်း မပြောရဲဘဲ မြင်းကြီးကို ဇွတ်ခိုင်းကြသောအခါ၌ မြင်းကြီးကတ်လေတော့သည်။ (အမှန်ကား မြင်းသိုးကို မြင်းမနှင့်မတွေ့စေတာ အကောင်းဆုံးဖြစ်၏) ထိုအခါ မြင်းလှည်းသမားတို့ ထုံးစံအတိုင်း ဝိုင်းရိုက်ကြလေ၏။

တောက်ထွန်းသဘာဝကား ဘယ်တော့မှအကြမ်းမရ။ အကောင်ကလည်းကြီး၊ စိတ်ကလည်းခက်ထန်ရကား ရိုက်လေပိုဆိုးလေ ဖြစ်တော့သည်။ (တောက်ထွန်းမှာ ဇွေသံလျှက် နှစ်ဖက်ထမ်းသည်။ နားရွက်နောက်လည်ပင်းမြောင်နှစ်ဖက်မှာ တစ်တောင်မျှရှိသော ဇွေလျားရှည်ကြီးများကို ခေါ်သည်။ ဤဇွေပိုင်ရှင်မှာ စိတ်ခက်ထန်၍ ကောင်းစားစရာရှိကောင်း၊ ဆိုးစရာရှိ အလွန်ဆိုးဟု မြင်းကျမ်းကဆို၏။)

ကျွန်တော် သာယာဝတီက ပြန်ရောက်သောအခါ လူတို့ညဉ်းပန်းကြခြင်းဖြင့် တောက်ထွန်းမှာ အတော်ပင်ပိန်နေလေပြီ။ ကျွန်တော့်ယောက်ဖအကြီးကိုလည်း ကိုက်ထား၍ လက်မကွဲနေလေပြီ။ (ကံကောင်းသည်၊ မိမိရရဆိုလျှင် တိခနဲ ပြတ်သွားနိုင်သည်။) ယခင်က ကျွန်တော်အုပ်ခွက်ပြလျှင် လာ၍ခေါင်းထိုးပေးတတ်သော်လည်း ယခုမရတော့ပြီ။ ကျွန်တော့်ကိုပင် မမှတ်မိလေသလော။ သို့မဟုတ် လူမှန်သမျှကို စိတ်နာလေပြီလော။ ကျွန်တော့်အနီးကပ်ကိုမှုလည်း မခံတော့ပြီ။ ခြံထဲမှာထွက်ပြေးသည်။ မပြေး

www.burmeseclassic.com

www.burmeseclassic.com



သာလျှင် လှူကိုကန်သည်၊ ကိုက်သည်။ သူ့ကိုဖမ်း၍လှည်းတပ်လျှင် လှူလေးငါးယောက် ဝိုင်းလုပ်ရသည်။

သို့သော် မောင်း၍ကား...မရရေးချ မရ၊ ရှေ့သွားမည့်အစား နောက်ကို ကန်တိုးသည်။ တည့်တည့်ပြေးမည့်အစား ဘေးချော်ဆင်းသည်။ ညပ်ပူးညပ် ပိတ်ရိုက်ပါများသော် အိပ်ချလိုက်၏။ နီးရာကိုကန်၏။ မိရာကိုကိုက်၏။ သူ့ကိုဖိရိုက်နေလျှင် ထမည့်အစား စိတ်ကြီးမာန်ကြီးနှင့် လည်ခွေသိုင်းကို ကုန်းခဲနေတတ်၏။ လှူကလက်လျှော့၍ လှည်းကဖြုတ်လိုက်မှ ဝုန်းခနဲ ပစ်ထ၏။ ယင်းသို့လျှင် လှည်းတခြား၊ မြင်းတခြား အိမ်သို့ သာပြန်ခဲ့ရသည်။

နောက်ဆုံး၌ ကျွန်တော့် ‘ယခမောက်အင်းဆန်းစ်’ လက်မြောက်လိုက်ရကာ အသားဖိုးနှင့်ရောင်းလိုက်ရတော့၏။

ဝယ်သူကား...ဗဟန်းက ‘ရှမ်းကြီး’ တဲ့။ သူ့နာမည်က။ အရပ်ထောင်ထောင်မောင်းမောင်းနှင့် လူကြီးကိုကကြောက်စရာ၊ ရက်ရက်စက်စက် မြင်းဖွဲကိုချတ်သည့်နေရာ၌ ဝိဇ္ဇာဘွဲ့ရသူဖြစ်၏။ သို့သော် တောက်ထွန်းကိုကား မရရှာပေ။ နောက်ဆုံး၌ စိတ်ဆိုးဆိုးနှင့် သတ်ပစ်လိုက်သည်ဟူသော သတင်းကိုကြားရ၏။

ကျွန်တော့်ရင်ထဲမှာ ပူသွားသည်။ ကျွန်တော် တစ်လက်ကိုင်တုန်းက အင်မတန် လိမ္မာလုတဲ့မြင်းကြီး။

ဤနေရာ၌ ‘ဆင်တစ်ကျင့် မြင်းတစ်ကျင့်’ ဆိုသည်တွင် သူတို့ ‘တစ်ကျင့်’ ချင်းလည်း ခြားနားသည်ကိုတွေ့ရသည်။

ကျွန်တော့်မိရွှေနီ သေပုံကား တောက်ထွန်းနှင့် ဆန့်ကျင်ဘက်တည်း။

* * *

ရှေးယခင်က မိရွှေနီကို နေ့အခါတွင် လက်ဖက်ရည်ဆိုင်ရှေ့ကုက္ကိုပင်ကြီးအောက်တွင်ထား၍ ညအခါမှာ နောက်ဖေးအခန်းထဲတွင် အိပ်စေ၏။ ထို့နောက် ယာက္ကမ၏ ကမောက်ကမဆန္ဒကြောင့် လက်ဖက်ရည်ဆိုင်ကိုရပ်

www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်ရသောအခါ မိရွှေနီကို ယောက္ခမအိမ်သို့ ဆောင်ကြဉ်းခဲ့ရတော့၏။

ထိုစဉ်က ယောက္ခမ၏ဂေဟာမှာ ခေါင်းရင်းခြံလွတ်တစ်ခု၊ ခြေရင်းတွင် ခြံလွတ်တစ်ခုရှိ၍ မြင်းများအဖို့နေရာထိုင်ခင်း ကောင်းလှပေသည်။ နေ့မှာခြေရင်းကခြံထဲတွင် သစ်ပင်ပန်းပင်တို့အောက်၌နေ၍ ညမှာခေါင်းရင်းက မော်တော်ကားရုံထဲတွင် အိပ်စက်စေပါသည်။

ထိုအချိန်၌ တောက်ထွန်းလည်းမရှိတော့ပြီဖြစ်၍ မေရီနှင့် မိရွှေနီ နှစ်ကောင်သာ မြင်းမချင်းမို့ သင့်သင့်မြတ်မြတ်လည်း ရှိပါသည်။

သို့သော် တစ်ရံရောအခါဝယ် မိရွှေနီ ကံဆိုးချင်လေတော့ ကျွန်တော်နှင့် ကျွန်တော့်ယောက္ခမ ရန်ဖြစ်ပေတော့သည်။ ဘာကစဖြစ်သနည်းတော့ မမှတ်မိတော့ပါ။ အကယ်၍သာ ကျွန်တော် မှတ်မိမည်ဆိုပါက ရှင်သာရိပုတ္တရာ ကောင်းကင်ကကြယ်တွေ ရေနိုင်သည်ကို ကျွန်တော် သိပ်အံ့ဩတော့မည်မဟုတ်ချေ။ အကြောင်းမှာ ကျွန်တော် သာယာဝတီမှ စာရေးကြီးအဖြစ်ကပြန်လာပြီးကတည်းက ကျွန်တော်နှင့် ကျွန်တော့်ယောက္ခမမှာ နောက်ဆုံးခွဲခွာသည့်မိနစ်အထိ နှစ်ပေါင်းများစွာ အကြိမ်ကြိမ်အလီလီ ရန်ဖြစ်ခဲ့သောကြောင့်တည်း။ အကယ်၍သာ ကမ္ဘာတွင် သမက်–ယောက္ခမ ရန်ဖြစ်အများပြိုင်ပွဲကျင်းပပါက သူနှင့်ကျွန်တော်သည် ဟီ...ဟီ... ပထမဆု ခွဲဝေယူရာ၌ သူကကြီးသူမို့ ပိုရထိုက်သည်ဟု ငြင်းခုံခြင်းဖြင့် ထပ်မံရန်ဖြစ်ကြရဦးမည်။ တော်ပြီ...၊ ဒီပြိုင်ပွဲတော့ ကျင်းပသည့်တိုင်အောင် ကျွန်တော်တော့ မတက်ရောက်လိုတော့ပါ။ "ဒီဘဝ ဒီမျှသာ..."

ကဲ...မိရွှေနီ ကံဆိုးချင်တော့ ကျွန်တော်နှင့်ယောက္ခမ ရန်ဖြစ်တယ်ဆိုလျှင် ကျွန်တော့်ယောက္ခမဟောင်းကို ဒါတစ်ခုတော့ ချီးမွမ်းရမည်။ ဒီနေရာမျိုး၌ ကျောသားရင်သားမခွဲခြားပေ။ သားရင်းပဲဖြစ်ဖြစ်၊ သမီးရင်းပဲဖြစ်ဖြစ် စကားကတောက်ကဆ များကြလျှင်....

## ချက်ချင်း ငါ့အိမ်ပေါ်ကဆင်းသွား

ယင်းကာလ၌ ကျွန်တော့်မှာ တိုက်ပွဲဆင်း၏၊ နနယ်သေးသည်ဖြစ်၍ "လွယ်လိုက်တာ...ခင်ဗျား ဆင်းခိုင်းတိုင်းဆင်းရမလား" ဟူသော ပြန်စစ်ကို

www.burmeseclassic.com



မတိုက်နိုင်သဖြင့် အသာတကြည်ပဲ ဖြင်းမကလေးဆွဲကာ သူ့ဂေဟာမှ ထွက်ခဲ့ရပေသည်။

ထိုခေတ် ကျွန်တော့်ယောက္ခမက မောင်းချတိုင်း ခိုကိုးရန်မှာ တစ်အိမ် ကျော်ပင်ဖြစ်ပါသည်။

ထိုအိမ်က ကျွန်တော့်ကို ချစ်သနားကြသည်ဖြစ်၍ ကျွန်တော့်အဖို့ နေထိုင်စားသောက်ရန် မခဲယဉ်းပါ။ သို့သော် ဖြင်းမကလေးမိရွှေနီအတွက် ဆင်းရဲရ၏။ မိုးရာသီကြီးဖြစ်သောကြောင့် အိမ်ရှေ့တာနဘေး၊ ဖုံးခိုကျင်းကလေးအမိုးအောက်မှာ ဖင်မလှည့်သာ ခေါင်းမလှည့်သာနေရ၏။

ဂျပန်ခေတ် မိုးတွင်း ဖုံးကျင်းများအကြောင်း မိတ်ဆွေပြန်လည်စဉ်းစားပါ။ လေးငါးယောက်စာ ကျင်းကိုတူး၊ အပေါ်ကသစ်သားတန်းခံ၊ မြေကြီးဖြင့်ဖို့၍ ဥမင်လုပ်ပြီး အပေါက်မိုးရေလုံအောင် မိုးထားရသေးသည် မဟုတ်တုံလော။ မိရွှေနီမှာ ဤအထဲ ဖုံးခိုကျင်းကလေးပေါ်မှာ ကျဉ်းကျဉ်းကျပ်ကျပ် နေရပါသည်။

တစ်ညသ၌ မိုးသည်းထန်စွာရွာပြီး ကျွန်တော်တရေးနိုးသော် ညက ကျွေးထားသောအစာတွေ မိရွှေနီကုန်ရဲ့လားဟု ထကြည့်သောအခါ မိရွှေနီကို မတွေ့ရတော့ချေ။

လွတ်ထွက်သွားသလား…လူပဲခိုးသွားလေသလား၊ ကြိုးကိုရှာသောအခါ၌ ငုတ်တုတ်တန်းလန်း တစ်ဖက်စက ဖုံးခိုကျင်းထဲကျနေသဖြင့် ကျွန်တော်ဆွဲကြည့်သော် လားလား….တေ်မကျင်းထဲမှာကိုး။

စပထမဦးဖြင့် ကျွန်တော်ကဘာမျှ မစဉ်းစားသေးဘဲ ရယ်များပင် ရယ်မောလိုက်ကာ…"ဟ…မိရွှေနီ…ခုည ဖုံးလာချမယ်ဆိုတာ နင်သိလို့လား၊ တက်ပါဟာ လူတွေခိုစရာမရှိဘဲ နေပါဦးမယ်" ဆိုပြီး ကျွန်တော်က ကြိုးဆွဲတင်၏။

သို့သော် ဘယ်ရလိမ့်မည်နည်း။ တေ်မကျင်းထဲပက်လက်၊ သူ့ကိုယ်နှင့်ကျင်းမှာ မလှည့်သာမဆောင်းသာ ပြည့်နေသည်။ ခေါင်းမှာ အဝမျက်နှာ မှလျက် နောက်ပြန်လျောကျရင်း လဲပြီးပက်လက်လန်သွားဟန် တူပေသည်။

ဤမှ ကျွန်တော် မျက်လုံးမျက်ဆန်ပြူးပြီး အိမ်ကလူကြီးတွေနိုး၊

www.burmeseclassic.com

www.burmeseclassic.com



မီးခွက် တွေထွန်းပြီး လာကြည့်ကြ။ သို့သော် ကြံကြံဖန်ဖန် ဖြစ်ရပုံကို မြင်ကြရရုံမှတစ်ပါး အိမ်ကလူများအဖို့ ဘာမျှမတတ်နိုင်ပါ၊ တွင်းထဲတွင် ရေများရှိ၍ ကြာသော် မိရွှေနီ အအေးမိပြီးသေနိုင်သည်။ အစုတောင် ဘယ်တုန်းက ကျနေသည်မသိ၊ အချိန်မှာ သန်းခေါင်ကျော်ဖြစ်နေသည်။

ကျွန်တော်၏ဘဝတာ သည်တစ်ကွေ့ဝယ် တစ်ဦးတည်းအားထား စရာ မိရွှေနီရယ်....။

ကျွန်တော်မှာ ကဗျာကသီ အနီးအပါး၌ရှိသော အလုပ်ကြမ်းသမား ကူလီများဆီသို့ ပြေးရတော့သည်။ အချိန်မတော် ကူလီခေါင်းကိုနှိုးပြီး အကျိုး အကြောင်း ပြောပြရတော့သည်။

"ကျွန်တော် ထိုက်တန်သလောက် ပေးပါ့မယ်ခင်ဗျာ၊ ကြည့်ရှုပြီးသာ လုပ်ကြပါတော့"

"ဖြစ်ရလေ မောင်ကြင်ဆွေရယ်" ကျွန်တော် လက်ဖက်ရည်ဆိုင် ထွက်စဉ်တုန်းကတည်းက ရင်းနှီးကြသူများဖြစ်သည်။

"မင့်မို့လို့... တို့အချိန်မတော် ထလုပ်ပေးရမှာပဲကွယ်"

"ကျေးဇူးပါပဲဗျာ...လာကြစမ်းပါ မြန်မြန်..."

သူတို့သည် တစ်ယောက်တစ်ယောက်နှိုးပြီး အချို့ ညည်းညည်း ညူညူနှင့် လာကြ၏။ ပထမ ဖုံးခိုကျင်းအမိုးကို ဖယ်ဖျက်ရ၏။

ဒုတိယ အပေါ်ကမြေကိုခွာ၍ သစ်သားတန်းကို ဖယ်ရ၏။

တတိယ မြင်းမ၏ကိုယ်ကို ရှေ့နောက် ကြိုးနှစ်ချက်သိုင်း၍ ထမ်းပိုး နှစ်ချောင်းနှင့်ထမ်းပြီး ဆွဲတင်ရ၏။

သန်းခေါင်ကျော် မိုးဖြောက်ဖြောက်အောက်၌ ချွေးဒီးဒီး ကျကြ ရှာ၏။

မိရွှေနီလည်း မသက်သာ၊ အပြင်ရောက်သော်လည်း သူမထနိုင်၊ တစောင်းလဲ၍နေတော့၏။ သူ့ကျောမှာလည်း ပွန်းရာတွေ သွေးရဲရဲ။

ထိုည ကျွန်တော် သူ့ ဂုန်နီအိတ်အဟောင်းများနှင့် ခြုံထား၍ နံနက် ရောက်မှ စောစောစီးစီး ဟိုဆရာကြီးသွားခေါ်ရ၏။

မျက်မမြင်သည် တုံးလုံးလဲနေသောမြင်းနံဘေး၌ ဆောင့်ကြောင့်ထိုင်

www.burmeseclassic.com

www.burmeseclassic.com



၍ တစ်ကိုယ်လုံး စမ်းသပ်ကြည့်ပြီးနောက်....

"ခြေလက်အင်္ဂါ ဘာမှမဖြစ်ပါဘူးကွယ်၊ အအေးပတ်နေတာပါ။ မင့် မြင်းမ မကြာခင် ထစေရမပေါ့"

ကျွေးဆေးလိမ်းဆေးများဖြင့် နောက်တစ်နေ့မှာပင် ထပါသည်။ သို့သော် ငတိမ အကြောဆွဲနေ၍ ကောင်းစွာ လမ်းမလျှောက်နိုင်၊ အကြောဆေးများလိမ်းကာ နှိပ်နင်းပေးရသည်။ လမ်းဆွဲလျှောက်ရသည်။ နှစ်ပတ်ကျော်မှ ပြန်မောင်းနိုင်သောအခြေသို့ ရောက်ပေတော့၏။

မိရွှေနီ ကျွန်တော့်ဘဝတာ မဖြူးဖြောင့်ခဲ့သည့်အခါတွေ များလှသည်။ ကြည့်ပါ သူရောက်လာကတည်းက ကျွန်တော့်ဆီမှာ ချူချာသည်။ သူ့ရောဂါ ကို ကျွန်တော်မသိဘဲ (ကျွန်တော့် အသိမပေးဘဲနှင့်) ဝင်လာခဲ့ခြင်း ဖြစ်သည်။

ကျွန်ုပ်တို့ မြန်မာအယူအဆတွင် တိရစ္ဆာန်သည် လူ့ထံမှ ဘဝက ကြွေးမြီရှိခဲ့၍ မွေးစားရသည်ဟုဆို၏။ ဤအတိုင်းမှန်ခဲ့သော် မိရွှေနီအပေါ်မှာ တင်ခဲ့သောကြွေးမြီသည် မသန့်ရှင်းခဲ့ပေ။ ကျွန်တော်၏ ယုတ်မာကောက်ကျစ်မှုတွေပါမည်။

ကြည့်ပါ...မိတ်ဆွေ၊ တစ်နေ့သောအခါဝယ် ကျွန်တော်၏ကျောင်းနေဖက် သူငယ်ချင်း၊ ယင်းခေတ် စစ်ဗိုလ်ဖြစ်နေသူနှင့်တွေ့၍ ထိုနေ့ အိမ်ပြန်လှည်းဖြုတ်နောက်ကျခဲ့သည်။ စမ်းချောင်းထိပ်မှ ရှမ်းလမ်းမကြီးသို့ဝင်သောအခါ မှောင်၍နေပေပြီ။ အိမ်အပြန်မို့ ကျွန်တော်သည် သူ့ဇက်ကြိုးကို ဂရုတစိုက် မထိန်းနိုင်တော့ဘဲ သူငယ်ချင်းနှစ်ယောက် စကားတပြောပြောနှင့် လာခဲ့ကြ၏။ ထိုအခါ မိရွှေနီ တပ်ထားသောအုပ်ခွက်သည် (သူများလှည်းငှားမောင်းရတာ) သူ့ခေါင်းနှင့်ချောင်နေသောကြောင့် ဇက်သွား သူ့ပါးစပ်မှ ပြုတ်ကျနေ၏။ ဒါကို ကျွန်တော်မသိ၊ အကယ်တိ တစ်စုံတစ်ရာမှ မဖြစ်ဘူးဆိုလည်း ဘာမှအကြောင်းမရှိပေ။

သို့သော် ညောင်တုန်းလမ်းထိပ်အရောက်တွင် မုံးတစ်လုံး၏ ဝုန်း-ဝုန်း-ဝုန်း-ဝုန်း ကျယ်ကိုကြားရသည်၌ မိရွှေနီမှာ နဂိုက ကြောက်တတ်သော ဥာဉ်ရှိသည့်အတိုင်း တစ်ခါတည်းလန့်၍ ကဆုန်စိုင်းပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဇက်ကြိုးဆွဲသော်လည်း ဇက်သွားလွတ်နေပြီဖြစ်သောကြောင့် မရတော့။ အရမ်းဆွဲ၍ အုပ်ခွက်သူ့မျက်နှာမှ ကျွတ်သွားသောအခါ၌ ပို၍ဆိုးတော့သည်။ (ရထားမောင်းစဉ် မြင်း၏မျက်နှာများကို သားနစ်ဖက်က အရာများကို မမြင်မတွေ့ရအောင် ဖြစ်သည်။)

ဤနေရာ၌ မိရွှေနီသည် အစွမ်းကုန်လန့်ကာ လမ်းမကြီးတစ်လျှောက်၌ ကဆုန်စိုင်းပေတော့သည်။ လမ်းကလူတွေအားလုံး အလန့်တကြားသားကိုရှုကြ၏။ အော်သူအော်၊ ဟစ်သူဟစ်ကြ၏။ ကျွန်တော့်သူငယ်ချင်းကား လိမ့်ကျကျန်ခဲ့ပေပြီ။

ကျွန်တော်မှ မြင်းလှည်းသမားပီပီ သတိရှိ၍ မြင်းလှည်းလက်တံကိုတွယ်လိုက်သွားကာ မြင်းမမျက်နှာကို ဖမ်းချုပ်နိုင်ရန် ရှေ့မှဆင်း၏။ သို့သော် မြင်းမ၏မြန်လှသောအရှိန်ကို မလိုက်နိုင်သဖြင့် ကျွန်တော်ဝမ်းလျားမှောက်၍ လှည်းဘီးက ခါးဖြတ်နင်းသွားတော့၏။ မြင်းမသည် ရှမ်းလမ်းမကြီးအတိုင်းပြေးရာမှ ထိုစဉ် နစ်ကျပ်ခွဲကွက်သစ် (ယခု ဘာလဲတော့မသိ) ထဲသို့ကွေ့ဝင်ကာ အိမ်အချို့ကိုတိုက်ပြီးနောက် သရက်တောလမ်းသို့ တက်ပြေး၏။

ကျွန်တော်နှင့် ကျွန်တော့်သူငယ်ချင်းမှ လမ်းကောင်းစွာ မလျှောက်နိုင်တော့ဘဲ နောက်မှ ထော့နဲ့ထော့နဲ့နှင့် လိုက်ရ၏။ သရက်တောလမ်းနှင့် လင်းလွန်းလမ်းထောင့် ကမူမြင့်ပေါ်က အိပ်ရှေ့ကန့်လန့်ဖျင်းတိုင်ကို လှည်းဘီးခွတိုက်ကာ မြင်းမရပ်နေသည်ကို တွေ့ရ၏။ လူအချို့က ချုပ်ကိုင်ထား၏။

လှည်းဘီးတစ်ဖက် ပုံလျက်သားကျသွား၍ တဲအိမ်တစ်ခြမ်း ကျိုးပဲ့သွားပေပြီ။

နစ်ကျပ်ခွဲကွက်သစ်က အိမ်အချို့ကိုလည်း အလျော်ပေးလိုက်ရ၏။ ကျွန်တော့်မှာလည်း ခါးနာ တော်တော်နှင့်မပျောက်ချေ။

မိရွှေနီဆိုက ဘဝကြေးမြီယူရတာများ ဖိမ်မရှိလိုက်ပုံလေ။

တစ်ခါလည်း ပြောရဦးမည်။ ကျွန်တော်သည် သူ့ကို ဗဟန်းတစ်ခေါက်၊ ရန်ကုန်တစ်ခေါက် မောင်းပြီး၍ နေ့တွက်ကိုက်ပေပြီ။ သူ့လုပ်အားလည်း ဒီနေ့အဖို့ ကုန်လေပြီ။ ညမိုးချုပ်ခါနီး မြင်းစာဝယ်ရင်း လမ်းထိပ်တွင်ရပ်ထားတုန်း ဖြူန်းဆို ဟဲဟိုးစစ်သား ၇ ယောက် ရောက်လာကာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်လှည်းကို သူတို့နှင့်လိုက်ပါဆို၏။

ကျွန်တော်က မလိုက်နိုင်ကြောင်း အကျိုးအကြောင်းပြောကာ အကြိမ် ကြိမ် ငြင်းပါသော်လည်း အခြားလှည်းတစ်စီးမျှ မရှိတော့၍ (ရှိပါ့မလား၊ အခြေအနေကြည့်ပြီး ထုံးစံအတိုင်းလစ်ကြတာကိုး) လှည်းပေါ် အတင်းတက် ထိုင်ကြကာ သူတို့ဟာသူတို့ မောင်းသွားမည်လုပ်ကြတော့၏။ ယင်း၌ ကျွန်တော်က ဇက်ကြိုးကိုမပေးဘဲ ဟိုဘက်ဒီဘက် လုကြသည်တွင် ဝတီတို့ လည်း "ဒီကောင် ခေါင်းမာတယ်၊ ဆော်ကွာ မင်းဘယ်လောက်များ မိုက်လို့လဲ" ဆိုပြီး အရက်မူးမူးနှင့် သူတို့ခါးက ဘက်နက်တွေထုတ်ကြကာ ၇ ယောက်နှင့်တစ်ယောက် ဆော်လဘန်တေကြလေတော့၏။

နှစ်ယောက်က ကျွန်တော့်ရင်ဝနှင့်ကျောကို ရှေ့နောက် ဘက်နက် ဦးချွန်နှင့် ထောက်ထားကြ၏။ ကျန်ငါးယောက်က အသွားနှင့်လည်းကောင်း၊ အပြားနှင့်လည်းကောင်း၊ ခုတ်ကြရိုက်ကြတော့၏။

နံဘေးမှမြင်မကောင်း၍ လာဖျဉ်သူ လူတစ်ယောက်ကိုလည်း ဆော် လွှတ်၍ ပြေးရရှာ၏။ ဟဲဟိုးတို့သည် ဂျပန်ခေတ်တွင် ဂျပန်အားကိုးနှင့် ဗမာအချင်းချင်း မိုက်ကြသူများဖြစ်၏။

ကျွန်တော်ကား ဤနေရာ၌ သွေးပူပူဖြင့် သေချင်သေပစေတော့၊ ငါ့ မြင်းမတော့ သင်းတို့လက် မအပ်ဘူးဟု ဇွတ်ပေခဲ၏။ သည်လို စိတ်တင်း ထားလိုက်သောအခါ ကိုယ်ပေါ်၊ ခေါင်းပေါ် တဖြောက်ဖြောက် မိုးဖွားတွေကျ သလိုသာ ခံစားရပေတော့သည်။ နောက်ဆုံး၌ ခံရသူသက်သက်ကို တစ်ဖက် သတ်လုပ်၍ အားရကြတော့မှ အသိတရားရသလို သူ့ရဲကောင်းအချင်းချင်း "လွှန်မယ်–လွှန်မယ်" ဟုပြောပြီး ထွက်ခွာသွားကြသောအခါ၌ ကျွန်တော့်မှာ မြင်းလှည်းလက်တံကိုမှီကာ ဦးခေါင်းမှမျက်နှာပေါ် သွေးများစီးယိုကျလျက် မိန်းမောမူးဝေ၍ ကျန်ခဲ့တော့၏။

* * *

ဒုတိယအကြိမ် အကျပ်ကိုင်သူများကား နိပွန်မာစတာများ ကိုယ်တော်တိုင်ဖြစ်တော့၏။ အချိန်က မြင်းမအတွက်ပိုပင် ဆိုးချေသည်။ နွေရာသီ နေ့လယ်မွန်းတည့်လုနီး ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ထိုနေ့၌ လူများလှည်းကို မနက်ပိုင်းရ၍ နေ့တွက်နှစ်ခေါက်မောင်းပြီး မြင်းမသံခွာတစ်ခု ကျွတ်သွားသဖြင့် လမ်းထိပ်တွင် အသစ်ရိုက်ပေးနေစဉ် ဖြစ်၏။

ယင်းအခိုက် ဂျပန်တစ်သိုက်ရောက်လာပြီး ဗဟန်းကိုပို့ပါဆို၏။ ကျွန်တော်က မြင်းမချေးသံ့ရွဲရွဲနှင့် ဟောဟဲဖြစ်နေပုံကိုပြပြီး သေလိမ့်မယ်။ မပို့နိုင်ဘူးဟု ပြောသောအခါ ခူးရား လုပ်ကြတော့၏။

ဟဲ...ဟဲ...သူတို့ကိုကား (သက်ဦးဆံပိုင်များကို) ကျွန်တော် သတ္တိမပြဝံ့တော့ပေ။ သို့သော် ကျွန်တော့်မြင်းမတော့ ကျွန်တော် မညှာမတာ မခိုင်းရက်။ မချိတင်ကဲဝန်ကို ဆွဲရသည်လည်း မကြည့်လိုသဖြင့် အနီး၌ အဆင်သင့်ရှိသော "လှည်းကြုံမောင်း စပယ်ယာ" ကုလားအပွနားအား အကျိုးအကြောင်းပြောပြပြီး

"ကဲ မင်း ဖြည်းဖြည်းသက်သာကြည့်ပြီး မောင်းပို့လိုက်ပါတော့ကွာ"

မိရွှေနီသည် ဘယ်လောက်ပဲပန်းပန်း လူခိုင်းစေသမျှကိုတော့ မတွန့်မဆုတ် ဆောင်ရွက်တတ်၏။ သူ့အားရှိသမျှ သွားနိုင်သမျှတော့ ခိုခြင်းကတ်ခြင်းဟူ၍ သူ့ဘဝတစ်သက်တာမှာ တစ်ခါမျှမရှိခဲ့ချေ။

ယခု ဂျပန်ငါးကောင် တင်သွားတာမှာလည်း ခွာသံပြင်းပြင်း၊ လေးဖက်ကွဲကွဲနှင့်ပင် ထွက်သွားသည်။

သို့သော် နာရီဝက်မျှအကြာ၌ ဗဟန်းမှလာသော လှည်းတစ်စီးက

"ကိုကြင်ဆွေ၊ ခင်ဗျာ့မြင်းမလေး ရေတာရှည်လမ်းထိပ်မှာ လဲနေပြီ"

ကျွန်တော့်ဆရာကြီးသည် ဒီမြင်းမကို တစ်နေ့နှစ်ခေါက်ထက် ဘယ်တော့မှ ပိုမခိုင်းနဲ့ လျှော့ခိုင်းရင်သာခိုင်းဟု မှာထားသည်။

ကြီးလန့်စာစားခေတ်၌ ယခု မလွဲမရှောင်သာ ပြုလိုက်ရသည်။

ကြည့်မြင်တိုင်မှလာသော ပထမဦးဆုံး ကြုံရာရထားနှင့် ကျွန်တော်လိုက်သွားသောအခါ မိရွှေနီ အသက်မရှိတော့ပြီ။

"ကျွန်တော် တစ်ချက်မှ ရိုက်မမောင်းဘူး ကိုကြင်ဆွေ" အပွနားက ဆီးပြော၏။ "ခင်ဗျားမှာလိုက်တဲ့အတိုင်း သူမသွားနိုင်လို့ရပ်ရင် ကျွန်တော်ဂျပန်တွေဆင်းခိုင်းမှာပဲ။ အခုတော့ ဟောဒီနေရာမှာ ဗုန်းဗုန်းလဲတဲ့အသံ

www.burmeseclassic.com

www.burmeseclassic.com



သူ့ခြေဟာ တစ်ချက်မပျက်ဘူးဗျ၊ အာဂမြင်းမ ရှာမှရှားရော့"

မိရွှေနီသည် သူ၏တာဝန်ကို အသက်သေသည်အထိ ထမ်းဆောင်သွားရှာပေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

## တစ်ခါက ဘဝဖော်

လူတို့ အိပ်မက်မက်ရာတွင် အိပ်မက်ထဲခံစားမှုတို့မှာ လက်ရှိအခြေအနေနှင့် ထင်ဟပ်၍လည်းကောင်း၊ ကင်းကွာ၍လည်းကောင်း၊ အတိတ်ကို ပြန်လည်၍လည်းကောင်း၊ စိတ်ကူးယဉ်မျှော်မှန်းထားသော အနာဂတ်ကို ဆိုက်ရောက်၍လည်းကောင်း သို့မဟုတ် ဤသုံးမျိုးရောစပ်၍လည်းကောင်း တွေ့ကြုံတတ်လေရာ ထိုည ကျွန်တော့်အိပ်မက်မှာ အတိတ်နှင့် ပစ္စုပ္ပန် ပူးပေါင်းလျက် ရှိလေသည်။

မည်သည့်နေရာ၊ မည်သည့်ဂေဟာလဲဟု မကွဲပြားသော အဆောက်အဦတစ်ခု၏ အပေါ်ဆုံးထပ်၊ ဘုံဆောင်ကဲ့သို့ အခန်းကျဉ်းကလေးတစ်ခုမှာ ကျွန်တော်၏စာရေးခန်း ဖြစ်နေသည်။ ကျွန်တော်သည် ကျဉ်းမြောင်းသော လှေကားထစ်မှတက်ခဲ့၍ ထိုအခန်းထဲရောက်ကာ စာရေးစားပွဲကိုမြင်ပြီးမှ အဝေးသို့လှမ်းမျှော်ကြည့်လိုက်ရာ မြင်းဇောင်းထဲမှာ အစာစားနေသော မြင်းနက်ကြီးတစ်ကောင်ကို နောက်ပိုင်းမှမြင်ရ၏။

"ဟာ ဒါ ငါ့မြင်းကြီးပဲ။ (ကျွန်တော့်အိပ်မက်ထဲ၌ ပေါ်လာပါသည်) ငါစာရေးဆရာဖြစ်မှ သူ့ကို ငါမမောင်းရတာ ကြာလှကပြီ။ ဟင်... ဒီနေ့ စမ်းချောင်းမြင်းလှည်းအသင်းဝင်ထဲက လူတစ်ယောက် အသုဘဖြစ်၍ အားလုံး မြင်းလှည်းသမားတွေ မသာပို့လိုက်သွားကြ၏။ အို...ဒီတုန်း ငါ

www.burmeseclassic.com



ဗဟန်းတစ်ခေါက်လောက် ဘူ့အဘိုးရအောင်ဆွဲလိုက်ရ မိမ်ပဲဟု စိတ်ကူး ပေါက်ကာ တစ်မုဟုတ်ချင်း ထိုမြင်းကြီးအနားသို့ ရောက်သွားသော် မြင်း ဇောင်းထဲရှိ လူတစ်ယောက်က "ဒါ ခင်ဗျားမြင်းကြီး မဟုတ်ပါဘူး၊ ကျုပ် မြင်းပဲ၊ ကြည့်ပါလား၊ ခင်ဗျားမြင်းလို ကြာမှမပါဘဲ" သူပြော၍ မြင်းမျက်နှာ ကြည့်လိုက်တော့ မှန်ပါ၏။ ကျွန်တော့်မြင်းနက်ကြီးမှာ နဖူးမှခေါင်းအထိ အလွန်တရာ ထင်ရှားသော ကြာဖြူဖြူကြီး ပါ၏။

"ဟင်...ဒါဖြင့် ကျွန်တော့်မြင်းကြီး ဘယ်ရောက်သွားလဲဗျာ" ဟု ကျွန်တော်က ဝမ်းနည်းစွာမေးသောအခါ၌ ထိုလူက "ခင်ဗျားမရှိမှ ဘယ်သူမှ ကောင်းကောင်းမွန်မွန် မကျွေးကြတာ တပိန်ပိန် တရှောင်ရှောင်နဲ့ နောက် တော့ ခင်ဗျားအဖေက ရောင်းစားပစ်ဆိုပဲ"

အိပ်မက်ထဲ၌ ကျွန်တော့်အဖေကို ကျွန်တော် လွန်စွာဒေါပွလေသည်။ (စင်စစ် ကျွန်တော်မြင်းလှည်းသမားဘဝမှာ အဖေနှင့်မည်သို့မှ မဆပ်ဟပ်ခဲ့ ပါ) ကြည့်ပါဦး။ သားမရှိတုန်း သားပစ္စည်းကို ဂရုမစိုက်ဘဲထားပြီး ရောင်းစားပစ်သတဲ့။ ကျွန်တော်သည် (မဆိုမဆိုင်) မွေးသဖခင်ကို လွန်စွာ စိတ်ဆိုးလျက် ပြစ်တင်ပြောဆိုအံ့ဟု စိတ်အကြံဖြစ်ပေါ်စဉ်မှာ ကျွန်တော်အိပ် ရာမှ ဖျတ်ခနဲ နိုးလေသည်။ နိုးစတစ်ခဏ၌ အိပ်မက်၏အရှိန်မပြေသေးဘဲ ကျွန်တော့်မြင်းကြီးအတွက် ကျွန်တော် လွန်စွာသောကပရိဒေဝ ဖြစ်ပါသည်။ နောက် အိပ်ငွေ့တစ်စတစ်စပြေ၍ မိမိ၏ ယခုလက်ရှိအခြေနှင့် လွန်ခဲ့သော အတိတ်က မြင်းကြီးအကြောင်းကို အမှန်အတိုင်း ပြန်လည်စဉ်းစားမိတော့မှ စိတ်သက်သာရာ ရပါတော့၏။

ဤကား ထိုမြင်းကြီးနှင့်ကျွန်တော်သည် မကြာခဏ အိပ်မက်ထဲ၌ တွေ့ကြုံခံစားရသော ဖြစ်ရပ်တစ်မျိုးပါပေတည်း။

စင်စစ် ကျွန်တော်၏မြင်းလှည်းသမားဘဝသည် ၁၉၄၂ ခုနှစ်မှ စခဲ့၍ ၄၆ ခုနှစ် ဇွန်လမှာ အဆုံးသတ်ခဲ့သဖြင့် သူနှင့်ကျွန်တော် ပြီးပြတ်ခဲ့သည်မှာ ယခု ဤစာရေးချိန်၌ ၁၂ နှစ်ကျော်ခဲ့ပေပြီ။ သို့သော် သူသည် ကျွန်တော်၏ အတွင်းစိတ်သဏ္ဍာန်မှာ ပျောက်ကွယ်၍မသွားသေးဘဲ နှစ်ပေါင်းများစွာ အိပ်မက်ထဲမှာ မကြာခဏ လာရောက်တွေ့ဆုံရပါသည်။ အံ့ဩစရာတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသည်ကား ကျွန်တော်၏မြင်းလှည်းသမားဘဝကား ၄ နှစ်မှာ မြင်းပေါင်း ၁၅ ကောင်မျှကိုင်ခဲ့ပါလျက် အခြားမြင်းများကို တစ်ခါတလေမျှ မှတ်မှတ်ရရ အိပ်မက်ဖူးသည်မရှိဘဲ သူ့ကိုဆို သူ့ကိုမှ အကြိမ်ကြိမ်အလီလီ မြင်မက်၍နေပါသည်။ တစ်ခုတော့ စဉ်းစားမိသည်။ သူသည် ကျွန်တော် လက်ထဲမှာ အကြာဆုံးနှင့် နောက်ဆုံးမြင်းဖြစ်ခဲ့သည်။ ထို့ကြောင့်ပင် ဖြစ်တန်ရာသည်။

သူ့ကို ကျွန်တော်မြင်မက်ရသည်မှာ ဖော်ပြသကဲ့သို့ သူ့အတွက် ပူပင်သောကရောက်ခဲ့သည်များလည်း ရှိ၏။ သူနှင့်ကျွန်တော်သည် ပျော်ရွှင်စွာ မောင်းနှင်သွားလာနေသည်များလည်း ရှိ၏။ ဖုံးကျ၍ တဝုန်းဝုန်းနှင့် နှစ်ဦးသား အသက်ဘေးမှလွတ်အောင် ပြေးခဲ့ရသည်များလည်း ရှိ၏။

သူ့ကို ကျွန်တော် မြင်မက်သည်မှာ စာရေးဆရာဖြစ်မှ နှစ်စဉ်မလွတ်ပါ။ တစ်ခါတစ်ရံ လပေါင်းများစွာခြား၍၊ တစ်ခါတစ်ရံမူ ခုနစ်ရက်တစ်ပတ်မျှ မခြားပါချေ။ သူ့အကြောင်း ပြန်လည်တွေးတောနေ၍လည်း မဟုတ်ပါ။ အလိုအလျောက် ပေါ်ပေါက်လာခြင်းသာ ဖြစ်ပါချေသည်။

အစဦးဖော်ပြခဲ့သော အိပ်မက်ကိုမြင်မက်၍ လေးရက်မျှအကြာ၌ အောက်ပါအိပ်မက်ကို ပြန်မက်ပြန်ပါသည်။

ကျွန်တော်သည် လူအများစုနှင့် ပျော်ရွှင်ပွဲတစ်ခုမှ ငြီးငွေ့၍ တစ်ယောက်တည်း ထွက်ခွာလာခဲ့စဉ် လဟာပြင်မှ သိန်းငှက်ကဲ့သို့ ပျံဝဲလာခဲ့သည်။ (ကျွန်တော်သည် ဤကဲ့သို့ ပျံသန်းခြင်းကို မြင်မက်လေ့ရှိသူ ဖြစ်ပါသည်) သို့ ပျံသန်းလာစဉ် လဟာပြင်မှသည် ရှည်လျားသော အဆောက်အဦကြီးထဲသို့ ဝင်မိသွားပြီး လူနေခန်းပေါင်း မြောက်မြားစွာကို ပျံသန်းရင်း ဖြတ်ကျော်လျက် ထွက်ပေါက်မရှိဖြစ်နေရာ ခွေးကြီးတစ်ကောင် လာသည်ကိုမြင်၍ ထွက်ပေါက်တွေ့အံ့နိုးဟု သူ့နောက်ကို ပျံသန်းလျက် လိုက်သွားမိသည်။ သို့သော် ခွေးသွားလမ်းမှာ ကျဉ်းမြောင်းမဲမှောင်သော လှေကားမှ အနိမ့်ထဲဆင်းသွားသည်ဖြစ်၍ အတန်ငယ်လိုက်မိပြီးမှ "ဟာ ခွေးသွားတာ လမ်းဟုတ်သေး မထင်ပါဘူး" စဉ်းစားမိသဖြင့် ပြန်၍တက်လာသောအခါ အဝမှ ဤအဆောက်အဦ၏အကြီးအမှူးဖြစ်သူ ဖနီးမောင်နံကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရ၍ သူတို့က "ဒါဟာ အိပ်သာကိုသွားတဲ့လှေကားပဲ" ဟုပြောပြီး ကျွန်တော့်ကို မည်သူလဲဟု မေးမြန်းကြပါသည်။ ကျွန်တော်က လူကြီးမင်းတို့နှင့် ရင်းနှီးသူ၊ ယခင်က ပဲမှူးမှာ မြို့ပိုင်လုပ်သွားသော ဦးခင်ဦး၏မိတ်ဆွေ စာရေးဆရာ ဒေါ်တာဒွေပါ။ ယခု ဦးခင်ဦး စက်ရှင်မင်းကြီးဖြစ်နေပါတယ် ပြောသကာလ သူတို့ဝမ်းသာသွားကြ၍ ကျွန်တော့်ကို ထွက်ပေါက်လမ်းပြပေးကြသည်။

သူတို့ အစေခံတစ်ယောက်ကို ပို့ခေါ်ခြင်းဖြင့် လဟာပြင်သို့ရောက်သော ကျွန်တော်မှာ ပျံသန်းနိုင်စွမ်းကုန်ခမ်း၍ မြေသို့ကျအုံဆဲဆဲ လိုက်ပို့သူရှေ့မှာ အရက်ကွဲတော့အုံဟု စိုးရိမ်နေချိန်တွင် ရုတ်တရက် ကျွန်တော့်ဘဝဖော် မြင်းကြီး ပေါ်ပေါက်လာကာ သူ့ကျောပေါ်မှာ ကျွန်တော်စီး၍သွားတော့သတည်း။ ဤသို့ဖြင့် ကျွန်တော်အိပ်ရာမှ ကြည်လင်စွာ နိုးပေတော့သည်။

ကျွန်တော့်အိပ်မက်များသည် ဂယောက်ဂယက်များသာ ဖြစ်ပါသည်။ ကျွန်တော်သည် အိပ်မက်များကိုဖေါ်လုပ်၍ နိမိတ်ဖတ်ဝါသနာပါသူလည်း မဟုတ်ပါ။ မည်သူ့ကိုမှလည်း ပြောပြလေ့မရှိ။ ပြီးပြီးပျောက်ပျောက်ပါ။ သို့သော် ဤမြင်းကြီးတစ်ကောင်ကား ကျွန်တော့်စိတ်တွင် အမှတ်ထင်ထင် ဖြစ်လောက်အောင် မကြာခဏ အိပ်မက်ထဲပါလေ့ရှိသောကြောင့် သူနှင့် ကျွန်တော် ဘဝတစ်ကွေ့မှာ နှစ်ဦးသား 'ဇာတ်ရိုက်နာနာ' လော့်ခတ်ခဲ့ရပုံများကိုလည်း သုံးသပ်မိပါတော့သည်။

*   *   *

## သူ ကျွန်တော့်ဆီရောက်လာပုံ

၁၉၄၄ ခုနှစ်ကုန်ခါနီးလောက် ကျွန်တော့်လက်ထဲရောက်လာသော မြင်းပေါက်ကလေးတစ်ကောင်မှာ မြင်းကတ်ကလေးဖြစ်နေပါသည်။ သူသည် အလျား၊ အဆံ၊ အသွေး၊ အမွေးကောင်းသလောက် 'ဖွဲကလေး' ရှိနေသည်။ ဝယ်စဉ်ကပင် သိပါသည်။ သို့သော် ကျွန်တော့်မြင်းဆရာ ကိုကျင်စိန်က 'ဒီလောက်ချောတဲ့မြင်းကို ဒါကြောင့် ဒီဈေးနဲ့ရတာပေါ့၊ ဒီဖွဲကို ငါချွတ်ပေးပါ့ မယ်ကွာ' အာမခံချက်အရ ဝယ်ခဲ့ပါသည်။ သို့သော် 'ဤဖွဲ' သည် ကိုကျင်စိန်

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာသာကျွတ်၍ ကျွန်တော့်လက်ထဲမှာ မကျွတ်ပါ။

အဓိပ္ပာယ်မှာ ကိုကျင်စိန် မောင်းသောအခါတွင်သာရ၍ ကျွန်တော် မောင်းသောအခါ မသွားတော့ပါ။ မြင်းတို့မည်သည် လူပြန်မကြည့်ဘဲ သူ့ ဇက်ကြိုးကိုင်လိုက်ရုံနှင့် ဘယ်သူဘယ်ဝါ၊ ဘယ်လိုလူစားလက်ပဲဆိုတာ သိတတ်၏။

ကိုကျင်စိန် မောင်း၍သွားနေဘိလည်း ကျွန်တော့်လက်ပြောင်းလိုက် သောအခါ ကတ်ချင်လာသည်။ သူ့သဘောမှာ ကိုကျင်စိန်ကိုသာကြောက်၍ ကျွန်တော့်ကို ပမာမခန့်ချေ။ စင်စစ် ကျွန်တော့်မှာ မြင်းလှည်းသမားအနေဖြင့် လူပျော့ကလေးဖြစ်ပါသည်။ မြင်းကတ်တစ်ကောင်ကို နိုင်နင်းအောင် နှိမ်နင်းနိုင်သူမဟုတ်ပါ။ (ရက်ရက်စက်စက် မရိုက်ရက်ခြင်းဖြစ်သည်။)

ဤသို့ဖြင့် ကျွန်တော်သည် မြင်းလှည်းတပ်တိုင်း ကိုကျင်စိန်ကိုချည်း အားကိုးရတော့ ကြာသော် ဤမြင်းကိုစိတ်ပျက်လာ၏။ ထိုအခါ ထုံးစံအတိုင်း မတန်ချေးဖြင့် ကျွန်တော့်လက်ထဲမှ အချောင်နှိုက်မည့်လူများလည်း ဟိုမှ ဒီမှ တီးခေါက်လာကြ၏။

တစ်နေ့သ၌ ကျွန်တော်နှင့်ကိုက်ညီမည့် စိတ်ရိုးသဘောကောင်း မြင်းကြီးနှင့်လဲမလားဟူသော အောင်သွယ်ရောက်လာ၏။ ကြိုက်လျှင်လဲတာ ပေါ့ဟု သူတို့မြင်းကြီးကိုကြည့်သောအခါ မြင်းသိုးကြီး မျက်လုံးတစ်ဖက်က တိမ်သလာများဖြင့် ပြာ၍ကန်းနေ၏။ နောက်ခြေနှစ်ဖက်(ဘဲပါ၍) တစ်လှမ်း ချင်းသွားလျှင် ကွတ ကွတနှင့် ကားနေ၏။ သို့သော် လှည်းထဲ၌ပြေးသော အခါ ခြေလှမ်းကျဲကြီးနှင့် လေးဘက်ကွဲ၍ ခရီးတွင်၏။ ကျွန်တော်ကိုယ်တိုင် မောင်းနှင်ကြည့်ပြီး ကြိုက်ပြီဆိုသောအခါ၌ အလိုက် ၁၅ဝိ ပေးရမည်ဟု တောင်းလာ၏။

ကျွန်တော်က ဒါတော့ သည်းခံကြပါ။ ကျွန်တော့်မှာ ငွေပိုတစ်ပြားမှ မရှိဘူးဆိုပြီး ၁၅ဝိ မှ ၅ဝိ ဖြစ်လာရာ ကျွန်တော်က ငြင်းဆန်ခြင်းဖြင့် နောက်ဆုံး အောင်သွယ်များ ပွဲခအဖြစ် လူလေးငါးယောက်ကို အရက်တစ်ပွဲဒကာခံခြင်း ဖြင့် စေ့စပ်ပြီးစီးသွား၏။

ဤမြင်းကြီးကား ဖော်ပြတော့မည့် ကျွန်တော်၏ဘဝတစ်ခွေ့

www.burmeseclassic.com



ခရီးဖော်ကြီး ဖြစ်ပါချေသည်။ သူသည် ကျွန်တော့်ဆီ ရောက်လာလျှင် လာချင်း အကျိုးပေးပုံကို ပြောရဦးမည်။

ထိုနေ့ မြင်းချင်းကိုလဲလှယ်ပြီးနောက် နေ့လယ်ပိုင်းတွင် သူ့ကိုတပ်လျက် အစမ်းမောင်းရင်း ထိုသောက်စားမည့်လူများကို တင်ကာ ကြည့်မြင်တိုင်သို့သွား၍ ဈေးကြီးအနီး တရုတ်ခေါက်ဆွဲဆိုင်မှာ ပွဲသတ်ရပါသည်။ အစားကြမ်းအသောက်ကြမ်းသူများ ချက်အရက်၊ ဝက်သားကင်၊ အစိမ်းကြော်တို့ဖြင့် ဝက်ဝက်ကွဲအောင် စားသောက်ကြပါသည်။ ကျွန်တော့်မှာ ကိုယ့်ပါသောငွေကလေးဖြင့် လောက်ပါ့မလားဟု စွက်လည်းမှ မှန်မှန်မကျိတ်နိုင်ဘဲ ရင်တထိတ်ထိတ်ဖြစ်နေတုန်း ဖြုန်းဆို ဝုန်းဝုန်း–ဝုန်းဝုန်းနှင့် အလုံဘက်တစ်နေရာမှာ ဗုံးကျပါတော့သည်။ ထိုအခါ တရုတ်တို့သည် ပိုက်ဆံသေတ္တာကလေးသာရင်ခွင်ပိုက်လျက် ဗုံးခိုကျင်းထဲ ကမန်းကတန်း ပြေးတော့ရာ အရက်ရှိန်ဖြင့် ရဲရင့်ပျော်ရွှင်နေသော ကျွန်တော်တို့လူစုသည် တရုတ်ဆိုင်မှ ရနိုင်သမျှ အရက်ပုလင်း၊ ဝက်သားကင်၊ အခေါက်ကင်တို့ဆွဲကြကာ ဆိုင်ပြင်ဘက်ရပ်ထားသော မြင်းလှည်းပေါ်တက်ကြ၍ အပြင်းမောင်းနှင်လျက် ကြည့်မြင်တိုင် ပုလိပ်ကျောင်းဝင်းအတွင်း အများအတွက်လုပ်ထားသော ဗုံးခိုကျင်းထဲသို့သွားကြကာ ဆက်လက် စားပွဲထိုင်ကြလေသတည်း။

* * *

လောက၌ အံ့သြစရာကောင်းသော အချက်ကလေးများရှိသည်။ ဤမြင်းကြီး ကျွန်တော့်လက်ထဲရောက်ပြီး မောင်းနေ၍ လေးငါးရက်မျှကြာသောအခါ၌ မြင်းလှည်းသမားတစ်ယောက်က "ခင်ဗျားမြင်းကြီး မကတ်ဘူးလားဗျ" ဟုမေးပါသည်။ ကျွန်တော်က "မကတ်ပါဘူး" ဟုပြောပြသောအခါ ထိုသူက အံ့သြလျက်....

"ဟင် ဟုတ်ရဲ့လားဗျာ၊ ဒါ ကျွန်တော်တို့ ကြို့ပင်ကောက်က မြင်းကြီး ဗျ၊ ခင်ဗျားကို လိမ်ချသွားကြတာ"

ထိုလူအား ကြို့ပင်ကောက်က ဖြစ်ကြောင်းကို ကျွန်တော်အစကတည်းက သိပါသည်။ ထိုခေတ်၌ ကြို့ပင်ကောက်သားများသည် ရန်ကုန်

www.burmeseclassic.com

www.burmeseclassic.com



သို့လာ၍ မြင်းလှည်းလောကၾကဲ ထွယ်ကျယ်ကြသည်။ မြင်းသံစွာရိုက်ခြင်း၊ မြင်းမွေးထိုးခြင်း၊ မြင်းလှည်းမောင်းခြင်း၊ မြင်းလှည်းကူးခြင်း အစစစုံသည်။ (ယခင် မိရှေ့နီဝတ္ထုက မြင်းဆေးဆရာ 'ဘလိုင်းမာစတာ' ကြီးပင် ကြို့ပင်ကောက်ကဖြစ်ကြောင်း ကျွန်တော် ဖော်ပြခဲ့သည်။) သူတို့သည် သမားရိုးကျ မြင်းလှည်းသမားများဖြစ်၍ မြင်းနှင့်ပတ်သက်လျှင် ပါရဂူမြောက်သူများ ပါပေ။ ကျွန်တော့်မြင်းဆိုပါလျှင် ကြိုးကိုင် ကျောပုတ်ကြည့်ရုံဖြင့် ယူသွားကြသည်။

ကျွန်တော်က ပါးနပ်ဟန်ဖြင့်....

"အဟိုဟို့ ခင်ဗျားတို့ ကြို့ပင်ကောက်သားတွေ ကလိမ်ကျတိုင်းကောရမလားဗျ၊ ကျွန်တော်က ဒီမြင်းကိုမောင်းကြည့်ပြီးမှ ယူတာပဲဗျ၊ ကျွန်တော့်မြင်းကသာ မြင်းကတ်ကလေး"

"ခင်ဗျာ့မြင်းကတ်တာမျိုးလောက်တော့ သူတို့လက်ထဲ ဘယ်ကြာကြာကတ်ဝံ့လိမ့်မလဲဗျာ မြင်းဘုရားတွေပဲ"

"နို့ ဒီမြင်းကြီး ကတ်တယ်ဆိုတာကော"

"ဒီမြင်းကြီး ကတ်တယ်ဆိုတာက ဒီလိုဗျ။ အစမှာမဟုတ်ဘူး၊ အဲဝန်လေးလို့ စရိုးပန်းလာပြီဆိုရင်တော့ တုံးလုံးလှဲပြီး အသေခံမယ်၊ ဘယ်လိုရိုက်လို့နက်လို့မှ မရတော့ဘူး၊ လူကြမ်းတွေတောင် လက်လျှော့ရတဲ့မြင်း"

ထိုသူ၏ပုံပန်းမှာ လိမ်ညာပြောနေခြင်းမျိုး မဟုတ်ပေ။

"ဟုတ်လား...ဒါပေမဲ့ ကျွန်တော့်လက်ထဲမှာဖြင့် တစ်ခါမှ မကတ်ဘူး၊ ဒီလောက်သဘောကောင်းတဲ့မြင်းတောင် ကျွန်တော် အရင်က မကိုင်ခဲ့ရသေးဘူး..."

မှန်ပါသည်။ မြင်းကြီးမှာ အလန့်အဖျပ် ဘာမှုမရှိ၊ မောင်းလျှင်သွား၊ ရပ်ထားလျှင် ထားရာမှာနေသည်။

"ဒါဖြင့် ခင်ဗျားမြေပါလို့ပဲ ဖြစ်ရမယ်ဗျို့၊ ခင်ဗျာ့မြင်းကလေးလည်း သူတို့ဆီမှာ ဟန်ကျနေပြီဗျ..."

ဤမြင်းလဲလှယ်ခြင်းကိစ္စမှာ အတ္တ-ပရ နှစ်ဝအကျိုးရှိသွားပေသည်။ ကျွန်တော့်လက်ထဲမှာ မကောင်းသောမြင်းမသည် သူတို့လက်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသွားသည်။ သူတို့လက်ထဲမှာ မကောင်းသောမြင်းသည် ကျွန်တော့် လက်ထဲမှာ ကောင်းနေသည်။

ထိုလူပြောသည့် 'မြေပါလို့' ဆိုစကားမှာ အကျိုးတရားဖြစ်သည်။ အကြောင်းတရားကို ရှာလိုက်တော့ ကျွန်တော်ယခု ကွက်ကွက်ကွင်းကွင်း မြင်သည်။ ဤနှစ်ကောင်မှာ တစ်ကောင်က(ကျွန်တော့်ဆီက) တက်မြင်း၊ အသက် ၄ နှစ်မျှ၊ မြင်းလှည်းခွင်မှာ အပိုးမကျသေး၊ ခေါင်းမာသော ဖွဲ့သတ္တိ လေးလည်း ဗီဇမှာပါခဲ့၍ လူကိုကြောက်လျှင် လိုက်နာမည်၊ မကြောက်လျှင် အာခံမည်၊ တကယ့်မြင်းလှည်းသမား လူကြမ်းကြီးများနှင့်တွေ့၍ သူ လက်လျှော့သွားရသည်။

သူတို့ဆီကမြင်းကြီးကား အသက် ၈ နှစ်ကျော်ဖြစ်၍ နိုင်းစေထား သောဒဏ်ဖြင့် ကျမြင်း၊ သူတတ်နိုင်သော ဝန်ကိုသာထမ်းမည်။ မထမ်းနိုင် လောက်အောင် ပင်ပန်းနွမ်းနယ်လာသောအခါ ခေါင်းမာသောဗီဇသတ္တိ အတိုင်း အသက်သေသည်အထိ လူကိုတော်လှန်အာခံမည်။ ယင်းသို့ဖြင့် ကျွန်တော့်ဆီမှာ အဘယ်ကြောင့် ကောင်းရသနည်းဟုမူ သူတို့ကြို့ပင်ကောက် မှာ ထမ်းသောဝန်နှင့် ကျွန်တော့်ဆီမှာထမ်းသောဝန်ချင်း မတူချေ။ ဟိုမှာသာ လမ်းကြမ်းကြမ်း၊ လှည်းကြမ်းကြမ်းဖြင့် ကုန်ပစ္စည်းရောလူပါ ဝန်အပြည့် တင်ပြီး ခရီးရှည်ကြီးသွားရသည်။ ဒီမှာတော့ စမ်းချောင်းမှ ဗဟန်း၊ သို့မဟုတ် ရန်ကုန်ကို ကတ္တရာစေးလမ်းမှ ရန်ကုန်လုပ်လှည်းပေါ့ကလေးဖြင့် လူ ၄ ၅ ယောက်မျှကိုသာ ဆွဲရသည်။ ဒီတော့ မြင်းကြီးမှာ မတွေ့ဘူးမကြုံဘူးသော သက်သာမှုကိုရ၍ ကျွန်တော့်လက်ထဲတွင် တစ်နေ့တခြားပင် ဝ၍လာပါချေ သည်။

သူ ကျွန်တော့်ဆီရောက်စက ညိုမွဲမွဲနှင့် "အသားတန်း" ခေါ် ကိုယ်ထည်ခပ်မြောင်မြောင်မှ တစ်လကြာမျှအကြာတွင် ဆီဆမ်းထားသကဲ့သို့ အမွေးအရောင်နက်မှောင်လာကာ ကိုယ်လုံးမှာ အသားတွေအိ၍ပင်လာပါ၏။ ကိုယ့်မြင်းကိုယ်ကြည့်ရ လွန်စွာအားရ၏။ ကျက်သရေရှိ၏။ တစ်နေ့ လျှင် ကုလားပဲတစ်ပြည်၊ ဖွဲနုတစ်ပြည်၊ ကောက်ရိုးစဉ်းတစ်ခွဲကို ရေနှင့်ဖျော် ၍ မနက်တစ်စည် ညတစ်စည် စား၏။ မြင်းလှည်းသမားတို့မည်သည်မှာ

www.burmeseclassic.com

www.burmeseclassic.com


ကိုယ့်မြင်းအစာစားလေ ဝမ်းသာလေဖြစ်၏။ ကျွေးရတာမနှမြောပေ။ မစားမှာကိုသာ စိုးရိမ်၏။

ငယ်စဉ်ကထိမှန်ခဲ့၍ သူ့လက်ဝဲဘက်မျက်လုံးမှာ တိမ်သလာဖုံးနေရာ အချို့က ဤလိုတစ်ဖက်ကမ်းမျိုးသည် ကောင်းကျိုးမပေး၊ လူကိုထိခိုက်တတ်၏ဟု ဆိုကြ၏။ ကျွန်တော်မူကား ရှေးယခင် ဒဂုန်မဂ္ဂဇင်းများတွင် ဖတ်ခဲ့ရသော စာရေးဆရာငွေအိုး၏ လူဆိုးကြီး "တိမ်တစ်လုံး" ဝတ္ထုများကို ပြန်လှန်သတိရ၍ ကိုယ့်မြင်းကိုသဘောကျမိကာ "တိမ်တစ်လုံး" ဟုပင် နာမည်ပေးမိ၏။

သို့သော် ကျွန်တော့်မြင်းကြီး တိမ်တစ်လုံးကား ဟိုလူဆိုးကြီး တိမ်တစ်လုံးလို ကြောက်စရာမကောင်းပါချေ။ လွန်စွာချစ်စရာ ကောင်း၏။ သဘောသကာဝယ လွန်စွာကောင်း၏။ မြင်းသိုးပေမယ့် မြင်းမများကို ငမ်းခြင်း၊ ရမ်းခြင်း၊ သခင်ကိုကြမ်းခြင်းများ မပြုတတ်ပေ။ သတ္တိလည်း လွန်စွာကောင်း၏။ ဗုံးတွေ တဝုန်းဝုန်းချနေလည်း အခြားမြင်းများလို တုန်လှုပ်ချောက်ချားခြင်း မရှိပေ။ သခင်ထားရာမှ စိတ်ငြိမ်စွာနေရှာ၏။

ဒီအချိန်က ဂျပန်ဆုတ်ခါနီး မဟာမိတ်များ ထိုးစစ်ဆင်နေချိန်လားခင်ဗျာ၊ ရန်ကုန်မှာ ဗုံးတွေ တဝုန်းဝုန်းကြားထဲ သူနှင့်ကျွန်တော် ရဲဝံ့စွာ အသက်မွေးခဲ့ရပါတယ်။ မြင်းလှည်းထွက်နေတုန်း လေကြောင်းရန် ဥဩဆွဲပြီး ဗုံးတွေချနေချိန်တွင် ကျွန်တော်က နီးရာဗုံးခိုကျင်းထဲဝင်နေ၊ သူ့ကို အပြင်မှာထားခဲ့၊ တချို့မြင်းတွေဆို လန့်ပြေးလို့ ကျိုးပွဲကုန်တာပေါ့။ ဟော သူကတော့ အေးငြိမ်းကြောင်းဥဩဆွဲလို့ ကျွန်တော်ပြန်ထွက်လာတဲ့အခါ ထားရာမှာ နကမွတ်ပဲ။ အဲသည်တော့ ကျွန်တော်တို့ဟာ ဗုံးကျတဲ့ဆီကို အမြန်သွားတော့တာပေါ့ခင်ဗျာ။ ဒီတစ်ခါမျိုးမှာ တစ်ခေါက်ကောင်း ကိုယ်တောင်းသမျှနင့်နေအောင်ရတာကိုးဗျ။ တစ်ခါတလေလည်း တစ်ပြားမှမရှိတော့တဲ့ လူနဲ့များညားတော့ သနားလို့အလကားဗျို့။

သူနှင့်ကျွန်တော်ဟာ တော်တော်ပဲ ဝမ်းရေးနဲ့ဝတ်ရေး ချောင်လည်ခဲ့ပါတယ်။ ဗမာ့တပ်မတော်က တော်လှန်ရေးကြေညာပြီးတဲ့နောက် ဂျပန်တွေအပြေး ရန်ကုန်မြို့မှာ ခေတ္တမင်းမဲ့ဖြစ်နေချိန် ကျွန်တော်တို့ဟာ မြင်းလှည်း

www.burmeseclassic.com



တွေနဲ့ ကုန်တိုက်တွေလိုက်ဖောက်ကြတာ လမ်း ၄၀ ကမ်းနားလမ်းကရခဲ့တဲ့ ကလေးဝတ်စွပ်ကျယ်၊ ဆွယ်တာ၊ ဂျာကင်တွေဖြင့် ကျွန်တော်ကလေး ၃ ယောက်ရတောင် ဝတ်လို့မကုန်သေးဘူး၊ ဒါတောင် တချို့ရောင်းပစ်တာ ဘယ်နည်းမလဲ၊ လှည်းတစ်စီးအပြည့် ၃ ဦးထဲ ခွဲယူရတာ။

ဒီနောက် အိမ်တစ်လုံး ဆောက်လိုက်ရသေးဗျ။ ဟား ဟား အိမ်ဆောက်ရပုံကတော့ ပိုက်ဆံရှိလို့ သစ်ဝါးဝယ်ဆောက်နိုင်တာ မဟုတ်ဘူး၊ ဂျပန်တွေအပြေးမှာ ဟုမ်းလမ်းက ဂျပန်တွေသိမ်းထားတဲ့ သစ်တွေမြင်းလှည်းနဲ့ သွား သွားသယ်ပြီး ကျွန်တော့်ဒရိုင်ဘာ ကိုမြတ်သာရဲ့ တဲပုတ်ဖျက်ပြီး သူ့နေရာမှာ ဒီအိမ် တစ်ယောက်တစ်ဝက်ပိုင်လို့ ဆောက်ကြတာပါပဲ။ လက်သမားခ ၃၀၀ဝိ ခင်ဗျာ မနည်းပါဘူး။ ဒါပေမဲ့ အဲဒီ ရတ်ရတ် ရတ်ရတ် အချိန်မှာ ကျွန်တော်က မြင်းလှည်းမောင်းလို့ တစ်နေ့ ၅၀ဝိ လောက်ရနေတာလားဗျ။ ပေးနိုင်တာပေါ့။ လက်သမားဆရာတွေက မှော်ဘီ လှပဒါးရွာက နှစ်ယောက်ဗျ။ သူတို့လည်း လက်သမားလုပ်လာတာ ကြာပါပြီ။ ဒီအိမ်မျိုးဆောက်ရတာ ဒီလောက်ငွေ တစ်ခါမှ မရသေးပါဘူးတဲ့။

အဲဒါနဲ့ သူတို့နှစ်ယောက်အကြောင်း ဆက်ပြောရဦးမယ်။ ကျွန်တော် တို့ သဘောတူကြတာက လက်သမားခအပြင် ဆောက်နေတုန်းမှာ ကျွန်တော် က ထမင်းကျွေးရမယ်။ ထမင်းကျွေးတယ်ဆိုရင် ကျွန်တော့်စားပွဲမှာက အရက်ပါတယ်ခင်ဗျ။ ဘယ့်နှယ် ကျွန်တော့်မြင်းလှည်းဘဝမှာ အဖြိုးဆုံး အချိန်ကလားဗျာ၊ ဟိုဘက်ကမ်း အေးရွာဝါးရုံဆိပ်က လာရောင်းတဲ့ ချက်အရက်တွေ တစ်ပုံးမှ ၃၀ဝိ ပဲပေးရတာလား။ ကြက်ကလည်း တစ်ပိဿာမှ အစိတ်သုံးဆယ်ရယ်၊ ကျွန်တော်ရသမျှ ငွေအပတ်တင်အောင်ဆိုပြီး အရက်ပုံးလိုက်၊ ကြက်ခြင်းလိုက် ဝယ် ဝယ်ထားတယ်။

ဒီတော့ တောရွာမှာ ငါးပိရည်ကြိတ်လာခဲ့ရတဲ့ လက်သမားနှစ်ယောက် တယ်သဘောကျတာလားဗျာ၊ ဒါနဲ့ သူတို့က အချိန်ဆွဲဆောက်ကြသဗျ။ လက်သမားခလည်း ကျွန်တော်က ရှေ့ ရှိတုန်းရှိခိုက်ပဲ ယူထားကြဆိုပြီး တစ်ယောက် ၁၅၀ဝိ စီ ပေးထားလိုက်တယ်။ သူတို့ ဒီငွေလေးပိုက်ပြီး ကျွန်တော့်ဆီမှာ စားကောင်းသောက်ကောင်းနေကြသဗျ။ ကျွန်တော်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



ဒီလို လူစုလူဝေးနဲ့ စားရသောက်ရတာကို တယ်ပျော်တဲ့ ဝါသနာရှိသကိုး။ (အရက်သမားရဲ့ဥာဉ် ဆိုရမယ်ပေါ့ဗျာ။ မူးလေ မနေမြဲ တတ်လေ။)

ဒါနဲ့ ဒီလူကြီးနှစ်ယောက် အဖြစ်ကဆိုးချင်လေတော့...အဲသူတို့လည်း အိမ်ဆောက်ပြီးလို့ အိမ်အပ်ပြီး ရွာပြန်မယ်လုပ်တော့ စစ်ဘက်က အမိန့်ထုတ် လိုက်တာ ဂျပန်ငွေလုံးဝမသုံးရတော့ဘူး၊ ဒါနဲ့ ကျွန်တော်က အင်္ဂလိပ်ငွေ လမ်းစရိတ်ပေး လွှတ်လိုက်ရပါသဗျာ။

ကျွန်တော်တို့ မြင်းလှည်းသမားကတော့ ဘာမှမတုန်၊ အင်္ဂလိပ်ငွေမှ သုံးရမယ်ဆို မြင်းလှည်းခက အင်္ဂလိပ်ငွေရတာပဲ။

* * *

ကျွန်တော့်မြင်းကြီးနှင့် ကျွန်တော်ပျော်ရွှင်မှုမှာ မဆုံးသေးပါ၊ ကက်စဘီခေတ်မှာ သာ၍ကောင်းလာပါသေးသည်။ ယင်းအချိန်၌ ကျွန်တော်မှာ မြင်းပိုင်လှည်းပိုင်နှင့်၊ အိမ်ပိုင်နှင့်။ "ဟင်...အိမ်ဂုဏ်မောက်လှတဲ့ ယောက္ခမ ခင်ဗျာ၊ သောက်ဂရုစိုက်လို့၊ လာခဲ့ဖနီးနဲ့သမီး..."

ကျွန်တော်တို့ တစ်အိုးတစ်အိမ် ထူထောင်ကြပါလေသည်။

မော်တော်ကားတွေ မပေါ်သေး၊ မြင်းလှည်းမောင်းလို့လည်း ကောင်းပါဘိခြင်း၊ ကြည့်မြင်တိုင် သို့တည်းမဟုတ် စမ်းချောင်းမှ ရန်ကုန်သို့တစ်ကျပ်၊ ဗဟန်းသို့တစ်ကျပ်၊ ဒီငွေတန်ဖိုးဟာ မနည်းပါဘူး။ ကြည့်ပါ၊ ချက်အရက် တစ်ပုလင်းမှ နှစ်ကျပ်ရယ်။ ရထားပေါ်လူနှစ်ယောက်တက်ထိုင်ရင် ပုလင်း တစ်လုံးဖြစ်နေတာပဲ။ (အခု...စာရေးနေချိန်ငွေထက် တန်ဖိုးရှိသေးသဗျာ။)

အဲဒီတုန်းကဆိုရင် ကျွန်တော့်မြင်းကြီးက အားကောင်းတာနဲ့ ဝင်ငွေဟာ တစ်နေ့ကို အစိတ်ကနေပြီး သုံးလေးဆယ်ထိ လိုချင် လိုချင်သလောက်ရ တယ်ဗျာ။ သို့သော်...ကျွန်တော်ဟာ လောဘမကြီးခဲ့ပါဘူး။ နေ့စဉ် စား သောက်လောက်ရုံမောင်းခဲ့တယ်။ ဒီစားလူသောက်လူတွေက ဘယ်နှယောက် လဲဆိုတော့ ကျွန်တော်တို့က သမီးကလေးနှင့် သုံးယောက်၊ ကိုမြတ်သာ လင်မယားက ကလေးနှစ်ယောက်နှင့် ၄ ယောက်၊ ပေါင်း ၇ ယောက်သော မနုဿဝမ်းရေးကို ကျွန်တော့်မြင်းကြီးတစ်ကောင်ထဲက ထမ်းဆောင်ရသဗျ။

www.burmeseclassic.com

www.burmeseclassic.com


သူကောင်းကောင်းကြီး ထမ်းဆောင်နိုင်ခဲ့တယ်။

သို့သော် အကောင်းပြီး အဆိုးနှင့်ဇာတ်သိမ်းရမည်ဖြစ်လေတော့ မမျှော်လင့်ဘဲနှင့် စားလူသောက်လူ တိုးလာပြန်ချေသည်။

ပထမ ရန်ကုန်မှာကျောင်းနေဖက်သူငယ်ချင်း အပါ(ခေါ်) မြသွင်ဆိုတဲ့ ကောင်က ဂျပန်ခေတ်တစ်လျှောက်လုံး ရာဇဝတ်အုပ်အဖြစ်နှင့် မြစ်ဝကျွန်းပေါ် ဒေသမှာ ကောင်းစားနေပြီး ကတ်စဘီလက်ထက်ရောက်တော့ အလုပ်ကပြုတ် လို့ ဖုတ်ခနဲ ရန်ကုန်ပြန်ရောက်လာတော့ သူ့မှာ တစ်ယောက် ထဲမဟုတ်ဘူး၊ မယားနဲ့၊ ၎င်းမယားက သာမန်အရုပ်သူ မဟုတ်ဘဲ အငြိမ့် မင်းသမီး ဖြစ်နေလေတော့ "အပါ့" ရှေးကျသော အုပ်ထိန်းသူမိဘများက "ဒါမျိုး အိမ်ပေါ် လက်မခံဘူးဟဲ့..." ဆိုတဲ့အတွက် တစ်ဦးတည်းသော အားကိုးရာမှိုခိုရာ အိမ်ပိုင်ယာပိုင်နှင့်ဖြစ်နေသော သူငယ်ချင်းကောင်း မိတ်ဆွေစစ်ကြီး ဖြစ်ထသော ကျွန်တော့်ဆီပေါ့။

နောက်ထပ်မကြာမီ ဒုတိယရောက်လာတာကတော့ ပေါင်းတည်မြို့မှ ကျောင်းနေဖက်သူငယ်ချင်း ကြို့ပင်ကောက်မြို့က ကျောင်းဆရာ ကိုအုန်းမောင်ပါတဲ့။ သူရောက်လာတဲ့ အကြောင်းခြင်းရာကတော့ ဒီ ရတ်ရတ်... ရတ်ရတ်မှာ အလုပ်ကပြုတ်လို့ သားမယားကျွေးစရာမရှိတဲ့အတွက် ရန်ကုန်မှာ အလုပ်ရလိုရငြားတဲ့။ မကြာမီ သူ့သားမယားပြန်ခေါ်မယ်လို့ ပြောပစ်ခဲ့သတဲ့။

သေပါဟဲ့...နန္ဒိယရယ်....။

ဒီကောင်မှာတော့ မြင်းတစ်ကောင်၊ လှည်းတစ်စီးနဲ့ တစ်နေ့လုပ်မှ တစ်နေ့စား။ သို့သော်... ဘဇာရှောင်လွှဲနိုင်အံ့နည်း၊ ငါတတ်နိုင်သမျှတော့ နေကြစားကြပေါ့။

အစပထမတော့ ပျော်စရာကြီးပါပေ။ သူငယ်ချင်းများ အစာရေစာ ဝဖြိုးကြလျက် ညအိပ်ရာဝင်မှာ အပါ့မိန်းမ အငြိမ့်သမက သီချင်းများနှင့် ဖျော်ဖြေပါသည်။ ကျွန်တော်တို့သည် အသူရာမင်း၏စည်းစိမ်နှင့်ပေါ့။ အပါ က ရာဇဝတ်အုပ်အဖြစ်မှ သောက်တတ်လာသည်။ ကျွန်တော်က မြင်းလှည်း သမားဘဝမှာ ဂျီးကပ်နေလေပြီ။ ကျောင်းဆရာ ကိုအုန်းမောင်သာ မသောက်

www.burmeseclassic.com

www.burmeseclassic.com

တတ်ရှာ။

သို့ရာတွင် တစ်လမျှကြာလာသောအခါ၌ ကျွန်တော်တို့မှာ အစာရေစာ မဖူလုံတော့။ အကြောင်းမှာ မြင်းကြီး မမာသောကြောင့်ဖြစ်၏။ ကောင်းစွာလှည်းမထွက်နိုင်။ သူ့အတွက် ဆေးဖိုးဝါးခ ကုန်ကျလာ၏။

ယင်းတွင် သမားရိုးကျအိမ်နီးပါးနား လူကြီးများက ဒါလောက်ကျန်းမာသန်စွမ်းတဲ့မြင်းကြီး ဒီလိုရုတ်တရက်ဖြစ်ရတာ ဟိုလင်မယား 'ခိုက်' တာပဲဆို၏။ အဘယ်သို့ဟူမူ သုံးပင်နှစ်ခန်း အိမ်ကလေးတွင် ကိုမြတ်သာတို့ခြေရင်းခြမ်း၊ ကျွန်တော်တို့ ခေါင်းရင်းခြမ်း၊ အိပ်ခန်းတစ်ခုစီဖြင့်နေကြရာတွင် အပါတို့လင်မယားရောက်တော့ အိမ်ဦးခန်း၌ သူတို့လင်မယားကို အိပ်စေရသောကြောင့် နတ်မကြိုက်၍ဟု အနိုင်အမာပြောဆိုကြ၏။

ကျွန်တော်ကတော့ ဒါမျိုး အယုံအကြည်ရှိသူ မဟုတ်ပါ။ အကယ်တိ ဆောက်ပြီးကတည်းက အိမ်တက်ပရိတ်လည်း မရွတ်၊ နတ်အုန်းသီးလည်း မဆွဲပါဘဲလျက် နတ်က အလိုလိုသူများအိမ်ပေါ်လာနေပြီး အိမ်ဦးခန်းမှာ လင်မယားအိပ်တာ မကြိုက်ဟုဆိုပါက ရောက်စတစ်ရက်၊ နှစ်ရက်ကပင် သူတို့လင်မယားကိုလည်းကောင်း၊ သို့မဟုတ် အိမ်ရှင် ကျွန်တော့်ကိုလည်းကောင်း ဖမ်းစားပါတော့လား၊ ခုတော့ တစ်လကျော်မှပဲ ဒီအပြစ်မဲ့တဲ့မြင်းကြီးကို လုပ်ရတယ်ဆိုတော့ဗျာ....။

စင်စစ် 'ခိုက်သည်' စကားကိုတော့ ကျွန်တော် လက်ခံပါသည်။ ခိုက်သည်မှာ အပါတို့လင်မယားသာမဟုတ်။ ကိုအုန်းမောင်ပါရောပြီး ကျွန်တော်တို့အိမ်ထောင်ကို ခိုက်ပါသည်။ ခိုက်ပုံကား သူတို့သုံးယောက်စားလူသောက်လူ တိုးလာတော့ ကျွန်တော့်မြင်းကြီးကို ငွေပိုရအောင် မောင်းရသောကြောင့်ဖြစ်ပါသည်။

ယင်းကာလတွင် ကျွန်တော်သည် (အစပထမ ယောက္ခမလက်ထက်မှာတုန်းကကဲ့သို့ မဟုတ်) မြင်းတစ်ကောင်ကို တစ်နေ့နှစ်ခေါက်ထက် ပို မမောင်းရကြောင်းသိနေ၍ ဤနှစ်ခေါက်မှာပင် ငွေပိုရအောင် မောင်းချိန် ပြောင်းလို့ပစ်လိုက်ပါသည်။

အခြားမြင်းလှည်းတွေသိမ်းချိန် နေ့လယ်မွန်းတည့်လောက်တွင်

www.burmeseclassic.com



ထွက် သည်။ ဤအချိန်မှာ ကြည့်မြင်တိုင်ကမ်းနားဈေးမှ ရန်ကုန်သို့ လူ ၆ ယောက် ၇ ယောက်ကို ခေါင်းခေါက်၍တင်နိုင်သည်။ အပြန်မှာလည်း ရထားပြည့် ရရန်မခဲယဉ်း။ နောက် ဒုတိယအခေါက်မှာလည်း နေလည်း ပူတုန်း ရထားရှားချိန် လူပေါတုန်းမှာပင် မောင်းသည်။ ဒါ့ကြောင့် ကြာတော့ မြင်းကြီး အပူရောဂါ စွဲကပ်တော့တာပေါ့ဗျာ။

အကျိုးအကြောင်းဆန်းစစ်၍ ကျွန်တော်သည် ဤမှ နောင်တရ၏။ သို့သော် မြင်းကြီး၏ရောဂါကား ကျွမ်းလေပြီ။

အစဦးတွင် ဆေးဝါးကျွေး၍ ရက်ရှည်နားထားလိုက်ခြင်းဖြင့် ပြန်လည်ကျန်းမာလာနိုးမျှော်ကိုးလျက် ကျွန်တော်သည် မြင်းလှည်းကို အပေါင်ထား ငွေချေး၍ သူငယ်ချင်းများကို ကျွေးပါသေး၏။ ကိုမြတ်သာကိုတော့ "ကဲ ခင်ဗျား ဒိုပြင်လူမြင်းလှည်း ရှာမောင်း၊ ကျွန်တော်တို့နဲ့ စားအိုးခွေဲကြ ဦးစို့ဗျာ" လို့။

တစ်နေ့သ၌ ကြို့ပင်ကောက်သို့ပြန်နေသော ကျွန်တော့်လက်စွဲတော် မြင်းဆေးဆရာကြီး 'ဘလိုင်းမာစတာ' ရန်ကုန်သို့ ပြန်ရောက်လာ၍ ဝမ်းသာအားရပင် ဆရာကြီးကို ခေါ်ပြသောအခါ မျက်မမြင်အဘိုးအိုသည် မြင်းကြီးကို တစ်ကိုယ်လုံး ခြေဆုံးခေါင်းဖျား ကိုင်တွယ်စမ်းသပ်ကြည့်ပြီး....

"ဟဲ့...မောင်ကြင်ဆွေ၊ ဒါကြို့ပင်ကောက်က ဖိုးတင်ဆီက မြင်းကြီး မဟုတ်လား..."

"ဟုတ်တယ်ဆရာ..."

ပြုံးရယ်လျက် "အောင်မာ နန်းကျဘုရင်ကြီးလားလကွာ"

ကျွန်တော် သူ့စကား နားမလည်နိုင်ဘဲ....

"ဘယ့်နှယ်...နန်းကျဘုရင်ကြီးလည်း ဆရာကြီး"

"ဒီလိုကွ...ဒီကောင်ကြီးဟာ အစဦး အညာက သားစပ်တဲ့မြင်းလားကြီးကွ။ သားစပ်တဲ့မြင်းလားဆိုတာ မောင်ကြင်ဆွေသိမှာပေါ့။ ဘာမှ အလုပ်မခိုင်းရဘဲ သူ့ကိုတသသနဲ့ထားပြီး အားဖြစ်စေမယ့် နို့သာပုဂှက်ပျောသီးတို့၊ ကြက်ဥတို့၊ ထောပတ်တို့ ကျွေးထားရတာလားလကွာ။ အဲဒီအခါမှာ သူဟာ မြင်းမတွေလည်း အလဲလဲ၊ မိဖုရား မောင်းမမိဿံတွေနဲ့ ဘုရင်တစ်ဆူလား

www.burmeseclassic.com



ကွာ၊ နောက်...ခါးသိပ်မသန်တော့လို့ ဖိုးတင်တို့လက်ထဲရောက်လာတော့ အတင်း မြင်းလှည်းခွင်သွင်းကြတော့တာလားကွာ...တော်တော်ကျင့်ယူရတယ်၊ သူတို့ရိုက်နှက်ကြတာ မျက်လုံးတစ်လုံး ပျက်သွားရှာတယ်။ နောက်...ဖွဲတော့ကျွတ်ပါရဲ့၊ ဒါပေမဲ့ သူလုပ်နိုင်တာထက် ပိုခိုင်းမရဘူး၊ ဒါနဲ့ ကိုကြင်ဆွေလက်ထဲ ဘယ်လိုရောက်လာတာလဲ၊ မင့်ဆီမှာကော မကတ်ဘူးလား"

ကျွန်တော်က အကျိုးအကြောင်းပြောပြသောအခါ၌ ရှေးမြန်မာလူကြီး ပီပီ....

"အေး...အေး မင်းမြေပါလို့ပေါ့ကွာ။ ဒါပေမဲ့ ခုတော့ မင်းမြေကုန်ပြီထင်တယ်၊ အရင်က မြင်းမတွေလိုက်ခဲ့ရတာနဲ့ အခု မင်းတို့ခိုင်းကြတဲ့ဒဏ်တွေနဲ့ နာလန်ထူဖို့လမ်းတော့ တယ်မရှိဘူး မောင်ကြင်ဆွေ"

ဤအခါ၌ ကျွန်တော့်မှာ နောက်မြင်းဝယ်ရန်လည်း အဆံတစ်ပြားမှ မရှိတော့သဖြင့် ကိုဗျတ္တအားလျှော့ရကာ အပါတို့လင်မယားအား စုံဆယ်ဖြာပန်ထွာဦးတင်ရပေတော့သည်။

"သူငယ်ချင်းရယ် ငါမတတ်နိုင်တော့ဘူး။ မင်း အဒေါ်အိမ် ပြန်ဖို့ချဉ်းကပ်ပါတော့"

အပါ့ကို အုပ်ထိန်းသူအဒေါ်အဖို့ကြီးများမှာ အိမ်ရာတိုက်တာနှင့် ပိုက်ဆံကြေးငွေ ချမ်းသာပါ၏။ သို့သော် အဖိုးကြီးပီပီ အယူသည်းသူများဖြစ်ကြ၍ ဒီအငြိမ့်သမကိုတော့ ဘယ်လိုမှ လက်မခံနိုင်၊ ပြန်လွှတ်ဖို့ ပိုက်ဆံတော့ ပေးလိုက်မည်ဟု အမိန့်ကျလာ၏။ ဒါကို အပါက သဘောတူလက်ခံ၏။

သူ့မိန်းမ ပြန်ခါနီးပြောသွားသော စကားကလေးများ..."ကိုကြင်ဆွေရယ် သူ့မျက်နှာတစ်ရှာထင်ပြီး လိုက်လာခဲ့တာပါ။ ကျွန်မ အငြိမ့်ကနေတုန်းကလေး သူက ရာဇဝတ်အုပ်၊ အာဏာပါနာနဲ့ မရအရယူတာရှင့်။ နောက်ပြီး သူ့လက်ထဲရောက်တော့ ကျွန်မ မကရတော့ဘူး။ သူ့လခက သူ့ဟာနဲ့သူမလောက်တော့ ကျွန်မ လက်ဝတ်လက်စားကလေးတွေ ထုခွဲသုံးစားရတယ်။ ဒါနဲ့ပဲ ပြန်မကရဘူး။ သူ့အချစ်ကြီးလိုက်တာလေ။ မရှိ–ရှိရှိ ထမင်းရည်အတူလျက်စေတော့ပဲဆိုခဲ့တဲ့ ဆရာကြီး အခုတော့ရှင်...."

www.burmeseclassic.com

www.burmeseclassic.com



တူနှစ်ကိုယ် တဲတိုဖျက်မှာနေရ ရွှေဘုံပေါ်မှာစံရ ချစ်တာမေတ္တာပတာန လို့. . . ဆိုချင်ပါတယ် မောင်ရေ. . . ဘခုလည်းချစ်ကြစို့. . . နောင်လည်းချစ်ကြစို့. . .

ကျွန်တော့်မှာ အစာရေစာဖွံ့ဖြိုးစဉ်က ညအိပ်ရာဝင်ခါနီးတွင် သူကလေးက အငြိမ့်သမသံပါပါနှင့် သီဆိုခဲ့သည်များကို ကျွန်တော်ပြန်လည် သတိရမိပါသေးသည်။

ကဲ...တစ်သုတ်တော့ ရှင်းသွားပေါ့။ ကိုအုန်းမောင်ကိုတော့ တစ်ကိုယ်တည်းသမားမို့၊ နို့ပြီး သူက အရက်မသောက်တတ်၍ စရိတ်စကကျဉ်းသမို့ ကျွန်တော် ဘာမျှမပြောချေ။ နောက် မကြာမီဘဲ သူ့ဘာသာသူ "ငါ ပြန်တော့မယ်ကွာ" ဟု ကျွန်တော့်ဆီက စရိတ်တောင်း၍ ပြန်သွားပါချေသည်။

ကဲ...လောကတံတွာ ကျွန်တော့်အိမ်ကလေးမှာ ကြီးကျယ်ခဲ့သော 'ပွဲတော်ကြီး' ကလေးကား ပြီးဆုံးသွားချေပြီ။ ကိုမြတ်သာတို့လည်း သူ့ဘာသာသူ တခြားမှာ ရှာစားရချေပြီ။ ကျွန်တော်လည်း ဇနီးနှင့်သမီးကလေးအား သူ့အမေဆီပြန်ပို့ကာ ကိုယ့်ဝမ်းစာတော့ ခင်မင်သောသူငယ်ချင်းများအိမ်မှာ မှီခိုရသည်။ မြင်းလှည်းအလုပ်ကိုလည်း စိတ်ကုန်ပြီဖြစ်၍ လှည်းနှင့်အိမ်ကို ရောင်းချထုခွဲကာ အခြားအလုပ်ကူးရန် ကြံစည်ရပေပြီ။

ဤအချိန်၌ မြင်းကြီးမှာ ဘယ်လိုမှ လှည်းတပ်မောင်း၍မရတော့၊ အစာလည်းကောင်းစွာ မစားနိုင်၊ ပဲလုံးကိုမစားနိုင်၊ ကောက်ရိုးဖတ် အနည်းငယ်နှင့် ဖွဲနုရေကလေးသာ စုပ်နိုင်တော့သည်။ သို့တစေ ကျွန်တော်သည် အစာမပြတ်ဖျော်ပေးကာ သူ့ကိုဖေါင်းဖွင့်၍ထားသည်။ အပြင်ထွက်လိုထွက်၊ အထဲနေလိုနေ။

သူသည် လမ်းမမှာ တွေတွေ တွေတွေလျှောက်၍ နေတတ်သည်။ ပြီးတော့ တစ်နေရာမှာ အကြာကြီးငူပြီး ရပ်နေတတ်သည်။ တစ်ခါတစ်ရံ တစ်ညလုံးပင်....။

မလာ၍ နောက်တစ်နေ့မှာ လိုက်ရှာခေါ်ရသည်။ အစာဟောင်းကို သွန်ပစ်၍ အစာသစ်ဖျော်ပေးရသည်။ သို့သော် ဖွဲနုရေကလေးမျှစုပ်၏။ ဆေးကျွေးလို့လည်း မျိုမချတော့ပြီ။ စားလိုက်သလိုနှင့် အာစောင်မှာငုံထား

www.burmeseclassic.com

www.burmeseclassic.com


ပြီး လူလက်လွှတ်လိုက်သည်နှင့် ထွေးပစ်တော့၏။ သူသေမည့်ရက်ကိုသာ ကျွန်တော် မျှော်ရပါတော့ပြီ။

သို့သော် သူသည် ကျွန်တော်လက်ထဲမှာ မသေ။ အံ့ဩဖွယ်ရာ ပါပေ။

တစ်နေ့သ၌ ကိုမြတ်သာသည် စကားဆန်းတစ်ခုကို ယူလာ၏။

"ကိုကြင်ဆွေ...ခင်ဗျားမြင်းကြီးနဲ့ မြင်းချင်းလဲမယ့်လူတစ်ယောက် တွေ့ခဲ့တယ်"

"ဟဲ့...ဒီသေခါနီးမြင်းနဲ့လဲရအောင် သူ့မြင်းက ထူမရတော့ဘူးဘဲ ဖြစ်ရမယ်"

"မဟုတ်ဘူး ကိုကြင်ဆွေ၊ သူ့မြင်းမက လူ ၃–၄ ယောက်နဲ့ ဗဟန်း လောက်တော့ မောင်းနိုင်တယ်၊ ခုလည်း မောင်းနေတာပဲ"

"ဟာ...ဖြစ်နိုင်ပါ့မလား"

"ကိုကြင်ဆွေ...လိုက်ကြည့်လေ"

ထိုကာလ ကျွန်တော့်ဘဝအခြေအနေမှာ ရေနစ်သူပမာ တွေ့ရာလှမ်း ဆွဲရမည်ဖြစ်နေ၍ ကိုမြတ်သာခေါ်ရာကို လိုက်သွားပြီး ကြည့်ပါသည်။

ဘုရားစူး မြင်းဆိုမှ မြင်းပါဗျာ....။

မိတ်ဆွေသည် "ခွေသည်–ဖေယ်ကုန်း" ဆိုသောစကားကို ကြားဖူး ပေမည်။ ဤစကားသည် ဆင်၏ကိုယ်အင်္ဂါကို ဆိုပါ၏။ ခွေကဲ့သို့ လည်ပင်း တောင့်တင်းကာ ကျောကုန်းမှာ ဖေယ်ကဲ့သို့ ကုန်းနေရမည်။ ဤဆင်သည် အင်မတန် သစ်ဆွဲအားကောင်းသည်။ သို့သော် ဤပုံသဏ္ဌာန်သည် မြင်းနှင့် တော့ ဆန့်ကျင်ဘက်ပါ။ ယခုတွေ့ရသော မြင်းကလေးမှာ လက်က ခွေလို မတူသော်လည်း ကိုယ်လုံးကမူ ဖေယ်ကဲ့သို့ ပြားချပ်ကုန်းနေ၏။ မိတ်ဆွေ မျက်စိထဲ မြင်ယောင်အောင်မူ ဖေယ်တစ်ကောင်ကို မြင်းလောက်ကြီးသော ပုံသဏ္ဌာန်ချဲ့၍ မြင်းခေါင်းနှင့် ခြေလေးချောင်းတပ်ကြည့်ပါ၊ ဒါပါပဲ။ သူ့ကိုယ်မှာ တင်ပါးရယ်လို့လည်း ကားကားယားယား မရှိပါ။ ဘာကြောင့် များ ဒီပုံသဏ္ဌာန်ဖြစ်ပြီး ဘယ်လိုများ အသက်ရှင်နေပါလိမ့်။

ကာတွန်းရုပ်ရှင်ထဲကလို သံလိုမ့်ပိ၍ပြားသွားပြီးမှ အသက်ပြန်ဝင်

www.burmeseclassic.com

www.burmeseclassic.com



လာသောမြင်းနှင့် တူပေသည်။

ကိုမြတ်သာ ပြောသကဲ့သို့ လူ ၃-၄ ယောက်နှင့် လှည်းဝန်ဆွဲနိုင်သည် မှာလည်း မှန်၏။ သို့သော် သူ့ပုံသဏ္ဍာန်ကို မြင်းအဖြစ်နှင့်ကြည့်လျှင် ရယ် ဖွယ်ကောင်း၍ ပိုင်ရှင်အဖြစ်နှင့်ဆိုလျှင် ရှက်ဖို့ကောင်း၏။

"ဟာ...ကိုမြတ်သာ ဒီမြင်းတော့ ကျွန်တော် မလိုချင်ဘူးဗျာ"

"ဘာဖြစ်လဲဗျ...တစ်နေ့ ဝင်ငွေလေးငါးကျပ်ရ နည်းလား၊ ခင်ဗျာ့ မြင်းကြီးက သေတော့မယ့်ဟာကြီးကို"

"ဒီမြင်းကိုင်ရမှာ ကျွန်တော်ရှက်တယ်"

"ခင်ဗျား လက်ဖျားနဲ့မှမထိနဲ့၊ ကျွန်တော်မောင်းပြီး အချိန်တန် ငွေပြန် အပ်မယ်"

ဒီလိုဆိုပြန်တော့လည်း ကျွန်တော်ဝမ်းရေးအရ သဘောတူရပြန်ချေသည်။ လဲမည့်သူ ထိုမြင်းမပိုင်ရှင်ကိုလည်း ကျွန်တော် ရှင်းရှင်းပြော၏။

"ကျွန်တော့်မြင်းကြီးက ဆေးကျွေးတာကို ငုံထားပြီး ထွေးပစ်နေပြီဗျ။ ခင်ဗျားကုလို့ရပါဦးမလား"

"သူ့ကံ ကျွန်တော့်ကံပေါ့ဗျာ၊ အဖတ်ကျွေးမရ အရည်ဖျော်တိုက်မယ်၊ ဟောဒီ မြင်းမလေးတုန်းကလည်း ဖီးလျှောပြီး မီးယပ်ရောဂါနဲ့လဲနေတာ ကျွန်တော်ကုယူလိုက်တာပဲ၊ အဲဒီပုံသဏ္ဍာန်နဲ့တောင် အသက်ရှင်သေးတာ ခင်ဗျားမြင်းကြီးက ဘာပုံပျက်သေးလို့လဲ"

သူ့စကားက အားရစရာပါပေ။

ကဲ...ကျိတ်လိုက်ကြ။

ဤနေရာ၌ စကားဖြတ်ပြောရဦးမည်။ သူ့ဆီက ဒုက္ခိတမြင်းမကလေးသည် ကျွန်တော် လှည်းရောမြင်းပါ ရောင်းခဲ့၍ ရန်ကုန်မှ တစ်နှစ်ကျော်ကျော် ကုန်သည်အလုပ်နှင့် ထွက်ခွာသွားပြီး စာရေးဆရာအဖြစ်ဖြင့် ပြန်ရောက်သောအခါ၊ ၁၉၄၈-၄၉ ခုနှစ်တိုင်အောင် ရထားခွင်မှာ အသက်ရှင်လျက်နေသည်ကို မြင်ရတော့ ကျွန်တော့်မှာ လမ်းကြုံတိုင်း ရင်သပ်ရှုမောအံ့သြမိပါသည်။ ခမျာလေး ဒုက္ခိတအဖြစ်နှင့် သက်ဆိုးရှည်ကာ ဘဝဝဋ်ကြွေးကို ဆပ်ရပေသည်။

www.burmeseclassic.com

ကျွန်တော့်မြင်းကြီးကား ထိုဆေးဆရာသည် ကျွန်တော့်အိမ် ဝါးခယ်မ လမ်းမှ သူ့အိမ် စမ်းချောင်း ရှင်စောပုကုန်းကို လမ်းတွင်သုံးကြိမ်နား၍ ဆွဲယူသွားရသည်။ သုံးရက်မျှကြာသောအခါ၌ ကျွန်တော် သွားကြည့်သည်။ မြင်းဇောင်းထဲတွင် ထူထူထောင်ထောင် တွေ့ရသည်။

မြင်းကြီးသည် အနီးကပ်လာသော ကျွန်တော့်ကို အနံ့ဖြင့်မှတ်မိ၍ သူ့မမြင်သောမျက်လုံးဘက် လက်ဝဲမှလာခဲ့သော ကျွန်တော့်အား ညာမျက်လုံးနှင့် လှည့်ကြည့်လိုက်သဖြင့် သူနှင့်ကျွန်တော်သည် မျက်နှာချင်းတည့်တည့်ဆိုင်လိုက်ရပါသည်။ နို့ပြီး ခဏချင်းပဲ ပြန်လှည့်သွားသည်။ ကျွန်တော့်စိတ်တွင် သူက ကျွန်တော့်ကို "မင်း ဘာကြောင့် လိုက်လာသလဲ" ဟု မေးလိုက်သလို ထင်စားသွားပါသည်။

ကျွန်တော်သည် ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ခံစားမှုတစ်ရပ်ဖြင့် သူ့မေးကိုကိုင်၍ သူ့နှာရိုးကို ပါးဖြင့် ကပ်လိုက်မိပါသည်။

နောက်တစ်ပတ်ကြာသောအခါ၌ သေဆုံးပြီဟူသောသတင်းကို ကြားရပါသည်။

ယခုမှ ပြန်၍တွက်ကြည့်သော် နှစ်ပေါင်းတစ်ဆယ့်နှစ်နှစ်ကို ကျော်ခဲ့ပေပြီ။ သို့သော် သူ့ကို ပြန်လည်မတွေးတောပါဘဲလျက် ကျွန်တော့်အိပ်မက်များထဲမှ မကြာခဏ ဝင်ရောက်လာတတ်ပါသည်။

ဘဝတစ်ကွေ့ အတိတ်၏အရိပ်များသည် ကျွန်တော့်အား မည်မျှကြာအောင် ထင်ဟပ်နေပါမည်နည်း။

တစ်ခါက ဘဝဖော်ကြီးရယ်....။

◆

www.burmeseclassic.com

www.burmeseclassic.com

# ပြည်ဝင်ပြည်ထွက်

အရေးအကောင်း ဒိန်းဒေါင်းဖျက်။

ဒုန်း...ဝုန်း...ဗုန်း...ဒိုင်း စသော ပေါက်ကွဲသံမျိုးစုံတို့ဖြင့် ဂျပန်များ ထွက်ခါနီး ကြည့်မြင်တိုင်ဘူတာရှိ ခဲယမ်းမီးကျောက်သေတ္တာများ တင်ထားသော ရထားတွဲများကို ဖောက်ခွဲနေချိန်ဝယ် ကျွန်တော်သည် အပေါင်းပါများနှင့် ဝါးခယ်မလမ်းနေအိမ်မှ (နံနက် ၈ နာရီခန့်) မြင်းလှည်းကိုတပ်၍ အမြန်ထွက်ခဲ့ရာ လမ်းထိပ်ရောက်သော်....

"ဟေး...ကောင်တွေ...ဟေး...မောင်ကြင်ဆွေ...နေစမ်းပါဦး...တို့ ဒီမှာ ဆေးရုံပို့စမ်းပါဦး" ဟု အလန့်တကြား အော်ဟစ်သံကြား၍ ကျွန်တော် မြင်းဇက်သတ်လိုက်ရာ ဒူးပြတ်နေသော မုံ့အိုးကင်းသည် အဒေါ်ကြီးကို သူ့ယောကျ်ားကြီးက ပွေ့ပိုက်လျက် "လုပ်ကြပါဦးကွာ...မင်းတို့အဒေါ်ကြီး ထိသွားပြီ..."

အဒေါ်ကြီး၏ဒူးမှာ တိတိတော့မပြတ်သေးချေ။ အောက်ဖက်က အရေပြားတဲတဲကလေးကျန်နေရာ ယင်းဟာသည် မကြာမီ ပြန်ဆက်၍ဖြစ်တော့မည့်အလား အဒေါ်ကြီးသည် သူ့ပြုတ်လုတဲကာ ခြေသလုံးကို လက်နှစ်ဖက်နှင့် မ ယူကိုင်ထားသည်။ သူ့မျက်နှာမှာ နာကျင်မှု၊ ကြောက်ရွံ့မှု စိုးစဉ်းမျှ ရှိပုံမပေါ်ဘဲ ကြောင်တက်တက် မျက်စိကြီးများနှင့်သာ သူ့လင်ရင်ခွင်ထဲမှ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကို ကြည့်နေ၏။

ကြည့်မြင်တိုင်ဘူတာရှိ လက်နက်တင်တွဲများကို ခွဲဖောက်နေတာ ၃ ရက်မျှ ရှိပါပြီ။ ပထမတစ်ရက်သာ အနီးပတ်ဝန်းကျင်ရှိလူများသည် အလန့်တကြား တိမ်းရှောင်ကြ၍ နောက်ရက်များတော့မှု ကိုယ့်အိုးကိုယ့်အိမ် ပစ်ခွာမှုများကို မပြုတော့ပါ။ စပလင်ဒါခေါ် သံတိုသံစများ အနှံ့ပြားသီးဟိုဟိုဒီဒီ တဖြောက်ဖြောက်ကျနေသည်များကို မကောင်းသူထိပ် ကောင်းသူထိပ် ကံတရားကိုပဲ ကိုးစားနေကြသည်။ ဒီထက်ဆိုးသော ဘယ်အချိန် ဘယ်နေရာ ဗုံးလာချမလဲဆိုတာကြီးနှင့်စာတော့ သူက ဘဇာမှ မပြောပလောက်တော့ပေ။

ဖော်ပြပါ ဝါးခယ်မလမ်းသည် ကြည့်မြင်တိုင် ဘူတာလမ်းပင်ဖြစ်ပေရာ ရှမ်းလမ်းမကြီးနှင့်ဆုံရာ တစ်ဖက်လမ်းထိပ်သည် ဘူတာမှ တစ်ဖာလုံသာသာမျှ ဝေးမည်ဖြစ်သည်။ အဒေါ်ကြီးသည် ထုံကျင်ကိုက်ခဲသော ရောဂါရှိသူဖြစ်၍ မုန့်အိုးကင်းကပ်ကိုလုပ်ရာ၌ ခြေနှစ်ဖက်ကို ဆန့်ထိုင်ရသည်။ သို့ရှိစဉ် ငါးဆယ်သားမျှရှိသော စပလင်ဒါသံစက သူ့ဘယ်ဘက်ဒူးခေါင်းပေါ် ကျလာခြင်းဖြစ်၏။

ယင်းကာလမှာ ဗမာ့တပ်မတော်က ဂျပန်ကို တော်လှန်ရေးကြေညာပြီး မဟာမိတ်များကလည်း ရန်ကုန်မြို့ကို ဗုံးတဝုန်းဝုန်း ကြဲနေသည်ဖြစ်ရကား သွေးရဲရဲ သံရဲရဲ လူသေကောင်အတုံးအရုံး အပိုင်းအစများတို့မှာ ကျွန်တော်တို့မြင်းလှည်းသမားများ မျက်စိတွင် ရိုးနေပါပြီ။ တစ်နေရာရာ ဗုံးချသံကြားပြီး အားသြဥဆွဲလျှင် ထိုနေရာသို့ မြင်းလှည်းကို အမြန်မောင်းပြေးသွားကာ ဒုက္ခသည်တို့ထံမှ ဈေးကောင်းကို ယူနေကြသတည်း။

သို့သော်...ယခု ဒူးပြတ်ဒုက္ခသည် အဒေါ်ကြီးကိုကား ကျွန်တော်တို့ မြင်းလှည်းသမားတစ်စုသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြပြီး ကိုမြတ်သာက....

"အလကားပါဗျာ...ပိုက်ဆံတစ်ပြားမှ ထွက်မယ့်ဟာမဟုတ်ဘူး။ အရေးကောင်း ဒိန်းဒေါင်းဖျက်တာသက်သက်၊ သွားပါ ကိုကြင်ဆွေ...ဟိုမှာက အရေးကြီးတယ်၊ ကိုယ်ဦးမှ ကိုယ်ရမှာ..."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ယခုနံနက် မြင်းလှည်းတပ်ထွက်လာခဲ့ခြင်းမှာ ထရိန်နင်ကောလိပ်ကျောင်းက ဂျပန်များ ထွက်သွားကြပြီ။ ဤကျောင်းမှာ ဂျပန်များက အထည်အလိပ်များ သိုလှောင်ထားကြသည်ဆိုသော သတင်းရ၍ ကျွန်တော်တို့သည် တောကြောင်အချင်းချင်း လုယက်ယူငင်ကြရန် တုတ်ဓားလက်နက်များဖြင့် ပြင်ဆင်လာခဲ့ခြင်းဖြစ်သည်။ အချိန်ကား…လူသတ်၍ ဘာမှုမဖြစ်သော မင်းမဲ့မြို့တော်တည်း။ ကျွန်တော့်အဖော်အားလုံးက ပစ္စည်းရလိုဇောနှင့် စိတ်တက်ကြွနေကြကာ….

"ဟုတ်ပါတယ်…ကိုကြင်ဆွေ…ဒါကြီးပို့နေလို့လည်း ထူးမှာမဟုတ်ပါဘူး။ ဟိုမှာနောက်ကျရင် ဘာမှမရဘဲနေတော့မှာ"

စင်စစ် ဒီလိုအဝတ်အထည်ခေါင်းပါး တော်မွတ်နေချိန်၌ ကျွန်တော်လည်း အခြားမြင်းလှည်းပေါ်၌ ချောင်ကုပ်ပါလာသည်ဆိုက ဤကဲ့သို့ပင် သဘောထားပါချေမည်။ ယခုမူ ကျွန်တော့်မြင်းလှည်း ကျွန်တော်ကိုယ်တိုင်မောင်းလာစဉ် ကျွန်တော့်နာမည်ကို ထုတ်ဖော်ခေါ်ငင်လေတာ၊ ကာလကြာစွာက နေ့စဉ်သိကျွမ်းနေရသော ဒုက္ခိတအဘေါကြီးလင်မယားကို လျစ်လျူရှုရန်မှာ ကိုယ့်ကိုယ်ကိုယ် အပြစ်မလွတ်နိုင်သော တာဝန်ကြီးဖြစ်နေပါသည်။

ထို့ကြောင့် အဖော်များအား အမြန်မောင်းပို့ပါမည်ဟု တောင်းပန်ရကာ မြင်းလှည်းကို သူတို့ မှန့်အိုးကင်းကပ် တဲပုတ်ကလေးနား နောက်ပြန်ထိုးပေး၍ အဘေါကြီးကို တင်စေပါသည်။

အို…အရေးထဲ မြင်းလှည်းပေါ်ရောက်ပြီး ကိုမြတ်သာက မြင်းဇက်ကြိုးကို ကျွန်တော့်လက်ထဲကယူမောင်း၍ အရေးတကြီး ဆောင့်ထွက်လိုက်သည်တွင် အဘေါကြီး၏ခြေသလုံးသည် ပြုတ်လုတဲကာအရေပြားကလေးပြတ်ကာ မြင်းလှည်းပြင်ထွက်ကျလေသော် သွေးရူးသွေးတန်းနှင့် အလွန်သတိကောင်းသော အဘေါကြီးသည်….

"ဟဲ့…ဟဲ့…ငါ့ခြေသလုံး ပြန်ကောက်ပေးကြဦးဟဲ့" အော်လေသည်။

သို့သော်….နဂိုက မလိုတမာဖြစ်နေသော ကိုမြတ်သာသည်….

"အို…ခင်ဗျားဟာကြီး ပြန်ကောက်ခဲ့ကော ပြန်ဆက်ရဦးမှာလားဗျ" ဆိုပြီး မြင်းကိုသာအမြန်နှင်လေသည်။ ဤတွင်မှ အဘေါကြီးသည် စိတ်လျှော့

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီဖြစ်လေရာ ချက်ချင်းပင် သူ့လင်ရင်ခွင်၌ သတိမေ့မြောနေလေ၏။ ယင်းမှစ၍ သတိပြန်လည်လာပါသေး၏လော မပြောနိုင်၊ နောက်ထပ် သူ့တို့ လင်မယားကို (ယနေ့တိုင်) တစ်ခါမျှ မတွေ့ရတော့ပေ။

ထိုစဉ်က ဆေးရုံမှာ ယခု ရန်ကုန်ဆေးရုံကြီးမဟုတ်လေဘဲ အလံပြ ဘုရားလမ်းရှိ အင်္ဂလိပ်စာသင်ကျောင်းတစ်ခုကို ပြုလုပ်ထားသည်။ ဒေါက်တာ ဘသန်းဆေးရုံဟုခေါ်သည်။ ဤအချိန်မှာ ဒီလိုလူနာမျိုးတွေကို အိပ်ရာနေရာ အခန်းနံပါတ်နှင့် လက်ခံစာရင်းမရှိလေဘဲ အောက်ဆုံးထပ်သမံတလင်းပြင် ပေါ်မှာသာ ကိုယ့်လူနာကိုယ်ချထားရသည်ဖြစ်၍ ဗုံးဒဏ်၊ စက်သေနတ်သံ ဖြင့် ခြေပြတ်လက်ပြတ်တို့သည်လည်းကောင်း၊ အသက်ကုန်ဆုံးနေပြီဖြစ်သော အသေကောင်တို့သည်လည်းကောင်း၊ သွေးအလိမ်းလိမ်းဖြင့် တိုက်ပွဲအပြီး စစ်မြေပြင်တွင်ဒဏ်ရာရသူတို့ကို စုပုံထားသည်နှင့် တူပေတော့သည်။

သို့သော် တိုက်ပွဲပြီးစစ်မြေပြင်တွင်မူ ဆရာဝန်၊ ဆရာမတို့သည် ဆေးဝါးစုံစုံလင်လင်နှင့် သွက်သွက်လက်လက် အားတက်သရောပြုစုကြပေ မည်။ ယခုနေရာ၌ကား...ဆေးဝါးလည်းမစုံလင်၊ ရှိနေသောဆရာဝန်၊ ဆရာမ တို့မှာလည်း ပွဲဆက်များသော ဇာတ်သမားများကဲ့သို့ ပင်ပန်းနွမ်းနယ်လှစွာ များပြားလှသောလူနာတို့ကို မနိုင်မနင်း ပြုစုကြရပေတော့မည်။

ထို့ကြောင့် ဤနေရာမှာ ဆေးရုံဟုဆိုရသော်လည်း တော်ရုံတန်ရုံ ဝေဒနာရှင်သာ ပြန်လမ်းရှိတန်၍ ယခု ကျွန်တော်တို့မြင်းလှည်းပေါ်၌ ပါလာ ခဲ့သော ဒူးပြတ်အဒေါ်ကြီးမျိုးကား....

"ဤဆေးရုံမှ ကျေးဇူးပြု၍ သင်းချိုင်းသို့" လိပ်တပ်ပေးခဲ့သည်နှင့် တူကြောင်း၊ ဆေးရုံရောက်၍ အသေလိုဖြစ်နေတာကြီး သူ့ယောကျ်ားက ပွေ့ချီဆင်းသွားတော့မှ ကျွန်တော်စဉ်းစားမိပါ၏။ ဤမှ ကျွန်တော်၏မြင်း မှာ "တစ်ခါကဘဝယော်" ဟုဖော်ပြခဲ့သော မြင်းနက်၊ နားကျားကြီး တိမ်တစ်လုံး ပင်ဖြစ်ပါသည်။ ဤအခါမှာ သူသည် ကျန်းမာဝဖြိုးတုန်းဖြစ်၍ မောင်းလို့ အလွန်ကောင်းပေသည်။ သို့သော် ကျွန်တော်တို့ ထရိန်နင်ကောလိပ်သို့ကား အရောက်နောက်ကျလေပြီ။

ယင်းအခိုက် ရန်ကုန်မင်းမဲ့မြို့တော် ဗရုတ်ဗရက်တွင် ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းသမားများသည် ခရီးသည်တင်ဆောင်ခြင်းထက် "ဖောက်သယ်" အလုပ်ကို လုံးပမ်းနေချိန်ဖြစ်သည်။ ထိုစဉ် ကြေးရတတ်တို့သည်လည်း ကောင်း၊ နီးစပ်ရာပြေးလွှားဖို့ လွယ်ကူသူတို့သည်လည်းကောင်း အိုးအိမ်ကို စွန့်ပြေးကြရာ သူတို့၏လက်ကျန်ပစ္စည်းသည် ဆင်းရဲသားတောကြောင်တို့၏ပွဲသကူ ဖြစ်ကြလေ၏။

ရင်းတောကြောင်တို့အထဲ ကျွန်တော်တို့မြင်းလှည်းသမားများက အမောက်ဆုံးတည်း။ သယ်ယူပို့ဆောင်နိုင်သည်ဖြစ်၍ ငှားသူရှိလျှင် ကြိုက်ဈေးနှင့်ပို့၏။ ကိုယ်လိုချင်တာရှိရင် အပြီးသယ်ယူခဲ့၏။ ဤစဉ်မှာ စီးပွားရေးမျက်စိရှိသူတို့သည် ဖရစ်ဂျစ်ဒယ် အအေးသေတ္တာ၊ ပီယာနို၊ ဘီလီယက်ခုံ စသည့်အထည်ကြီးမျိုးကို ကလပ်နှင့် ကြေးရတတ်တို့အိမ်များမှ သယ်ယူကြသည်တွင် ကျွန်တော်တို့သည် မြင်းလှည်းခရရုံနှင့် ကျေနပ်ခဲ့ရာ နောင်ခေတ်ကောင်း၍ ယင်းပစ္စည်းတွေ အင်္ဂလိပ်ငွေနှင့် ဈေးကြီးရောင်းရတာတွေ့တော့မှ နောင်တရ၏။

ကြည့်စမ်း။ ထိုစဉ်က ကျွန်တော်တို့သည် ဖရစ်ဂျစ်ဒယ်ကို ဘာကြီးမှန်း မသိခဲ့ချေ။ ယင်း ဗရုတ်ခေတ်တွင် ကျွန်တော့်မြင်းလှည်းကို ငှားနေကျ "ဖောက်သယ်"ကြီးအား တိုက်တစ်လုံးမှ ဖရစ်ဂျစ်ဒယ်တစ်ခုကို တင်ပေးနေရစဉ် ကျွန်တော်က "ခင်ဗျား ဒါကြီးမျိုး ဘာလုပ်ဖို့လဲဗျ၊ ဒီလို သေတ္တာဖြူကြီး တစ်လုံး ကျွန်တော်တွေ့ထားတာ ရှိတယ်" ဆိုတော့ သူက ဝမ်းသာအယ်လဲ "အေး ငါ့ကို လိုက်ယူပေးပါ" ဆိုသဖြင့် လှည်းခ ဂျပန်ငွေငါးရာနှင့်ပို့ခဲ့ရာ နောင် ကက်စဘီခေတ်တွင် ယင်းဖရစ်ဂျစ်ဒယ်ကိုပင် ကျွန်တော့်မြင်းလှည်းမှာ လှည်းခ ငါးကျပ်နှင့်တင်၍ ငါးထောင်နှင့် သွားရောင်းတာတွေ့ရလေတော့ ကျွန်တော့်ရင်မှာ နင့်လာတော့၏။ ကိုယ့်နဖူးကိုယ် ပုဆိန်နှင့်ထုချင်တော့၏။

ထိုစဉ် ကျွန်တော်တို့မြင်းလှည်းသမားများ နားလည်ကြသည်မှာ အိမ်ကြီးအိမ်ကောင်းတစ်ခုရောက်လျှင် ပန်းကန်ခွက်ယောက်ကို ယူမည်။ ဆိုဖာ၊ ကုလားထိုင်အပေါ်ဖုံးကို ခွာမည်။ လိုက်ကာခန်းဆီးကို ဖြုတ်မည်။ အကြောင်းမှာ ဂျပန်ခေတ်တစ်လျှောက်လုံး သန်းချေးထူပေါလှသော

www.burmeseclassic.com



ဗမာပြည်ဖြစ် အထည် ကြမ်းချည်ဝတ်ခဲ့ရတော့ ချောချောမွေ့မွေ့ ဖျင်မျိုးကို ဆင်မြန်းလိုလှသော ကြောင့်ဖြစ်၏။ သာဓကလည်းရှိ၏။ ငါးစိမ်းသည်မ မိသင်ယောကျ်ား ချစ်မွေးသည် မြင်းသေပြီးပြန်မစူနိုင်၍ ဂျပန်ဆေးရုံတွင် ဝင်လုပ်နေရစဉ် ထိုဆေးရုံမှ ဂျပန်များ ထွက်ခွာသွားသည်၌ ပတ်တီးဖျင် သုံးအုပ်ကိုရလိုက်ရာ ချက်ချင်းပင် မြင်းတစ်ကောင် ဘက်ခနဲ ပြန်ဝယ်လိုက် နိုင်၏။

ထို့ကြောင့် အဝတ်အထည်ကိုသာလျှင် ကျွန်တော်တို့အငမ်းမရ ဖြစ်ကြ ၏။ ယခုအစ၌ ဖော်ပြခဲ့သည့်အတိုင်း ကျွန်တော်တို့မြင်းလှည်းတပ်ထွက်ခဲ့ ကြသည်မှာလည်း ထရိန်နင်ကောလိပ်က ဂျပန်များထွက်သွားကြပြီး ဤနေရာ မှာ ပေါပလင်ရှပ်ဖျင်များပင် သိုလှောင်ထားတာရှိသည်ဆိုသော သတင်း ကြောင့်ပေတည်း။

သို့သော် ဤသတင်းမှန်မမှန် ကျွန်တော်တို့ မသိရတော့ပြီ။ ဂျပန်တို့ သည် ကြက်ဦးမတွန်မီကပင် ထွက်ခွာသွားကြလေရာ ဒီအရိပ်အခြည်ကို အမြဲတစေ စောင့်ကြည့်နေသူများလည်း ရှိရကား နံနက်လင်းအားကြီးကပင် စတင်ဝင်ရောက်ယူငင်ကြလေပြီ။

ကျွန်တော်တို့ရောက်သောအခါ၌ အတိုအစ ကောက်သင်းကောက် များသာ ကျန်တော့သည်။ ကျွန်တော်တို့သည် တုတ်၊ ဓား၊ လက်နက် အပြည့် အစုံနှင့် ၄ ယောက်လာခဲ့သည်ဖြစ်ရာ ထရိန်နင်ကောလိပ်ရောက်သောအခါ ကျွန်တော်နှင့် မြင်းလှည်းကိုထားခဲ့ပြီး သူတို့ ၃ ယောက်က လက်နက်ကိုယ်စီ နှင့် အပေါ်ထပ်သို့တက်သွားကြ၏။ မကြာမီ၌ မသာယာသောမျက်နှာများ နှင့် ပြန်ဆင်းလာကြကာ ကျွန်တော့်ကို အပြစ်တင်ကြတော့၏။

"ဒီလိုဖြစ်လိမ့်မယ်ဆိုတာ ထင်သားပဲဗျာ"

"သက်သက် သေမယ့်ဟာကြီး ဆေးရုံပို့နေတယ်"

"အလကားဗျာ မသာလောင်းကို ဒေသစာရီ လျှောက်ချီနေတာနဲ့ အချိန်ကုန်တာ"

စိတ်အလွန်ဆတ်သူလည်း ပါလေရာ....

"ကဲကဲ အခုတော့ ပြောနေလို့လည်းအပိုပဲ၊ လာမိမှဖြင့်လက်မဲ့တော့

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ဘူး၊ နောက်ကြောင်းပြန်ခေါက်မယ်" ဆိုပြီး ကျွန်တော့်လက်ထဲက မြင်းဇက်ကြိုးကိုယူပြီး အပြန်မောင်းပါလေသည်။

သူ့စကားအဓိပ္ပာယ်ကို ကျွန်တော်နားလည်ပါ၏။ ဟံသာဝတီ အပိုင်းကြီးနားရောက်သော် ကျွန်တော်တို့လာတုန်းက ကျောင်းဝတွင်တွေ့လိုက်သော အထုပ်နှင့် လူနှစ်ယောက်ကို မိုလေ၏။

ထိုလူနှစ်ယောက်ရှေ့ မြင်းလှည်းပိတ်ရပ်ကာ....

"ဟေ့လူတွေ ဘာတွေလဲ၊ အထုပ်ချ"

ဤကိုစ္စမျိုး၌ ကျွန်တော့်ကို လူပျော့ကလေးတစ်ယောက်ဟု သဘောထားကြလေရာ ကျွန်တော့်လက်ထဲ မြင်းဇက်ကြိုးအပ်ပြီး သူတို့ ၃ ယောက် လက်နက်ကိုယ်စီနှင့် ဆင်းကြလေ၏။

ထိုအချိန်အခါ၌ အားကြီးသူက အားနည်းသူကို လုယက်သတ်ပုတ်ကြသည်မှာ အဆန်းမဟုတ်ချေ။ အချို့မူ ဗြိမ်းခြောက်ရုံဖြင့် ပစ္စည်းချထွက်ပြေးကြ၏။ အချို့က တဝဲဝက်ယူပါဟု အသနားခံကြ၏။ ကျွန်တော့်လူများက မြင်းလှည်းနှင့် လက်နက်အပြည့်နှင့်လည်ကာ ဒါမျိုးစားနေကြတည်း။

သို့သော် ယခုလူနှစ်ယောက်ကား လူညံ့စားများမဟုတ်ပေ။ သူတို့ ခါးတွင်လည်း ဓားကိုယ်စီပါကြလေရာ အထုပ်များကိုချပြီး....

"ဟေ့ ဘယ်လိုကောင်တွေထင်သလဲ၊ မင်းတို့ ဘယ်လောက်သတ္တိရှိသလဲ"

နှစ်ယောက်ထဲပေမယ့် သူတို့ဓားကိုယ်စီဟန်ပန်ဖြင့် တော်ရုံတန်ရုံလူများဆိုလျှင် လန့်၍ရှောင်ကြပေမည်။ သို့သော် ရန်ဖြစ်အင်မတန်ဝါသနာပါ၍ လက်အလွန်လျင်သော ကိုမြတ်သာသည် မြင်းလှည်းပေါ်ကခုန်ချပြီး နှစ်တောင်မျှရှည်သော မြင်းလှည်းဆောင် နှစ်တစ်လက်မတုတ်နှင့် ထိုလူနှစ်ယောက်စလုံးကို သိမ်းမှန်အောင်ပစ်လိုက်ပြီး ကျွန်တော့်လူများသည် တက်ညီလက်ညီ၊ ဇက်ရဲလက်ရဲများဖြစ်ကြသည့်အတိုင်း သုံးယောက်နှင့်နှစ်ယောက် ထိခဏအတွင်းမှာပင် အပိုင်စီးလိုက်ကြလေ၏။

သူတို့ဆီကရခဲ့သော အထုပ်နှစ်ထုပ်ကား ပေါ်ပလင်ဆို၍ အစုတ်အနုတ်မျှမပါချေ။ စာပွဲခင်းဟောင်း၊ အိပ်ရာခင်းဟောင်း၊ ခေါင်းအုံးများနှင့်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းအုံးမွေ့ရာချုပ်သော သရက်ထည်ဖျင်ကြမ်း အဆင်များပါလေ၏။

ဒါသည်ကိုပင်လျှင် ထိုခေတ် ထိုအခါ၌ ကျွန်တော်တို့အဖို့ အလွန်ကောင်းမွန်သော အဝတ်အထည်များဖြစ်ကြ၍ မိတ်ဆွေလေးယောက်သားဝမ်းသာစွာ ခွဲယူကြလေ၏။

ယင်း၌ ကျွန်တော်သည် ယခု ဂျပန်အထွက်နှင့် ယခင် ဂျပန်အဝင်ကျွန်တော်၏အခြေအနေ စိတ်ဓာတ်ပြောင်းလဲရပုံကို ပြန်လည်စဉ်းစားမိလေ၏။

* * *

ယခင်တုန်းကပင်

၁၉၄၁ ခုနှစ်၊ အင်္ဂလိပ်–အမေရိကန်ကို ဂျပန်က စစ်ကြေညာပြီးနောက်ယင်းကာလ ဗမာစိတ်ထားသည် "ချယ်ရီပန်းများလည်း ပွင့်ပြီးပါပြီရှင့်" ဆိုသူကလေး၏စကားကို ခြွင်းချက်မရှိယုံကြည်နေရကား "မျှော်တုန်းမျှော်ဆဲ မောင်လည်းရောက်တာ..." ဆိုသကဲ့သို့ ဒီဇင်ဘာ ၂၃ ရက်နေ့ နံနက် ၁၀ နာရီခန့် ဗမာ့မြေပြင်တွင် ပထမဦးဆုံး ဈေးဦးပေါက်ဗုံးအဖြစ်နှင့် ရန်ကုန်မြို့လယ်ကောင်ကို ဗုံးများနှုတ်ဆက်လိုက်တော့ နောက်တစ်ရက်နှစ်ရက်တွင် ရန်ကုန်နယ်တစ်ခိုမှာ မတိမ်းရှောင်သာသော အစိုးရအမှုထမ်းများမှတစ်ပါး အားလုံးမြို့သူမြို့သားတွေ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြလေ၏။

ကျွန်တော်တို့သည် ထိုစဉ် ကြည့်မြင်တိုင်၌ အင်္ဂလိပ်စာသင်နေရာမှဇတိ၌ဘနေသို့ ခွေးပြေးဝက်ပြေး ပြေးခဲ့ရပြီးနောက် ကံကောင်းတဲ့ခွေး ပြေးရင်းဟပ်မိဆိုသလို ဆရာတစ်ယောက် ခွင့်ယူတာကြုံသည်နှင့် ပေါင်းတည်မြို့မှာ ဒါရိုက်ဟစ်အထက်တန်းကျောင်းဆရာ ဖြစ်သွားလေ၏။

သို့သော် ကျွန်တော်၏ကျောင်းဆရာသက်ကား ဖေဖော်ဝါရီတစ်လသာ ကြာပေသည်။ ထိုနှစ် စာမေးပွဲမလုပ်ဖြစ်တော့ဘဲ ပညာရေးဌာနကိစ္စရပ်ဖြစ်လေ၏။ "ငါတို့သား နွားနှင့်ဖက်မရှန်းရဘဲ အေးအေးသက်သာကျောင်းဆရာလုပ်စားမဟုတ်" ဟူသော မိဘရည်ရွယ်ချက်လည်း ဤမျှနှင့်ပြီးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဧပြီလလယ်လောက်တွင် မမျှော်လင့်သော ဘူငယ်ချင်းနှစ်ယောက် ကျွန်တော့်အိမ်ရောက်လာသည်။ တစ်ယောက်က စလင်းမှဖြစ်၍ တစ်ယောက်က ပျဉ်းမနားသား။ သူတို့သည် ရန်ကုန်၌ကျောင်းနေစဉ် ကျွန်တော်နှင့် တစ်အိမ်တည်းနေကြသူများတည်း။

ကျွန်တော်သည် အံ့ဩစွာဖြင့် ဘယ့်နှယ် စလင်းနဲ့ပျဉ်းမနားသား တွေ့ပြီး ဒီရောက်လာကြတာလဲဟု မေးသောအခါ၌ သူတို့သည် ယခုမြန်မာ ပြည်နယ်စပ်သို့ရောက်နေပြီဖြစ်သော မိုးသံချုပ်အောင်ဆန်းအမှူးပြုသည့် ဗမာ တပ်မတော်နှင့် နီပွန်တပ်မတော်ကို ကြိုဆိုရန် ရန်ကုန်သို့သွားကြမည်ဖြစ် ကြောင်း၊ ကျွန်တော့်အား သူတို့နှင့်အတူလိုက်ခဲ့ပါမည်လောဟု ပယ်ကြည့်၍ ဝင်ခေါ် ကြောင်းပြောသည်၌ ချက်ချင်းပင် ကျွန်တော်က ဝမ်းသာအားရ...

"ဟာ...လိုက်မှာပေါ့" ဟု ကျူးရင့်လိုက်လေ၏။

"ဘာလုပ်ရအောင် လိုက်မှာလဲ" ဆိုသည်ကိုကား ကိုယ့်ကိုယ်ကိုယ် မေးမြန်းမကြည့်မိပေ။ ကျွန်တော်သည် ဘယ်တုန်းကမှ နိုင်ငံရေးဝါသနာ မပါခဲ့ပါလျက် ယခုကဲ့သို့အရေး၌ စိတ်အားတက်တက်ကြွကြွ ရှိနေသည်မှာ ကျွန်ဘဝတွန်းလှန်လိုသော လက်အောက်ခံ နိုင်ငံသားတစ်ယောက်၏ ဗီဇ စိတ်ပင်ဖြစ်တန်ရာသည်။ ထိုစဉ်မှာပင် ဘာပဲပြောပြော၊ မိုးမိုးသူအင်္ဂလိပ်အား မုန်းတီးသောစိတ်ကား ဗဟာလူငယ်တိုင်းမှာ ရှိကြသည်။ ယခု ဂျပန်က အင်္ဂလိပ်ကိုချနေပြီဆိုသောအခါ၌ အလွန်ဝမ်းသာလှသည်။ ကိုယ့်ရန်သူကို ရွေးတစ်ကောင်ကပင် ဝင်ကိုက်ဦးတော့ အားမေးမည့်သဘောမျိုးပင်။ ထို့ပြင် လည်း ကျွန်တော့်စိတ်တွင် ကိုယ့်နိုင်ငံအတွက် ဘာမှန်းမသိသော လုပ်စရာ ကြီးတစ်ခု ရှိနေသည်ဟူ၍လည်း အလိုလို စိတ်ထဲမှပေါ်ပေါက်နေ၏။

ထို့ကြောင့် ကျွန်တော် စိတ်တတ်တက်ကြွစွာ လိုက်ပါသွားလေ သည်။

ကျွန်တော်အဖို့ ပထမဆုံးအကြိမ် ခြေကျင်ခရီးရှည်သွားခြင်းပင်။ ပေါင်းတည်မှ ကြို့ပင်ကောက်အထိလော့က် မြင်းလှည်းရ၍ ထိုမှ ရန်ကုန် အထိခြေကျင်။

ရန်ကုန်မှ အင်္ဂလိပ်စစ်တပ်များ အပြီးထွက်သည်ကို ကျွန်တော်တို့

www.burmeseclassic.com



မော်တီမှ တစ်နေ့နှင့်တစ်ည စောင့်ခဲ့ရသည်။ ကားတပ်၊ လားတပ်၊ မြင်းတပ်၊ ခြေလျင်တပ်....။

နောက်တစ်နေ့ မွန်းတည့်လောက် အင်္ဂလိပ်စစ်တပ်များ အဆုံး သတ်သွားသည့်နောက် ညနေ ၄ နာရီခန့်တွင် ဆပ်သတောဆီ၌ ဂျပန်များ ရောက် ပြီကြားရသောအခါ ကျွန်တော်တို့ ဝမ်းသာအားရ ပြေးသွားကြသည်။

ဤတပ်ဦး ဂျပန်ကလေးများကား... ကျောင်းသားအရွယ်ကလေး တွေ လွန်စွာမှ ယဉ်ကျေးဖော်ရွေလှပေသည်။ နိပွန်–ဘီရမာ ညီအစ်ကိုဆိုသော စကားကို သီကျူးကာ ကျွန်တော်တို့ဆီမှ စီးကရက်နှင့်ကြသကာကို တောင်း ကြသည်။ ဒီအချိန်ကတည်းက "ဗမာပြည်တွင် ဖွတ်ဝင်ပြီ" ဆိုသည်ကို ကျွန်တော်တို့ သတိမပြုမိပေ။ ဂျပန်ကို အလွန်အထင်ကြီးကြသည်ကို ယခု ဂျပန်များရောက်ရင်ဖြင့် ကျွန်တော်တို့တိုင်းပြည်မှာ ရွှေမိုး၊ ငွေမိုး ရွာတော့ မည်။ ယခု ဂျပန်က အင်္ဂလိပ်ကိုစစ်ဖက်ရသည်မှာ အင်္ဂလိပ်သည် ကုန်ကူး ရောင်းဝယ်ရာ၌ အခွန်အကောက် အလွန်ယူသည်။ ဂျပန်ပစ္စည်းကို ဈေးကြီး အောင်ပိတ်ပင်သည်။ ထို့ကြောင့် ဂျပန်က ကူးသန်းရောင်းဝယ်ရေး လမ်းပွင့် အောင် ခံချရခြင်းဖြစ်သည်။ ဂျပန်သာ ဗမာပြည်ရောက်ပါက ဂျပန့်ပစ္စည်း တွေ အလွန်ပေါများတော့မည်။ လူတိုင်းပင် မော်တော်ကားစီးနိုင်တော့မည်ဟု ယုံကြည်နေကြခြင်းဖြစ်သည်။

ကြည့်စမ်း...ကျွန်တော်တို့ ရန်ကုန်သို့ရောက်စ၊ ဘီအိုင်အေဌာနချုပ် ကို ယခင်အင်္ဂလိပ်ခေတ်က ပတ်(က)ဟိုတယ်လ်၊ ယခု အမေရိကန် သာသနာ ပြုဆေးရုံ ပြုလုပ်ထားသော အဆောက်အဦ၌ဖွင့်လှစ်ထားရာ အနီး၌ရှိသော အင်္ဂလိပ်မက်သဒစ်ကျောင်းပေါ်တက်ပြီး ကျွန်တော်တို့ ဘာလုပ်ကြသနည်း။

ထိုစဉ်က ကျွန်တော်တို့လို ဗမာပြည်အရပ်ရပ်မှလာကြသော ကျောင်းသားလူငယ်တွေ ထားဝယ်ဘက်မှပါလာသော စစ်သားပေါက်စန ကလေးတွေ အများအပြား စုရုံးမိကြရာ သကောင့်သားတို့သည် ထိုအင်္ဂလိပ် ကျောင်းပေါ်သို့ တက်၍ ရှိသမျှပစ္စည်းကို ဖျက်ဆီးကြလေ၏။ ယင်းအချိန်၌ လူငယ်တို့တွင် အမျိုးသားစိတ် တက်ကြွသည်မှတစ်ပါး မည်သည့်ပစ္စည်းကို မျှ မက်မောခြင်း မရှိကြချေ။ နင်တို့အင်္ဂလိပ်လုပ် အသုံးအဆောင်တွေ ငါတို့

www.burmeseclassic.com

www.burmeseclassic.com



မကြည့်ချင်ဘူးဟုဆိုပြီး ပီယာနိုတွေရိုက်ချိုးပစ်သည်။ ရေဒီယိုတွေကိုင်ပေါက်ပစ်သည်။ ပန်းကန်ခွက်ယောက်တွေ ဘာတွေ ကျောင်းပေါ်မှပစ်ချသည်။ ကိုင်ပေါက်ပစ်သည်။ မိန်းကလေးကျောင်းဖြစ်ရာ ဘော်ဒါကျောင်းသူများ ယူမသွားနိုင်၍ ထားပစ်ခဲ့ရသော သေတ္တာတွေ ဖျက်ဆီးဖွင့်လှစ်ကာ အင်္ဂလိပ်အဝတ်အစား များ အိပ်ခန်းအသုံးအဆောင်များကို မီးရှို့ပစ်ကြသည်။

အဲ ထားဝယ်ဘက်မှပါလာသော စစ်သားပေါက်စနအချို့ကား ပေါင် ရင်းထိသော မိုလ်မအသားကပ်ခြေအိတ်များ၊ လေဒီရှူးများ၊ ငှက်မွေးစိုက် ဦးထုပ်များကို ယူယယ်ကြလေ၍ နေ့ဘင် ဘီအိုင်အေတပ်မတော်ဖြန့်ချိတက် သွားသောအခါ သူတို့ကို စတိုင်တစ်မျိုးနှင့် မြင်နိုင်ကြပေသည်။

ဤစဉ်၌ ကျွန်တော်သည် ထိုကျောင်းပေါ်ရှိ အဖိုးတန်ပစ္စည်းပေါင်း ခြောက်မြားစွာမှ ညခြုံရန် လက်ငင်းအသုံးလိုသော စောင်တစ်ထည်နှင့် ယခင်က ရုပ်ရှင်များထဲတွင် မြင်ဖူးသော ညဝတ်အင်္ကျီတစ်ထည်သာ ယူခဲ့လေသည်။

* * *

မျှော်လင့်ချက်ကြီးများ

ယင်းကာလ၌ ကျွန်တော်တို့သည် ပစ္စည်းများကို မမက်မောရုံသာမဟုတ်၊ မိမိတို့ရှေ့ကြီးပွားလမ်းမှာလည်း ဖုတ်သွင်းရထားပေါ် ခြေထောက်တင်နေကြပြီဟု အောက်မေ့ကြကုန်သည်။ ထိုစဉ် ကျွန်တော်တို့နေသည်မှာလည်း အင်္ဂလိပ်ဟိုတယ်ကြီးတွင် ကိုယ့်လူစုလူအုပ် အခန်းအသီးသီးနှင့် နေကြရသည်။ အစားအသောက်မှာလည်း ရိက္ခာစုဆောင်းရေးအဖွဲ့က ရန်ကုန်မြို့ရှိ ကုန်တိုက်ကြီးများ လိုက်လံသိမ်းဆည်းခြင်းဖြင့် အရက်ဘီယာများပါ ပေါကြွယ်လှပေသည်။

ဤသို့ပြည့်ဖြိုးနေလျက် ဒီနေရာမှာ ဘီအိုင်အေဌာနချုပ် အကြီးအမှူးလုပ်သူများက ကျွန်တော်တို့အားလုံးကို စာရင်းကောက်ယူကာ "အုပ်ချုပ်ရေးဘက်က လုပ်မလား၊ စစ်ဘက်က လိုက်မလား" ဟု ကြိုက်ရာရွေးရန် မေးမြန်းကြသည်။ ကျွန်တော်ကတော့ ခပ်အေးအေး အုပ်ချုပ်ရေးဘက်ပေါ့။ ကျကျ

www.burmeseclassic.com

www.burmeseclassic.com


နနပင် (ကိုယ်ဘာလုပ်တတ်မှန်း မသိဘဲနှင့်) လက်မှတ်ထိုးလိုက်၏။

ယင်းအခိုက်အတန့် ကျွန်တော့်မျက်စိထဲမှာ ဂျပန်သည် ဗမာ့တပ်မတော်နှင့်အတူ အင်္ဂလိပ်များကို ဗမာနယ်ထဲကမောင်းထုတ်၊ ထိုနောက် ဂျပန်သည် အင်္ဂလိပ်နောက်ကို အင်္ဂလန်အထိ 'ကင်းဂျော့ချ် နံပါတ်(၆) ကို ဖမ်းရအောင်လိုက်သွား၊ ကျွန်တော်တို့ကို ကိုယ့်တိုင်းပြည်နှင့်ကိုယ် ထားခဲ့' ဘယ်လောက်နိပ်လိုက်တဲ့ စိတ်ကူးတဲ့လည်းဗျာ။ နိပ္ပွန်မာစတာများက အာရှတိုက်သားများလွတ်လပ်ရေးအတွက် သူတို့တိုက်ပေးတယ်လည်း ဆိုထားသကိုးဗျ၊ နို့ပြီး အင်္ဂလိပ်နယ်ချဲ့တိုက်ရာမှာလည်း ခွေးသူခိုးတစ်ကောင် လိုက်ရိုက်တဲ့ကိစ္စလောက် အောက်မေ့ခဲ့တယ်။ ဂျပန်ဟာ...တစ်ခါထဲ တောက်လျှောက်ဥရောပရောက်တဲ့အခါမှာ ဟစ်တလာ၊ မူဆိုလိုနီတို့နဲ့ပေါင်းပြီး လန်ဒန်ဘာကင်ဟန်နန်းတော်ကြီးသိမ်း၊ ကဲ–နယ်ချဲ့ဟာကိစ္စပြီးကရော....။

အဲဒီအခါမှာ ကိုယ့်မင်းကိုယ့်ချင်းဖြစ်နေတဲ့ ဗမာပြည်ကြီးမှာ ကျွန်တော်တို့လူငယ်များက အုပ်ချုပ်ရေးဘက်ကိုင်လို့ စတိုင်နဲ့ အင်္ဂလိပ်တွေနေသွားတဲ့ အိမ်ကြီးတွေမှာနေ၊ သူတို့တက်တဲ့ ဟိုတယ်ကြီးတွေတက်ကြလို့၊ ဟဲဟဲ....။

ဤအခါမှာ ကျွန်တော်၏အသက်သည် နှစ်ဆယ်အရွယ်။ လွန်စွာစိတ်ကူးယဉ်၍ကောင်းသောအချိန်၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတစ်လုံးနှင့် မိမိ ဘာများတတ်နိုင်စွမ်း၍ ဘယ်သောင်ကမ်းဆိုက်လိမ့်မည်လည်း မမှန်းဆနိုင်ပါလျက် မမြင်ကန်းသောခရီးဝယ် သမုဒ္ဒရာပြင်ကျယ်တွင် တစ်နေ့သောအခါ ရတနာဒီပ ပိုင်စိုးရတော့မည်ကဲ့သို့လည်းကောင်း၊ အပြောကျယ်စွာသော တောဟေမဝါတွင် မနောမယပတ္တမြားကို ကောက်ရတော့မည်ကဲ့သို့လည်းကောင်း စိတ်မှာ ခံစားရပေတော့သည်။ ဤတွင် လူလူချင်း စိတ်ဓာတ်ချင်းလည်းရိုက်ခတ်နေတတ်သည်ဟု ဆိုချင်လည်းဆိုနိုင်သည်။ ဘဝင်မြင့်နေသော ကျွန်တော်နှင့်ပတ်သက်၍ အားကိုးတကြီး မျှော်မှန်းခဲ့သော လူများကိုလည်း တွေ့ရပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



**မင်းတိုင်ပင်အမတ်ဖြစ်လိုသူ**

စစ်ဘက်နှင့်အုပ်ချုပ်ရေးဘက် လူနှစ်စုခွဲထွက်သည့်ဌ် စစ်ဘက်ဝါသ နာပါသူတို့က ယင်းအချိန်တွင် ဗမာပြည်သို့ပြန်ရောက်နေပြီဖြစ်သော ရဲဘော် သုံးကျိပ်ဝင် စစ်ဗိုလ်တို့နောက်သို့ ပါသွားကြကုန်၍ ကျွန်တော်တို့ အုပ်ချုပ် ရေးသမားတို့ကား ဟိုတယ်မှာဇိမ်နှင့်။

တစ်နေ့သောအခါ ကာယဗလမှူး ဦးဇော်ဝိတ်ကြီးမှူးသော လက်နက်သိမ်းဆည်းရေးအဖွဲ့တွင် ကျွန်တော်ပါဝင်ရ၍ ရန်ကုန်မြစ် တစ်ဖက်ကမ်းသို့ သွားကြရသည်။ အေးရွာဝါးရုံဆိပ်သို့ ရောက်သောအခါ ထိုရွာများအတွက် ကျွန်တော်နှင့် သခင်နီဆိုသူ တာဝန်ကျ၍နေခဲ့ရသည်။ ထိုစဉ်မှာလည်း သူ့အခြေနှင့် သူဖော်လံဖား၍ နိုင်ငံရေးတွင် ကြီးပွားလိုသူများ ရှိလေရာ အေးရွာတွင် အသားညိုညိုအရပ်ပုပုနှင့် အသက် ၅၀ မျှ ခန့်မှန်းရသော လူတစ်ယောက်က ကျွန်တော်တို့ကို ဆီးကြိုခစားလေသည်။ ထိုလူမှာ ရွှေမျက်မှန်တပ်လျက် နှုတ်သွက် လျှာသွက်နှင့် ရပ်ရွာမှာလည်း တော်တော်ဩဇာတိက္ကမ ရှိပုံပေါ်သည်။ ကျွန်တော်တို့လည်း ဒီလူမျိုးကို အလိုရှိရကား သူ့အိမ်မှာပင် တည်းခိုကြသည်။

ယင်းအချိန်တွင် ကျွန်တော်တို့ကား သုံးရောင်ခြယ်လက်ပတ်များနှင့် ရောမပုဂ္ဂိုလ်ကြီးများတည်း။ ရပ်ရွာတွင်ဆင့်ခေါ်လိုက်ကာ အားလုံးလူများ လာကြရသည်။ ကျွန်တော်တို့က ယခုအချိန်တွင် ဗမာပြည်ကို ဗမာပြန်ရပြီဖြစ်၍ ကိုယ့်တိုင်းပြည်ကိုယ် စိတ်တိုင်းကျ အုပ်ချုပ်ရတော့မည်။ ဤအခါမှာ တိုင်းသူပြည်သားများက ဖွဲ့စည်းစ ကျွန်တော်တို့လူငယ်အစိုးရကို ကူညီသောသဘောဖြင့် ဆူပူသောင်းကျန်းမှု မပြုကြတော့ဘဲ အင်္ဂလိပ်စစ်ပြေးအစိုးရလက်ထဲက ရလိုက်သော လက်နက်များရှိက အပ်နှံကြပါ။ မည်သို့မျှ အပြစ်မပြုရုံမက လက်နက်အပ်သူကို နာမည်၊ နေရပ်နှင့်မှတ်သားထား၍ တစ်နေ့သောအခါ ဆုလာဘ်များပင် ပေးမည်ဖြစ်ကြောင်း၊ ထို့ပြင် နောင်ကိုလည်း အစိုးရကိစ္စနှင့်ပတ်သက်၍ အခွင့်အရေးများလည်းရမည်ဖြစ်ကြောင်း စသည်ဖြင့် မိမိကိုယ်မိမိ တကယ့်အာဏာရပုဂ္ဂိုလ်ကြီးသဖွယ် မှသာဝါဒတို့ကို အတုံးလိုက်အတစ်လိုက် ဟောရပါသည်။ ကျွန်တော်တို့ကို လက်ခံကျွေးမွေးထား

www.burmeseclassic.com

www.burmeseclassic.com


သော ဖော်ပြပါလူကလည်း ကျွန်တော်တို့ကို အဟုတ်တကယ် အထင်ကြီးလျက် သူကပါ ကူညီဆောင်ရွက်ခြင်းဖြင့် လက်နက်များ တော်တော်ရပါသည်။ ရွာနီးချုပ်စပ်ကိုလည်း သူကပင် ကမကထပြု၍ သမွန်တစ်စင်းနှင့် ပို့ပါသည်။

ကျွန်တော်တို့ကို ယင်းသို့ကူညီသည့်အတွက် သူ့မှာလည်း ကြီးစွာသောမျှော်လင့်ချက်ကြီး ရှိပေသည်။ အခြားမဟုတ် သူသည် ဤရွာသားဖြစ်သော်လည်း ကြည့်မြင်တိုင်တွင်နေသည်ဖြစ်၍ နောင် ပါလီမန်ရွေးကောက်ပွဲဖြစ်ခဲ့သော် သူ့ကို ကြည့်မြင်တိုင်တစ်နေရာမှ မင်းတိုင်ပင်အမတ်အဖြစ် တင်မြှောက်ပေးဖို့ပင်တည်း။ ကျွန်တော်နှင့်သခင်နီကလည်း သူ့အိမ်တွင် တည်းခိုကာ သူ့ထမင်းကိုစားလျက်...'ဇကန်မုချ ဖြစ်ရမည်' ဟု ရဲရင့်စွာ အာမခံခဲ့ကြ၏။

နောင် ကျွန်တော်မြင်းလှည်းသမားဘဝ ရောက်သောအခါ ထိုအမတ် လောင်းလျာကို မကြာခဏ တွေ့ရသည်။ သို့သော် ကျွန်တော် သူ့မျက်နှာကို မကြည့်ရဲပါ။ သူ့စိတ်ထဲတွင်လည်း မည်သို့ရှိလေမည်နည်း။ 'မျောက်မြင် ခဲနဲ့ပေါက်ချင်' ဆိုသလိုသာ နေလိမ့်မည်ထင်မိ၏။

လက်ရှိသူကြီးကို ရာထူးချ၍ သူ့အား ထိုနေရာပေးပြီး သူ့ပိုင်နက် ကျေးရွာများတွင် ဆည်မြောင်းဖောက်ပေးရန် တာဝန်ခံခဲ့ရပြန်ခြင်း။

အကယ်တိ ကျွန်တော်သည် ထိုစဉ်အခါက စစ်ဘက်လိုက်မည်ဟု စာရင်းသွင်းလက်မှတ်ထိုးခဲ့ပါသော် ယခုအခါ၌ ကျွန်တော်သည် (ဒီအတွင်းမှာ သေလည်းမသေဘူး၊ တောလဲမခိုဘူး။ ရာထူးအစဉ်အတိုင်းလည်း တက်ခဲ့မည်ဆိုလျှင်) အနည်းဆုံး မေဂျာကာနယ်က နှစ်ပြားသားမျှ လျော့မည်မဟုတ်သောကြောင့် ယခု ဗိုလ်ချုပ်ကြီးအစိုးရလက်ထက်တွင် ဗိုလ်မှူးကြီးသော်တာဆွေ (အခြား စစ်ဆန်ဆန်နာမည်လည်း ဖြစ်ချင်ဖြစ်မယ်ပေါ့ဗျာ) ဘယ်ဌာနကို ဆောင်ရွက်လေပြီ၊ သူ့လက်ထဲရောက်မှ အားလုံးအိုကေတော့တာပဲ။ ဘာပဲညာပဲ စသည်ဖြင့် လူထုကြီးတစ်ရပ်လုံး၏ ချီးကျူးသြဘာပြုခြင်းကို ခံရမည်မုချ။

www.burmeseclassic.com

www.burmeseclassic.com



ကဲ…ယခုတော့ ဘီအိုင်အေဌာနချုပ် စာရင်းကောက်ပွဲတွင် သက်သက် သာသာနဲ့ ရာထူးရမလားလို့ (ကိုယ့်ကိုယ်ကိုယ် ဘာမှ မတတ်မှန်းလည်း မစူးစမ်းဘဲနှင့်) အုပ်ချုပ်ရေးဘက်လိုက်လာတာ ခွက်ခွက်ခုံးပါရောလားဗျာ။ ဘာကြောင့်ဆိုတော့ ဂျပန်က အုပ်ချုပ်ရေးကို ဘီအိုင်အေလက်ထဲ ပေးဖို့မှ မရည်ရွယ်တာ၊ သူ့ဘာသာသူ လိုချင်တဲ့ ဗမာလူကြီးတွေ ရွေးခေါ်တော့သကိုးဗျ။ ဒီကိစ္စမှာလည်း ကျွန်တော်က ဂျပန်အစေတော်ခံလုပ်ပြီး ကြီးပွားလမ်းကို မျှော်မှန်းလိုက်သေး။

အသို့ဟူမူ….

တစ်နေ့သောအခါ ကျွန်တော်နှင့်အတူလာခဲ့သူ စလင်းမှ သူငယ်ချင်း ကိုသန့်စင်(ဂျပန်ခေတ်က ဒေါက်တာဘမော်၏အတွင်းဝန်) သည် သူနှင့် ကျောင်းနေဖက်ရခိုင်လူမျိုး ကိုစံသာဆိုသူကို အမှတ်မထင်တွေ့ကြရာ တစ်ယောက်တစ်ယောက် ယခု ဘယ်မှာနေကြသလဲ၊ ဘာလုပ်ကြသလဲ မေးကြတော့ ကျွန်တော်တို့ မရေရာသောအဖြစ်ကို ဖော်ပြသည်၌ ကိုစံသာက သူနှင့်အတူ သူ့ဦးရီး ဦးကျော်(ကေ–အက်စ်–အမ်) အိမ်သို့ လိုက်နေရန် ခေါ်ပါသည်။

ထိုအခါ၌ ကျွန်တော်တို့ ပတ်က်ဟိုတယ်နေရသည်မှာလည်း အစတုန်းကလို ရိက္ခာဝေမှု မျှမျှတတ မဟုတ်တော့ဘဲ လက်သင့်ရာစားတော်ခေါ်သောအပိုင်း ရောက်နေပြီဖြစ်ရကား ကိုစံသာနှင့်လိုက်နေရန် အလွယ်တကူပဲ သဘောတူလိုက်၏။

ပတ်က်အဲဗင်းနယူးရှိ ဦးကျော်(ကေအက်စ်အမ်)၏ အိမ်ကြီးကား ခြံဝင်းကျယ်ကြီးနှင့် ကြီးကျယ်ခမ်းနားပါပေစွ။ ရေတံ၊ ကြက်သွန်၊ ဆန်၊ ဆီ၊ ဆား၊ စည်သွတ်ဗူးနှင့် ငါးပိငါးခြောက် စသည့် စားနပ်ရိက္ခာတို့လည်း ပြည့်စုံပေစွ၊ အိမ်ပိုင်ရှင်များကတော့ မရှိကြပေ။ အင်ဂျင်နီယာ ဦးသာထွန်း၊ ကိုစံသာနှင့် အခြားတူဝရီးနှစ်ယောက်တို့ အိမ်စောင့်ကျန်ခဲ့ခြင်း ဖြစ်ပေသည်။

ဤအိမ်ရောက်ပြီး ရက်အနည်းငယ်အတွင်းမှာပင် ဦးသာထွန်း၊ ကိုစံသာတို့နှင့် တင်းနစ်လာကစားလေ့ရှိသော ဂျပန်အစိုးရအရာရှိ မစ္စတာ အောက်တိုကားဝါးသည် စစ်မဖြစ်မီက ဗမာပြည်တွင် နောက်ဆုံးလုပ်သွား

www.burmeseclassic.com

www.burmeseclassic.com



သော ဂျပန်သံအရာရှိဖြစ်၍ ယခု ဗမာပြည်အုပ်ချုပ်ရေးအတွက် စိုင်းပြင်းနေသူ ဖြစ်သည်။

တစ်နေ့သ၌ (သူသည် ကျွန်တော်တို့၏အခြေနှင့် စိတ်နေစိတ်ထားကို တီးခေါက်ကြည့်ပြီးနောက်) သူ၏ဆန္ဒကို ဖွင့်ပြောပါသည်။

ဗမာပြည်တွင် အုပ်ချုပ်ရေးကိုဖွဲ့စည်းရန် မြန်မာအရာရှိပိုင်းက လူကြီး များကို လိုချင်ပါသည်။ ဤလူကြီးများနှင့်လည်း မိမိယခင်က အဆက်အသွယ်ရှိခဲ့သည်။ ယခု သူတို့သည် အင်္ဂလိပ်အစိုးရနှင့် လိုက်မသွားဘဲ အမြန် ဆုံးပြန်လာရန် လိုက်၍ တားဆီးခေါ်ငင်ပေးစေလိုကြောင်း။

ယင်းကိစ္စသည် အင်္ဂလိပ်အစိုးရ ဗမာပြည်ထဲကမထွက်မီ စစ်ကြောင်းကို ကျော်လွန်၍ အမြန်ဆုံးသွားနိုင်ရမည်ဖြစ်ရကား တယ်ပြီး မလွယ်ကူလှပေ။ သို့သော် ကျွန်တော်တို့သည် ထိုအချိန်၌ ဘာကိုလုပ်ရ လုပ်ရ လုပ်ချင်နေသောအခါဖြစ်ရကား စိတ်အားထက်သန်စွာပဲ တာဝန်ယူလိုက်လေသည်။

ယင်း၌ မစ္စတာအောက်တိုကားဝါးသည် ကျွန်တော်တို့အား ဘုရင်ခံအိမ်(ယခု သမ္မတအိမ်တော်)ရှိ သူတို့ဌာနချုပ်ကိုခေါ်သွားပြီး သူ့အထက်က ဂျင်နရယ်ကြီးတစ်ယောက်နှင့် တွေ့ပေးသည်။ ထိုဂျင်နရယ်ကြီးသည် ကျွန်တော်တို့အား အနည်းငယ်စစ်ဆေးမေးမြန်းပြီးနောက် အကျီကိုချွတ်ခိုင်းကာ ရင်အုံကို သံဖြင့်ပြုလုပ်ထားသော ကိရိယာတစ်ခုနှင့် ခေါက်ကြည့်သည်။ (ဘာအဓိပ္ပာယ်လဲ ကျွန်တော် ယခုတိုင်နားမလည်ပါ) ပြီးမှ သူကျေနပ်ကြောင်းပြော၍ မစ္စတာအောက်တိုကားဝါးသို့ လွှဲအပ်လိုက်သည်။

မစ္စတာအောက်တိုကားဝါးက ဒီခရီးအတွက် တစ်ယောက်ကို ငွေဘယ်လောက်လိုချင်သလဲဟုမေးရာ၊ ကြည်းစမ်း...အဲဒီတုန်းက အင်္ဂလိပ်ငွေ ဘယ်လောက်များ တန်ဖိုးရှိသလဲဆိုရင် ကျွန်တော်တို့က (ဗမာစကား အသက်ဖိုးသဘော) ၃၀၀/-စီပဲပြောရော၊ အောက်တိုကားဝါးက ပြုံးရယ်နေပြီးနောက် သွားခါနီးတွင် အင်္ဂလိပ်ငွေစက္ကူ အသစ်ကျပ်ချွတ်ကလေးတွေ တစ်ထောင်စီ ပေးလိုက်၏။ မသွားမီ နှစ်ရက်သုံးရက်တွင်ကား မည်သည့်အရာရှိကြီးကို မည်သည့်စကားပြောရမည်ဟု သူတို့ချင်း အချိတ်အဆက်ထားခဲ့သော လျှို့

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်စကားများကို မဖော်ပြလိုပါ။ သူတို့ကတော့ ကျွန်တော့်ကို Human-Bullet (လူကျည်ဆံ)ဟု နာမည်ပေးခဲ့ပါသည်။ ယခု ကျွန်တော်ရေးလိုသည်မှာ သူတို့အကြောင်းလည်းမဟုတ်၊ ကျွန်တော်၏အတွေ့အကြုံ စွန့်စားခန်းများလည်းမဟုတ်၊ ဖော်ပြခဲ့သည့်အတိုင်း နိုင်ငံရေးပိုင်းတွင် ဘာမျှအရာမရောက်သည့် ကျွန်တော့်လိုအကောင်ကို အားကိုးတကြီး တောင်းခံခဲ့သူများ၏အကြောင်းသာ ဖြစ်ပါသည်။

ကဲ…အဲသဟာကြောင့်ပို့ အပိုမသွင်းဘဲ တိုတိုနှင့်လိုရင်းရေးကြစို့။ ကျွန်တော်တို့ခရီးစဉ်မှာ စစ်ကိုင်းအထိလိုက်ရမည်ဖြစ်ရာ ရန်ကုန်မှ ရွှေတောင်အထိ ဖြူးဖြူးဖြောင့်ဖြောင့် ဖြစ်ခဲ့ရပေသည်။ မြန်မာပြည်တွင်းတိုက်ပွဲတွင် ရွှေတောင်မြို့သည် အရေးကြီးဆုံးတစ်နေရာဖြစ်လေရာ ကျွန်တော်တို့ ရောက်သွားချိန်မှာ တိုက်ပွဲပြီးတာ နှစ်ရက်မျှရှိသေး၍ မြို့အဝင်တွင် လူသေကောင်၊ မြင်းသေကောင်များ ဗရမ်းကြဲနေသည်။ ရှေ့မှ ခံစစ်နှင့်ထိုးစစ် တဖြောက်ဖြောက်နေရကား ကျွန်တော်တို့သည် ဤနေရာမှ ပြည်လမ်းမကြီးအတိုင်းသွားမဖြစ်တော့ပေ။ ထို့ကြောင့် မြစ်ကိုဖြတ်၍ ပန်းတောင်းဘက်သို့ ကူးခဲ့ရ၏။ ပန်းတောင်းမှာလည်း လူသူမနေကြတော့၍ ကျွန်တော့်သူငယ်ချင်း ဖိုးတင်ဆွေ ပြောင်းရွှေ့နေသောရွာကလေးကို မရမက မေးစမ်းလိုက်သွားကာ…ဤမှာ တစ်ထောက်နားရပေသည်။

ကျွန်တော်တို့သည် ဗမာပြည်အထက်သို့ တရွေ့ရွေ့တက်နေသော ထိုးစစ်နှင့်ခံစစ်တိုက်ပွဲများကို ကျော်တက်ကာ အင်္ဂလိပ်ပိုင်နယ်ထဲသို့ ဝင်နိုင်ရန် ကြိုးစားရမည်ဖြစ်ရကား ဧရာဝတီမြစ်၏ အနောက်ဘက် တောင်ကုန်းဒေသမှ ဖြစ်သလို သွားရပေတော့မည်။ ကျွန်တော်တို့ကိစ္စပြောပြသောအခါ ဤခရီးတုန်းက သိပ်မမှေ့တတ်သေးသော ဖိုးတင်ဆွေက အင်မတန်လိုက်လိုသည်။ သို့သော် သူ့မိန်းမသည် ကျွန်တော်တို့ရောက်သောနေ့မှာပင် ပထမဦးဆုံးကလေးကို အူဝဲလိုက်သဖြင့် ငတိ စပ်ဖြဲဖြဲကလေး ကျန်ခဲ့တော့၏။

ကျွန်တော်တို့သည် သူအပို့လွှတ်သော နွားလှည်းဖြင့် ကာမမြို့အနောက်ဘက်က ရွာကလေးတစ်ရွာသို့ ရောက်သည်။ ထိုရွာမှာ ဖိုးတင်ဆွေဆက်ပေးလိုက်သော သူကြီးသမက်အိမ်မှာ တည်းရသည်။ သွားမည့်ခရီးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စကိုမေးသောအခါ ကျွန်တော်တို့က ခပ်တည်တည်ပဲ၊ ယခု မြန်မာပြည်၌ အုပ်ချုပ်ရေးကိုဖွဲ့ရန် မည်သည့်လူကြီး သူကြီးတွေကို ဂျပန်ဆန္ဒအရခေါ်ခဲ့ရန် သူလျှိုအဖြစ်နှင့် လိုက်သွားရမည်ဟုပြောမိသည်၌ ကျွန်တော်တို့ကို အထင်ကြီးသွားကာ သူကြီးသမက်သည် သူကြီးရောဂါ ထပါလေတော့သည်။

ယင်းကာလမှာ မြို့မှာဆိုလျှင်အမတ်၊ တောမှာမူ သူကြီးသည် ထိပ်သီး ဖြစ်ရကား သူ့နေရာနှင့်သူ ရောဂါထခြင်းဖြစ်သည်။ ထိုသူကြီးသမက်၏ ပြောစကားမှာ ယခု သူ့ယောက္ခမသူကြီးသည် အိုစာလှပြီဖြစ်၍ ကျွန်တော်တို့ အုပ်ချုပ်ရေးလက်ထက် သူကြီးပြောင်းသောအခါ သူကြီးသားအစား သူ့ကိုခန့်အပ်ရန် သမီးယောက်ဖချင်း နေရာလုသော ကိစ္စပင်ဖြစ်ချေသည်။

ကျွန်တော်တို့သည် နောက်တွေ့ရမည့် လူတစ်ယောက်မဟုတ်သည်ကို သူ့အိမ်ထဲထမင်းစားလျက် အဘယ်လျှင် ရဲဝံ့စွာ အာမ မခံဘဲရှိပါအံ့နည်း။

ထို့ကြောင့် နောက်တစ်နေ့မနက်မှာ ထိုသူကြီးသမက်သည် သူ့လည်းနှင့်ပင် အခြားရွာသို့ တစ်နေ့ကုန်ခရီးပို့ပြန်လေ၏။ ကျွန်တော်တို့က သူ့ကိုလည်းခပေးမည်ပြုသောအခါ၌ အမယ်လေး...သူ့ကို ရက်စက်တော့မှာလားဟု ခါးခါးသီးသီးငြင်း၏။ အင်း...ကောင်းပေ့ကွာ။

သို့သော်...ယခု တစ်ရွာရောက်သောအခါ၌ စ,စချင်း မစားသာပေ။ သူကြီးသမက်ပို့သောအိမ်မှာ ကျွန်တော်တို့ရောက်ချိန်တွင် အိမ်ရှင်မသာရှိ၍ အိမ်ရှင်ယောကျ်ား အလုပ်သွားခိုက်ဖြစ်ရာ သူကြီးသမက်သည် ကျွန်တော်တို့ကို အိမ်ပေါ်ထားခဲ့၍ ထိုလူနောက်လိုက်သွား၏။ ယင်း၌ အိမ်ရှင်မသည် ကျွန်တော်တို့ကို ပြုံးစူပါလေတော့သည်။

နှုတ်လည်းမဆက်၊ စကားလည်းမပြော၊ ကြမ်းကို ဖောင့်ဖောင့်နှင့် နင်းသွား၏။ နှုတ်ခမ်းစူပွစူပွလုပ်၏။ ကျွန်တော်တို့မှာ မျက်နှာသေမျက်နှာငယ်ကလေးတွေနှင့် သူ့အိမ်ပေါ်ထိုင်နေရကာ တစ်နေ့လုံး ခရီးကြမ်းလာခဲ့ရတာ နေ့ဝင်ရီတရောရှိနေ၍ ဝမ်းမှာလည်းဆာလှလေပြီ။ ဒီအိမ်ရှင်မလုပ်ပုံဖြင့် ကျွန်တော်တို့ ခုညစာ ထမင်းမှစားရပါတော့မလား အောက်မေ့မိ၏။ တစ်ဦးနှင့်တစ်ဦး ဘယ်ဘဝကရေစက်များကြောင့် မြင်မြင်ချင်း ခုလို မလို

www.burmeseclassic.com

www.burmeseclassic.com



တမာဖြစ်ရပါလိမ့်ဟု ကျွန်တော်မစဉ်းစားတတ်အောင် ဖြစ်တော့သည်။ သို့သော် နောက်တော့အတပ်ပင် တွေးမိလေ၏။

အကြောင်းမှာ သူတို့သည် အလွန်ဆင်းရဲလှရကား သူကြီးသမက်နှင့် ကျွန်တော်တို့နှစ်ယောက်၊ ပေါင်း သုံးယောက်ကို ထမင်းကျွေးရမှာစိုးသောကြောင့်ဖြစ်၏။

ဤအရပ်ကလူတွေ မည်မျှဆင်းရဲကြသည်ကို ခရီးစဉ်အားဖြင့် ဒီလိုရွာမျိုး သုံးလေးရွာလောက် ကျွန်တော်တို့ရောက်ပြီးသည်၌ သိလာရ၏။ အလွန်တောခေါင်သော တောင်ကုန်းဒေသ မိုးခေါင်ရေရှားရပ်ကွက်၊ စပါးဆန်ရေစိုက်ပျိုး၍ ကောင်းစွာမဖြစ်မြောက်၊ ထမင်းကို ပြောင်းဆန်နှင့် ခုစားကြရသည်။ သို့တိုင် အချို့နှစ်များ၌ ပြောင်းမှလုံလောက်စွာမရ၍ ကြွေးဥများကို တူးကြရ၏။

သူတို့စားကြပုံကိုလည်း ကြည့်ပါ၊ အများအားဖြင့် နေ့စဉ်စဉ် စားရသည်မှာ ထမင်းအပြင် စားပွဲပေါ်တွင် ငရုတ်သီးထောင်းလေးတစ်ခွက်၊ ဆားလေးတစ်ခွက်သာဖြစ်သည်၊ ဟင်းလျာရယ်ဟူ၍ မယ်မယ်ရရမရှိချေ။ တစ်ခါတစ်ရံ၌ ရွာတွင် ဝက် သို့မဟုတ် အမဲပေါ်ပါက ဝယ်စားနိုင်သူများကလည်းကောင်း သို့မဟုတ် ကိုယ့်အိမ်ကပေါ်လျှင် ပြန်ပေးချေးစားနိုင်သူများကလည်းကောင်း စားကြရသည်။ အခြားမဲ့၌ကား ဆားနဲ့ငရုတ်သီးသာ ဖြစ်ကုန်၏။ အဲ...ကျွန်တော်တို့ကိုကား စပယ်ရှယ်ညှော်သည်များဖြစ်၍ ပဲကြီးဟင်းတစ်ခွက် ချက်ပေးတတ်သည်။ သူတို့ပဲကြီးဟင်းမှာလည်း ဆီမပါချေ။ ဆားနှင့် ကြက်သွန်ကလေး အနည်းငယ်နှင့် ရေလုံပြုတ်သာဖြစ်၏။ သူတို့အရပ်တွင် လျှိုမြောင်မှာစပါး၊ တောင်စောင်းယာခင်းများ၌ ဝါဂွမ်း၊ ပြောင်း၊ ငရုတ်၊ ကြက်သွန်တို့ စိုက်ပျိုးဖြစ်သော်လည်း တစ်အိမ်ထောင်လုပ်၍မှ တစ်နှစ်စာမစို့မပို့သာ ရကြရှာ၏။

ထို့ပြင် လျှိုမြောင်ယာခင်းဆိုသည်မှာလည်း တစ်နှစ်လုပ်ပြီးလျှင် နောက်တစ်နှစ်လုပ်ရန် မပြည့်တော့သဖြင့် တစ်နှစ်ခြား၊ နှစ်နှစ်ခြား အနားပေးပြီး လုပ်ရလေရကား နှစ်စဉ်ပင် ယာသစ်တောထူလပျစ်ကို ခုတ်ထွင်ရသော အဖြစ်နှင့် ရင်ဆိုင်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤရွာတွေကို အမည်နာမနှင့် မဖော်ပြနိုင်သော်လည်း သရက်၊ အောင်လံ၊ မင်းလှမြို့၏ အနောက်ဘက်ကျော့က ဒေသများဖြစ်မည်ဟု ကျွန်တော်ပြောနိုင်ပါ၏။

သူတို့သည် မြို့ကိုရောက်ဖူးသူ အလွန်နည်းပါး၍ အချို့မှာဦးထုပ်ကိုမျှ မမြင်ဖူးကြချေ။ ကျွန်တော်ဆောင်းသွားသော သက္ကလပ်ဦးထုပ်၊ ကိုသန့်စင် ဆောင်းသော ဖော့ဦးထုပ်ကို အဆန်းတကြယ် ဝိုင်းကြည့်ကြလေသည်။ ထို့ပြင် ကျွန်တော် မက်သဒစ်ကျောင်းက စောင်တစ်ထည်ယူခဲ့သည် ဆိုတာမှာ လည်း မိုလ်မများ ဖက်ရှင်ကျကျသုံးသော အိပ်ရာဖုံး ပန်းရိုက်လှလှလေး ဖြစ်နေရကား ကျွန်တော် ညခြုံအိပ်ပြီဆိုလျှင် ယောကျ်ားရော၊ မိန်းမပါ ဟင် ဟယ်...နှင့် ဝိုင်းဝန်းကိုင်တွယ်ကြည့်ကြသဖြင့် ကျွန်တော့်မှာ ခရီးပင်ပန်း အလွန်အိပ်ချင်ချင်နှင့် အတော်ပင် မရိုးမရွဖြစ်ရတော့သည်။ ထို့ကြောင့် ကိုသန့်စင်က "နောက်တစ်ရွာရောက်ရင်တော့ ကိုယ့်လူ စောင်ကို အိပ်ရာမဝင်ခင် ဖြန့်သာပြထားလိုက်ကွ၊ ဒါမှ ကိုယ့်လူ ကောင်းကောင်းအိပ်ရမယ်" ဟု ပြောယူရသည်အထိပင် ဖြစ်တော့သည်။

စင်စစ် ကျွန်တော့်စောင်သည် သူတို့အဖို့ ဆန်းလှပေသည်။ သူတို့ သည် သရက်ထည်ကိုမျှ မြင်ဖူးကြမည်မဟုတ်။ သူတို့ကိုယ်က အဝတ်နှင့် ခြုံစောင်တို့သည် သူတို့ယာမှထွက်သော ဝါဂွမ်းကို သူတို့ဘာသာသူတို့ ယက်လုပ်ထားကြသည်များ ဖြစ်ကုန်၏။

အချို့ရွာမှ လူကြီးပိုင်းကလူများကား ကျွန်တော်တို့၏ဦးထုပ်နှင့် ဘိုစဖုတ်ကို မှန်းကြကုန်သည်။ အင်္ဂလိပ်ဦးထုပ်နှင့် အင်္ဂလိပ်အဖုတ်ကို ခေါင်း ပေါ်တင်ထားကြတာကလေးတွေဟု ကဲ့ရဲ့ပြစ်တင်ကြ၏။ မျိုးချစ်စိတ်ကား အပြည့်ရှိကြ၏။ မင်းလောင်းမောင်သန့် ပေါ်ခဲ့သော အရပ်ဒေသပေတည်း။ သို့သော်...ထိုအချိန်၌ ဗမာပြည်တွင် ဂျပန်ဝင်နေပြီကို သူတို့မသိကြချေ။ ကျွန်တော်တို့က အကျိုးအကြောင်းပြောပြ၍ ဗမာ ဂျပန်နှင့်ပူးပေါင်းပြီး အင်္ဂလိပ်ကိုတိုက်ထုတ်ပြီး အင်္ဂလိပ်ပြေးပြီ။ ယခု ကျွန်တော်တို့လာခဲ့တာက ဘယ်သွားဖို့ ဘာဘာညာညာကိစ္စပဲဟု ရှင်းလင်းပြသည်၌ သူတို့ဝမ်းသာ အားရဖြစ်ရကာ ကောင်းစွာပြုစု၍ လိုအပ်သောအကူအညီကို ပေးကြလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ယခုဖော်ပြခဲ့သော ထမင်းကျွေးရမှာစိုး၍ ပြုစုနေသည့် အိမ်ရှင်မလည်း ခဏသာပါ။ နောက်မကြာမီ ကျွန်တော်တို့လိုက်ပို့သော သူကြီးသမက်နှင့် သူ့ယောကျ်ားရောက်လာပြီး အိပ်ခန်းထဲ တီးတိုးပြောပြီးသည်၏ တစ်ခဏ၌ ထိုမိန်းမမျက်နှာသည် အလွန်ရွှန်းပြောင်သွားကာ အိမ်ပေါ်မှဆင်းသွားပြီးနောက် ဝက်သားတစ်တွဲကိုဆွဲ၍ ပြန်လာလေ၏။

ဤမှ ကိုသန့်စင်နှင့်ကျွန်တော် ပြုံးနိုင်တော့၏။

ထိုည၌ ထိုအိမ်ရှိလှည်းတစ်စီးကို တပ်ဆင်ပြီး နောက်တစ်နေ့၌ ခရီး ဆက်ကိုလိုက်ပို့သည်။ သူကြီးသမက်ကား ထိုရွာမှပြန်လေ၏။

သြော်...ဤနေရာ၌ ကျွန်တော်တို့အား အခြေအနေကပေးသော ကလိမ်ဉာဏ်ကလေးကို ဖော်ပြရဦးမည်။ ကျွန်တော်တို့အား ကူညီပြုစုသူများအား စာရွက်မှာ နာမည်၊ နေရပ်ရေးမှတ်၏။ သဘောမှာ နောက်၌ သူကောင်းပြုခံရမည့်လူများ ဟူလို။

၎င်းတို့ကလည်း ကျွန်တော်တို့ ဘာမျှအထူးမပြောရဘဲ သူကြီးသမက်၏ ညွှန်ကြားချက်နှင့်ပင် ယုံကြည်နေလေပြီ။ ထိုကိုယ်တော်ကလည်း ကျွန်တော်တို့အား မည်မျှလောက် အထင်ရောက်နေ၍ ပြောက်ထားလေသည်မသိ၊ ထိုည ဝက်သားဟင်းနှင့်ထမင်းစားပြီး အိပ်ခါနီးတွင် အိမ်ရှင်လင်မယားကို စာရင်းယူသည်၌ အနီးရှိလူကြီးတစ်ယောက်က သူ့နာမည်ကိုပြောတဲ့ကာ သူသည် ထိုအိမ်ရှင်မ၏အစ်ကိုပါ၊ နက်ဖြန်ခါ ကျွန်တော်တို့ကို လှည်းနှင့်မောင်းပို့မည့်သူဖြစ်ပါသည်ဟု အတင်းပင် သူကောင်းပြုခံစာရင်းသို့ တင်သွင်းပါလေ၏။ ကျွန်တော်တို့ကလည်း ရက်ရောစွာပဲ လက်ခံလိုက်ပါ၏။

နောက်တစ်နေ့၌ သူသည်ပင် လှည်းနှင့်မောင်း၍ ပို့ပါ၏။

တောင်ဆင်း တောင်တက်ဆွဲရသော လှည်းကဲ့အိမ်ကလေးမှာ ကျဉ်းမြောင်းလှ၍ ကျွန်တော်တို့သုံးယောက် ကျောချင်းကပ်ထိုင်ရသည်။ သူ့ကိုယ်က အလွန်ချေးစော်နံလှပါသည်။ သူခြုံထားသော ဝါစေ့ကွဲတွေနှင့် စောင်ကြီးမှာ ညစ်ပေလွန်းလှ၍ ဂုန်နီရောင်ပေါက်နေသည်။ သည်အထဲ နံနက်ခင်းမို့နှင်းငွေ့နှင့် ပိုပြီးစိုနေသေးသည်။ တောင်အဆင်းတွင် ခွာ၍မရ၊ ကိုယ်ချင်းကပ်

www.burmeseclassic.com

www.burmeseclassic.com


၍ လိုက်လာရရာ လွန်စွာမှ အခံရဆိုးလှပါ၏။ လမ်းတစ်လျှောက်လုံးက လည်း တောင်ဆင်းနှင့် တောင်တက်သာဖြစ်ကုန်၏။ နေပူလာတော့ အချမ်း ပြေ၍ ဤစောင်ခွာလျှင်ပင် သက်သာမလား တွက်ဆထား၏။ သို့သော် ပိုဆိုးတော့၏။ အကြောင်းမှာ သူ့ကိုယ်မှာ အင်္ကျီမပါ၊ ဗလာကိုယ်ထည်ဝယ် ချေးလက်လေးသစ်နှင့် နေပူလေ ချွေးထွက်လေ၊ ပိုဆိုးလေဖြစ်တော့သတည်း။

သူ့ပုံပန်းကြည့်ရသည်မှာ အလွန်ပင် ပျင်းမည့်သူဟု ခန့်မှန်းရ၏။ ဟုတ်လည်းဟုတ်ပေသည်။ သူသည် ဘုန်းကြီးလူထွက်ဖြစ်ပြီး ယခု သူ့နှမ အိမ်မှာလည်း ကပ်စားနေခြင်းဖြစ်လေ၏။

သို့သော် သူဖြစ်ချင်တာကတော့ သူကြီး ဟီးဟီးပါပဲ။

"ဆရာလေးရယ်...သူများအကြောင်းပြောတော့လည်း အတင်းပါ။ သဟာပေမယ့် အမှန်ပြောတာပါ၊ အခုလက်ရှိသူကြီးဟာ မကောင်းဘူး။ ထန်းရည်သောက်တယ် ဆရာလေးရဲ့၊ ကျုပ်ကတော့ ရဟန်းဘဝမှာ မပျော် လို့သာ ထွက်ခဲ့တယ်၊ ဒီလို အကုသိုလ်ကို လုံးဝမပြုဘူးဆိုတာတော့ ယုံပါ တော့ဆရာလေး..."

သူသည် ကျွန်တော်တို့အား ဟို သူကြီးဖြုတ်ချပြီး သူ့ကို သူကြီးခန့်ရန် ပြောနေခြင်းဖြစ်ပါ၏။

"ဒို့ပြီး...အဲဒီသူကြီးဟာ စာကောင်းကောင်းတတ်တာ မဟုတ်ဘူး ဆရာလေးရဲ့၊ ကျုပ်ကတော့ ရဟန်းဘဝနဲ့ ဆယ်ဝါဆိုခဲ့ပါတယ် ဆရာလေး ရဲ့၊ ကျမ်းဂန်နဲ့ပတ်သက်လို့ ဆရာလေးတို့ အစစ်ကို ခံနိုင်ပါတယ်"

ခရီးကလည်းကြမ်း၊ သူ့ကိုယ်ကလည်း ချေးစော်ချွေးစော်နံလှ၍ ကျွန်တော်တို့ စိတ်ညစ်သည်နှင့် ကဲ...ဟိုသူကြီးဖြုတ်ချပြီး သူ့ကို အမြန်ဆုံး ပဲခန့်ပါမည်ဟု အာမခံလိုက်ရပါသည်။

သူသည် ယခုပင် ရာထူးရသည့်နှယ် ဝမ်းသာသွားပြီးနောက် စကား ကတော့မဆုံးသေးချေ။ သူ့ရွာသားတွေ လုပ်ကိုင်စားသောက်ရပုံ ပြောပြပြီး နောက်....

"အဲသလောက် ဆင်းရဲရတာဟာ ဆရာလေးရယ်... ကျုပ်တို့ဆီမှာ ရေရှားလို့ပါပဲ၊ သဟာကြောင့် ဆရာလေးတို့ဆီကို ကျုပ်နောက်ထပ် တောင်းခံ

www.burmeseclassic.com

www.burmeseclassic.com



ချင်တာကတော့ ကျုပ်ကို သူကြီးမြှောက်ပြီးတဲ့အခါ လယ်ယာအတွက် ဆည်မြောင်းဖောက်ပေးဖို့ပါပဲ၊ ဒါမှ ကျုပ်လည်း သူကြီးဖြစ်ရော၊ ဆည်မြောင်းတွေလည်း တူးပေးရောဆိုရင် ဟီး...ဟီး..."

* * *

ဤသို့ အနှီသို့လျှင် ဂျပန်အဝင်တွင် ဆုတောင်းပြည့်ကိုယ်တော်သဖွယ် အမတ်လုပ်ချင်၊ သူကြီးဖြစ်ချင်သူ၊ ဆည်မြောင်းဖောက်ချင်သူတို့ကို လိုတရစေမည်ဟု အာမခံခဲ့သော ကျွန်တော်သည် ဂျပန်အတွက်မှာ ဖော်ပြခဲ့သည့် အတိုင်း မြင်းလှည်းတစ်စီးနှင့် ရတတ်သမျှ အဝတ်အထည်ကလေးတွေကို လိုက်လံယူနေသော "ဖောက်သယ်ကြီး" ဖြစ်နေသည်ကို သူတို့သိစေချင်စမ်းပါဘိ။

အမတ်လောင်းလျာကြီးကတော့ သိပုံပေါ်ပေသည်။ ခရီးကြုံကြိုက်၍ ကျွန်တော့်မြင်းလှည်းစီးပြီး အဆင်းတွင် နှုတ်ခမ်းစူပွစူပွ လုပ်တတ်သွား၏။ အဓိပ္ပာယ်မှာ သင်း...ငါ့ကို အမတ်ဖြစ်အောင် လုပ်မပေးနိုင်သေးတောင်၊ သင်း... မြင်းလှည်းခကို ယူဖို့မသင့်ဟု တွက်ဆသည်ထင့်။

◆

www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော် ဘယ်ကလာသနည်း

(သော်တာဆွေအဖြစ် မရောက်မီက ကျွန်တော့်ဘဝအတိုချုပ်ဖြစ်သည်)

ကျွန်တော်သည် ယခုလို ကလောင်တစ်ချောင်းဖြင့် အသက်မွေးရသောဘဝသို့ ရောက်လိမ့်မည်ဟု ဘယ်သောအခါမျှ မမျှော်လင့်ခဲ့ချေ။ ငါ စာရေးဆရာ မဖြစ် ဖြစ်အောင် ကြိုးစားမည်ဟူ၍လည်း အဓိဋ္ဌာန်မပြုခဲ့ဘူးပါ။ သို့ပါလျက်နှင့် ကျွန်တော် အသက်နှစ်ဆယ်တွင် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလှသောစိတ်နှင့် ဝတ္ထုလက်တည့်စမ်းရန် အကြောင်းဖန်ခဲ့လေသည်။ စင်စစ်ကား ယင်းအချိန်အထိ စကားပြေရေးခြင်းကို ကျောင်းက စာစီစာကုံးမှတစ်ပါး ကိုယ့်ဘာသာကိုယ် တစ်ခါမျှ မလေ့ကျင့်ဘူးသေး။ ကဗျာရေးခြင်းဖြင့်သာ အချိန်ကုန်ခဲ့သည်။

ကျွန်တော် ၁၅ နှစ်သားတွင် ကဗျာကိုစသင်ရ၍ ၁၆ နှစ်၊ ၁၇ နှစ် ၁၈ နှစ် ဤသုံးနှစ်၌ ကဗျာများကို နေ့စဉ်မပြတ် ရေးခဲ့သည်။ လေးချိုး၊ ဒွေးချိုး၊ တြိချိုး၊ တေးထပ်၊ ဘောလယ်၊ မုံထောက်၊ ရတု၊ ရကန်။ တစ်နေ့လျှင် တစ်ပုဒ်မျှမရေးရလျှင် ကျွန်တော်မအိပ်။ ကျွန်တော်ရေးသည်မှာ စာနယ်ဇင်းများကိုပို့ရန်၊ ပါရန်မဟုတ်။ ရေးနေသည့်အခါနှင့် ရေးပြီးသားတွေကို ပြန်ဖတ် ပြန်ဆိုရသည့် အရသာခံစားဖို့သာဖြစ်သည်။ ယခုအမြင်နှင့် ပြန်ကြည့်လျှင် ဤကဗျာများသည် ဘာမျှ နှစ်သက်အားရစရာ မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အတွေးအခေါ်မရှိ၊ အချစ်အလွမ်းနှင့် ရေမြေတောတောင်၊ ရာသီဥတု သဘာဝတို့အကြောင်းသာ ဖြစ်ချေသည်။ ထိုစဉ်က ကျွန်တော့်ရည်းစားဆိုလျှင် ကျွန်တော့်ကဗျာတွေ ဖတ်ရတာနှင့် ဖတ်ဖတ်မောရ၍ ကျွန်တော့်ရည်းစားစာတို့ကား ကဗျာများသာဖြစ်ကုန်၏။ ကျွန်တော့်မှာ နတ်သျှင်နောင်ကို အားကျသူဖြစ်သည်။

၁၉ နှစ်သား ရန်ကုန်ရောက်သောအခါ၌ကား ကျွန်တော် ကဗျာစာပေကိုဖြတ်သည်။ ရုပ်ရှင်မင်းသားဖြစ်ဖို့ ကြိုးစား၏။ တစ်ယောက်ထဲ မှန်ထဲကြည့်၍ သောက်ရုက်ကင်းမဲ့စွာ အမူအရာလုပ်သည်။ ကိုယ်လုံးကိုယ်ထည်တောင့်တင်းလှပရန် ကစားရသည်။ ထိုအချိန်က စတန့်မင်းသားခေတ်ဖြစ်၍ ဒိုင်ဗင်ထိုး၊ လက်သီးထိုးလေ့ကျင့်ရသည်။ ရသည့်အကျိုးအာနိသင်ကားစာမေးပွဲကျရှုံးသည်။ လက်ဆစ်လွဲဖူး၍ ယခုလက်ကောက်ဝတ်သည် လက်ခုံကိုအပေါ်လှန်၍ မကွေးနိုင်တော့။ လေးလေးပင်ပင် ကိုင်တွယ်ဆွဲငင်လျှင်အကြောအောင့်၏။ ရုပ်ရှင်နယ်က လူကြမ်း၊ လူရွှင်တော်ဆိုသူနှစ်ကောင်၏ညာစားခြင်းကို ခံလိုက်ရ၏။ “ခင်ဗျားကို သူဌေးပြောပြီးပြီ၊ ဒါရိုက်တာကလည်း ဓာတ်ပုံမြင်တာနဲ့ သဘောကျတယ်။ လာဗျာ…ကျုပ်တို့ စတူဒီယိုသွားလည်ကြရအောင်။ အဲ…အဲ…သူက သူဌေးလူယုံပေါ့။ ဘာမဆို သူပြီးပြီးတာပဲ။ မောင်ကြီးက အရက်ကြိုက်တာဗျ…”

အဲသည်အခါမှာ ကျွန်တော်က မိဘပို့တဲ့ပိုက်ဆံကလေးနဲ့ တိုက်ရတာပေါ့ဗျာ။ ဒီတုန်းက ကျွန်တော်က မသောက်တတ်ဘူးခင်ဗျ။

သို့နှင့် ကျွန်တော်မှာ ဤနှစ်တွင် ငွေတော်တော်ကုန်သည်။ အဖေကလည်း လစဉ်မှန်မှန်ပို့ပါ၏။ နယ်က ရည်းစားနှစ်ယောက်ကလည်း သူတို့တတ်နိုင်သလောက် မကြာခဏ ပို့နေသေး၏။ ဒါနှင့်မျှမလောက်၊ လူကလည်း ရန်ကုန်မှာ လူပါးဝခါစကိုးခင်ဗျ။

တစ်နေ့သောအခါ သူရိယမဂ္ဂဇင်းမှာ ဝတ္ထုပြိုင်ပွဲကြော်ငြာကို တွေ့ရလေသည်။ ဆုက ၁၅ ကျပ်၊ သည်ငွေကို ကျွန်တော်လိုချင်သည်။ ကျွန်တော်မှာ ၎င်းအချိန်အထိ တစ်ခါမျှ ဝတ္ထုရေးရန် စိတ်ကူးမထည့်ဘူးသော်လည်း ဒဂုန်မဂ္ဂဇင်း၊ သူရိယမဂ္ဂဇင်းများကို ဖတ်ထား၍ ငါရေးလျှင်ဖြစ်ရမည်ဟု

www.burmeseclassic.com

www.burmeseclassic.com



အထင်ရောက်နေ၏။

သူတို့ကြော်ငြာမှာ ပထမပြိုင်ပွဲက ဟာသ၊ ဒုတိယစုံထောက်၊ တတိယ စွန့်စား၍ကြီးပွားချမ်းသာခြင်း။ ဤသုံးမျိုးအနက် ကျွန်တော်မှာ ဒဂုန်မဂ္ဂဇင်းက ဆရာငွေအိုး၏ တိမ်တစ်လုံးဝတ္ထုများနှင့် ဆရာကြီးရွှေဥဒေါင်း၏ စုံထောက်မောင်စံရှားဝတ္ထုများကို အနှစ်သက်ဆုံးနှင့် အများဆုံးဖတ်ထားသည် ဖြစ်၍ စုံထောက်ဝတ္ထုကို အားရဆုံးဖြစ်နေသည်။ သို့သော် ဟိုကျန်တဲ့နှစ်မျိုး ကော ဘာကြောင့်မဖြစ်ရမှာလဲ။ တစ်မျိုး ၁၅ ကျပ်၊ သုံးမျိုး ၄၅ ကျပ်။ နောက်ဆက်တွဲ နောက်ဆက်၍ ကြိုးစားလိုက်ရမည်။ ကျွန်တော့်မှာ ငွေလိုနေသည်။ ရုပ်ရှင်မင်းသားဖြစ်ဖို့ "ဟိုလူကြီး ကြည့်ပြီး ငွေလေးဘာလေး လာဘ်ထိုးရဦးမည်" လို့ ဟိုနှစ်ကောင်ကပြောထားသကိုးဗျ။ အခိပ္ပာယ်က စာပေကို ပဲခုတုံးလုပ်ပြီး ရုပ်ရှင်မင်းသားဖြစ်အောင် ကြိုးစားမယ်ပေါ့ဗျာ။

ထို့ကြောင့် ပထမဦးဆုံးဟာသဝတ္ထု "အဖျားဖြတ်ဆေး" အမည်နှင့် ရေးပို့လိုက်သည်။ ကလောင်အမည်က မိုးတိမ်တောင်။

"ကြက်ဥအရောင်၊ တိမ်တောင်သဖွယ်၊ မင်းရေးကျယ်၏" ဟူသော စကားမှ ကောက်နုတ်ယူသည်။ "မင်းရေးကျယ်၏" ဆိုတာလို ကျွန်တော့် အရေးအသားမှာလည်း မမှန်းဆနိုင်လောက်အောင် ကျယ်မပေါ့ဗျာ...။ သို့အတွက် ဤစာပိုဒ်ကလေးမှာ ကျွန်တော့်ကလောင်နာမည်ကို ရွေးသည်။ စာရေးဆရာ "ကြက်ဥအရောင်" ဆိုတော့ ဘယ်ကောင်းမလဲဗျာ။ 'တိမ်တောင်' ချည်းလဲမနိုပ်။ ထို့ကြောင့် မိုးတစ်လုံးဖြည့်ကာ....

သို့ရာတွင် ဆရာမိုးတိမ်တောင်၏ "အဖျားဖြတ်ဆေး" ဝတ္ထုမှာ ရယ်ရသော်လည်း ညစ်ညမ်းသည်ဟူသော မှတ်ချက်နှင့် ဖတ်ခနဲ ပြန်ရောက်လာ၏ ။

"နေသေးသကွာ ငါအားသန်တဲ့ စုံထောက်ဝတ္ထုကျမှ သိစေ့မပေါ့"

အလား...ဘာဂလိုလိုနှင့် ကျွန်တော် စာရေးတာမှာ စိတ်ဓာတ်ပြင်း ထန်လှကြောင်း သိလာရသည်။ အကြောင်းမှာ ဤစုံထောက်ဝတ္ထုရေးစဉ်၌ ကျွန်တော့်မိခင် အသည်းအသန်မမာ၍ ပြန်လာရန် သံကြိုးရောက်လာသည်။ အိမ်ရောက်သောအခါ၌ မိခင်လူနာအတွက် တစ်ခဏမျှ စိတ်သောကရောက်

www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် "အို...ငါ့ဘာတတ်နိုင်လို့လဲ၊ ငါ့ပူတာနဲ့သာ အမေကျန်းမာလာမယ်ဆိုရင် ထိုင်လို့ချည်းငိုနေပါရဲ့" ဟုတွက်ဆကာ အိမ်ပေါ်တက်ပြီး အင်္ဂလိပ်လဆန်း ၁၀ ရက်နေ့ အရောက်ပို့ရန်ရှိသော ဝတ္ထုကို ဆက်ရေးသည်။ ရည်းစားဆီပို့ရန် ကဗျာများကို မိုးအလင်းထိုင်ရေးလေ့ရှိသော ကျွန်တော့်တတ်သိနေသည့် ကျွန်တော့်အစ်မက ယခုလည်း ရည်းစားစာရေးတာပဲဟု ယူဆကာ "နင်ဟာ အမေအသည်းအသန် မမာနေတာတောင်ဘဲ" ဟု ငြူစူပါသည်။ သို့သော် မမူချေ။ "သွား...သွား...နင် နားမလည်ပါဘူး"

စုံထောက်ဝတ္ထုလည်းဖြစ်ပြန်၊ ပထမဆုံးအကြိမ်လည်း ဖြစ်ပြန်ရကားရေးရာတွင် မည်မျှလောက်နှေးကွေးမည်ကို စဉ်းစားယူနိုင်ပါသည်။ ဝတ္ထုမပြီးခင်မှာပင် ကျွန်တော့်မိခင်သေသည်။ အောက်ထပ်က ငိုသံကြားတော့ကျွန်တော် ဆင်းပြီး ငိုလိုက်ပါသေးသည်။ ပြီးတော့ မသာမချမီအတွင်းမှာပင်ဝတ္ထုကိုပို့နိုင်အောင် ဆက်ရေးရသည်။ ဒီတော့မှ စဉ်းစားမိသည်။ "အင်း...ငါဝတ္ထုရေးတာ ငွေ ၁၅ ကျပ် လိုချင်လို့သာ မဟုတ်ပါကလား"

ဤစုံထောက်ဝတ္ထုနာမည်မှာ "ဘလက္ကဟော့(က်)" ဖြစ်သည်။ Black Hawk ကျွန်တော့်ကိုယ်ပိုင်ဉာဏ်နှင့် ရေးသောဝတ္ထုပါ။ သို့သော် အင်္ဂလိပ်ဝတ္ထုတစ်ခု၌ ဖတ်ရသော ဤနာမည်ကလေးကို သဘောကျသည်နှင့်....။

ဤစုံထောက်ဝတ္ထုကို တော်တော်အားရပါသည်။ ပြိုင်ပွဲမှာ သေချာသလောက် မျှော်လင့်ထားပါသည်။ သို့သော် မကြာမီ၌ ကျွန်တော့်စာမူအိမ်ပြန်ရောက်လာပါသည်။ စစ်ရိပ်စစ်ငွေ့များကြောင့် စက္ကူရှားပါးလာ၍သူရိယမဂ္ဂဇင်း ရပ်ထားရမည်ဖြစ်သည့်အတွက် ပြိုင်ပွဲကို ဖျက်လိုက်ရသည်ဟူသောစာနှင့်....။

ယင်း၌ ကျွန်တော့်ကလောင် တစ်ခန်းရပ်လေသည်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လေသည်။

ဂျပန်များ ရောက်လာလေသည်။

ကျွန်တော် မိန်းမရလေသည်။

ကျွန်တော့်ယောက္ခမ ဆန္ဒအရ မြင်းလှည်းမောင်းရလေသည်။

တစ်ဖန် ယောက္ခမ၏ဒုတိယဆန္ဒအရ သာယာဝတီမြို့သို့သွား၍

www.burmeseclassic.com

www.burmeseclassic.com



မြို့နီစပယ်ရုံး၌ စာရေးလုပ်ရလေသည်။

ကျွန်တော့်အခြေအနေမှာ အင်္ဂလိပ်ခေတ်က အကူစာရေးမှဖြစ်ဖို့ ခဲယဉ်းနေတဲ့ကောင်...တးမပါတီအာဏာနှင့် စ စခြင်း Head Clark စာရေးကြီးဖြစ်လိုက်တော့ ရှောက်ကျတာပေါ့...။ ကိုယ့်လက်အောက်က စာရေးတွေ၊ အိုဗာစီယာတွေက အလုပ်ခွင်မှာ ကိုယ့်ထက်အများကြီးသာနေတော့ ကျွန်တော့်အထက်ဝန်ထောက်က ကျွန်တော့်ကိုငြိုငြင်၊ ဒီတော့ ကျွန်တော် မဟာအရှက်တော်ရပြီး တစ်လမပြည့်ခင် သုတ်ခြေတင်ခဲ့တော့၏။ ဘယ့်နှယ်လဲ ကိုယ်နဲ့မတန်တဲ့နေရာ ရောက်တာများ....တယ်အဖြစ်ဆိုးတာပဲ၊ ငါ့ဟာငါ မြင်းလှည်းမောင်းနေတာကမှ ကောင်းသေး။

သို့သော် ကျွန်တော့်ယောက္ခမသည် ကျွန်တော့်ကို သူ့မြင်းလှည်းနှား ကပ်ခွင့်မပေးတော့ချေ။ သူ့မြင်းလှည်းမှာ သူ့သားတွေနှင့် ဖြောင့်ဖြူးနေပြီ ဖြစ်၏။

"ကောင်းစေချင်လို့ နတ်ပြည်တင်၊ ခွေးပင်ဘုံမှတ်ပြီး ပြန်ဆင်းလာတဲ့ကောင်..."

"ဟာ...ကျွန်တော် ဒီအလုပ်မျိုးနဲ့တော့ မဖြစ်ဘူးဗျာ..."

"ဒီအလုပ်မျိုးနဲ့မဖြစ်လို့ မင်း ဘာလုပ်စားမှာလဲ..."

"ကျွန်တော် ကုန်သည်လုပ်ဖို့ စိတ်ကူးရှိတယ်..."

"ဒါဖြင့် မင်းအဖေဆီ ငွေပြန်တောင်း..."

"ဟာ...ဒီအချိန်မှာ ကျွန်တော့်အဖေ ငွေဘယ်ရှိမလဲဗျာ၊ စပါးဈေးတွေမှ မကောင်းတာ..."

"အမယ်...ဒီလိုဆိုတော့ ငါကပဲ ထုတ်ပေးရဦးတော့မလို၊ မင်းက ငါ့မျာ ဘယ်လောက်ချမ်းသာတယ် အောက်မေ့နေလို့လဲ..."

"ကျွန်တော် ခုအခြေအနေအရ လိုချင်တာက မများပါဘူးဗျာ၊ လမ်းထိပ်မှာ အားနေတဲ့ လက်ဖက်ရည်ဆိုင်ကလေး ထွက်ချင်လို့ ငွေ ၆၀ လောက် ပေးပါ..."

"အမယ်လေး...တယ်ကောင်းတဲ့အလုပ်ဟဲ့...မပေးနိုင်ပါဘူး..."

"မပေးနိုင် ချေးပါ..."

www.burmeseclassic.com

www.burmeseclassic.com



"မချေးနိုင်ဘူး..."

တဲနယ်နယ်...တူနယ်...တယ်နဲ့နှောင်...

ဤမှသည် ကျွန်တော့်ယောက္ခမနှင့် ကျွန်တော် ရန်ပွဲ စ သတည်း။

ဤနေရာ၌ ကျွန်တော်သူတို့နှင့် ဆက်သွယ်ခဲ့ပုံ ပြောပြရမည်။

ဂျပန်လာ၍ဗုံးမချမီ တစ်လလောက်က သူ့သမီးနှင့်ကျွန်တော် ရည်းစားဖြစ်ခဲ့ကြသည်။ သို့သော် သူတို့က မိုလ်ကပြား၊ လူအထက်တန်းစား။ ကျွန်တော့်လိုတောသားကို လားလားမျှ သဘောမတူချေ။ သို့ရှိစဉ်မှာပင် ဂျပန်ကဗုံးလာဆော်၍ သူတို့ဘယ်ပြေးကြသည်မသိ၊ ကျွန်တော်က အိမ်ပြန်ရောက်သွားသည်။ ဂျပန်က တစ်ပြည်လုံးကိုသိမ်းပြီး၍ ပြည်တွင်းခရီး အသွားအလာ အေးချမ်းသည်၌ ကျွန်တော့်အဖေက ကျွန်တော့်ကို ညောင်စာရေးရွာသို့ ရေတ်သီး၊ ကြက်သွန်ဝယ်ရန် ငွေ ၂၀၀ိ နှင့်လွှတ်သည်။ ညောင်စာရေးရွာသည် ရွှေတောင်မြို့အနီး ဧရာဝတီမြစ်ကမ်း၌ ရှိသည်။ ညောင်စာရေး၏ တစ်ဖက်ကမ်းကား ထုံးဘိုရွာရှိရာ ကျွန်တော်က ကမြင်းကြောထ၍ လှေနှင့်ကူးသွားသည်၌ ကံဆိုးမိုးမှောင်ကျဖို့ သူ့တို့အိမ်သားတစ်စုကို သွားတွေ့ရသည်။

ထိုအချိန်၌ သူတို့သည် ဘုန်းကြီးကျောင်းအတွင်း ဇရပ်တစ်ဆောင်ကပ်ရပ်နေရရာ လွန်စွာအားငယ်လှသပေါ့။ ဒီတော့ ကျွန်တော့်ကိုမြင်လျှင် အားကိုးချင်စိတ်တွေ ပေါ်လာ၍ မျက်နှာထားရှင်ကြကုန်သည်။ ကျွန်တော့်ရည်းစားဆိုတာလည်း ကျွန်တော့်မြင်တော့ အိုကေပေါ့....။

"ကိုယ် ဒီမှာလာနေလို့ ဖြစ်မလား...ယူ့မာမီ ပြောကြည့်စမ်း"

"လာနေ..."

ကျွန်တော် မည်မျှမိုက်သောကောင်ပါနည်း။ ဒီစကားကြားရတော့ ကိုယ့်ပါလာတဲ့ အဝတ်အစားကလေးယူရအောင်မှ ညောင်စာရေးရွာကို မပြန်တော့။ ကျွန်တော်နှင့်အတူပါသော ဦးကြီးကိုလာပို့ဖို့ မှာလိုက်သည်။ ကျွန်တော် ဝယ်မည်ပြောထားသော ရေတ်၊ ကြက်သွန်တို့ကို မယူတော့ဟု ပြောလိုက်သည်။ ကျွန်တော့်အဖေထံသို့လည်း (အဖေခင်ဗျား...ကျွန်တော် ချစ်လှစွာသော ရည်းစားကိုတွေ့၍ ကျွန်တော်မလာတော့ဘူး။ အဖေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အတွက် ဘာမှပူပင်သောက ရောက်မနေနဲ့။ ဒီငွေ ၂၀ဝ နဲ့ပဲ နေတော့မယ်။ အဖေလိုက်လာခြင်း ပြုလာခြင်းလည်း လုပ်မနေနဲ့။ အမေ့ ငရုတ်၊ ကြက်သွန်ကိုလည်း ပေါင်းတည်ဈေးမှာပဲ ဝယ်တော့။ ဒီမှာ ဘာမှ ထူးပြီး ဈေးမသက်သာဘူး) ဟူသောစာကို ရေးပေးလိုက်၏။

အဖေသည် ကျွန်တော်တစ်ခုခုလုပ်လျှင် ဘယ်သူမှတားမရဆိုတာ သိသည်။ ထို့ပြင် ကျွန်တော့်ကို သားယောကျ်ားလေးထဲက သားဦးတစ်ယောက်မို့ အလိုလည်းလိုက်လှသည်။

ကျွန်တော်တည်းဟူသော နွားကလေးမှာ ဤအခါမှစ၍ သူ့သမီးနှင့်မညားရမီကပင် အလုပ်ခွင်သို့ဝင်ရပြီ။ ကျွန်တော့်ငွေ ၂၀ဝ မှာ ၁၉ဝ သာရှိတော့ရာ ယောက္ခမလောင်းလက်သို့အပ်၍ သူ့ငွေရင်းနှင့်ပေါင်းကာ အညာသို့ လှေနှင့်ကုန်ကူးထွက်ရသည်။

နောက်ဆုံးတွင် ကျွန်တော်မှတ်မိသည်မှာ သရက်မှ ငရုတ်ချိန်နှစ်ရာကို တစ်ရာလျှင် တစ်ပိဿာရှစ်ဆယ်ဈေးနှင့် ဝယ်ခဲ့သည်။ ထုံးဘိုပြန်ရောက်သော် ဈေးမကိုက်၍မရောင်း။ သည်အတွင်း အထားအသိုကကောင်းတော့ မိုးရေမိ၍ ငရုတ်ဝမ်းပြူတွေဖြစ်ပြီး တစ်ခထက်တစ်စ ဈေးကျ၊ ရောင်းချင်လို့မှလည်း မတွက်တော့ တစ်ဝက်လောက်ကျန်နေသည်။ ထိုမိုးရာသီကုန်၍ ရန်ကုန်လည်း လှေနေလို့ထိုင်လို့ ကောင်းပြီဖြစ်သည်နှင့် အိမ်ထောင်တစ်စုလုံး လှေတစ်စင်းငှား၍ ပြန်လာကြသည်၌ ၎င်းငရုတ်သီးများ ပါခဲ့သေးသည်။ ကျွန်တော်မှာ မြေနီကုန်းက ငရုတ်မှုန့်ထောင်းသော ကုလားမများဆီသို့သွား၍ရောင်းရ၏။ ၆၅ ကျပ်ရ၏။ ထုံးဘိုမှာတုန်းက ရောင်းရတာ (ကျွန်တော်ကောင်းကောင်း မမှတ်မိတော့) ၁၀ဝ ပဲ ထားပါ။ ပေါင်း ငရုတ်ချိန် ၂၀၀ မှ ပြန်ရငွေ ၁၆၅ ကျပ်၊ ၎င်း ၁၆၅ ကျပ်မှ ကျွန်တော် တစ်ဝက်မရထိုက်ပါလော။ ဤအကြောင်းကို ကျွန်တော် လက်ဖက်ရည်ဆိုင်တည်ဖို့ ငွေ ၆ဝ ကျပ်တောင်းစဉ်၌ သူ့သမီးကို တီးတိုးပြောကြည့်သောအခါ သူ့အမေက "နင့်ကောင် တို့နဲ့နေတုန်းက နေ့စဉ်ထမင်းတွေ စားနေတာကောဟဲ့" တဲ့၊ အဲ...ကောင်းရောကွာ။

ကိုင်း...ဒါထားတော့၊ ကျွန်တော်က ဤမှတစ်ဆင့် စောဒကတက်

www.burmeseclassic.com



စရာရှိပါသေးသည်။ သူ ရန်ကုန်ရောက်ရောက်ချင်း မြင်းလှည်းဝယ်သည်မှ စ၍ ကျွန်တော် တစ်နှစ်ကျော်ကျော် သူ့လှည်းကိုမောင်းပေးခဲ့ရသည်။ ဤလုပ်ငန်း၏တန်ဖိုးကို ထိုခေတ်ဈေးနှင့်တွက်ကြည့်သော် မြင်းလှည်းအုံနာ တစ်ယောက်က အငှားဒရိုင်ဘာတစ်ယောက်ကို တင်၍မောင်းခိုင်းအုံ။ နေ့စဉ်ရငွေ၏ လေးပုံတစ်ပုံပေးရသည်။ အိမ်နေထမင်းကျွေး ဒရိုင်ဘာဆိုရင် တစ်လကို ၃ဝိ ပေးရသည်။ ဤအထဲမှ ဒရိုင်ဘာက ထုံးစံအတိုင်း ခိုးဦးဘုံးဦးမည်။

ကျွန်တော်ကားဆိုလျှင် ခိုးဖို့ဘုံးဖို့ နေနေသာသာ အိမ်ပြန်လှည်းဖြုတ်လျှင် ယောက္ခမအပ်တာ မျက်နှာမလှမှာစိုး၍ ဆယ်ဆင့်တန် လက်ဖက်ရည်ကလေးမှ မသောက်ရက်ပါ။ ငါးဆင့်သုံးလိပ်တန် စိန်တံဆိပ်ဆေးပေါ့လိပ်ကလေးမှ မဖွာပါ။ နေ့တွက်မကိုက်မချင်း မြင်းမျက်နှာကိုမထောက်၊ ပိုက်ဆံလောက်သာကြည့်၍ မောင်းခဲ့သည်။

ကဲ...ဤအကြောင်းကို ပြန်ပြောင်း၍ လျှောက်လဲခဲ့သော် ကျွန်တော့်ယောက္ခမသည် ကျွန်တော့်အား ၆ဝိ သော အသပြာကိုပေးလျှင်ပေး၊ မပေးသည့်တိုင် မချေးသင့်ပါလားခင်ဗျာ။

သို့သော် ကျွန်တော်သည် ဤ ၆ဝိ ငွေကို ယောက္ခမထံမှ နောက်ထပ် အပူကပ်မနေတော့ဘဲ ကျွန်တော့်အမေ မသေမီ ၄ လလောက်က ၆၇ ကျပ် နှင့် ဝယ်ပေးသွားသော နာရီကလေးကို ၄၅ ကျပ်နှင့်ပေါင်၍ ဖြစ်သမျှနှင့် လက်ဖက်ရည်ဆိုင်ကလေး ဖွင့်တော့သည်။ မယားကျွေးမှုကိုး ခင်ဗျာ။

ပန်းကန်ခွက်ယောက်အခုံနှင့် ဆိုင်ခန်းငှားခ တစ်လ ၃ဝိ၊ လူချင်းခင်၍ ကြိုပေးမထားရ။ လက်ဖက်ရည်ဖျော်တဲ့ ကုလားအဘိုးကြီးတစ်ယောက် ငှားထားရတာက တစ်နေ့တစ်ကျပ်၊ လက်ဖက်ရည်တစ်ခွက် ဆယ်ဆင့်၊ ဆေးလိပ်တွေ၊ မုန့်တွေ အကြွေးယူတင်လို့ပေါ့ဗျာ။

ကျွန်တော် စစ်ခစ်ဆေးဆေး စေ့စေ့စပ်စပ် လုပ်လိုက်တာ သုံးလအတွင်းမှာ ဆိုင်အရင်းပြင် လက်ထဲငွေ ၂ဝဝိ အသားတင်ကိုင်မိပါရော။ အဲသည်တော့ ကျွန်တော်က မြင်းပိန်မကလေးတစ်ကောင် ဝယ်လိုက်တယ်။ (နောင်...မိရှေ့နီ ဖြစ်သွားသည်။) ရည်ရွယ်ချက်က မနက်ဆိုင်မှာ လူစည်ကား

တုန်း ကျွန်တော်ရှိနေပြီး နေ့ခင်းလူပါးတဲ့အခါမှာ ကုလားအဘိုးကြီးက လက်ဖက်ရည်ဖျော်၊ ကျွန်တော့်မိန်းမကို ပိုက်ဆံသိမ်းတဲ့စားပွဲ ထိုင်ခိုင်းပြီး ကျွန်တော်က မြင်းလှည်းမောင်းထွက်မယ်။ နှစ်ဖက်ဝင်ငွေရအောင်ပေါ့ဗျာ။ (ကိုယ်ပိုင်လှည်းမရှိပေမယ့် သူများလှည်းကို နေ့ဝက် ၁ ကျပ်နှင့် ငှားရသည်။)

အဲ့သည်အတိုင်းနဲ့ တစ်ပတ်လောက်လား ကျိတ်လိုက်ရသည်။ နောက်ဆုံးနေ့ညနေ ကျွန်တော်မြင်းဖြုတ်လာသောအခါတွင် ကျွန်တော့်မိန်းမကို ဆိုင်မှာလည်းမတွေ့တော့၊ အိမ်မှာလည်းမတွေ့ရတော့။ သူ့အမေ မေးကြည့်သောအခါ၌....

"ဟဲ့...ငါ့သမီးက လက်ဖက်ရည်ဆိုင်ထိုင်ရတဲ့ အမျိုးမဟုတ်ဘူးဟဲ့၊ ဝန်ထောက်သမီး၊ ဂါဝန်ဝတ်ပြီး မော်တော်ကားနဲ့ ဗိုလ်ကျောင်းနေလာခဲ့တာ။ နင်လိုကောင်နဲ့မတန်ဘူး။ ဒါကြောင့် ငါ တခြားပို့ပစ်လိုက်ပြီ"

ဒီနေရာမှာ ကျွန်တော် ရင်ပတ်စည်တီးပေါ့ဗျာ။ ကျွန်တော့်မယား ကလေးကို ကျွန်တော် အင်မတန်ချစ်နေတုန်း....။

"မိဘပေါ်ဆိုးခဲ့လေသမျှ ယောက္ခမနဲ့ကျမှ ဝဋ်လည်တယ်ထင်၊ သနား စေချင်လို စုံဆယ်ဖြာတင်..."

ယောက္ခမကြီး ခင်ဗျား၊ ခင်ဗျားသမီးကို ခင်ဗျားတို့မျိုးရိုးနဲ့ မတန်တာ၊ ခင်ဗျား မနှစ်သက်တာကို မပြုစေရတော့ပါဘူး။ ကျွန်တော်တစ်ယောက် တည်းသာလျှင် အရိုးကြေကြေ အရေခန်းခန်း မသွေတမ်းဘဲ လုပ်ကျွေးပါတော့မယ်ဗျား။

သဟာနဲ့မှ "လူငယ်တို့ချစ်ချင်း မခွင်းပါနဲ့" ဆိုသော သူတို့ဆွေမျိုးများပြောဆိုချက်ကို ဖြည့်စွက်၍ ကျွန်တော့်မယား ကျွန်တော် ပြန်ရပါတော့သည်။

ယင်း၌ ကျွန်တော့်မှာ မြင်းလှည်းနှင့် လက်ဖက်ရည်ဆိုင်တစ်ခုခု ရွေးရ တော့သည်။ လက်ဖက်ရည်ဆိုင်က ဝင်ငွေမှန်သည်။ မြင်းလှည်းက မြင်းသေ ၍ ဖြုတ်လျှင်ဖြုတ်၊ မဖြုတ်လျှင် တက်လမ်းမြန်သည်။ မြင်းလှည်းခေတ်က ကောင်းနေသည်။ ယခု သူများလှည်းယူမောင်းနေရာမှ

www.burmeseclassic.com

www.burmeseclassic.com



မြင်းကျန်းမာလျှင် မကြာမီ ရထားဝယ်နိုင်မည်။ ထို့နောက် မြင်းတစ်ကောင်....။

ကျွန်တော် ဂါလီဝါလားဘဝသို့ ခြေစုံပစ်ဝင်လိုက်လေသတည်း။

ကျွန်တော်၏ နုနယ်သိမ်မွေ့သောစိတ်တွေ ခက်ထန်ဟကျောလာရတော့သည်။ တိရစ္ဆာန်ကို ကြာပွတ်နှင့်ရိုက်ရသည်။ မြင်းကတ်လျှင် နှစ်တစ်လက်မနှင့် နားဆက်တီးရသည်။ "ဟေ့...ကိုယ်အမေကိုယ်...ကိုယ့်နှမကိုယ်" သီချင်းဆိုနေသော လူတန်းစားများနှင့် ရောထွေးရသည်။ ရန်ဖြစ်စရာရှိလျှင် ဖြစ်ရသည်။ တုတ်၊ ဓား ကိုင်ရဲလာသည်။ ကဖော်ဆိုင်၊ အရက်ဆိုင်ဝင်တော့သည်။

ကိုယ်ပိုက်ဆံရဖို့ဆိုလျှင် ဘယ်သူ့မျက်နှာမျှ မထောက်၊ တိရစ္ဆာန်ကိုလည်းမညှာ၊ ကျွန်တော့်လက်ထဲမှ မြင်းနှစ်ကောင်သေဖူးသည်။ တစ်ကောင်ကြည့်စမ်း...မောင်းရင်းတန်းလန်း ဗဟန်းနှင့် လင့်လမ်းကြားလမ်းအကွေ့လှည်းထဲမှာပင် အသက်ထွက်သွားရှာသည်။ ဘယ်လောက်ဆိုးဝါးသောကျွန်တော်ပါနည်း။ နောက်ပိုင်း၌ကား လူဝါးဝမြန်သော ကျွန်တော်သည် မြင်းလှည်းသမားသာမက မြင်းကုန်ကူးသူပင်ဖြစ်သွား၍ ကလိမ်ကျစရာရှိကျပစ်လိုက်သည်။ နွားမ ရွှံ့ပိတ်စရာရှိ လုပ်ပစ်လိုက်သည်။ ဖြတ်ရပ်ကျိုတ်စရာရှိ ကျိုတ်ပစ်လိုက်သည်။ ကျွန်တော့်ဘဝက ကျွန်တော့်ကိုသင်သွားသည်။ ယခုအချိန် ကျွန်တော့်လောဘအမှားတွေ ကျွန်တော် နောင်တများရှိပါ၏။ ကျွန်တော် နောက်ဆုံးကိုင်လိုက်သော မြင်းနက်နှာကျားကြီးသည် ကျွန်တော့်အိပ်မက်ထဲသို့ မကြာခဏ ရောက်လာ၏။ သူသည် ကျွန်တော့်ကို တစ်ခါတရံ၌ နှုတ်ခမ်းနှင့်ပွတ်၏။ တစ်ခါတရံ၌ အပြင်းအထန် ကန်ကြောက်၏။ မင်း ဘယ်ဘဝ ရောက်နေပြီလဲကွယ်....။

ဩော်... မြင်းလှည်းသမားဘဝမှာပင် တစ်ချက် တစ်ချက် ကျွန်တော့်စိတ်ထဲ အကြည်ဓာတ်ကလေးတက်လာသည်ကို ပြောရဦးမည်။ ယခု သံတော်ဆင့် ဦးသိန်းမောင်ကိုတွေ့သောအခါ ဖြစ်၏။ ယခင်က သူ့ရိုယ မဂ္ဂဇင်းအယ်ဒီတာ ဝတ္ထုပြိုင်ပွဲ စာမူသွားပို့ရင်းနှင့် သူ့ကို ကျွန်တော် သိနေခဲ့၏။ ဂျပန်ခေတ်တွင် သူ့အိမ် ကြည့်မြင်တိုင်မှ ဗဟန်းသို့ အလုပ်

www.burmeseclassic.com

www.burmeseclassic.com


သွားရသည်။ သူ့ကို ကျွန်တော်မြင်လျှင် ကျွန်တော့်လှည်းတွင် မရ ရအောင် ခေါ်တင်၊ ရှေ့မှာ ကျွန်တော်နှင့်အတူ ယှဉ်ထိုင်ရင်း၊ ကြာပွတ်ကစားရင်း၊ မြင်းဇက်ကြိုးကို လှုပ်ရင်းဖြင့် စာပေအကြောင်း၊ စာရေးဆရာတွေအကြောင်းကို မေးရသည်။ "ဆရာကြီးရွှေဥဒေါင်း ဆိုတာကော ဘယ်သူလဲခင်ဗျာ၊ အခု သူဘယ်မှာနေ သလဲခင်ဗျား..."

အကြောင်းမှာ ကျွန်တော်သည် ဖော်ပြခဲ့သည့်အတိုင်း ကိုယ့်ကိုယ်ကိုယ် ငါ စာရေးဆရာဖြစ်အောင် ကြိုးစားမည်ဟု အဓိဋ္ဌာန်မပြုခဲ့သည်မှန်သော်လည်း မိမိရေးထားပြီးဖြစ်သော "အဖျားဖြတ်ဆေး" ဟာသနှင့် "ဘလက္ကဟော့(က်)" စုံထောက်ဝတ္ထုကို အင်မတန်မြတ်နိုးနေသည်။ မြင်းလှည်းသမားဘဝမှာပင် ကျွန်တော့်ကိုယ်နှင့်မခွာ၊ အချိန်ရတိုင်း ပြန်ဖတ်၏။ ကိုယ့်ဟာကိုယ်အထင်ဆုံးဖြစ်သော စုံထောက်ဝတ္ထုကိုကား ကြာပွတ်ကိုင်သောလက်နှင့် တစ်ချက် တစ်ချက် ကလောင်ကောက်ကိုင်ကာ အကျယ်ချဲ့၊ အချောကိုင်၍ပြီးနေပြီ။ ဒါကို ဆရာကြီးရွှေဥဒေါင်းအား တည်းဖြတ်စေလိုနေ၏။

သို့သော် ဆရာကြီးကား အဲဒီအချိန် မန္တလေးမှာဆိုတော့ ကျွန်တော်မြင်းလှည်းသမားအဖြစ်က ဘယ်သွားနိုင်ပါ့မလဲဗျာ။

အတိုချုပ်ပြောရမည်။ ဂျပန်ခေတ်တစ်ခုလုံးမှာ စာပေကိစ္စဆိုလျှင် (ယခု ရန်အောင်ရတနာအမည်ဖြင့် ထွက်ပြီးဖြစ်သော) ဤ 'ဘလက္ကဟော့(က်)' ဝတ္ထုနှင့် အခြားမရေရာသော စာပေအတိုအစဖြင့်သာ ကုန်ဆုံးခဲ့လေသည်။ စီးပွားရေးအားဖြင့်ကား အင်္ဂလိပ်ပြန်ရောက်သောအခါ၌ အိမ်တစ်ဆောင်နှင့် မြင်းတစ်ကောင်၊ လှည်းတစ်စီး။ မြင်းနှင့်လှည်းမှာ ခေတ်ပေါက်ဈေး အင်္ဂလိပ်ငွေ ၃၀၀ဝိ ကျော်တန်သည်။ နေ့စဉ်ဝင်ငွေမှာ သုံးလေးဆယ်၊ ယောက္ခမကို လက်မ ထောင်ပြနိုင်သော သမက်၊ ယောက္ခမ ကြောက်စိတ်များလည်း ကုန်ဆုံးခဲ့ပြီ။ ကုန်ပါစေ။ မနမြောပါဘူး...ကိုယ့်အိုးကိုယ့်အိမ်နှင့်နေသည်။

ဒီလိုဆိုတော့ ကိုယ့်လူ တော်တော်လေးဖိမ်တွေ့နေပေါ့ဟု ထင်မြင်နေကြပေမည်။ သို့သော် မထင်ကြပါနှင့်။ ကျွန်တော့်မိန်းမသည် အိမ်ထောင်မှုနှင့်ပတ်သက်၍ ဘာမှုနားမလည်၊ အူ-အ-ထုံ-ဖျင်း၊ ဈေးများလည်း မဝယ်

www.burmeseclassic.com

www.burmeseclassic.com



တတ်၊ ဘာမှလည်း မချက်တတ် မပြုတ်တတ်၊ မီးဖိုဆောင်ကိစ္စအားလုံးကို ကျွန်တော်က ဆောင်ရွက်ရသည်။ မနက်မြင်းလှည်းမထွက်မီ ယောကျ်ား တန်မဲ့နှင့် ဈေးထွက်ဝယ်၍ ညစာအတွက်ပါ ချက်ပြုတ်ပစ်ခဲ့ရ၏။ မဟာဒုကား ဟင်းအိုးကို အဖုံးဖွင့်မွှေးဖို့မှ နားမလည်။ ဆီပြန်အိုးမွှေးက ရေနှည်းနှည်း ထပ်ထည့်ရသည်ကိုမသိ။ "အဝတ်ကလေးတော့ မင်းလျှော်ပါကွာ..." ဆိုလို့မှ ဆပ်ပြာရေမစင်၊ မီးပူတိုက်လိုက်လျှင် ဝါကွက်နေ၏။ တစ်ခါမဟုတ်... နှစ်ခါမဟုတ်၊ ဒါမျိုး တွေ့ဖူးကြလား။ ကျွန်တော်သာ မယားရိုက်တတ်သူ ဆိုလျှင် လူသေတာ ကြာလှပါပကော....။

"ဟဲ့...တို့သမီးက အစေခံနှင့် ဘွိုင်နှင့် နေလာခဲ့တော့ ဒါမျိုးတွေ မတတ်ဘူးပေါ့ဟဲ့..."

သူ့အမေက သူ့သမီးအတွက် ဂုဏ်ယူ၍ပြောသေး၏။

ခံပေါ့ကွာ...တောသားမြို့တက်လာပြီး ဂါဝန်ဝတ်ကို လိုချင်တဲ့ ကောင်....။

သို့သော် ကျွန်တော်မနာပါ။ ကျွန်တော့်မိန်းမသည် သူသောက်သုံး မကျခြင်းဖြင့် ကျွန်တော့်ကိုပညာပေး၏။ အသို့ဟူမူ ယခုဆိုလျှင် ကျွန်တော် သည် မိန်းမ မသာအောင် ဈေးနာဝယ်တတ်သည်။ သာမန်မိန်းမတွေထက် အချက်အပြုတ်တော်သည်။ မီးဖိုဆောင်ကို နားလည်သည်။ ကျွန်တော် နောက်ယူမယ့် မိန်းမအဖို့တော့ အိုကေပဲဆရာ....

ထိုအချိန်ကဆိုလျှင် ကျွန်တော် နှစ်ဘဝနေရသည်။ မနက်ပိုင်းဆိုလျှင် ဟင်းသီးဟင်းရွက်ဈေးထဲ၌ "ရှင်ကြင်ဆွေရေ...ဘာရခဲ့သလဲ၊ ငါတော့ ဘာဝယ်ခဲ့တယ်..." နဲ့ မိန်းမတွေနဲ့ မိန်းမလျာဆန်ဆန်၊ ညနေပိုင်း၌ကား အရက်မူးပြီး အရက်သမားလူစုနှင့် တဆူဆူ တည်ည်း။

သို့တစေ ကျွန်တော့်ဘဝကား ငြိမ်သက်၍မရသေးပါ။ ၁၉၄၅ ခုနှစ် ကက်စဘီခေတ်တွင် မြင်းပွဲဖွင့်၍ ကျွန်တော် ကမြင်းကြောထလေသည်။ စောစောပိုင်းတော့ ကိုယ့်မှာ နေ့စဉ်ဝင်ငွေရှိနေ၍ မထောင်းတာ၊ သို့သော် နောက်ပိုင်း၌ မြင်းမကျန်းမာသည်တွင် မြင်းပွဲကိုလည်း ရှိုးနှင့် လက်စ မသတ်နိုင်ခြင်းကြောင့် မြင်းလှည်းရောအိမ်ပါ တက်တက်စင်ကုန်လေ

www.burmeseclassic.com

www.burmeseclassic.com



သတည်း။

ဒီတော့ ယောက္ခမကလည်းလက်မခံ၍ ဖခင်ထံပြန်ပို့ပြီး မိုနိုရသတည်း။

"အင်း...ငွေ ၂၀ဝိ နှင့် ရေတ်သီး၊ ကြက်သွန်ဝယ်ဖို့ လွှတ်လိုက်တဲ့ ငါ့သား၊ ငါးနှစ်ကြာမှ မယားတစ်ကောင်၊ ဗိုက်တစ်လုံး၊ ကလေးတစ်ယောက်နဲ့ ပြန်ရောက်လာပြီတကား..."

ကျွန်တော့်ဖခင်က ပြောခမှတ်ပြု၏။ ဤငါးနှစ်အတွင်းမှာ ကျွန်တော်သည် ဖခင်အိမ်သို့ တစ်ခေါက်ပြန်ရောက်၏။ ဖခင်သည် ကျွန်တော့် ယောက္ခမအိမ်သို့ တစ်ခေါက်ရောက်လာ၏။ သို့သော် ကျွန်တော်တို့သားအဖ နှစ်ယောက် တစ်ခါမျှ မတွေ့လိုက်ရပေ။

တွေ့ကားတွေ့ချင်လှပါ၏။ တွေ့ချင်လွန်း၍ပင်....

"ငါ့သား မင်းမယားရပြီကြားတယ်၊ အိမ်တစ်ခေါက်ပြန်ခဲ့ပါဦး"

"အဖေ...ကျွန်တော် နေ့စဉ်အိမ်ထောင့်တာဝန် ထမ်းဆောင်နေရတာနဲ့ မအားဘူး၊ အဖေလာခဲ့ပါ..."

"လာတော့ လာချင်ပါရဲ့သားရယ်၊ အဖေ့မှာ အသက်ကလည်းကြီး၊ လမ်းခရီးကလည်း မသာယာတော့ ခက်ကွယ့်..."

စင်စစ်သော်ကား အဖေကလည်း လာရန်ကြိုးစားပါ၏။ ကျွန်တော်ကလည်း ပြန်ဖို့ကြိုးစားပါ၏။ စိတ်ထဲတသသနှင့် ကျွန်တော်မိန်းမယူမှားကြောင်း မျက်ရည်ခံထိုး၍ ပြောချင်လှပါပြီ။ အဖေကလည်း သူ့ချွေးမအကြောင်းသိချင်လှပေမည်။

ဟုတ်ကဲ့...သားအဖနှစ်ယောက် တွေ့ချင်ဇောနှင့် ကိုယ့်အိမ်ကကိုယ် ထွက်ခဲ့ကြပါပြီ။ တစ်နေ့ထဲ လမ်းမှာလွှဲ....။

"ဟင်...ငါ့အဖေတော့ ငါ့မတွေ့ရင် ချက်ချင်းပြန်လာမှာပဲ"

ကျွန်တော်က မိမိမွေးဂေဟာမှနေ၍ တမ်းတ၏။

"ဟင်...ငါ့သားတော့ ငါ့မတွေ့၊ ချက်ချင်းပြန်လာမှာပဲ..."

ဖခင်က ကျွန်တော့်ယောက္ခမအိမ်မှနေ၍ တမ်းတ၏။ နှစ်ယောက်စလုံး စောင့်ကြ၏။ (ထိုအချိန်၌ စာတိုက်က စာပေးတယူ မရှိ။)

"အိုး...အဖေကလည်း မလာသေးဘူး။ ကျွန်တော့ ငါ့မတွေ့မချင်း ဟို

www.burmeseclassic.com

www.burmeseclassic.com



ကနေပဲ စောင့်နေပြီ..."

"အင်း...ငါ့သားလည်း မလာသေးဘူး၊ ကျေနှ ငါ့မတွေ့မချင်း အိမ်ကနေပဲ စောင့်နေပြီ..."

ထို့ကြောင့် တစ်ဦးကိုတစ်ဦး တွေ့ကြရန် ကိုယ့်ဌာနေကိုယ် ပြန်ကြလေ သည်။ တစ်နေ့ထဲ လမ်းမှာလွဲ....။

ယင်းသို့ပဲ ငါးနှစ်ကြာကွဲခဲ့ပြီး ယခုမှ တွေ့ကြလေပြီ။

သားအဖနှစ်ယောက် မျက်ရည်ကလေးစပေါင် ဖြစ်လာသည်။

"ငါ့သား လယ်ထဲမဆင်းစေချင်လို့ ခေတ်ပညာသင်ရအောင် ရန်ကုန် လွှတ်လိုက်တယ် မြင်းလှည်းမောင်းခဲ့ရတယ်နော်..."

"ဟုတ်ကဲ့ အဖေ..."

"ငါ့သား ဖြူဖြူဖွေးဖွေးကြီး အခုအသားတွေညိုပြီး လူလည်းပိန်လို့ပါလား၊ မင့်အမေ သေရာကထပြီး မြင်စေချင်တယ်ကွယ်၊ 'ကျွန်မသားက အလုပ်ကြမ်းလုပ်စားမယ့်ရုပ် မဟုတ်ဘူးရှင့်...' တဲ့ ပြောသွားတာ..."

မျက်ရည်လည်နေရာမှ ကျွန်တော့်အဖေစကားကြားရတော့ ကျွန်တော် အားတက်လာကာ....

"အဖေရယ်...အချိန်ရှိပါသေးတယ်..."

"အခု ငါ့သားမှာ အိမ်ထောင်နဲ့ ကလေးနှစ်ယောက်တောင် ဖြစ်တော့ မယ်၊ ဒါပေမဲ့ ပစ္စည်းအခြေက ဘာမှမရှိသေးဘူးနော်..."

"ဒါတော့ အဖေရေ..." ကျွန်တော့်အစ်မလေးက ဝင်ပြောသည်။

"ကိုယ့်ရပ်ကိုယ့်ရွာမှာ ကိုယ့်မိဘ ပေးစားတာယူရင် နှစ်ဖက်မိဘ လက်ဖွဲ့မယ့်ပစ္စည်းနဲ့ နွားပန်းကငွေတွေနဲ့ ရွာမှာ ဒိတ်ဒိတ်ကြဲဖြစ်နိုင်တာ ပေါ့၊ အခုတော့ သူ့မိုက်ပြစ်နဲ့သူ..."

"အခုမှတော့ ပြောမနေပါနဲ့တော့ သမီးရယ်၊ သူက ရန်ကုန်သူမှ ယူချင်တာကိုး..."

"သူယူလာတဲ့ ရန်ကုန်သူကြီးကလည်း ဘယ်လိုဟာလဲ၊ ဒါလောက် အူတာ၊ အ တာမျိုး ကျွန်မတို့ရွာမှာတောင် မရှိဘူး" ဟုပြောပြီး ကျွန်တော့် ဘက်လှည့်ကာ....

www.burmeseclassic.com

www.burmeseclassic.com



"နင်...တော်တယ်ဟယ်...ရန်ကုန်တက်ပြီး ဒီမိန်းမမျိုးရအောင် ရှာနိုင်တာ..."

"ဟဲ့...အစ်မလေး၊ နင် တော်ဟယ်..."

စကားပြောတတ်သည့် အရွယ်ကစ၍ အစ်မသားချင်းများအပေါ်တွင် ကက်ကက်လန်အောင် ဆင်ခြေဆင်လက်ထူခဲ့သော ကျွန်တော်မှာ ဤနေရာတွင် ဤမျှသာ ပြန်ပြောနိုင်ပါသည်။ (ဟင်...ဂေါ်တုန်းကတော့ ကွန်ဗင့် ကျောင်းသူ ဂါဝန်ဝတ်ခင်ဗျ။ ယခု ကျွန်တော့်လက်ထဲရောက်တော့ ကိုယ့်ရွာက လယ်သူမလေး အေးဘုံလောက်မှ အသုံးမကျ)

ယခု ကျွန်တော့်အစ်မလေး တွေ့ရသည်မှာ ကျွန်တော့်မယားသာဖြစ်ချေသေးသည်။ နောက် ကျွန်တော့်ယောက္ခမ သူတွေ့ရသောအခါ၌ကား သူမည်မျှအံ့သြမည်နည်း။ ကျွန်တော့်ကို ငယ်စဉ်က သမားရိုးကျ ဗေဒင်ဆရာများဟောတိုင်း "တနင်္လာသား သိုက်ဖွား၊ သောကြာနံ့ထွန်းသည်၊ မိန်းမကောင်းကောင်းရအံ့" ဟုဆိုခဲ့ကြသည်။

"ဘာတုန်းဗျ၊ မိန်းမကောင်းကောင်းဆိုတာ..." ကျွန်တော် မေးချင်ပါသည်။ သူတို့အဟောမှားသည်တော့ မဆိုချင်ပါ၊ မယား ၃ ဆက် ရအံ့လည်း ဟောထားသေးသကိုး။

* * *

ဟော...ယခု ကျွန်တော့်ဘဝတစ်မျိုးကို ဒိုင်ဗင်ထိုး၍ ဝင်ခဲ့ရပြန်ပြီ။ ဆန်ကုန်သည်....

"ငါ့သားကို လူတစ်လုံး သူတစ်လုံးဖြစ်စေမည်" ဟူ၍ ဖခင်၏ပို့ဆောင်ချက်သည် ကျွန်တော့်အား နတ်ရေကန်ထဲပစ်ချလိုက်သည်နှင့် တူတော့၏ ။

မန္တလေးမြို့ ကျောင်းတကာ ကျောင်းအမ၊ ဆန်စက်ပိုင်ရှင်၊ ကုန်တိုက်ပိုင်ရှင်၊ ပွဲစားကြီး၊ ပွဲကတော်ကြီးတို့၏ တိုက်ဂေဟာမှာ ကျွန်တော် မျက်နှာပွင့်လင်းလေသည်။ လူသွေးလူရောင်၊ အမူအရာလည်း တစ်မျိုးတစ်ဖုံပြောင်းလေသည်။ မြင်းလှည်းသမားဘဝနှင့် လားလားမျှ မတူတော့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အသားအရေလည်း ပြန်ဖြူလာပြီး အဝတ်အထည်တို့က လည်း ဂါလီဝါလား၏ ဖျင်ကြမ်းနံ့ငယ်တို့မျိုး မဟုတ်တော့။ ကျွန်တော် ကျောင်းသားဘဝက အရှူးထခဲ့သော ရုပ်ရှင်မင်းသားစတိုင်မျိုး ပြန်ဖမ်းသည်။ ကြာပွတ်ကိုင်ခဲ့သော လက်တို့သည် ဖောင်တိန်ကိုစွဲ၍ စာရင်းစာအုပ်ကိုတို့၏၊ ငွေတို့ကို ရေတွက်၏။

"လာ...ဆရာ၊ ဗဟာန်းလား။ သုံးမတ်မလျှော့ဘူး၊ ဒါထုံးစံဈေးပဲ" ဆိုခဲ့သောပါးစပ်က....

"ဩော်...ပွဲကတော်ကြီး ကြွပါခင်ဗျာ။ အိမ်သားများအားလုံး နေ ကောင်းကြတယ်နော်၊ ကဲ...ကဲ...လင်မနစ်ကလေး သုံးဆောင်လိုက်ပါဦး၊ မန္တလေးမြို့က ရန်ကုန်ထက် အများကြီးပူတယ်နော်...ဟုတ်ကဲ့။ ကျွန်တော် တို့ဆီကလာတဲ့ဆန်ကိုဖြင့် မန္တလေးက ဒည်မထလို့ခေါ်ကြတာပဲ။ အမှန်က ပင်တိုဖိမ်းခေါ်ပါတယ်၊ ကောက်ကြီးပါတယ်၊ ရောနေတာပါပဲ။ ဟော တစ်မျိုးစိခွဲရင်လား၊ ကျွန်တော့်အထင်တော့ ဖိမ်းကအကောင်းဆုံး ထင်တာပဲ၊ မှန်ပါတယ်...ပွဲကတော်ကြီးတို့ဆီက တောင်ထိပ်ပန်းကိုတော့ မမီပါဘူးခင်ဗျ၊ ဒါကြောင့် ဈေးချင်းကတော့ ကွာလှပါတယ်၊ ကြည့်ပါ ကြည့်ပါ၊ ထက်ပိုင်း ကျိုးတွေမပါ ပါဘူး။ အို...အို...အလယ်က ဆန်ကွဲတွေထည့်ထားတယ် လား။ တကယ် တစ်နပ်စားဉာဏ်ကြံတဲ့လူတွေပဲ၊ မှန်ပါတယ် မှန်ပါတယ်။ ကြီးကြီးတို့အနေက ဒီငွေလောက် ဘာမှုစရာလဲ၊ သူတို့အဝိစိသွားမှာပဲ။ အဟိုး...ဟိုး...ဟိုး ဒါကတော့ ကြီးကြီးရာ လူချင်းတူပေမယ့်လို့ အသက်ရှူ ခြင်းကွဲပါသေးတယ်၊ ကျွန်တော်တို့က ကြီးကြီးလိုပုဂ္ဂိုလ်မျိုးနဲ့ အခုခဏလည်း မဟုတ်ဘူး၊ တစ်နှစ်လည်း မဟုတ်ဘူး။ တစ်သက်မက ဟိုနောင်ဘဝဘဝ တွေပါ၊ နိဗ္ဗာန်မရမချင်း ဆက်သွယ်သွားမှာပါ။ အား...အား...စကားတတ် တယ် မဟုတ်ပါဘူးကြီးကြီးရာ...ကြီးကြီးလိုပုဂ္ဂိုလ်မျိုးနဲ့ ဆက်သွယ်ရတော့ ရွှေပင်နားရွှေကျေး၊ ငွေပင်နားငွေကျေး ဆိုတာလို၊ ဟုတ်ကဲ့...ဟုတ်ကဲ့ စကား ကောင်းနေလိုက်တာ ၄ နာရီတောင်ရှိသွားပြီ။ ဈေးကတော့ ဒါပါပဲခင်ဗျာ။ ဟာ...မများပါဘူး။ ကြီးကြီးကို ကျွန်တော် ဘယ်ပိုပြောပါ့မလဲ၊ ကြီးကြီး ဒီတင်မတ်ကိုမကြည့်နဲ့၊ သူတို့ဆန်အိတ်တွေက ဖေါင်ပြည့်တာမဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



အနည်းဆုံး သုံးပေါင်ကွာတယ်..."

ကြည့်ပါမိတ်ဆွေ...ဤမျှအထိ ပြောရပါသည်။ သို့သော် အဓိပ္ပာယ်ချင်းကား အတူတူဖြစ်ပါသည်။ ပိုက်ဆံ-ပိုက်ဆံ၊ တစ်ယောက်အိတ်ထဲက ပိုက်ဆံ တစ်ယောက်နှိုက်ယူဖို့ ဖြစ်သည်။ ရသမျှယူမည်။ မြင်းလှည်းသမားဘဝက နှုတ်တိုတိုနှင့် နည်းနည်းရသည်။ ကုန်သည်ဘဝက နှုတ်ရှိုရှိုဖြင့် များများရသည်။

ကုန်သည်ဘဝဟာ ကြောက်စရာကောင်းသည်။ ရွံစရာကောင်းသည်။ စက်ဆုတ်ခရာကောင်းသည်။ ပြောကြသည့်စကားထဲမှာ ဘုရား...တရား...သံဃာနှင့် နိဗ္ဗာန်တွေပါသည်။ သို့သော် အသုံးအနှုန်းများသည် တစ်ယောက်တစ်ယောက် လည်မျိုကိုနင်း၊ လည်ပင်းကိုလိုး၍ လည်ချောင်းသွေးကို ထုတ်ယူသော လက်နက်များဖြစ်နေကြောင်း စဉ်းစားကြည့်ကသိနိုင်သည်။ ပွဲကတော်ကြီးအိမ် ကျွန်တော်သွားသည့်အခါ အကောင်းဆုံးနေရာမှာ ထိုင်စေ၍ သူ့သမီးနှင့်မိတ်ဖွဲ့ပေးကာ သူ့အစေခံအား ကျွန်တော့်ရှေ့မှောက်ဒူးထောက်ပြီး စားသောက်စရာပေးစေသည်မှာ ကျွန်တော့်တွင်ပါလာသော ကုန်ပစ္စည်းထဲမှ သူရနိုင်သမျှ အမြတ်ထုတ်ယူဖို့သာ ဖြစ်သည်။ ကျွန်တော် တည်းခိုသောအိမ်က စက်ပိုင်ကတော်သည် ထမင်းစားလျှင် ကျွန်တော့်ကို စားပွဲထိပ်မှာထိုင်စေ၍ ကောင်းသောဟင်းတုံးများကို ခပ်ထည့်ပေးသည်မှာလည်း ဤနည်းက တစ်ရွေးသားမျှမလျော့။

သာကေကို ပြပါမည်။

ဤအခါ၌ ၎င်းစက်ပိုင်ကတော်သည် ကျွန်တော့်ကို အင်မတန်မှပဲ ချစ်ခင်ရင်းနှီးနေ၏။ ကျွန်တော်၏ ဝမ်းတွင်းသနေ့ဆိုးကြောင့် ကျွန်တော့်ကို ၀ှမ်ပုဟုအင်နေ၏။ သူ့တွင်လည်း အောင်သွယ်ဂျင်သော ဝါသနာဆိုးကလေးရှိပေမည်။

တစ်နေ့သ၌....

"မင်းတော့ကွာ ငါကပဲ နေရာချပေးမှပဲ"

"ဒါကတော့ မမ သဘော၊ ကျွန်တော်တော့ မနှလေးရောက်ကတည်းက ကျွန်တော့်ဘဝကို မမလက် ဝကွက်အပ်ထားလိုက်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်ကလည်း စာရေးဆရာမဖြစ်မီကဘဲ တွေ့ထဲကစာတ်လိုက်လေမျိုးနဲ့တတ်၏။

"ငါ မင်းနဲ့သဘောကျတာ တစ်ယောက်တွေ့ထားပြီကွ။ မင်းတို့အောက်သားတွေလို အသားမဖြူဘူး၊ အသားညိုပဲ"

"အို...ညိုညို၊ အသားဖြူ မြင်းတစ်ပြေး၊ အသားညို ကွမ်းတစ်ကမ်းတဲ့၊ ကျွန်တော်က နီးနီးနဲ့လှတာမှ ပိုကြိုက်တယ်"

"ပစ္စည်းကတော့မှောင် တစ်ဦးတည်းသောသမီး။ သူ့အမေက စက်ပိုင်၊ မိဘရှိသမျှ သူ့ဟာချည်းပေါ့၊ လောကမှာ ငွေက အရေးကြီးတယ်ဆိုတာ နားလည်လား"

"အမယ်လေး...မမဖောင်က လည်တယ်မှ ဖိုးလည်နှင့်နေသေး"

ကျွန်တော်က မရှိမချင်မျက်နှာနှင့် ပြောရာ....

"ဟင်း...ကောင်လေး" ဟုဆိုပြီး ပြုံးခလိလိမျက်နှာနှင့် ကျွန်တော်ပေါင်ကို ဆွဲလိမ်၏။

ဤမျှ ရင်းနှီးခဲ့ပါ၏။ နို့ပြီး သူပြောသော စက်ပိုင်သမီးလေးကိုလည်း ကျွန်တော်နှင့်ခေါ်တွေ့ပေးသေး၏။ သို့သော် ၁၉၄၇ ခုနှစ်၌ ကျွန်တော်မှာ ကုန်သည်ဘဝက ချွတ်ခြုံကျသွားသည်ဟု သူတို့ကြားပြီးနောက် သင်းတို့စိတ်အာရုံ၌ ကျွန်တော်ဆိုတဲ့အကောင်ကလေး ပျောက်ကွယ်သွားသည်။ ၁၉၅၁ ခုနှစ် အထက်မြန်မာပြည်–အောက်မြန်မာပြည် စာရေးဆရာဖိတ်ဆက်ပွဲအတွက် ကျွန်တော် မန္တလေးမြို့တော် ရောက်သွားသောအခါတွင် သူတို့အိမ်သို့ တစ်ယောက်တည်းဝင်သွား၏။ ပထမ ကျွန်တော်နှင့် ပွန်းပွန်းတည်းတည်းရင်းနှီးခဲ့သော သူ့ယောက်ျားကို ဧည့်ခန်းမှာတွေ့ရသည်။ ကျွန်တော်က မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်ရာ၊ သူက တစ်ချက်လှမ်းကြည့်ပြီး....

"ဩော်..." ဟုဆို၏။ ကျွန်တော်က သူ့အမူအရာ အကဲခတ်ပြီး...

"ဘယ့်နှယ်...ကို နေကောင်းတယ်မဟုတ်ဘူးလား"

"ကောင်းသားပဲ..."

"နို့...ကျွန်တော့် မမှတ်မိဘူးလား"

"မှတ်မိသားပဲ..."

www.burmeseclassic.com

www.burmeseclassic.com



(လာပေါ့...ပျင်းရင် ကားတစ်ပတ်လောက် လျှောက်စီးကြမယ်) ဟု လောကွတ်ပြုခဲ့သော ကိုဟဗ္ဗာက ယခုတွင် ကျွန်တော်က သူတို့အိမ်မှ ပစ္စည်းတစ်ခုခုကို ခိုးသွားဖူးသလို ဆက်ဆံသည်၌ ကျွန်တော် ရုတ်တရက် မျက်နှာပူကြွတ်လိုက်မိသည်။ နောက်တော့ ရယ်မောချင်စိတ်ပေါ်လာသည်။ ပြီး မိန်းမဖြစ်သူကိုပါ တွေ့ချင်လာသည်နှင့်....

"ဒို့...မမကော..."

"ရှိသားပဲ..."

ပြောတုန်းဆိုတုန်းပင် သူ့မိန်းမ အိပ်ပေါ်လှေကားက ဆင်းလာသည်။ သို့သော် ကျွန်တော့်ကိုမကြည့်ဘဲ သူ့အလုပ်စားပွဲတွင် ဝင်ထိုင်၏။ ကျွန်တော် ထသွားကာ သူနှင့်မျက်နှာချင်းဆိုင်ထိုင်၍ သူ့မျက်နှာကို စေ့စေ့ ကြည့်ပြီး....

"မမ...ကျွန်တော့်မှတ်မိလား..."

ဤမှ ကျွန်တော့်မျက်နှာ သေသေချာချာကြည့်ပြီး....

"အင်း...ဇဝေဇဝါပဲကွယ်..."

ကဲဟ...သူ့ယောက်ျားကမှ တော်ပါသေးလား။ သို့သော် သူက မိန်းမ မီးယပ်မျက်ခံ ဖြစ်ချင်ဖြစ်နေပေမည်။ မတွေ့ကြတာကလည်း ၄ နှစ်ကျော်ပြီ။ ထို့ကြောင့် ကျွန်တော်သည် မိမိနာမည်ကို ထုတ်ဖော်ပြောလိုက်ရတော့၏။ ဤမှ....

"သြော်..."

သို့သော် ဤ(သြော်)က အလကား(သြော်)ပါ။ စိတ်မပါသော (သြော်)။ ကျွန်တော့်ကို "အခုဘယ်မှာနေသလဲ"၊ "ဘာလုပ်လဲ" ဟုလောက်တော့ အမေးသင့်သည်တင်ပါသည်။ ရှေ့နတ်တော်ကမဟာ...ကျွန်တော် တနေ့ပါတော့သည်။ ဤမျှဖြစ်သည်ကို ကျွန်တော့်ကိုယ်တွေ့မဟုတ်လျှင် ယုံမည်မဟုတ်ချေ။ သူတို့ကား တိုက်ပိုင်၊ ကားပိုင်၊ လယ်မြေပိုင်များနှင့် ကုကြီးကည်ကြီး ပစ္စည်းများရှင် ဖြစ်လေသည်။

ယင်းသို့လျှင် တစ်ယောက်ဆိုက ရစရာရှိမှ အသိလုပ်ချင်၊ ရှုပ်ယှက်ချင် သော အရင်းရှင်စီးပွားရေး ကုန်သည်တို့လောကမှ ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com



ကျွတ်လွတ် စေသော ကျွန်တော်၏ကံကြမ္မာကို ကျွန်တော် ကျေးဇူးတင်လှပါသည်။

ကံကောင်းထောက်မ၍ပင် ထင်ပါသည်။ ဤဘဝမှာ တစ်နှစ်မကြာပါ။ ၁၉၄၆ ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားပေါင်းစုံ သပိတ်မှောက်ပြီး ပြန်လှန်လိုက်သည်၌ လမ်းပန်းဆက်သွယ်မှုကြောင့် အောင်းနေခဲ့၍ အောက်အရပ်ကဆန်တွေ မန္တလေးမြို့သို့ ရုတ်တရက် စုပုံလာလေရာ၊ ဝယ်သူမပြောနှင့် ထားစရာနေရာ မရှိဖြစ်သည်တွင် ကျွန်တော်က လူစွမ်းကောင်းလုပ်၍ ပါနိုင်သမျှ ဆန်အိတ်တွေနှင့် တစ်ခါမျှမရောက်ဘူးသော ကသာမြို့သို့ ဆန်တက်ခဲ့လေ၏။

* * *

မန္တလေးမြို့နေစဉ် ကျွန်တော်ရခဲ့သော အကျိုးအာနိသင်ကား ဆရာကြီးရွှေဥဒေါင်းနှင့် ခင်မင်ရင်းနှီးရခြင်းပင်တည်း။

ပထမဆုံးခေါက် မန္တလေးသို့ရောက်ရတော့မည် ဆိုကတည်းကပင် ကျွန်တော်ရေးပြီးသား စာမူကလေးနှစ်ခုကို အဝတ်သေတ္တာနှင့် အောက်ဆုံးက ထည့်ယူခဲ့သည်။ စင်စစ်သော်ကား ကျွန်တော်သည် ဤစဉ်ကပင် ငွေကြေးရဖို့ထက် စာပေဘက်စိတ်ရောက်နေမှန်း မိမိကိုယ်မိမိ မသိခဲ့။ အကြောင်းမှာ မန္တလေးရောက်သည်ဆိုလျှင်ပင် ဆရာကြီးရွှေဥဒေါင်းကိုစုံစမ်းပြီး ပွဲရုံတွင် အပ်ထား၍ ရှုံးမလား မြတ်မလား မသိရသေးသော ဆန်အိတ်များထဲမှ ဆန်တစ်အိတ်ကို လှည်းပေါ်တင်ကာ ဆရာကြီးဆီသို့သွားလေသည်။

ဆရာကြီးနှင့်နီးစပ်သောအခါ၌ စာရေးဆရာစိတ် ကူးစက်လာဟန်တူသည်။ မြင်းရကြားရသော အကြောင်းအရာတွေကို စာပေဖြင့်တင်ပြဖို့ စဉ်းစား လေသည်၊ စူးစမ်းလေသည်၊ ရှာဖွေလေသည်။

ကူမဲလမ်းခွဲဘူတာက ထမင်းသည်မ ယဉ်စကလေးကို ကျွန်တော့်ခေါင်းထဲတွင် သိုလှောင်ထားခဲ့၍ အချိန်တန်သည်၌ "နဖူးစာရေးလိုက်ပါသဗျာ" ဝတ္ထုပေါက်ဖွားလာသည်။

ကျွန်တော် မော်တော်နှင့် ကသာသို့ထွက်စဉ် ခရီးသည်အဖြစ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ လိုက်ပါလာခဲ့သော ရှီးမြွကားသူ မအကျည်းတန်၏စကားကို မှတ်သားကြားနာထားလိုက်ခြင်းဖြင့် "မုန်ဒါလိမ်" ဝတ္ထုကို သန္ဓေပျိုးခဲ့သည်။

ကသာကိုရောက်၊ ဆန်တွေမှန်းခြေမကိုက်၊ ပေးသမျှဈေးနှင့် အကြွေး ရောင်း၊ ရသမျှငွေကလေးနှင့် ကြေးကုန်ကူးရန် ကသာမြစ်ကြီးနားလမ်းတစ်လျှောက် မီးရထားနှင့်ခရီးသွားရစဉ် ခရစ်ယာန်ကချင်မကလေးတွေကို လေ့လာထားလိုက်ခြင်းဖြင့် "မကူတမူ" ဝတ္ထုအတွက် အခြေခံရထားလိုက်သည်။

မျက်ခုံးမွေးပါးလျားလှ၍ အသားအရေစိုပြေကာ တင်သား၊ ရင်သားကြီးထွားလှသော ရွှေကူမိုးတားသူ ညီအစ်မနှစ်ယောက်ကို စိတ်ကူးယဉ်ထားခြင်းဖြင့် "အဖေ့မူ" ဝတ္ထုက ကျွန်တော့်ဇာတ်လိုက် 'မောင်ကြခတ် ဝါးရုံမြတစ်ခက်' ကို ကသာမြို့ကို ပို့ပစ်လိုက်သည်။

မြစ်ကြီးနားသွား၍ ကြေးဝယ်ရစဉ် တောရပ်ဒေသမှ အမြောက်ဆံခွံလာရောင်းသူတို့ထံမှ အမြောက်ဆံခွံ ရယူရေးစွန့်စားခန်းကို ကြားနာထားလိုက်ခြင်းဖြင့် ပဒေသာမဂ္ဂဇင်း အမှတ်(၁)က ကျားနှင့်မြွေကြီးပါသော "တစ်သက်တာ" ဝတ္ထုတိုကို ရသည်။ မိုးကောင်းနှင့် မြစ်ကြီးနားအကြား "ပိတောင်းဘူတာ" တွင် ဘုရင်ခံစီးခဲ့သော တွဲဖြူအပျက်နှင့် ဤမှာဘက်အနောက်ယွန်းတွင် ဘုရင်ခံ အပဲလိုက်သောတော ရှိသည်။ ထိုအချိန်၌ မြစ်ကြီးနားတွင် အမေရိကန်စစ်တပ်များ ရှိသည်တို့ကို စုရုံးထားလိုက်ခြင်းဖြင့် ပဒေသာမဂ္ဂဇင်းက "အာသာဝတီ" ဝတ္ထု ဖြစ်ပေါ်လာသည်။

ကျွန်တော် ကသာသို့ မော်တော်ကားနှင့်တက်စဉ် တကောင်းအထက် မြစ်ကျဉ်းသောနေရာ၌ လူဆိုးများက လှေနှင့်မော်တော်တို့ကို သေနတ်နှင့် နှစ်ဖက်ညှပ်ပစ်၍ ကမ်းသို့ကပ်စေသည်။ ကသာမှ မိုးညှင်းအကြား "ဖက် ဆွယ်တောင်" အထက်တွင် မီးရထားက အလွန်နှေးလှမကြာခဏ ဓားပြ တိုက်ခြင်းခံရသည်။ ဤမြစ်ညာဒေသ ရေမြေတောတောင်က လူဆိုးများ ခိုအောင်းဖို့ အင်မတန်ကောင်းသည်။ ၎င်းအချက်တွေကိုစုရုံးကာ 'စုံထောက် မောင်တောက်ထွန်း' မည်သော စွန့်စားခန်းဝတ္ထုကိုရေးရန် စိတ်ကူးထားလိုက်သည်။ (ယခုတိုင် မရေးဖြစ်သေး။ အမှန်က ရန်အောင်

www.burmeseclassic.com

www.burmeseclassic.com



ရတာနဲ့ပြီး တစ်ဆက်တည်းထွက်ဖို့ပါ။ သို့သော် စုံထောက်ဝတ္ထုရေးဆရာ မဖြစ်ဘဲ ဟာသဘက် ရောက်သွားသည်နှင့် ဟာသတွေရေးနေရ၍ ခေါင်းမအား၊ လက်မအား)

ကဲ သည်အချက်အလက်တွေကို လျှောက်ရေးနေက ရှည်လိမ့်မည်။ ဖတ်သူလည်း စိတ်ဝင်စားစရာမရှိ။ အစရှိသဖြင့်ပဲ ထားလိုက်ပါတော့။

ဤကား ကျွန်တော် စာရေးဆရာမဖြစ်ပီ စာရေးဆရာစိတ်ဝင်နေခြင်းပင်ဖြစ်ပါသည်။

ကျွန်တော် အညာသို့တက်၍ ငွေတစ်သောင်းကျော် ကုန်ခဲ့သည်၌ အဖြတ်ဆို၍ ဤ "အစရှိသည်ဖြင့်" သာရခဲ့ပါသည်။ သြော် အများမျက်မြင်ကား ၁၉၄၆ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့က အိမ်မှထွက်ခွာသွားခဲ့၍ ၁၉၄၉ ခုနှစ်၊ မေလ ၂၅ ရက်နေ့ အိမ်ပြန်ရောက်သည်၌ ပါလာသောပစ္စည်းမှာ (၁) အိတ်ထဲတွင် ပဲစေ့ကလေးနှစ်စေ့။ (၂) မိန်းမတစ်ယောက်။

သည်မိန်းမကို မိတ်ဆွေတို့ သိချင်ပေလိမ့်မည်။ ကျွန်တော်၏ "ဆန်ဆုံစား-ကံကုန်သွား" ဖတ်ဖူးလျှင် မခဲယဉ်းပါ။ ၎င်းဝတ္ထု ဒုတိယပိုင်းက "မသူ" အမည်ခံပင်။ လိုဝတ္ထုအဆုံးသတ်၌ "ဝေးသထက် ဝေးခဲ့ရပြီတကား" ဟု အလွမ်းမင်းသားကြီးလုပ်ခဲ့သည်။ စင်စစ်ကား တကယ်မဝေးသေး။ နောက်ပိုင်းကို ကျွန်တော်ချန်ထား၍သာ ဖြစ်သည်။ "ဆန်ဆုံစား-ကံကုန်သွား" ဝတ္ထုသဘောကျသူများက "မသူဟာ သနားစရာကောင်းသည်။ "မသူ" ကို ထားခဲ့ဖို့မကောင်း၊ ဘာပဲဖြစ်ဖြစ် ခေါ်ခဲ့သင့်သည်" ဟု ကျွန်တော့်ကို အပြစ်တင်ကြသည်။ အမှန်ကား စာဖတ်သူစိတ်တွင် ထိနိုက်သလို ကျွန်တော့်မှာလည်း မရိုတင်ကဲ လှိုက်လှိုက်လှဲလှဲဖြစ်ပါသည်။ မလွဲသာလွန်း၍သာ ထားခဲ့ရသည်။ သဘောၤပေါ်တွင် ကျွန်တော့်မျက်ရည်တွေကို လူမမြင်အောင် မျက်နှာကို လက်ကိုင်ပဝါစည်းထားရပါသည်။ သို့သော် အင်းရွာရောက်သောအခါ၌ကား ကျွန်တော် မအောင့်နိုင်တော့ပြီ။ သည်အတွင်း၌ အသိတစ်ယောက်က လာ၍မှောင့်သေးသည်။

"ခင်ဗျား ကောင်မလေးကောဗျ၊ ထားခဲ့ဖို့မကောင်းဘူး။ ခင်ဗျာသူ့ဘဝကယ်လက်စနဲ့ ခေါ်သွားဖို့ကောင်းတယ်။ ခင်ဗျား မရှိရင်တော့ဗျာ

www.burmeseclassic.com

www.burmeseclassic.com



ခုံရင်းပြန်တော့မှာပဲ"

ကျွန်တော်သည် ကင်း(မ)ကော့သေါင်ထိုင်ရင်း မျက်စိနှစ်ဖက်ကို လက်ဖနောင့်နှင့်ဖိကာ....

"သိပါတယ်ဗျာ သိပါတယ်၊ မဖြစ်နိုင်လွန်းလို့"

"ဘာကြောင့် မဖြစ်နိုင်တာလဲ"

"ကျွန်တော့်အိမ်မှာ မယားကြီးနဲ့ဗျ၊ ကလေးကနစ်ယောက်"

"အမယ်လေးဗျာ၊ ဗမာပြည်မှာ မယားနှစ်ယောက်ယူတာဟာ ခင်ဗျား စထွင်တာလည်းမဟုတ်ဘူး၊ သာတောင်ကောင်းသေး။ ကောင်မလေးက တောသူ ခင်ဗျားထားသလိုနေမှာ၊ ခင်ဗျားမယားကြီးအတွက် အစေခံတောင်ရဦးမယ်"

ဤတွင် မသူ၏စကားကလေးကို ကျွန်တော့်နားထဲတွင် ကြားယောင်လာလေသည်။

"အမောင်ရယ် အမောင့်အိမ်မှာ အမောင်ထားသလို နေပါ့မယ်။ အစေခံပဲ လုပ်ရလုပ်ရ၊ အမောင့်မယားကြီးစကား နားထောင်ပါ့မယ်၊ အမောင့်ကလေးတွေထိန်းပေးမယ်။ အမောင်တို့မှာ လယ်တွေရှိတယ်ပြောတယ်၊ ကျွန်မ ကောက်လည်းစိုက်တတ်ပါတယ်၊ ကောက်လည်းရိတ်တတ်ပါတယ်၊ မီးဖိုဆောင်တာဝန်လည်း အမောင့်မိန်းမကိုယ်စား ထမ်းဆောင်ပါ့မယ်"

အိမ်ကဟာမ အသုံးမကျသည်ကို ဖြည့်စွက်လိုက်ရလျှင် မည်မျှကောင်းချိမ့်မည်နည်း။

ခေါ်မည်၊ ခေါ်မည်၊ မယားကိုလည်းနားချမည်။ အဖေ့ကိုလည်း အကျိုးအကြောင်း ပြောပြမည်။ ဘာပဲဖြစ်ဖြစ် ပြောပြမည်။

ကဲ ပြန်ခေါ်မည်ဆိုတော့ ဘယ်မှာလဲလမ်းစရိတ်က....။

ထိုအချိန်၌ ကျွန်တော့်အိတ်ထဲတွင် တစ်ပဲမျှမရှိ။ ကျွန်တော့်ကိုလိုက် ခေါ်သူအိတ်ထဲမှာလည်း ငွေ ၂၀ လောက်ရှိတော့သည်။ ဒီနှစ်ဆယ်က သဘော်ပေါ် ထမင်းနှစ်ရက် စားသွားရဦးမည်။ မန္တလေးရောက်လျှင် ပေါင်းတည်ပြန်ဖို့ ငွေချေးရဦးမည်။ ထိုလူကို လွှတ်လိုက်စဉ်က အဖေက ကျွန်တော့်အတွက်ပါ အသွားအပြန်စရိတ်ဖူလုံအောင် ပေးလိုက်ပါသည်။

www.burmeseclassic.com

သို့သော် ကျွန်တော်က သဲမြည့်ာကို ခွဲရမှာခက်နေ၍ ရက်ပိုနေလိုက်သော ကြောင့် ယင်းသို့ဖြစ်ရ၏။ နောက်ဆုံး နေမဖြစ်တော့သည့်အချိန် သင်္ဘော ပေါ်တက်သောအခါတွင်လည်း ကျွန်တော့်အိတ်ထဲ ရှိသမျှပိုက်ဆံကို "မသူ" လက်ထဲ အကုန်ထည့်ခဲ့၏။

ကဲ သည်တော့ ပြန်ခေါ်ချင်လျက်နဲ့ ဘယ်နည်းနဲ့ ပြန်ခေါ်ပါ့တဲ့။

သို့သော် ဖြစ်ရမည့်အကြောင်းကို ကြမ္မာက ဖန်တီးနေချေပြီ။

အင်းရွာမှ သင်္ဘောထွက်လတ်သော် ကသာတွင် ကျွန်တော်ဝိတ်လေ စဉ်က ဖဲရိုက်ဖော် ဖဲရိုက်ဖက်တို့သည် ကျွန်တော့်ကို ဖဲကစားရန် လာ၍ခွယ် ကြ၏။ ကျွန်တော့်တွင် ပိုက်ဆံမရှိဘူးဆိုသည်ကို သူတို့မယုံ။

"ခင်ဗျားလိုလူ ပိုက်ဆံမရှိဘဲနေမလား၊ ရောဝတီမြစ်ရေခန်း ခန်းမယ် သာပ။ လာပါ ၃ ကျပ်ဝိုင်းပါဗျ၊ ၅ ကျပ်ဝိုင်းမဟုတ်လို့ နည်းလို့လားဗျ"

၅ ကျပ်ဝိုင်းဆိုသည်မှာ ကသာတွင် ဆယ်ချပ်ပိုကာ မခင်းဘဲ ကိုင် ခေါင်း၊ ခေါင်းရသည်၌ ၅ ကျပ်၊ အလယ်အတွက်ထည့်ရတာက ၅ ကျပ်၊ လက်အောက်အိမ်၊ လက်ထိပ်အိမ်၊ ဆိုက်ဘက်တင်ကစားရတာက ၅ ကျပ်၊ ကိုယ့်ဖဲတစ်လက်မကောင်းလျှင် ၂၀ ကျပ်ကုန်၏။ ကသာတွင် ကျွန်တော်က ဤဝိုင်းမျိုးကို အိတ်ထဲ ထောင်ကိုးရာထည့်၍ ရွှင်ရွှင်ကြီးကစားခဲ့၏။ ဒါကြောင့် သူတို့က ကျွန်တော့်ပိုက်ဆံမရှိဘူးဆိုတာကို မယုံ။ ကျွန်တော်က တောင်းပန်ပါသေး၏။

"ကျွန်တော့်မှာ တကယ်မရှိတာဗျ၊ ဟော ကြည့်၊ အိတ်ထဲ တစ်ပဲရှိ ရင်ယူ"

"အမယ်လေးဗျာ၊ အခု တကယ်မရှိတောင် ကြွေးကစား၊ ရှုံးရင်း မန္တလေးရောက်တော့ ပွဲရုံတစ်ခုကဆွဲပေး၊ ခင်ဗျားကို ယုံတယ်"

မန္တလေးတွင် ကျွန်တော်ကောင်းစားစဉ်က ကျွန်တော့်ကို သိခဲ့သူ လည်းပါ၏။ မန္တလေး၊ ကသာ သင်္ဘောဖြင့် အစုန်အဆန် ကုန်ကူးနေသူများ ဖြစ်၏။

ကဲ...ဒီလောက်တောင်ဟာ ဘာပဲဖြစ်ဖြစ် စိတ်ကလည်း ညစ်ညစ်နှင့် ကျိတ်လိုက်မယ်ကွ....။

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောစာရေး၏အခန်းထဲတွင် ဝိုင်းထိုင်လေပြီ။ သင်္ဘောသည် ထီးရိုးနှင့်မှာ ညအိပ်သည်။ ကျွန်တော်တို့ကား မအိပ်။

ဘတကတဲ့ဗျာ၊ ကျွန်တော့်ပဲကလည်း သေလိုက်တဲ့ဖြစ်ခြင်း၊ ဟိုလူက သုံးရာ၊ ဒီလူကနှစ်ရာ၊ ဒီလူက ငါးဆယ်၊ ကျွန်တော့်ကိုဝိုင်း၍ ကြွေးတွေမှတ်ကြတော့သည်။ ကျွန်တော့်မှာလည်း ပေါက်တဲ့နဖူး မထူးပြီ။ ကြွေးတွေ အစိုးရမပိတ်ခင်က ဘယ်ပွဲရုံမှာကြွေးတွေ ဘယ်လောက်ထပ်ပေးလိုက်တာ ငွေ ဘယ်လောက်ရစရာရှိတာယ်ဟု ခပ်တည်တည်ပင် ကျိတ်တော့၏။ နောက်မှ ဓားထိုးမှုဖြစ်ဖြစ်။

သို့သော် မိုးလင်းအားကြီး၍ ကျွန်တော့်ပဲ ပြန်ထောင်လာသည်။ နောက် ဆုံး ငါးရာကျော်ထုပ်ကိုစားလိုက်ရာ သူတို့ကြွေးတွေပေးပြီးနောက် ကိုယ့် လက်ထဲမှာ တစ်ရာမျှကျန်သည်။ "အယ် မသူနဲ့ ငါ ဖူးစာမကုန်သေးဘူးကွ" စိတ်ထဲက ကြိမ်းဝါးလိုက်၏။

မိုးလင်းချေပြီ။ ကျွန်တော်သည် မျက်နှာသစ်ရန် မြစ်ဆိပ်သို့ဆင်းခဲ့၏။ အညာဘက်သို့ ခေါင်းစုကာ မော်တော်ကလေးတစ်စင်း စက်နှိုးနေ၏။ ကျွန်တော် အနီးပြေးသွားကာ

"ဘယ်ကိုလဲဗျ ဘယ်ကိုလဲ"

"ကသာကို"

"ကျွန်တော် မလိုက်နိုင်ဘူးလား"

"အထဲမှာ ဗိုလ်ပါတယ်၊ သူ့ကိုပြော"

မျက်နှာဖြူက ကျွန်တော့်ကိုလိုက်ခွင့်ပေးလေတော့၏။ ကျွန်တော် သင်္ဘောပေါ်အပြေးတက်ပြီး ကဗျာကရာ အဝတ်အစားလေးတွေးလုံး၍ ကျွန်တော့်လိုက်ခေါ်သူ ကမ္ဘူရှုးထိုးပြောပြီး ဤနည်းနှင့် "မသူ" ကျွန်တော့်ဆီ ပါလာပါလေသတည်း။

အိမ်ကို တိုက်ရိုက်ခေါ်မသွားသေးပါ။ ဗိုးကုန်းက ကျွန်တော့်ဆွေမျိုးအိမ်မှာ ထားခဲ့၏။ မယားကို နားချရဦးမည်။ အမေ့ထံခွင့်ပန်ရဦးမည်။ တော်တော်ကြီး စိတ်ကူးယဉ်ထားသည်၊ ကျွန်တော့်အတွက် တစ်ဖက်သတ် အဖြစ်ဘက်ကချည်း တွေးထား၏။ ကျွန်တော် အမှောင်တွင်းရောက်နေ

www.burmeseclassic.com

www.burmeseclassic.com



သကို။

အိမ်ရောက်တယ်ဆို အဘယ်လျှင် ချက်ချင်းပြောနိုင်သေးအံ့နည်း၊ မှုကော၊ ကြေးကောတွေပြောနေရသည်။ ကျွန်တော် ကြေးတွေဆုံးရှုံးကို အလျှမ်းသာယ်ရှာ၏။

"လူတစ်လုံး သူတစ်လုံးဖြစ်ဖို့ ဖန်တီးလိုက်ပါတယ်၊ ဈေးတစ်ကောင်ဟာ မျှေးတစ်ကောင်ပါပဲလား" ဟု ပြောပြီးသည်၏အဆုံး၌ ကျွန်တော့်အဒေသည် ကျွန်တော့်ကို မွှင့်လွှတ်လိုက်၏။

"အင်း မသေမပျောက် ပြန်ရောက်လာတာ တော်လှပြီကွယ်"

ယင်းမှ သနားစရာ မိန်းကလေးတစ်ယောက်ပါလာကြောင်း ပြောတော့မည်ဟု ဟာစုနေတုန်းမှာပင် ဈေးသမီးကမြင်းထီးမသည် သုံးရက်ပဲရှိသေး၊ ကျွန်တော်မလာတာကြာလို့တဲ့ ရှာကို မေးစမ်းပြီး အိမ်အရောက်လိုက်လာသတည်း။ ညနေမှိုန်ကလေးမှာ....

ကဲ ကျွန်တော့်မယားရှေ့၊ သားသမီးရှေ့၊ ဆွေမျိုးသားချင်းတွေရှေ့၊ အမျက်မျက်မှာ ကျွန်တော့်မျက်နှာ ဘယ်လိုဖြစ်တော့သနည်း၊ စဉ်းစားကြည့်ကြပါတော့။ ဇ လကျော် အိမ်ကထွက်သွားပြီး ငွေတစ်သောင်းကျော်ကုန်၍ ပြန်ရောက်စ မွေးကင်းစကလေးသဖွယ် အားငယ်နေတုန်း

သည်ကောင်မမျက်နှာ အိမ်ဝင်းထဲ ဝင်လာတာလည်းမြင်ရောလေ ဘုရား ဘုရား ကျွန်တော်ရုတ်တရက်ဖြင့် သူ့ကို လူကိုယ်တိုင်ရယ်မဟုတ်ဘူး၊ ကိုယ့်စိတ်တမ်းတလို့လို့ အောက်မေ့လိုက်တယ်၊ သူကတော့ ကျွန်တော့်နာမည်ကိုလှမ်းခေါ်မှ တကတဲ ကျွန်တော့်ကိုယ်ဟာ လေထဲလွင့်သွားပြီး ကြေပွမ္ဘအပြင်ဘက် ရောက်သွားပြီမှတ်လိုက်ရတယ်။

သတိလည်းရ၊ ချက်ချင်းပဲ အိမ်ပေါ်ကခုန်ဆင်းပြီး ဒီဟာမကို အိမ်ပေါ် မတက်စေဘဲ ကသာလိုက်ခေါ်တဲ့လှည်း ဆွဲခေါ်သွားတယ်။

ကျွန်တော့်တစ်သက်တာမှာ မိန်းမတစ်ယောက်ကို ဒါလောက်စိတ်ဆိုးတာ ဒီတစ်ခါပဲရှိပါလိမ့်မယ်။ ကျိတ်မနိုင် ခံမရကြီး၊ ကျွန်တော်လည်း အိမ်မပြန်ရဲ့ဘူး၊ အကျိုးအကြောင်းကို လိုက်ခေါ်တဲ့လှူပဲ သွားပြောခိုင်းလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်းတော့ အဖေက ငွေတစ်ရာလာပေးတယ်။

"ကဲ ငါ့သား၊ မင်းဟာမင်း ဆောင်ကြဉ်းတော့၊ ငါ့ချွေးမနဲ့ ငါ့မြေးတွေတော့ ငါတာဝန်ထားတော့"

ဒီအတွင်း ကျွန်တော့်အပေါ် ငွေငါးထောင်ကျော် စူးနေမင့် အဖေ့မျက်နှာထောက်ပြီး ခွင့်လွှတ်ထားတဲ့ စက်သူဌေးကလည်း ဒီမိန်းမရောက်လာတယ်လည်းကြားရော– ကျွန်တော့် လူလွှတ်ခေါ်ပြီး....

"ငဝဖြ နဲ့ တရားစွဲမဟော့"

ကျွန်တော် ခွေးပြေးဝက်ပြေး ပြေးရလေသည်။ မန္တလေးကိုရောက်၊ အတိုချုပ်ရေးမည်။ ဒိငနဲမ သင်္ဘောပေါ်တင်ပေးလိုက်ပြီး....

"ကဲ မအဇာ ကြွလော့၊ သင့်ဘဝ သင်ဖန်တီးလော့၊ ယခု ငါကားဆိုလျှင် ငါ့ကိုယ်ငါ စားရောမရှိ၊ အဖေကနင်ချပြီး ယောက္ခမကဆိုလျှင် ဓားနှင့် ခုတ်လိမ့်မည်။ စက်သူဌေးကလည်း ငါ့ကိုထောင်ချတော့မည်။ ငါကား ခိုကိုးရာမဲ့ဖြစ်ချေပြီ၊ ကြွလော့ ကြွလော့..."

အနှီသို့ အဓိပ္ပာယ်ဆောင်သောစကားကို ပြွက်ကြားပြီး နံနက်စောစောကြီးပင် သင်္ဘောပေါ်မှဆင်းကာ ဇေယာတစ်ခုသို့သွား၏။

ရောက်သော် ကျွန်တော်တွေ့ချင်သူက အိပ်ရာကမထသေး၊ သူ့ဖခင်နှင့်သူ့ဦးကြီးသာ လက်ဖက်ရည်သောက်နေရာမှ....

"အို...မောင့်ကို စကားကုန်ပြောပြီးပါပကော၊ ကျုပ်လည်း မောင့်လိုပဲ ကသာမှာ ငွေတစ်သောင်းကျော်ကုန်ပြီး ပြန်လာတာပဲ၊ ကျုပ်မှာ ပေးစရာမရှိဘူး၊ မောင်မကျေနပ်ရင် ကျုပ်သားပဲ တရားစွဲပြီးထောင်ချပေါ့"

သူ့သားမှာ ကသာတွင် ကျွန်တော်က ဆန်အိတ်တွေအပ်၍ ကျွန်တော့် ဆန်အိတ်ဖိုးငွေတွေ သုံးပစ်သူဖြစ်သည်။ ယခု ကျွန်တော့်လက်ထဲရှိ အွန်ဒီမန် တချုပ်မှာ သူ့ဆီတွင် ငွေ ၂၆၇၅ ဖြစ်သည်။ အွန်ဒီမန်တချုပ်နှင့် တရားစွဲလျှင် တရားမမှု၊ တံဆိပ်တော်ခေါင်းဖိုးကို စစခြင်း တစ်ရာတစ်ဆယ့်နှန်း ရုံးတော်ကိုတင်ရမည်။ ရှေ့နေငှားရဦးမည်။ ကျွန်တော်အမှုနိုင်၍ သူထောင်ကျခဲ့သော် သူ့စားစရိတ်၊ သူထောင်က မလွတ်မချင်းပေးရဦးမည်။ ကဲ...ဒီတော့ အခု ကိုယ့်ကိုယ်မှ စားစရာမရှိ ဖြစ်နေတဲ့ကောင်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးက မဖြစ်နိုင်တာ ပြောတာပဲဗျာ"

"နို့ ဒါပဲရှိတော့တာပဲမောင်"

ကျွန်တော်သည် စိတ်ကိုတင်း၍ တံတွေးကို မျိုချလိုက်ပြီး....

"သည့်ပြင် ရှိပါသေးတင်ခင်ဗျာ"

"ဘာရှိသလဲ"

"ဘာရှိသလဲဆိုရင်"

ကျွန်တော်သည် ကိုယ်ကိုမတ်မတ်ရပ်လိုက်ပြီး "ကျွန်တော့်ငွေမရရင် ဦးသားကို သတ်ရပါလိမ့်မယ်။ တကယ်ပါ။ ဒီတော့ ဦးတို့က (မင်းလိုကောင်လေးတစ်ယောက်ထဲကသာ ငါ့အိမ်လာပြီး ငါ့သားသတ်မယ် ဆိုရင်ဖြစ်နိုင်ပါ့မလား၊ မင်းကော တို့က ပြန်မသတ်နိုင်တော့ဘူးလား။) ဒါ မှန်ပါတယ်။ ကျွန်တော်မငြင်းပါဘူး။ သို့သော် ကျွန်တော်က ဦးသားကို သတ်ရင်လည်း ကျွန်တော်သေရမှာပဲ။ ဦးတို့က ကျွန်တော့်ကိုသတ်ရင်လည်း ဦးတို့လည်းသေရမှာပဲ၊ အရင်သေနဲ့နောက်သေပဲ ခြားနားတာပါ။ ကျွန်တော်ကတော့ ကျွန်တော့်ကိုယ် ကျွန်တော် သေသူလို့ ထားပြီးနေပြီ။ ဒါပါပဲ"

လူကြီးများ အံ့အားသင့်ကြကာ....

"ဒါလောက်ပဲလား မောင်"

"ဒါလောက်ပဲလားဆိုရင်" အစချီပြီး ကျွန်တော်၏ဖြစ်အင်ကို အစအဆုံးပြောပြသည်။ ကျွန်တော်၏တစ်သက်တွင် စိတ်အညစ်ဆုံးဆိုလျှင် ဤအခါသာဖြစ်ပါလိမ့်မည်။

ယင်း၌ ကျွန်တော့်ကို သနားကာ....

"ပေးပါ့မယ်မောင် ပေးပါ့မယ်၊ ဒါပေမဲ့ အခုမရှိသေးဘူး၊ စောင့်ပါ"

"စောင့်ဆို မရမချင်း ဒီအိမ်က မဆင်းနိုင်ဘူးခင်ဗျာ ကျွန်တော့်မှာတခြားနေစရာလည်း မရှိဘူး"

ထိုနေ့မှစ၍ ကျွန်တော်သည် သူ့အိမ်မှာ အိပ်စားနေလေသည်။ တစ်စ တစ်စနှင့် သူ့အိမ်သားဖြစ်သွားကာ သူတို့ဆွေမျိုးသားချင်းကလည်း ကျွန်တော့်ကို ခင်မင်သွားကြလေသည်။

သုံးလမျှ ကြာသည်။ သူတို့ သစ်ဖောင်လုပ်ငန်း အောင်မြင်၍

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဤအတွင်း သူတို့ဆီက ယူသုံးငွေကိုနုတ်ပြီး ကျန်ငွေအားလုံးပေးလိုက်တော့၏။ တကယ် လူကောင်းသူကောင်းများပါပေ။ ကျွန်တော့်မှာ သူတို့အိမ်က ခွဲဆင်းသွားရမှာပင် ရင်ထဲဟာတာတာ၊ သူတို့ကလည်း ထို့အတူပင်။ နောက် ဆုံး၌ လူကြီးများအားလုံးကို ကျွန်တော်ရှိခိုးခဲ့ပါ၏။ (ဤကိုယ့်ဖြစ်စဉ်ဝတ္ထု ဖြင့် ကျွန်တော့်ကို ချစ်ခင်ကြသော သူတို့ဆွေမျိုးများနှင့် အိမ်သားအားလုံး ကို အလေးပြုပါ၏။)

သူတို့အိမ်ကား ယခုမိတ်ဆွေတို့သိနေကြသော "သော်တာဆွေ" ကို ဖွားမြင်ရာဂေဟာ ဖြစ်သတည်း။

အသို့နည်း....

ဤသုံးလအတွင်းမှာ ကျွန်တော့်တွင် ဘာအလုပ်ရှိသနည်း။ ဘာမှမရှိ၊ တစ်ယောက်ဆီက တစ်ယောက်ရစရာရှိမှ အသိလုပ်ချင်၊ ချစ်ခင်ချင်သော ကုန်သည်လောကတွင် မိတ်ဟောင်း ဆွေဟောင်းများရှိပါ၏။ သို့သော် မျက်နှာမပြလို။ ထိုစဉ် မန္တလေးမြို့တွင် ကျွန်တော်၏တစ်ဦးတည်းသော မိတ်ဆွေကြီးကား ဆရာကြီးရွှေဥဒေါင်းပင်တည်း။ ဖခင်လည်း မည်ပါ၏။

ဆရာကြီးသည်ပင်လျှင် ကျွန်တော့်ကို ဟာသလိုင်းသို့ပို့ပေး၏။

"မင်း စာရေးဆရာလုပ်မယ်ဇိတ်ကူးရင် ဟာသဘက် စမ်းကြည့်ခမ်းကွ၊ အဲဒီဘက်က လူရှားတယ်၊ ဒိပြင်နေရာတွေက အတိုးရမလွယ်ဘူးထင်တယ်ဟေ့...၊ အဲဒီဘက်ဆိုရင်ဖြင့် မြန်မြန်နာမည်ကြီးမှာပဲ"

ထို့ကြောင့် ကျွန်တော်သည် ရှေးယခင်ကရေးခဲ့သော 'အဖွားဖြတ်ဆေး' ဝတ္ထုကို ပြန်လည်ပြင်ဆင်လေသည်။ 'ဘရန်ဒီတစ်ပုလင်း' ဝတ္ထုဖြစ်သွားလေသည်။

ဤဝတ္ထုရေးပြီးသောအခါ၌ ကျွန်တော့်မှာ ကလောင်နာမည်ရှာရလေ သည်။ ဈေးဦးပေါက် မဖွံ့ဖြိုးသွားသော 'မိုးတိမ်တောင်' ကိုမကြိုက်တော့။ ရုတ်တရက် ဆရာကြီးရွှေဥဒေါင်း ကြီးပွားရေးမဂ္ဂဇင်းထဲမှာ ရေးသားသော ဝတ္ထုနာမည် 'လက်ဖွဲ့ချွန်ပိယံ သော်တာခိန်" ကျွန်တော့်ခေါင်းထဲဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အလဲ့ ကိုယ်ကြိုက်တယ်။ သော်တာဆိုတာက လ၊ လက တနင်္လာ ပြီးပြော်၊ ကိုယ်ကလည်း တနင်္လာသား၊ နို့ပြီး ကိုယ့်ကို သော်ကြာနဲ့ တွန်းတယ်လို့ ဖေခင်ကပြောတယ်။ သော်တာ သော် သ သော်ကြာ၊ ဟုတ်ပြီ။

နို့ပြီး ဆရာကြီးရွှေဒေါင်းကလည်း နို့နာမည်ဟာက "သူ့ရိုး" တိုက်မှာလုပ်လို့ 'နေ' အဓိပ္ပာယ်ပေါ်ပါတာတဲ့။ သူက 'နေ'၊ ကိုယ်က 'လ'၊ ဟာဟာ တတ်ပညာမှာလည်း လဟာ နေကအလင်းရောင်ကြောင့် တောက်ပြောင်ရသတဲ့။ ဟုတ်ပြီ ကိုယ်လည်း ဆရာကြီးရွှေဒေါင်း ပညာရောင်က ကူးစက်ပြီး တောက်ပြောင်ရတော့မှာပဲ။

ကျိုတ်လိုက်၊ သော်တာကိုကြိုက်ပြီ။ နို့ 'စိန်' နေရာ ဘာဘွင်းမလဲ။ ကိုယ့်နာမည်မှာ ဆွေပါ။ ဟာ ဟုတ်ပြီ။ သူက 'လက်ဆွေ့ချန်ပိယံ သော်တာစိန်' ဆိုတော့ ကိုယ်က ဟာသချန်ပိယံ 'သော်တာဆွေ' ပေါ့။

အနီအကြောင်းတရားသည်ပင်လျှင် 'သော်တာဆွေ' ဖြစ်ပေါ်လာသတည်း။

ဤနာမည်ပေးပြီးနောက် 'ဘရန်ဒီတစ်ပုလင်း' ဝတ္ထုလည်း ပို့လိုက် ပို့လိုက်ချင်း ခွဲသဖြင့် ဟာသဝတ္ထုတွေ ဆက်ရေးချတော့သည်။

ကျွန်တော် ငွေမရမချင်း မဆင်းဘူးဟု အဓိဋ္ဌာန်ပြု၍ ဟတာ်နေနေသောအိမ်မှာ စားပွဲကုလားထိုင်မှုမရှိ၊ ထမင်းစားပွဲကို ပုဆိုးအဟောင်း ကလေးခင်းကာ တင်ပျဉ်ခွေထိုင်ရေးရသည်။ စာရေးကောင်းနေတုန်းပင် ထမင်းစားချိန်ရောက်က ထပေးရသည်။ တစ်ခါတစ်ရံ အချိန်မတော် ထမင်း စားမည့်ဧည့်သည်များ ရောက်လာလည်း တစ်ဒုက္ခ။

ရေးရတာက ဟာသ၊ သို့သော် ဤအချိန်မှာ ကျွန်တော့်တွင် သောက ပင်လယ်ဝေလို့ စိတ်ညှိုးငယ်စွာကျွန်ခဲ့သော ဖခင်နှင့်သားမယားကို လွမ်း သည်။ ဘာပဲဖြစ်ဖြစ် ပြန်လွှတ်လိုက်ရသော မဟတ္တာအတွက်လည်း ပူရသည်။ တစ်ချက်တစ်ချက် ပုလိပ်များအိမ်နားဖြတ်လာလျှင် ရင်တထိတ် ထိတ် ခုန်ရသေးသည်။ အကြောင်းမှာ ကြေးရှင်က ၄၀၆ နှင့် တရားစွဲမည် ဆိုလိုက်သကိုး။ သို့သော် သူ ကျွန်တော့်ကို တကယ်မစွဲပါ။ ရတ်တရက် ဒေါသဖြင့်သာ ပြောလိုက်ခြင်းဖြစ်၏။ ကျေးဇူးတင်လှပါကြောင်း

www.burmeseclassic.com

www.burmeseclassic.com



'သော်တာဆွေ' နာမည်ဖြင့် ရေးပြပါသည်။

ဤထမင်းစားပွဲကလေးပေါ်မှာပင် ပထမဦးဆုံး 'ဘရန်ဒီတစ်ပုလင်း'၊ ဒုတိယ 'မန္တလေးရွှေခြေကျင်း' (ပြည်ညွန့်မဂ္ဂဇင်း)၊ တတိယ ဒုံ-တြုံဒုံ (ပြည်ညွန့်မဂ္ဂဇင်း)၊ ပြီးနောက်တစ်ခါ ပဒေသာမဂ္ဂဇင်းဝတ္ထု 'မယ်ထပ်ကုန်း' ဝတ္ထုလေးပုဒ်ပြီးခဲ့ပါ၏။

ကျွန်တော်ငွေရသောအခါ၌ ရွှေဥဒေါင်းအိမ်သို့ ပြောင်းခဲ့ပါတော့သည်။

ဤကား 'ကျွန်တော် ဘယ်ကလာသနည်း' ၏အဖြေပင်။ ကျွန်တော် အနီသို့ ကလိကမာ မသတ°စရာဘဝမှ လာခဲ့ရပါသတည်း။

◆

BURMESE CLASSIC

www.burmeseclassic.com